
www.burmeseclassic.com

# နွမ်ဂျာသိုင်း

## နှစ်နားကာပ်လို့တိုင်ပင်ချင်တယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၅၀၀၂၀၀၈၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၈၂၀၃၀၇

ထုတ်ဝေခြင်း

ဒုတိယအကြိမ်

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀ ကျပ်

BURMESE CLASSIC .com

တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်း ဝန်ထမ်းအိမ်ရာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ၊
ဖုန်း - ၀၁ - ၅၈၆၉၃၂

တိုက် ၉၊ တတိယထပ်(ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်၊
ယုဇနဥယျာဉ်မြို့တော်

E-mail-EPC@mail2world.com
P.O Box -234

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)
အမှတ် ၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နှမ်းကြော်ကို တိုင်ပင်ချင်တယ်

နှမ်ကျော်သိုင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကိုယ်လှ. . . ဝဋ်ဆိုတော့ ငါလည်း မပြောတတ်ဘူး၊ အဓိပ္ပာယ်တော့ ရှိတယ်၊ ချစ်တဲ့သူနဲ့ ကွေကွင်းရလည်း ဆင်းရဲသတဲ့၊ မုန်းတဲ့သူနဲ့ ပေါင်းသင်းရပြန်လည်း ဆင်းရဲသတဲ့၊ ဘယ်စာအုပ်ထဲမှာလည်း မသိဘူး ငါဖတ်ဖူးတယ်၊ အဲဒီတော့ ဘယ်သူ့ကို မှလည်း မချစ်နဲ့၊ ဘယ်သူ့မှလည်း မပေါင်းနဲ့၊ ဒါဆို လူ့ရှိကြီးယုံကြည်၊ ခင်းဆိုကြီးကျော် ဘယ်ယောက် စိတ်ချမ်းသာလဲ . . . ထဲ. . . ထဲ"

www.burmeseclassic.com

www.burmeseclassic.com

အလွန်ဒေါသကြီး၍ မည်သည့်အခါမျှ လောကကြီးကို အလိုမကျတတ်သော လူကန့်လန့်ကြီး၊ လူခွစာကြီး ဦးဘိုးဟန်တစ်ယောက် ဒီတစ်ခါ ငြိမ်ချက်သားကောင်းနေ၏။

ငြိမ်ဆို . . . လှုပ်ပင်မလှုပ်။

မလှုပ်တာလည်း မပြောနှင့်၊ ဦးဘိုးဟန်မှာ အသက်မရှိတော့။

ခါတိုင်း အရပ်ထဲမှာ အသုဘရှိလျှင် အိမ်ဦးခန်းမှာ ထိုင်၊ ကွမ်းတစ်ယာပြီးတစ်ယာစား၊ အတွင်းခန်း အပြင်ခန်း ဖဲဝိုင်းရှိသမျှကို ငါနဲ့ချည်းကိုင်တုတ်ကာ . . .

"ဟော့ကောင်တွေ . . . ဝိုင်းသိမ်းတော့၊ အသုဘရှင်တွေကလည်း ကြည့်နေတာပဲလား" . . . ဘာညာဖြင့် ရန်ချည်းလုပ်နေခဲ့သော်လည်း သူ့အသုဘကျတော့ ဦးဘိုးဟန် ပြုံးပြုံးကြီးလျက်၍ လှုပ်ပင် မလှုပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



အနားကဝိုင်းတွေက ဘယ်ကတည်းက အပြီးကြီးသည် မသိ။

သူ့ဟာသူသေတဲ့လူ အေးအေးမသေရ၊ ဖဲသေရင် ဦးဘိုးဟန်ကြီး ခေါ်ခေါ်ရိုက်သည်။ အရပ်လူကြီးများ ပါသောဝိုင်းက ပိုဆိုး၏။

တစ်အိမ်လုံးရှိဝိုင်းများထဲတွင် ထိုဝိုင်းက အဆိုးဆုံး။ ကိုကြီးကျော် အသက်အငယ်ဆုံးထားပြီး ရိုက်ရသည့် လူကြီးဝိုင်းမို့ အဆင့်မြင့်မြင့် ကိုးမီးပဲရိုက်သည်။

ဒါတောင် တစ်ခါတစ်ခါ ဆယ်ဖဲ သုံးဖဲ . . . ဆယ့်သုံးခံပြီး ရှစ်တက်လာသောအခါ ဘယ်နှစ်ပေါက်မှန်း ပေါင်းမရသဖြင့် ဘေးကလူ ခဏခဏ လက်တို့မေးရသည့်သူကလည်း မေးရ၏။

ဝိုင်းထဲမှာ ဗိုလ်ကျနေသူက ကိုကြီးကျော်။

"ကဲဗျာ . . . ညဥ့်လည်းနက်လှပြီ၊ ဒီတော့ နောက်ထပ် သုံးလှည့်ပဲ ဒိုင်ကိုင်တော့မယ်၊ မနက်ကျ ကိစ္စရှိသေးလို့"

ကိုကြီးကျော်စကားကြောင့် သူ့နောက်တွင် ဝိုင်းနေသော ချာတိတ်အုပ်စု ပြုံးစိစိဖြစ်သွားသည်။

သူတို့ကိုကြီးကျော်က ဒီလိုတော့လည်း အလည်သားပါလားဟု ကျိတ်၍ တွေးသည်။

စင်စစ် ဒီဝိုင်းကလူများက ဖဲသမားများ မဟုတ်သလို ကိုကြီးကျော်သည်လည်း ခါတိုင်း ဘယ်တော့မှ ဖဲရိုက်တတ်သူ မဟုတ်။ ခုဟာက အပျော် ခဏတစ်ဖြုတ် လုပ်ကြတာဆိုပြီး တကယ့် လူကြီးလူကောင်းတွေချည်း ကစားကြတာသာဖြစ်သည်။

ချာတိတ်အုပ်စုကလည်း သူတို့၏ကိုကြီးကျော်ကို တစ်ခဲနက် အားပေးသည်။

ကိုကြီးကျော်၏ အစွမ်းအစကိုလည်း လေ့လာသည်။



ပထမ အလှည့် . . .

ထိုအလှည့်တွင် ကိုကြီးကျော် တစ်ဝိုင်းလုံးစားသည်။

ဒုတိယ အလှည့် . . .

ပထမအလှည့်က တစ်ဝိုင်းလုံး အစားခံရသည့်အပြင် နောက်ထပ်တစ်လှည့်ပဲ ကျန်တော့သဖြင့် ဝိုင်းထဲတွင် အပုံနည်းနည်း များလာကြသည်။

ထိုအလှည့်တွင် ကိုကြီးကျော် တစ်ဝိုင်းလုံး လျော်ရသည်။

"ဟော့ . . . ဒိုင်သေပြီဟေ့၊ နောက်ဆုံးအလှည့် ပုံအောကြတော့"

အရပ်ထဲမှ အသက်အကြီးဆုံး ပုဂ္ဂိုလ်ကြီးက ထအော်သည်။ တစ်ဝိုင်းလုံး ရှိစုမဲ့စု အကုန်ချအောကြကုန်၏။

ဖဲတစ်ချပ်စီ ဝေသည်။ ထိုးငွေများ မလျှော့ကြ။

နောက်နှစ်ချပ်စီ ဝေသည်။

ကိုကြီးကျော်က ပထမဖဲနှစ်ချပ် အရင် ကြည့်လိုက်သည်။ ခုနစ်ဖဲ နှစ်ချပ်။

ထို့နောက် ဝိုင်းကို တစ်ချက်အကဲခတ်လိုက်ပြီး . . .

"ဘာလဲဟ . . . ဖြောင်း"

နှစ်ချပ်ခံ၍ အားရပါးရရိုက်သည်။ ခြောက်။

"အိုး . . . ဘာရမလဲ၊ ခုနစ်စုံခြောက်ထိုး . . . ကိုး၊ ကိုးမရှိရင် တင်တော့"

"ဟာကွာ . . . ဟင် . . . ဟယ်" ဆိုသော အသံများထွက်လာသည်။ ကိုကြီးကျော် ဖဲချပ်များပေါ်သို့ ဖဲချပ်များ သုံးချပ်ပြီး သုံးချပ် ပစ်တင်ကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကျော်က တစ်ဝိုင်းလုံးကို ကျုံးသိမ်းလိုက်ပြီး အကောက်ကောက်သူထံ တစ်ဆယ်ကျပ် ပစ်ပေးလိုက်သည်။

ဝိုင်းက ပြီးသွားပြီ။

❀

"ကိုကြီးကျော် . . . နောက်ဆုံးအလှည့်မှာ ဘယ်လိုလုပ်လိုက်တာလဲ"

ဝိုင်းသိမ်း၍ ကမန်းကတန်း ထပြန်လာရင်း လမ်းထိပ်မှ မရောက်သေး၊ အောင်ဝင်းက ကိုကြီးကျော်နားကပ်၍ မေးသည်။ ကိုကြီးကျော်က ဘာမှနားမလည်ပုံဖြင့် . . .

"ဘာဖြစ်လို့လဲ အောင်ဝင်း"

"ဟာ . . . ကိုကြီးကလည်း အစ်ကိုကြီးဖဲက ခုနစ်နှစ်လုံး ခြောက်တစ်လုံး၊ ဘူ . . . ပဲဟာ၊ ဘာဖြစ်လို့ ကိုးဆိုပြီး စားလိုက်ရတာလဲ"

"ဟေ . . ."

ဒီတော့မှ ကိုကြီးကျော် ကြောင်သွားပြီး ပြန်စဉ်းစားသည်။ သူ့စိတ်ထဲမှာ ကိုးပဲတွက်ပြီး စားလိုက်ခြင်းပင်။ ဝိုင်းထဲကလူတွေလည်း ကြောင်သွားသည်ထင်၏။

'ဟာ . . . ဟုတ်လား၊ ငါ ဘယ်လို ဖြစ်သွားတာပါလိမ့်'

စိတ်ထဲက တွေးလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် ဒါမျိုးတွင် ကိုကြီးကျော်တို့ မရ။ ချာတိတ်သုံးယောက်လုံးကြားအောင် ပြောလိုက်သည်။



"ဟာ . . . အသာနေစမ်းပါ၊ ဒီလိုနေရာမျိုးမှာ ဒီလိုလုပ်ရတယ်ကွ၊ မင်းကိုကြီးကျော်က မပိုင်ရင် ဘယ်တော့မှ မလုပ်ဘူး၊ သိတယ် မဟုတ်လား . . . ဟဲ . . . ဟဲ"

ချာတိတ်များက သဘောကျစွာ ဝါးခနဲ ရယ်လိုက်ကြ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (ခ)

www.burmeseclassic.com

www.burmeseclassic.com

၁။

"ဟော့ကောင် မောင်ကျော် ဘယ်လဲ"

ထုံးစံအတိုင်း ရုံးက ပြန်ရောက်၊ ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် သူ့အပေါင်းအသင်းများဆုံရာ လက်ဖက်ရည်ဆိုင်ထွက်မည်အပြု အဖေ့အော်သံကြောင့် ကိုကြီးကျော် တွန့်သွားသည်။

အသက်အားဖြင့် နှစ်ဆယ့်ကိုး၊ ရာထူးအားဖြင့် အရာရှိပေါက်စ လေးရာ့ငါးဆယ်စကေးစားဖြစ်နေသော်လည်း တစ်ဦးတည်းသောသား၊ လူပျိုကလည်း လူပျိုမို့ အိမ်မှာ ကလေးလို ဖြစ်နေသည်။

ထို့ကြောင့် အဖေကိုလည်း အဖေလို ကြောက်ရသေးသည်။

"လမ်းထိပ်သွားမလို့ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



အဖေ့မျက်နှာ ရှုံ့တွသွားသည်။

"ဟာ . . . မင်းဥစ္စာက နေ့တိုင်းပဲ ဒီလမ်းထိပ်က သွားလို့ မပြီးတော့ဘူးလား မောင်ကျော်၊ ပြီးတော့ ကလေးတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင် တောင်ပြောမြောက်ပြော လျှောက်လုပ်နေဦးမှာပဲ မဟုတ်လား"

"ဟာ . . . ဖေဖေကလည်း ကျွန်တော် ဘာအလုပ်ရှိတာမှတ်လို့၊ ညနေဖက် အနားယူတာပါ၊ တစ်နေ့လုံး ရုံးမှာ ပင်ပန်းတယ်"

ပြောရန်ဝတ္တရားရှိ၍သာ ပြောလိုက်ရသည် နဂိုကတည်းက တားရမည်မထင်သောကြောင့်, အားလျော့လျော့ ဖြစ်နေသော အဖေက မျက်စောင်းတစ်ချက်သာထိုး၍ ကြည့်နေလိုက်သည်။

မကြည့်နေလို့ကလည်း မဖြစ်။ ဒီသားမှာ ဒါတစ်ခုကလွဲပြီး ဘာအပြစ်မှ ရှိသူမဟုတ်။ သို့သော် ဒါတစ်ခုကလည်း ဒါတစ်ခုဆိုလောက်သဖြင့် သိပ်တော့ကျေနပ်ခြင်းမရှိ။

ကျေနပ်တာ မကျေနပ်တာ အပထား၊ ကိုကြီးကျော်ကတော့ အဖေ ဘာမှမပြောသည်နှင့် ဇောင်းထဲက လွှတ်လိုက်သော မြင်းလို ဝမ်းသာအားရ ပြေးဆင်းသွားသည်မှာ လမ်းထိပ်ပင် ရောက်တော့မည်။

စိတ်ထဲတွင်လည်း . . .

"ဒါကြောင့် မိန်းမ မယူချင်တာ၊ အဖေဆိုတော့ ပြောမရရင် ကြည့်နေသေးတယ်၊ မိန်းမများ ယူမိရင် ခုနေခါ ငါးပါးမှောက်ပြီ၊ တော်ပြီ တော်ပြီ မိန်းမဆိုရင်တော့ ဝေးရာမဏိ ဝေးဝေးက ရှောင်ကြဉ်ပါ၏ . . . လို့ နေ့တိုင်း သီလယူရမယ်"



သို့သော် . . .

သို့သော် . . .

သူ ပျော်ရွှင်စွာ သွားနေသည့် လက်ဖက်ရည်ဆိုင်တွင်ကား သူ ယခုကဲ့သို့ အင်မတန်ကြောက်လန့်သော ဘေးဒုက္ခအတွက် အန္တရာယ်ဆိုးကြီးတစ်ရပ် သူ့အား ကြိုဆိုလျက် ရှိနေသည်မှန်း သူ လုံးဝမသိ။

အန္တရာယ်ဆိုးကြီးကတော့ စပ်ဖြဲဖြဲနှင့် ကြိုလျက်ရှိနေလေပြီ။

www.burmeseclassic.com

## ၂။

အကြမ်းပန်းကန်လုံးကို အစိတ်စိတ်အမွှာမွှာ ကွဲကြေလု နီးပါး တာတူးညှစ်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် မြင်နေရသော လမ်းမီးတိုင်မှ မာကျူရီ မီးလုံးသည်ပင် မျက်လုံးထဲ၌ ဝါးခနဲ ဖြစ်သွားရ၏။ ရင်ထဲမှ ဒေါသ များသည် အပြင်သို့မထွက်ရတိုင်း ရင်ထဲမှ အရာများကို လှိုက်၍ လှိုက်၍ စားနေပြီ ထင်ရသည်။

အဲ . . . ထင်ရတာနော်။

"မင်းဥစ္စာက သေချာလို့လား တူးရာ၊ နည်းနည်းပါးပါး မေးမြန်းကြည့်ပါဦး၊ မိစုက ဒီလိုတော့လုပ်မှာ မဟုတ်ပါဘူး၊ မင်းကို အတော်ချစ်တာပါ"



တာတူး၏ စူးရဲရဲအကြည့် အောင်ဝင်းထံ ရောက်သည်။

"ဟာ . . . မသေချာဘဲ နေရမလားကွ၊ ငါ့မျက်စိကြီးနဲ့ တည့် တည့်မြင်တာပဲဟာ"

"အသိတွေ ဘာတွေဖြစ်မှာပေါ့"

"သိသိပေါ့ကွ၊ အသိရော ရုပ်ရှင်အတူတူကြည့်ရမလား၊ ပြီး တော့ ပျော်နေလိုက်ကြတာ၊ ပါးစပ်တောင် မစေ့ဘူး"

တာတူးက ပြောရင်းနှင့် ဒေါသထွက်လာပုံရသည်။

ညနေက မြင်ကွင်းကို ခုပြန်မြင်လာရသလို ခံစားရသည့် ပုံဖြင့် ပြောသည်။

ပြဿနာက ဘာမှတော့မဟုတ်။ မိစုနှင့်တာတူးက ရည်း စား။ ညနေက တာတူး မြို့ထဲကအပြန် မြေနီကုန်းကားဂိတ်မှာ ရုပ်ရှင်ရုံထဲက ထွက်လာသော မိစုကို ကောင်တစ်ကောင်နှင့် တွေ့ လိုက်ရ၍ပဲ ဖြစ်သည်။

"အဲသလိုဆိုရင်လည်း အဲဒီတုန်းက ကားပေါ်ကဆင်းပြီး ဗြောင်သွားရှင်းလိုက်ပါလားကွ . . . မိစု ဘယ်လိုလဲ၊ ဘာလဲပေါ့"

အောင်ဝင်းပြောသမျှ တစ်ခုမှအဟုတ်မလုပ်သဖြင့် တာတူး ချက်စောင်းထိုးလိုက်ပြန်သည်။

"အဲဒါ . . . မင်း . . . ငါ့ကို လူသတ်မှုဖြစ်အောင် လုပ်ခိုင်း တာပဲ အောင်ဝင်း၊ ငါဆင်းပြီး သွားရှင်းလို့ ဟုတ်နေရင် ငါ နှစ်ယောက်စလုံးကို သတ်ပစ်ခဲ့မှာ"

"နို့ . . . ဒါဖြင့် မင်းက အခုမှ ဒေါသထွက်နေလို့ ဘာလုပ် မှာလဲ၊ နက်ဖြန် မိစုနဲ့တွေ့ပြီး ရှင်းစရာရှိတာ ပြီးအောင်ရှင်းလိုက် ပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှင်းချင်တော့ဘူး"

"မရှင်းတော့ မင်းက ဘာလုပ်မလို့လဲ"

"ငါ မိစုကို ဖြတ်မယ်"

"ဟောဗျာ . . ."

အောင်ဝင်း တအံ့တသြနှင့် ရေရွတ်လိုက်သည်။ တာတူးကို မယုံသလို လှမ်းကြည့်သည်။

တာတူးကတော့ သိပ်ပြတ်နေသော မျက်နှာဖြင့် ခပ်တည်တည်ပြန်ကြည့်၏။ မပြတ်လို့ကလည်းမဖြစ်။ တာတူးမှာကလည်း သူ့စိတ်ကူးနှင့်သူ ရှိသည်။

သူ့မျှော်လင့်ချက်နှင့်သူ။

ဒီမျှော်လင့်ချက်ကလည်း သိပ်ကြာသေးတာ မဟုတ်။ ညနေကမှ ကားပေါ်တွင်ဖြစ်လာသော မျှော်လင့်ချက် ဖြစ်၏။

၆

မြေနီကုန်းမှာ မိစုကို တခြားတစ်ယောက်နှင့် တွေ့ပြီး ပူစပ်ပူလောင် ခံစားလာခဲ့၍မှမဆုံးသေး ဟံသာဝတီအဝိုင်းအလွန် စိုက်ပျိုးရေးမှတ်တိုင်တွင် ခင်သီတာ ကားပေါ်တက်လာသည်။ ဖြစ်ချင်တော့ ခင်သီတာမတက်ခင် သူ့ဘေးမှ လူတစ်ယောက်က အရင်ဆင်းသဖြင့် ခင်သီတာ တက်လာသောအခါ သူ့ဘေးမှာ ဝင်ထိုင်သည်။

ခင်သီတာက သူ့ကိုတွေ့သောအခါ မျက်လုံးလေး ဝိုင်းသွားပြီး . . .



"ဟယ် . . . ဘယ်ကပြန်လာတာလဲ"

တာတူး သိပ်ပျော်သွားသည်။

စောစောက ဒေါသများ ခဏတစ်ဖြုတ်ပင် မေ့သွား၏။

"မြို့ထဲကပဲ ခင်သီတာ၊ ခင်သီတာရော ကျောင်းကလား"

"အင်း . . ."

ထိုစဉ် လက်မှတ်ရောင်းက ခင်သီတာရှေ့တွင် လက်ဖြန့်၍ မော်တော်ယာဉ်ခလေး အစ်မဟု ပြောသည်။

ခင်သီတာက ဩော် . . . ဟုတ်သားပဲ ဟုဆိုကာ သူ့ပခုံးလွယ် သားမွေးအိတ်စလင်းဘက်လေးထဲမှ ပိုက်ဆံထုတ်ရန် ပြင်သည်။

"နေ . . . နေ . . . ခင်သီတာ၊ တို့ပေးလိုက်မယ်"

ဒါမျိုးတွင် သိပ်လက်မနှေးသော တာတူးက အိတ်ထဲမှ ကျပ်တန်တစ်ရွက်ထုတ်ပြီးသား ဖြစ်သွားသည်။

"နေပါစေ . . . တို့ပေးပါ့မယ်"

"ရပါတယ် . . . နေစမ်းပါ"

ဤသို့ဖြင့် ခင်သီတာ အိတ်ကလေး မဖွင့်မီ တာတူးပိုက်ဆံဖြင့် လက်မှတ်ဆုတ်ပြီး ဖြစ်သွားသည်။

ခင်သီတာက ကျေးဇူးတင်ပြုံး ပြုံး၏။

ပြီးမှ . . .

"သူ . . . ကျောင်းမတက်ဘူးလား"

"တက်တယ် . . . နေ့လယ်ကတည်းက ကလပ်စ်မရှိတာနဲ့ မြို့ထဲ ခဏသွားတာ"

"လျှောက်ရှုပ်နေတယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . . ဒရော့အင်းအင့်ဂ် ကုန်နေတာနဲ့ သွားဝယ်တာ"

"ဪ . . . ဪ"

တာတူးစိတ်ထဲ အံ့ဩသလိုလည်း ဖြစ်နေသည်။ သိပ်ကျေနပ်သလိုလိုလည်း ဖြစ်နေမိသည်။ စင်စစ် သူနှင့် ခင်သီတာမှာ ဒီလောက် ရင်းနှီးလှသည်မဟုတ်။ မရင်းနှီးဆို၍ သူစိမ်းများလည်း မဟုတ်။ အထက်တန်း ကျောင်းတုန်းက တစ်တန်းတည်းနေလာကြသူများ ဖြစ်သည်။

သူက အာရ်အိုင်တီကို စာတူအင်ဂျင်နီယာဖြင့် ဝင်ခွင့်ရပြီး ကျောင်းတက်ကျောင်းဆင်းတွင် မိစုနှင့်ဆုံပြီး ကြိုက်ခဲ့ခြင်း ဖြစ်သည်။ မိစုက ဘီပီအိုင်မှာ အလုပ်လုပ်သည်။

ခင်သီတာက အမ်စီဝင်ခွင့်ရပြီး ကျောင်းချင်း ကွဲသွားကတည်းက မဆုံတော့။ အထက်တန်းကျောင်းတုန်းကတော့ တာတူး ခင်သီတာကို ကျိတ်ကြိုက်ခဲ့ဖူးသည်။

သို့သော် ခင်သီတာက စာချည်းကြိုးစားသူပီပီ ဘယ်သူ့မှလည်း အရေးမဝင်။ ဘယ်သူ့ကိုမှလည်း မျက်နှာသာမပေးဘဲ ခပ်တည်တည်နေသဖြင့် တာတူး ငြိမ်နေခဲ့ရ၏။

ခု ခင်သီတာက ဒီလိုမျိုး ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလာပြီဆိုတော့ . . .

တာတူးရင်ထဲ တလှပ်လှပ် ခုန်လာသည်။

သွားရင်းလာရင်း စိတ်ကူးယဉ် ဇာတ်လမ်းတစ်ခုပင် ဖြစ်သွား၏။

မိစုက သူ့ကို သစ္စာမရှိ။ ထို့ကြောင့် မိစုနှင့်သူနှင့် ပြတ်သည်။



ထို့နောက် သူက အချစ်ဝေဒနာကို ခံစားနေရဆဲတွင် ငယ်သူငယ်ချင်း ခင်သီတာနှင့် ပြန်ဆုံသည်။ ဟိုတုန်းက ပညာရေးကိစ္စ၊ ငယ်သေးသောအရွယ်မို့ အချစ်ကိစ္စ စိတ်မဝင်စားကြသော်လည်း ခုအခါ အရွယ်လေးကလည်းရ၊ နှလုံးသားကလည်း စကားပြောတတ်၊ ပေဒင်တွက်တတ်ပြီမို့ သူနှင့် ခင်သီတာတို့ ပြန်ငြိ။

ဘာပြောပြော ခင်သီတာနှင့်ဆိုလျှင် ပိုအဆင်ပြေသည်ဟု တာတူး တွေးသည်။ ခင်သီတာအိမ်က ဘော့စ်လည်း ဘော့စ်၊ ပြီးတော့ ခင်သီတာကိုယ်တိုင်ကလည်း ဆရာဝန်လောင်း။

ထိုအခါ မိစုကိုထွက်ခဲ့သော ဒေါသကို ပိုကြီးမားပစ်လိုက်သည်။

ယခုတော့ သူ ဆုံးဖြတ်ပင် ဆုံးဖြတ်ပြီ။

မိစုကို ဖြတ်မည်ဟု . . .။

သို့သော် . . . တစ်ခုတော့ လိုနေသည်။ မိစုက သူထင်သလို ဟုတ်ချင်မှလည်း ဟုတ်မည်။ မဟုတ်လျှင် ဒီအကြောင်းပြချက်နှင့် ဖြတ်လို့မရတော့။ ထို့ကြောင့် ဘာမှ ရှင်းမနေဘဲ စွတ်ဖြတ်ရန် သူ့ကို အားပေးအားမြှောက် လုပ်မည့်သူလိုသည်။ အောင်ဝင်းကို အားကိုးကြည့်သေးသည် . . . မရ။

အောင်ဝင်းက ဖျန်ဖြေရေးသမား။ သိပ် မလိုက်မသိချင်။

တာတူး လမ်းတစ်လျှောက် လှမ်းကြည့်လိုက်၏။

"ဟာ . . . အတော်ပဲ"

သူ့စိတ်ထဲတွင် သိန်းထီပေါက်သလို ဝမ်းသာသွားသည်။ သူ့မြင်ကွင်းထဲတွင် သူတို့ရှိရာ လက်ဖက်ရည်ဆိုင်သို့ ဒိုက်စိုက် ဒိုက်စိုက်နှင့် လာနေသည့် ကိုကြီးကျော်ကို မြင်လိုက်ရ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကျော်နဲ့ တိုင်ပင်ကြည့်မယ်၊ သူ အကြံပေးတဲ့အတိုင်း ငါလုပ်မယ်ကွာ"

တာတူးစကားကို အောင်ဝင်းကလည်း လက်ခံသည်။

ကိုကြီးကျော်ကတော့ ဘာမှမသိသေး။ ငိုက်စိုက် ငိုက်စိုက်နှင့်ပင် ဆက်လက် ချီတက်လာ၏။

၃။

"ဟေ . . . ဟုတ်လား"

"ဟုတ်တယ် ကိုကြီးကျော်၊ ဘာမှ မှားစရာမရှိဘူး၊ ကျွန်တော့် မျက်စိနဲ့ မြင်ခဲ့တာ"

တာတူးက သူ့ကိစ္စကို ရှင်းပြအပြီး ထွက်ပေါ်လာကြသော စကားသံများ ဖြစ်သည်။ ကိုကြီးကျော်မျက်နှာ ဝင်းခနဲဖြစ်သည်။ ခုနပဲ မိန်းမများကို ဝေးစွာ ရှောင်ကြဉ်ရန် တွေးလာသေးသည်။ ခု မိန်းမ မကောင်းသတင်း ကြားရပြီး သူ့အဘိဓာန်များကို ပြင်ဆင် လှစ်ရန် လိုအပ်ပြီဟု တွက်လိုက်၏။

"ဟုတ်ပြီလေ . . . အဲဒီတော့ မင်းက ဒီကိစ္စကို ဘယ်လိုလုပ် မယ်လို့ ဆုံးဖြတ်ထားလဲ၊ အဲဒါ ငါ့ကို အရင်ပြောပြ . . . မင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့် မလုပ်သင့် ငါစိစစ်ပေးမယ်"

တာတူးက အံကို တင်းတင်းကြိတ်ပြီး . . .

"ကျွန်တော်ကတော့ သူ့ကို ဖြတ်လိုက်မယ် စဉ်းစားတယ် ကိုကြီးရာ . . . သစ္စာမှမရှိဘဲ"

"အိုကေ . . . မင်းလုပ်တာမှန်တယ်၊ ဖြတ်လိုက်"

ဒီတစ်ခါ မျက်နှာဝင်းသွားသူက တာတူး၊ သို့သော် ကြားထဲက အောင်ဝင်းက မနေနိုင်။

"ဟာ . . . ကိုကြီးကလည်း နည်းနည်းပါးပါးတောင် မမေးမြန်းတော့ဘူးလား"

ကိုကြီးကျော် ခေါင်းခါသည်။ ဗိုလ်အောင်ဒင်ထဲမှ ဦးခင်မောင်ရင် ခေါင်းခါပုံမျိုး။

"မဟုတ်ဘူး မောင်အောင်ဝင်း၊ ဒီကိစ္စက ဘာမှ မေးစရာမလိုဘူး၊ ကပ္ပလီမချက်ကို ထုံးကွင်းထားသလို ထင်းလင်းနေတဲ့ကိစ္စကွ၊ ဒီမှာ မင်းတို့ကို ငါပြောပြမယ်၊ မိန်းမဆိုတာမျိုးက ဘယ်တော့မှ စိတ်ချရတာမျိုး မဟုတ်ဘူး၊ အူတိုတယ်ဆိုတာ အကြောင်းမဲ့ အူတိုတာ မဟုတ်ဘူး၊ သူခိုးတစ်ယောက်ဟာ လူတိုင်းကို သူ ခိုးသလို ခိုးတတ်မယ်ပဲ အောက်မေ့ပြီး စိတ်မချသလို သစ္စာမရှိတဲ့ မိန်းမတွေ မချနိုင်တာ၊ အဲဒါကို အူတိုတယ် ပြောတာ"

"အဲဒီတော့"

"အဲဒီတော့ ရှင်းရှင်းလေးပဲပေါ့ကွ၊ ခုလည်း ဒီကောင့် ရည်းစား မိစုက ဖောက်ပြန်တာပဲ၊ သွားရှင်းရင် သူတို့က မာယာနဲ့ ဟိုလှည့်ဒီလှည့် လုပ်လိုက်ရင် ဒီကောင်တစ်ခါ နွားပြန်ဖြစ်ဦးမယ်၊ လုပ်မနေနဲ့ ရှင်းစရာမလိုဘူး၊ တစ်ခါတည်း ဖြတ်လိုက်"



အမှန်တော့ စောစောက အူတိုသည့်အကြောင်း ခုဖြတ်ဖို့ကိစ္စတို့ ဘာမှမပတ်သက်၊ သို့သော် နဂိုတည်းက ကိုယ့်အကြံနဲ့ကိုယ် ဖြစ်နေသောတာတူးကတော့ ဒီစကားကို သိပ်သဘောကျသွားသည်။

"ဟုတ်တယ် ကိုကြီး ဖြတ်လိုက်တာပဲ ကောင်းတယ်"

"ဪ . . . ငါကလည်း ကောင်းတဲ့လမ်းကိုပဲ ညွှန်တာပါကွ၊ ဒီမှာ ကိုယ့်လူ ပါဠိလိုတော့ ငါလည်းမပြောတတ်ဘူး၊ အဓိပ္ပာယ်က တော့ ရှင်းတယ်၊ ချစ်တဲ့သူနဲ့ ကွေကွင်းရင်လည်း ဆင်းရဲသတဲ့၊ မုန်းတဲ့လူနဲ့ ပေါင်းသင်းရင်လည်း ဆင်းရဲသတဲ့၊ ဘယ်စာအုပ်ထဲမှာလည်းမသိဘူး၊ ငါဖတ်ဖူးတယ်၊ အဲဒီတော့ ဘယ်သူ့ကိုမှလည်း မချစ်နဲ့၊ ဘယ်သူနဲ့မှလည်း မပေါင်းသင်းချင်နဲ့၊ ငါ့လိုလူပျိုကြီး လုပ်ကြည့် . . မင်းကိုကြီးကျော် ဘယ်လောက်စိတ်ချမ်းသာလဲ . . ဟဲ . . . ဟဲ"

တစ်လျှောက်လုံး သဘောကျလာပြီး၊ ပြီးခါနီးမှ တာတူးတွန့်သွားသည်။ သို့သော် ပြေရာပြေကြောင်းအနေနှင့် . . .

"ဒါပေါ့ ကိုကြီးရာ၊ ကိုယ်စိတ်တိုင်းမကျမချင်း ဘယ်သူမှ မယူဘူးပေါ့၊ ကိုယ်ကြိုက်တဲ့သူ ခေါင်းခေါက်ရွေးမှာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါကြောင့် ကျွန်တော် ကိုကြီးကျော်ကို အားကိုးတာ၊ ကိုကြီးကျော် ဆုံးဖြတ်ပေးရင် မှန်ကိုမှန်ရမယ်တဲ့၊ ဒီမယ် ကိုကြီး . . . ကိုကြီးညီတွေကို ဘာမှမစိုးရိမ်နဲ့၊ ဘာကိစ္စမဆို ကိုကြီးနဲ့ တိုင်ပင်ပြီးမှ လုပ်မှာ၊ ဘယ်တော့မှ မမိုက်ဘူးကိုကြီး . . . သိလား"

"ဟဲ . . . ဟဲ . . . ဟဲ"

သူတို့နှစ်ယောက် အတိုင်အဖောက် ညီနေပုံကိုကြည့်၍ အောင်ဝင်းပင်လျှင် သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အခုတွဲနေသော ပြုံးပြုံးတွင် သွားနည်းနည်း ခေါ်နေသည်ကို ပြန်သတိရသဖြင့် ကိုကြီးကျော်နှင့် တိုင်ပင်ပြီး ဒီကောင်မလေးကို ဖြတ်၍ နောက်ကောင်မလေးတစ်ယောက် ရှာကြိုက် . . . ကောင်းမလား စဉ်းစား၏။

❀

အိမ်ပြန်ရောက်သည်နှင့် တာတူး စာတစ်စောင် အမြန်ရေးသည်။

မိစု ...

ကိုယ့်ကို ဘာမှလည်း ရှင်းမပြခဲ့ဘဲနဲ့တော့ ...

မိစု မရှိတဲ့ ရန်ကုန်ကို ဘယ်သူနဲ့သွားတော့မယ်။ ကိုယ့်ရွာမှာ မိစု ဘာလုပ်နေတယ်ဆိုတာ ကိုယ်သိပြီ။

ဒီကိစ္စနဲ့ပတ်သက်လို့ ကိုယ့်ဘက်ကိုယ် အကြိမ်ကြိမ် စဉ်းစားပြီးပြီ၊ မိစုကို ကိုယ် ဘယ်လိုမှ စွန့်မလွှတ်နိုင်ဘူး။

ဒါကြောင့် မိစုနဲ့ကိုယ်တို့ရဲ့ ဆက်ဆံရေးကို ဒီတစ်ခါ တစ်ခန်းရပ်လိုက်ကြပါစို့။

မိစုကို ကိုယ် စွန့်လွှတ်လိုက်ပါပြီ ...

တာတူး

မှတ်ချက်။ ။ စာပြန်စရာမလိုပါ။

❀

၄။

စာဖတ်ပြီးသည်နှင့် မိစု ခေါင်းအုံးပေါ် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချ၏။

မိစုလုပ်ပုံကြောင့် အခန်းထဲမှ လူများ အထိတ်တလန့် ဖြစ်သွားသည်။

"ဟဲ့ . . . မိစု ဘာဖြစ်တာလဲ"

မိစုနှင့် တစ်ခန်းတည်းနေ တင်တင်နွယ်ကလည်း သူ့ခုတင်ပေါ်မှ ကပျာကယာထ၍ မိစုဆီ ပြေးလာသည်။

မိစုက ဘာမှပြန်မဖြေ၊ ခေါင်းအုံးပေါ်တွင်သာ မျက်နှာအပ်ထားရင်း ကျောပြင်တစ်ခုလုံး သိမ့်သိမ့်ခါနေအောင် ရှိုက်၍ ရှိုက်၍ ငိုသည်။ တင်တင်နွယ်ရင်ထဲ အရမ်း စိုးရိမ်သွားသဖြင့် မိစုပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖက်ရင်း . . .

"မိစု . . . ညီမ ပြောလေ၊ ဘာဖြစ်တာလဲလို့ မမကိုပြောစမ်း၊ ဘယ်သူနဲ့ ဘာဖြစ်သလဲ"

တင်တင်နွယ့်ခုတင်တွင် ထိုင်နေကြသော လှလှအေးနှင့် မြမြမူတို့ကလည်း တင်တင်နွယ့် နောက်မှနေ၍ ကမန်းကတန်း ထလိုက်လာကြသည်။ သူတို့လည်း အထိတ်တလန့်ဖြင့် မိစုဘေးတွင် ဝင်ရပ်သည်။

"ဟုတ်တယ် မိစု ဘာဖြစ်လို့လဲဟင်"

မိစု ခေါင်းမမော့။

"မိစုကို ကိုတာတူး အထင်လွဲသွားပြီ မမရဲ့၊ ဒီမှာ သူပေးလိုက်တဲ့စာ"

ရှိုက်သံဖြင့်ရော၍ ပြောရင်း လက်ထဲတွင် ဆုပ်ကိုင်ထားသည့်စာကို ခေါင်းငုံ့လျက် ကမ်းပေးသည်။ တင်တင်နွယ်က လှမ်းယူပြီး စာကို ကမန်းကတန်း ဖတ်သည်။

လှလှအေးနှင့် မြမြမူတို့ကလည်း တင်တင်နွယ့်ပခုံးပေါ်မှ ကျော်၍ စာကို အလုအယက် ဖတ်လိုက်သည်။ ဖတ်ပြီး နားမလည်ဟန်ဖြင့် . . .

"နေပါဦး မိစုရဲ့၊ မနေ့က ရုပ်ရှင်သွားတာ တို့လည်းပါတာပဲ၊ ဘာဖြစ်လို့လဲ၊ သူသိတယ်ဆိုတာ ဘာကိုသိတာလဲ"

"အေးလေ"

တင်တင်နွယ်ကတော့ ဘာမှမပြောသေးဘဲ စာကိုဖတ်ပြီး မျက်မှောင်ကြုတ် စဉ်းစားရာမှ လှလှအေးအမေးကို မိစု ဘာပြန်ဖြေမလဲ စောင့်နားထောင်သည်။ မိစုက ထထိုင်လိုက်ပြီး . . .



"မနေ့က ရုပ်ရှင်ပြီးတော့ နင်တို့ အိမ်သာထဲ ဝင်နေတာနဲ့ ရုံရှေ့မှာ ငါစောင့်နေတုန်း ရုံးက ကိုမောင်မောင်ကြီး တွေ့တာနဲ့ ရပ်စကားပြောနေတာ တစ်ယောက်ယောက်တွေ့ပြီး သူ့ပြန်ပြောလို့ သိတာဖြစ်မှာပေါ့၊ ဘာမှမဆိုင်ဘူး"

"သြော် . . . ဒါကြောင့်လား၊ အဲဒါဘာဖြစ်လဲ မိစုရာ၊ အသိတွေ့လို့ ရပ်စကားပြောတာကို အထင်လွဲသွားတာပဲ၊ သူနဲ့တွေ့ပြီး အကျိုးအကြောင်း ရှင်းပြလိုက်ပေါ့၊ ငါတို့လည်း ပါတာပဲ၊ လိုအပ်ရင် တို့လည်း ရှင်းပေးမှာပေါ့"

လှလှအေးက စိတ်သက်သာရာရသွားဟန်ဖြင့် ဝင်ပြောသည်။ မိစုက ခေါင်းခါရင်း . . .

"သူက ရှင်းမပြနဲ့တော့လို့ ရေးထားတာ မတွေ့ဘူးလား"

"ဟာ မိစုကလည်း စိတ်ထဲဒေါသဖြစ်နေတော့ ဒီလိုပဲရေးမှာပေါ့၊ ကိုယ်က နားလည်အောင် ရှင်းပြလိုက်ရင် ပြီးတာပဲဥစ္စာ၊ ကဲပါ ငိုမနေပါနဲ့၊ တကတည်း ငါတို့ဖြင့် ဘာများဖြစ်တာလဲဆိုပြီး စိတ်ပူလိုက်ရတာ"

မြမြမူစကားကို ဒေါ်တင်တင်နွယ်ကလည်း ခေါင်းညိတ်သည်။

"ဟုတ်သားပဲ မိစုကလည်း ရုတ်တရက်ဆိုတော့ ကြားကြားချင်း သူလည်း ဒေါသဖြစ်ပြီး ကောက်ရေးလိုက်တာ ဖြစ်မှာပေါ့၊ ဘာတူးဆိုတဲ့ကောင်လေးကိုလည်း မမတို့သိတာပဲ၊ ကောင်လေးက ငါ့ညီမကို ချစ်ပုံရပါတယ်၊ ရှင်းပြလိုက်ရင် ပြီးသွားမှာပါ"

"သူက အတွေ့ခံရင် ဘယ့်နှဲ့လုပ်မလဲ"

"အတွေ့မခံဘဲ မနေပါဘူး မိစုရယ်၊ တစ်ယောက်နဲ့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရန်သူတွေမှ မဟုတ်ဘဲ၊ ချစ်လို့ သဝန်ကြောင်ကြတာပဲ ဟာ၊ သူကလည်း ရှင်းစေချင်လို့ ဒီလိုရေးလိုက်တာ နေမှာပေါ့"

"ရပါတယ် မိစုရယ်၊ ကိုသန်းစိုးလည်း ကိုတာတူးနဲ့ ခင်နေတာပဲဥစ္စာ၊ သူ့ကိုပါ ငါပြောခိုင်းပါမယ်"

ကိုသန်းစိုးက လှလှအေး၏အမျိုးသား၊ တာတူးတို့ရပ်ကွက်ထဲမှာပဲ နေသည်။

အားလုံးပိုင်းပြောသဖြင့် မိစုအငိုရပ်သွား၏။ ဟုတ်တော့လည်း ဟုတ်သည်။ ဒီကိစ္စက ကိုယ့်ဘက်က ရှင်းနေသည့်ကိစ္စ၊ တစ်ဘက်လူ နားလည်အောင် ရှင်းပြလိုက်လျှင် ပြီးသွားမည်။ ဒီစာကတော့ ချစ်ဒေါသမွှန်ပြီး ရေးလိုက်တာဖြစ်မည်။ ကောင်းတော့လည်း ကောင်းပါသည်။ ကိုယ့်အပေါ် သူက သဝန်ကြောင်လွန်းတယ်ဆိုတော့ ချစ်လွန်း၍ပဲဖြစ်မည် စသောအတွေးများဖြင့် မိစုဖြေယူလိုက်သည်။ နောက်တစ်နာရီအကြာတွင် သူတို့ရုံးသမား ကျောင်းသမား မိန်းကလေးတွေချည်း စုနေကြသည့်အပြင်ဆောင် ရေချိုးခန်းတွင် ရေသံများကြားမှ မိစု၏ သီချင်းသံလေးကို အောက်ပါအတိုင်း ကြားနေရတော့၏။

♫ သူ့ဖက်ခြည်ညှစ်ရမယ် × × ဟိုညက ခိုင်းလာပါတယ် × × မျှော်ပေမယ့်
မကြင်ပေါင် ဆရာ သက်ဝေရဲ့လင်မောင်ရာ သဝန်ကြောင်တာ မြရင်အုံတော့တာ ♫

မြရင်အုံ့တာက အရေးမကြီး၊ မိစု အုံ့ဩလောက်အောင်



တာတူးဖြစ်နေသည်က ပြဿနာ။

ခါတိုင်းဆိုလျှင် တာတူးကျောင်းတက်ချိန်က နည်းနည်းစောပြီး မိစုရုံးသွားချိန်က နည်းနည်း နောက်ကျသဖြင့် ကျောင်းရှေ့မှနေ၍ တာတူးစောင့်စမြဲ။ တစ်ခါတစ်ခါဆို မိစုတို့ အဆောင်ရှေ့ထိ လာစောင့်သည်။ မလာပါနှင့် အဆောင်ကလူတွေ တွေ့မယ်ပြောလည်းမရ၊ ပင်ပန်းပါတယ် ကျောင်းရှေ့ကပဲ စောင့်ဟုပြောလည်းမရ။

ခုတော့ တာတူးကို အစပင် ရှာမတွေ့။

ရုံးတက်ချိန်လည်း မတွေ့၊ ရုံးဆင်းချိန်လည်း မတွေ့၊ တာတူးတကယ်စိတ်ဆိုး စိတ်ပြတ်သွားပြီ ထင်ကာ မိစုငိုကြီးချက်မ ပြန်ဖြစ်လာသည်။ နောက်ဆုံးတော့ လှလှအေးတို့ မနေသာ၊ မိစုကို စာတစ်စောင်ရေးခိုင်းပြီး လှလှအေး၏ချစ်သူ သန်းစိုးကတစ်ဆင့် တာတူးဆီပေး၍ ဆက်သွယ်ရတော့သည်။

ဒီတစ်ခါ ပြဿနာတစ်ခုထပ်တိုး၏။

"အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ ကိုကြီးကျော်"

တာတူးဆီမှ စာကိုဖတ်ကြည့်ပြီး ကိုကြီးကျော် တွေသွားသည်။ မိစု၏ စာအရကတော့ ရှင်းသည်။ တာတူး မိစုကို အထင်လွဲနေတာဖြစ်ကြောင်း၊ မိစုတွင် တာတူးကလွဲ၍ တခြားချစ်သူ မရှိကြောင်း၊ ထိုနေ့က ရုပ်ရှင်ရုံတွင်လည်း တစ်ရုံးတည်းမှအသိနှင့်တွေ့၍ ရပ်စကားပြောနေကြောင်း၊ ရုပ်ရှင်ကို သူငယ်ချင်းများနှင့် ကြည့်တာ

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ကြောင်း၊ လှလှအေးတို့ မြမြမူတို့ သက်သေရှိကြောင်း။

ခုလို မေးမြန်း၊ မစုံစမ်းဘဲနှင့် တစ်ဖက်သတ် အထင်မလွဲသင့်ကြောင်း စသည်စသည်များကို သိပ်ရက်စက်တာပဲ၊ မိစုမှာ တစ်နေ့တစ်နေ့ မျက်ရည်တွေ အများကြီးကျရကြောင်း ဘာညာနှင့် လွမ်းစရာကောင်းလောက်အောင် ရေးထားသည်။

"သူရေးထားတဲ့ကိစ္စက ရှင်းနေတာပဲ၊ မင်းမြင်လာတဲ့ကိစ္စက မဟုတ်ပါဘူးဆိုမှ ငါက ဘာပြောရမလဲကွ၊ မင်းရည်းစားပဲဟာ မင်းပြန်ဆက်ပေါ့"

တာတူး ခေါင်းခါသည်။

"မဟုတ်ဘူး ကိုကြီး၊ ကျွန်တော့်မှာ ပြဿနာတက်နေတယ်"

"ဘာပြဿနာလဲ"

"ကျွန်တော် နောက်ကောင်မလေးတစ်ယောက်ကို ကြိုက်နေလို့"

"ဟာကွာ . . . မင်းက တစ်မျိုးဖြစ်ရပြန်ပြီ၊ ဘယ်လိုကနေ ဘယ်လို ဖြစ်သွားရပြန်တာလဲ"

"ဒီလို ကိုကြီးကျော်၊ ဟိုနေ့က မိစုကို တခြားတစ်ယောက်နဲ့ ရုပ်ရှင်ရုံမှာတွေ့ပြီး ပြန်လာတော့ ခင်သီတာဆိုတဲ့ ကောင်မလေးနဲ့ တွေ့တယ်၊ အဲဒီကောင်မလေးက ကျွန်တော် ဟိုက်စကူးကတည်းက သဘောကျနေတဲ့ ကောင်မလေး၊ ခုအမ်စီမှာ ဆရာဝန်လောင်း၊ ရေရေလည်လည် ချမ်းသာတယ်၊ ခု အဲဒီကောင်မလေးနဲ့ အပေးအယူဖြောင့်ပြီး အဆင်ပြေနေတော့ ကျွန်တော် မိစုကို ဖြတ်လက်စနဲ့ ဖြတ်လိုက်တော့မလားလို့"

"ဟော . . ."



တာတူး၏ ဖြောင့်ချက်စကားကြောင့် ကိုကြီးကျော် ငိုင်သွား၏။ ချက်ချင်း အဖြေမပေးသေးဘဲ ခေါင်းတညိတ်ညိတ်လုပ်၍ စဉ်းစားသည်။ ထိုစဉ် သူတို့စားပွဲသို့ လူတစ်ယောက်ရောက်လာသည်။ တာတူးက လှည့်ကြည့်ပြီး . . .

"လာဟေ့ . . . သန်းစိုး၊ ခဏထိုင်ဦးကွာ"

ကိုကြီးကျော်ကလည်း တစ်ချက်လှည့်ကြည့်သည်။ သန်းစိုးကို သူလည်းသိပြီး၊ တာတူးနှင့် သူငယ်ချင်းဖြစ်နေသဖြင့် ဘာမှအမှုထားတော့ဘဲ သူတွေးလို့ရသည့်စကားများ ပြောပြသည်။

"ဒါဖြင့်လည်း ဖြတ်လိုက်ပေါ့ တာတူးရာ၊ လောကမှာ လူဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးတည်ဆောက်ရတာကွ၊ အချစ်မှာလည်း ဒီလိုပဲပေါ့၊ ကိုယ်ကြိုက်သလို ဆုံးဖြတ်ရမှာပေါ့"

တာတူးမျက်နှာ ကွက်ခနဲ ပျက်သည်။ မိစု၏စာကို သန်းစိုး ယူလာမှန်း ကိုကြီးကျော်မသိ၊ သန်းစိုးကလည်း မိစုဘက်မှာ ရှိနေကြောင်းလည်း ကိုကြီးကျော်မသိ။ ထို့ကြောင့် တာတူးက သန်းစိုးရှေ့မှာ မျက်နှာငယ်ငယ် ပြင်လိုက်ပြီး . . .

"ကိုကြီးကျော် အကြံပေးသလို မိစုကို ဖြတ်တာကတော့ ဖြတ်ပါပြီ၊ ဒါပေမဲ့ ကျွန်တော် မိစုကို သနားတယ် ကိုကြီး"

ကိုကြီးကျော်ကတော့ ဘာမှအရိပ်အကဲမသိ။ တာတူးခများ ဘယ်ပင် မိစုကို သနားပြီး တစ်ဘက်က ခင်သီတာကိုလည်း ချမ်းတွယ်တာနေသော ဒုက္ခနှင့် ရင်ဆိုင်နေသည်ဟုသာ တွက်၍

"ဟာ . . . မင်း ဒီမပြတ်သားလို့ကတော့ ဘယ်ဖြစ်မလဲကွာ၊ မင်းနေရာရှိရင်တော့ ပြတ်ပြတ်လုပ်ရမှာပေါ့၊ ဒီနေရာမှာ အသည်း

www.burmeseclassic.com

www.burmeseclassic.com



မမာဘဲနေလို့ ဘယ်ရမလဲ၊ ငါပြောတဲ့စကားကိုသာ နားထောင်စမ်းပါ၊ ဘယ်သူ့ကိုမှ ဂရုစိုက်မနေနဲ့"

သူ့စကားကြောင့် သန်းစိုးမျက်နှာ တင်းခနဲဖြစ်ပြီး ကိုကြီးကျော်ကို မကြည်ကြည့် ကြည့်သည်။

တာတူးက ကိုကြီးကျော်စကားကို နားထောင်ရင်း ဖြုန်းခနဲ အကြံတစ်ခုရ၍ ကိုသန်းစိုးကို ယက်ကုတ်၍ ကပျာကယာ ထရပ်ရင်း . . .

"ဟုတ်ပြီ ကိုကြီး၊ ကိုကြီးပြောတာကို ကျွန်တော် သဘောပေါက်ပြီ၊ ကိုကြီးပေးတဲ့ အကြံအတိုင်းပဲ လုပ်မယ်၊ တဲ . . . ကျွန်တော် သွားမယ်"

ကိုကြီးကျော် ခေါင်းညိတ်သည်။ တာတူးကိုလည်း ကြင်နာစွာ ကြည့်ရင်း . . .

"အင်း . . . မင်းတို့ကောင်တွေ အလကားနေရင်း ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲကွာ၊ ငါ့လို အေးအေးနေလိုက်ပြီးရော"

ဟု စိတ်ထဲကနေ ပြောလိုက်၏။

သို့သော် . . . ဘာပြောပြော သူ့ကို တကယ်လေးစားသည့် အစ်ကိုကြီးနေရာထား၍ သူ့စကားကို တစ်သဝေမတိမ်း လိုက်နာ သွားသဖြင့် စိတ်ထဲက ကျေနပ်သွားသည်။

သူ ကျေနပ်နေချိန်တွင် သူ့ထံမှ ကမန်းကတန်း ခွာသွားသော တာတူး၏ စကားများသာ ကြားပါက ကိုကြီးကျော် မည်သို့နေမည် မသိ။



"အဲဒါပဲ သန်းစိုး၊ ငါ့မှာလည်း ပြဿနာပဲ၊ မင်းကြားခဲ့တဲ့ အတိုင်း ကိုကြီးကျော်က မိစုကို ပြန်မဆက်ဖို့ဘဲ ပြောနေတယ်၊ ခက်တာက သူ့စကားကိုလည်း ငါမပယ်ရဲဘူး သန်းစိုး၊ မိစုကို ငါ ချစ်လို့ မဟုတ်ပါဘူး"

တာတူးစကားကြောင့် သန်းစိုး မကျေမနပ် လှည့်ကြည့် သည်။

"ဘာဆိုင်လို့လဲကွ၊ သူဖြတ်ဆိုတိုင်း ဖြတ်ရအောင် အဲဒီလူက ဘာမို့လို့လဲ၊ ကိုယ်ကြိုက်တာပဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်ပေါ့"

"မဟုတ်ဘူး သန်းစိုး၊ ကိုကြီးကျော်ကို ငါ့အိမ်က အပ်ထားတာ၊ သူ သဘောမကျတာလုပ်မိလို့ ငါ့အိမ်ကို ပြောလိုက်ရင် ငါ ဒုက္ခ ရောက်မှာ"

"နေပါဦး၊ မိစုကို သူက ဘာလို့ ဖြတ်ခိုင်းနေရတာလဲ"

"ဒီလိုကွာ၊ ကိုကြီးကျော်က ငါနဲ့ အရမ်းသဘောတူနေတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်၊ အဲ့ဒီကောင်မလေးက အမ်စီက၊ သူတို့က ငါ့ကို အဲဒီကောင်မလေးနဲ့ပဲ ယူစေချင်တယ်၊ အဲ့ဒီ ကောင်မလေးနဲ့ပဲ အတင်းတိုက်တွန်းနေတယ်"

"ဒါဖြင့် မင်း မိစုကို တကယ်ဖြတ်တော့မယ်ပေါ့"

"ဒီလိုပဲ လုပ်ရတော့မှာပေါ့ကွာ၊ ငါ့မှာ ကိုကြီးကျော်ကို မလွန် ဆန်ရဲဘဲ သူ့ကို ကြောက်ရတယ် သန်းစိုး၊ မင်းမသိပါဘူး"

"မဟုတ်သေးပါဘူးကွာ၊ ဒီလူကြီးက ဘာဖြစ်လို့ သူများ အချစ်ရေး ဝင်ရှုပ်ရတာလဲ၊ သူနဲ့ဘာဆိုင်လို့လဲ"

သန်းစိုးက မကျေမနပ်နှင့် ပြောသည်။ တာတူးက စိတ်သစ်

www.burmeseclassic.com

www.burmeseclassic.com



နေပုံဖြင့် ခေါင်းကို တမြင်းမြင်းကုတ်ရင်း . . .

"အဲဒါပေါ့ကွာ၊ အဲဒီကိစ္စ ငါ့မှာ ဘယ်လောက်စိတ်ညစ်ရတယ်မှတ်လဲ၊ အမှန်တော့ မိစုကို ငါနားလည်ပါတယ်၊ ရုပ်ရှင်ရုံမှာ တွေ့တဲ့ ကိစ္စလည်း စကတည်းက မဟုတ်မှန်း ငါသိတာပေါ့၊ မိစု ငါ့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာ ငါအမြဲယုံတယ်၊ ဒါပေမဲ့ ကိုကြီးကျော်က ဒါကိုပဲ ရမယ်ရှာဖြတ်ရမယ်ဆိုလို့ ငါလုပ်လိုက်ရတာ သန်းစိုး၊ မိစုကတော့ ငါ့ကို အရမ်းမုန်းသွားတော့မှာပဲ"

သူငယ်ချင်း၏စကားကြောင့် သန်းစိုးရင်ထဲ ထိခိုက်သွားသည်။ တာတူးကို သနားသည်နှင့်အမျှ ကိုကြီးကျော်ဆိုသည့် လူယုတ်မာကြီးကို ဒေါသအလိပ်လိုက် ထွက်လာ၏။

တာတူးကတော့ သန်းစိုး သူ့စကားကို တကယ်ယုံသွားပြီဟု စိတ်ထဲတွင် ကျေနပ်သွားသည်။

ရယ်လည်း ရယ်ချင်လာ၏။

'ဆောရီးပဲ ကိုကြီးကျော်၊ ခုလို ကူညီတာ ကျေးဇူးပါပဲဗျာ' စိတ်ထဲက တိုးတိုးရေရွတ်လိုက်၏။

✎ ❦ ✎

၅။

နောက်ဆုံး ကြံရာမရသဖြင့် ဇွတ်မှိတ်လုပ်လိုက်ရသော်လည်း တာတူး စိတ်မကောင်း။ အိမ်ပြန်ရောက်တော့ တစိမ့်စိမ့် တွေးကြည့်လေ၊ ကိုယ် လူလည်ကျခဲ့သည့်ကိစ္စကို စိတ်မကောင်းလေ ဖြစ်ရသည်။ သို့သော် ဒီလိုမလုပ်လို့ကလည်း မဖြစ်။

ခင်သီတာနှင့်ယှဉ်ကြည့်မှ မိစုက ဖွဲဖြစ်နေသည်။ ဒီလိုမှန်း သိလျှင် အစကတည်းက ခင်သီတာကို လိုက်ခဲ့ပါသည်ဟုလည်း နောင်တများစွာ ရသည်။

ခင်သီတာကလည်း ခင်သီတာ။ ကျောင်းတုန်းက ဆိုတာယ် ကြီးနှင့်၊ အထာကြီးနှင့် ရှုတင်းသလောက် ခုတော့လည်း ဘယ်လို ကနေဘယ်လိုဖြစ်ပြီး ဒိုးကောမှာ စိုပြည်သွားသလဲမသိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကားပေါ်မှာဆုံခဲ့ပြီး စကားပြောအဆင်ပြေခဲ့သည်ကိုအကြောင်းပြု၍ နောက်နေ့ကျတော့ တာတူး အမ်စီဝမ်းကို သွားသည်။ တာတူးတို့ ဘယ်လိုကနေဘယ်လို ကဲတွေ ဘာတွေ ကောင်း၊ ဇာတာစန်းလဂ်တွေ တဲ့တော်နေသည်မသိ။ ကျောင်းထဲဝင်ခါရှိသေး၊ အုပ်ချုပ်ရေးရုံးအလွန် အယ်လ်စီအာ အမျိုးသမီးနားနေခန်းထဲမှ ထွက်လာသော ခင်သီတာနှင့် ဆိုက်ဆိုက်မြိုက်မြိုက် သွားဆုံသည်။

"ဟော . . . ဘယ်က မျက်စိလည်လာပြန်ပြီလဲ"

ကြည့် . . . ကိုယ်ကစ၍ နှုတ်ဆက်စရာပင်မလို။ သူက စနှုတ်ဆက်တာကပင် သိပ်ရင်းနှီးနေသူများကို နှုတ်ဆက်သည့် နှုတ်ဆက်ပုံမျိုး။ ဒီတော့ တာတူးအဖို့ ပိုလွယ်သွားသည်။ အလိုက်သင့်အလျားသင့် ပြုံးလိုက်ပြီး . . .

"ဘယ်ကမှ မျက်စိလည်လာတာ မဟုတ်ဘူး၊ ဒီကိုပဲ သက်သက်လာတာ၊ ဒီနေ့မနက်ပိုင်း အတန်းတွေ မရှိတာနဲ့ ခင်သီတာဆီ သွားလည်ဦးမှာပဲဆိုပြီး ထွက်လာခဲ့တာ၊ ကျောင်းက အတူတူအောင်ခဲ့တဲ့ သူငယ်ချင်းဆိုလို့လည်း တခြားလူတွေမှ သိပ်မရှိဘဲ"

"အမယ် . . . အများကြီးပါနော်"

"အများကြီးပေမယ့် သူတို့က ခင်သီတာလို တို့ကိုခင်တာမဟုတ်ဘူး၊ ခင်တဲ့လူဆီပဲ လာရတာပေါ့"

ခင်သီတာက ဟင်း . . . သူ သိပ်လည်ဆိုသော အကြည့်ဖြင့်ကြည့်ရင်း ပြုံးသည်။ ဘာပြောပြော ခင်သီတာလည်း မသိဘဲနေမည်မဟုတ်။ တက္ကသိုလ်မှာ နည်းရိုးနည်းဟောင်း အင်မတန် ဖန်တစ်ရာတေနေပြီဖြစ်သော ပိုးနည်းမို့ ဒီလောက်အရိပ်ပြလျှင် အကောင်မမြင်စရာမရှိ။



မြင်ပေ့စေ . . . မြင်ပေ့စေ . . . သိပေ့စေ . . . ဟု တာတူးစိတ်ထဲက ကျိတ်ဝမ်းသာသည်။ နောက်ပိုးသည်ဆိုသည်က ကိုယ့်ဘက်က မှုမမှန်တော့ကြောင်း၊ စိတ်ဖြင့် ပြစ်မှားနေပြီ ဖြစ်ကြောင်းတစ်ဖက်လူ မသိ,သိအောင် လုပ်ရသည့်ကိစ္စဖြစ်ရာ ရိပ်မိလေကောင်းလေဟု ယူဆသော် ရ၏။

ဒီလိုရိပ်မိပြီးမှ ခုလို ရယ်ရယ်မောမော၊ နောက်နောက်ပြောင်ပြောင် ဆက်ဆံနေသေးလျှင် ဘာလိုဦးမလဲ . . . ဘာမှမလိုတော့။ နွားသေ ကြိုးနဲ့ချည်ပြီး ရိုက်တာကမှ လွဲချင်လွဲဦးမည်။ တာတူး၏စိတ်ဓာတ်များ များစွာ တက်ကြွလာ၏။

ဤသို့ဖြင့် ထိုနေ့က တစ်မနက်ခင်းလုံးလိုလို ကင်တင်းမှာထိုင်ဖြစ်သည်။ စကားများစွာ ပြောဖြစ်သည်။

ဒီအတိုင်းဆို သိပ်မကြာခင် ခင်သီတာနှင့်သူ ပြေလည်သွားမှာ သေချာသည်။

"ဟင်း . . ."

တွေးရင်းတွေးရင်းနှင့် သက်ပြင်းကြီးကြီးတစ်ချက် ချလိုက်သည်။ အမှန်တော့ မကောင်းတာက သူ။ အလကားနေရင်း ဘာမဟုတ် ညာမဟုတ် ပြဿနာတစ်ခုကနေဆက်၍ အကြောင်းအပေါင်းတွေသင့်ပြီး စားကျက်ပြောင်းဖို့ ကြိုးစားသည့်ကိစ္စ။

ခုတော့ ကြားထဲက မလည်မဝယ် လူပျိုကြီး ကိုကြံးကျော်ပြီ။

ခက်သည်က ဒီလိုမလုပ်၍လည်း မဖြစ်၊ လူစိတ်ဆိုသည်မှာ ဘာက်စိတ်နှင့်တူသည်ဆိုသော စကားအတိုင်း သူလည်း လူငယ်ယောက်မို့ မျောက်လိုပင် ဟိုပင်ဒီပင် ကူးလိုက်ရသော်လည်း

www.burmeseclassic.com



တစ်ဘက်က အသိုင်းအဝိုင်းတွင် နာမည်ပျက် ကြီးကြီးမားမားကြီး တစ်ခု မကျန်ခဲ့ချင်။

မိစုနှင့် ပတ်သက်သည့် အသိုင်းအဝိုင်းမှာကလည်း သူ အတော်ဝင်ဆံ့ခဲ့ပြီးသား၊ မိစုတို့ တစ်ဆောင်လုံးနှင့်လည်း ရင်းနှီးနေပြီ၊ ထို့ပြင် သန်းစိုးဆိုတာကလည်း အမြဲတွဲနေသည့် အုပ်စုထဲမှာ မပါသော်လည်း သူငယ်ချင်း ဖြစ်နေသည်။ သူ ပေါ်တင်ကြီး သစ္စာဖောက်လို့ကတော့ ဒီတစ်အုပ်စုလုံးက သူ့ကို ပြောလိုက်ဆိုလိုက်မည့် ဖြစ်ခြင်း။ ခေါင်းပင် ဖော်ဝံ့မည်မဟုတ်။

နောက်ဆုံး ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဖြစ်အောင် လုပ်စရာ ဒီတစ်နည်းပဲရှိသည်။ ကိုကြီးကျော်နှင့် မိစုတို့ အသိုင်းအဝိုင်းတို့ ဘယ်လိုမှမပတ်သက်။

ကိုကြီးကျော်ကို လွှဲချလိုက်၍လည်း ကိုကြီးကျော် သိပင်သိလိုက်မည်မဟုတ်။ သို့သော် သူ့အတွက်တော့ အများကြီး အဆင်ပြေသွားသည်။ ခုဆိုလျှင် သန်းစိုးအပါအဝင် မိစုတို့ တစ်သိုင်းတစ်ဝိုင်းလုံးက သူ့ကို သနားပင် သနားနေဦးမည်။

'အင်းလေ . . . ဒါပဲကောင်းပါတယ်၊ ကိစ္စက ပြီးသလောက်ရှိသွားပြီပဲ၊ ကိုကြီးကျော်လည်း သိတောင် မသိပါဘူး၊ သိလည်း ဒီလူကြီးက ပေါတောတောကြီးပဲဥစ္စာ၊ ခွင့်လွှတ်မှာပါ'

လိပ်ပြာမသန့် ဖြစ်နေသော စိတ်ကို ဤနည်းဖြင့် ဖြေလို့ရသည်။ သို့သော် ပြဿနာက သူထင်သလို ပြီးမသွား။

ဇာတ်က ပို၍ရှုပ်လာ၏။



"တောက်"

တောက်ခေါက်သံက အခန်းထဲတွင် အတော်ကလေးကျယ်သွားသည်။ လှလှအေးနှင့် မြမြမူတို့က အလန့်တကြားနှင့် တင်တင်နွယ်ကို လှမ်းကြည့်သည်။ မိစုကတော့ ခေါင်းအုံးနှင့် မျက်နှာအပ်၍ ထုံးစံအတိုင်း မျက်ရည်တာကျိုးနေပြန်၏။

"မဟုတ်ပါဘူးဟာ၊ ဒီကိစ္စက မခံချင်ဖို့ ကောင်းလိုက်တာ၊ ကာယကံရှင်တွေက ဘာမှမဖြစ်ဘဲနဲ့ မဆီမဆိုင် ဘေးက ဒီသေနာကျက ဘာလို့ဝင်ရှုပ်ရတာလဲ"

အပျိုကြီး ဒေါသဖြစ်နေပုံကိုကြည့်၍ လှလှအေးတို့ပင် လန့်လာသည်။ ဒီအပျိုကြီးက စည်းကမ်းကြီး ဇီဇာကြောင်၊ အဆစ်အပေါက်များသည့်ဘက်မှာ တစ်ဆောင်လုံး နာမည်ကြီး ဖြစ်သော်လည်း ဒေါသကြီးသည်ကိုမူ ဒီတစ်ခါ အမြင့်ဆုံးစံချိန်ဖြင့် တွေ့ရခြင်းပင်။

"ဒီလိုမရယ် . . . ကိုတာတူးကို သူ့အိမ်က အဲဒီကိုကြီးကျော်ဆိုတဲ့လူလက်ထဲ အပ်ထားတာလို့ ပြောတယ်"

"အို . . . အပ်လည်း မကောင်းတာလုပ်မှ တားပေါ့၊ ဘာကိစ္စ သူများသမီးရည်းစားကိစ္စ ဝင်ရှုပ်ရတာလဲ၊ သူနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါတော့ ဟုတ်တယ်မမ၊ ကိုသန်းစိုးကလည်း အဲဒါကိုပဲ မကျေနပ်နေတာပဲ၊ ကိုတာတူးကိုလည်း ဒီလူကြီးကို ဒီလောက် ကြောက်ရမလားဆိုပြီး ဒေါသဖြစ်နေတယ်"

"ကြောက်မှာပေါ့၊ အဲဒီကောင်က ကလေးကို ဘာနဲ့ခြောက်ထားလဲမှ မသိတာ၊ ခုတော့ သက်သက်မဲ့ ကြားထဲက ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲနေရပြီ"

တင်တင်နွယ်၏ ဒေါသနှင့် မခံချင်စိတ်ဖြစ်နေသော စကားသံတို့ကြောင့် ငိုနေသောမိစု ခေါင်းထောင်လာသည်။ အားကိုးရာတစ်ခု ရှာတွေ့လိုက်သလို စိတ်ထဲတွင် အားရှိသွားသည်။ သူ့ဘေးတွင် ရပ်၍ဒေါသဖြစ်နေသော တင်တင်နွယ့်လက်ကို မျက်ရည်ဖုံးသောမျက်နှာဖြင့် အပ်လိုက်ပြီး . . .

"ဒီကိစ္စ ဘယ်လိုလုပ်ရမလဲဆိုတာ အကြံပေးပါဦး မမရယ်၊ မိစု မမကို အားကိုးပါတယ်၊ မိစုနဲ့ ကိုတာတူးကိစ္စက လူတွေအားလုံးလည်း သိနေပြီ၊ မိစုအိမ်ကလည်း သိတယ်၊ ရုံးကလည်း သိတယ်၊ ခုလိုဖြစ်လာတော့ မိစု ရှက်တာနဲ့ သေတောင် သေပစ်လိုက်ချင်တယ်"

တင်တင်နွယ် အံတင်းတင်း ကြိတ်လိုက်သည်။

"နေဦး လုလုအေး၊ ခုန ဘယ်သူလဲ၊ အဲဒီကောင်နာမည်"

"ကိုကြီးကျော်လို့ သူတို့က ခေါ်နေတာပဲ၊ နာမည်ရင်းတော့ မသိဘူး"

"ဟင်း . . . နာမည်နဲ့တော့ လိုက်ပါတယ်၊ မူးရူးရမ်းကားနေမယ့်ပုံပဲ၊ အဲဒီကောင်က ဘယ်မှာနေလဲ၊ ဘယ်အရွယ်လဲ၊ ဘာလုပ်လဲ"

"နေတာကတော့ ကိုတာတူးတို့နဲ့ တစ်လမ်းတည်းပဲ မမ၊ အရွယ်ကတော့ မမတို့လောက် ရှိမှာပေါ့၊ သူလည်း အရာရှိပဲ၊ ဘယ်ရုံးကလဲတော့ မသိဘူး"

"အေး . . . ဒါဖြင့် ဒီတစ်ခါ မောင်သန်းစိုးလာရင် မမနဲ့ တွေ့ပေးစမ်း၊ အဲ့နှယ် . . . လောကကြီးက တရားမဲ့လောကမှ မဟုတ်တာ၊ သူ ရူးကြောင်ကြောင်နဲ့ လျှောက်လုပ်တိုင်း ကျန်တဲ့လူ



တွေက ငြိမ်နေရတော့မလား၊ တွေ့မယ် . . . တင်တင်နွယ်နဲ့ တွေ့မယ်၊ ဒါမျိုးဆိုရင် တင်တင်နွယ်တို့ကလည်း တစ်စက်မှ ကြည့်ရတာမဟုတ်ဘူး၊ သေချာသွားမေးပြီးမှ မှတ်လောက်သားလောက်အောင်ဆုံးမခဲ့ဦးမယ်"

အပျိုကြီး၏ ကြိမ်းဝါးသံကြောင့် ကြားထဲက မြမြမူပင်ကျောစိမ့်သွားသည်။

မိစုကတော့ သူ့မမကို အားကိုးတကြီး လှမ်းကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

၆။

ထိုနေ့က စနေနေ့။

ထိုစဉ်က စနေနေ့ရုံးပိတ်ရက် မဟုတ်သေးသဖြင့် နေ့တစ်ဝက်ရုံးက ပြန်လာပြီး ကိုကြီးကျော် စာအုပ်တစ်အုပ်ဖြင့် အိပ်ရာပေါ် လှဲပြီး ဖိမ်ယူသည်။

သူများလို့ လည်တာပတ်တာလည်း ဝါသနာမပါ။ ခုအရွယ်၊ ခုအချိန်ထိလည်း ရည်းစားဆို ဗိုက်နာခေါင်းကိုက်လျှင် ပရုတ်ဆီလိမ်းသလို လိမ်းရှန်ပင် တစ်ခါမျှ မရှိခဲ့ဖူး၍ အပျင်းပြေ စိတ်ကူးယဉ်စရာကလည်း မရှိ။

အမှန်တော့ ဒီကိစ္စနှင့် ပတ်သက်လာလျှင် ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ အထက်တန်းကျောင်းတုန်းကလည်း စာပဲ



ကြိုးစားနေခဲ့သည်။ တက္ကသိုလ်ရောက်တော့လည်း စာပဲဖိကြိုးစားနေခဲ့သူမို့ ပေါင်းသင်းဆက်ဆံရေးမှာ အူတူတူ ဖြစ်နေသည်။

ယောက်ျားလေးချင်းပင် ပေါင်းသင်းသည့်အခါ အူကြောင်ကြောင်ပုဂ္ဂိုလ်ဟု အပြောခံရသည်အတွက် ကောင်မလေးတွေကတော့ ပြောစရာမရှိ။ သူ့ဆိုလျှင် ရယ်စရာတွေစုပြီး လုပ်ပုံထုထားသည်ဟုမှတ်ကာ ထိပ်ပုတ်ခေါင်းပုတ် ကစားစရာအရုပ်လောက် သဘောထားသည်။

တက္ကသိုလ်မှာတော့ ကိုကြီးကျော်လည်း အများသူငါလိုပင် ရည်းစားလေးဘာလေး ထားကြည့်မလား စိတ်ကူးသေးသည်။ သို့သော် တစ်ယောက်နှစ်ယောက်က စ၍ လေးငါးဆယ်ယောက် လောက်ဆိုသလို ကြိုးစားကြည့်သောအခါ ဒီအလုပ်နှင့် သူ ဘယ်လိုမှ အကျိုးမပေးကြောင်း နားလည်လာ၏။

နဂိုကတည်းက ဘဝင်က ခပ်မြင့်မြင့်မို့ စလိုက်ကတည်းက သူ့ဘက်က သေချာပေါက် တွက်ပြီးသား။ စပြောသည့် စကားကပင်ကြည့် . . .

"ဒီလိုဗျာ၊ ခင်ဗျားကို ကျွန်တော် သဘောကျတယ်၊ အဲဒီအတွက်၊ ကျွန်တော် ခင်ဗျားကို ချစ်ရေးဆိုတာပါ၊ ခင်ဗျားမှာ ကျွန်တော် သဘောကျနိုင်လောက်တဲ့ အရည်အချင်းတွေ အများကြီးရှိတယ်၊ ခင်ဗျားလည်း ကျွန်တော့်ကို သဘောကျမှာပါ၊ ကျွန်တော့်မှာ စိတ်ကောင်း နှလုံးကောင်း ရှိပါတယ်၊ မယုံရင် ပေါင်းကြည့်ပါ"

တချို့က ခစ်ခနဲ ရယ်၍ . . .

"ဟင်း . . . ဘယ်လိုလူကြီးမှန်း မသိဘူး"

ဟု မျက်စောင်းထိုးပြီး တစ်ခါးတည်း လစ်သလို၊ တချို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း . . .

"အမယ် . . . ရှင့်ကိုရှင် ဘာများမှတ်နေလဲ၊ လူကိုများ ပေါင်းကြည့်လေး၊ ဘာလေးနဲ့ ပဲ့ကျိုးသွားမယ်" ဟု ကြွင်နာယုယစွာ တုံ့ပြန်သည်။

သို့သော် မည်သို့ပင် တုံ့ပြန် တုံ့ပြန်၊ နောက်ဆုံးတော့ ကိုကြီးကျော် ကျန်ရစ်က ကျန်ရစ်သာ ဖြစ်ခဲ့ရသဖြင့် နောက်ဆုံးတော့ ဤအလုပ်ကို ကိုကြီးကျော် စွန့်လွှတ်လိုက်သည်။

ဒီကစ၍ ကိုကြီးကျော် မိန်းမဆန့်ကျင်ရေးဝါဒသမား ဖြစ်လာခဲ့သည်။ ခုတော့ သူ့အခင့်ဖော်က ချာတိတ်များနှင့် စာအုပ်များသာ ဖြစ်လာတော့သည်။

ခုလည်း သူဖတ်သည့်စာအုပ်နှင့် သူ့စိတ် အံဝင်ခွင်ကျများစွာ ဖြစ်နေ၏။

"မိန်းမဟူသည်၊ လော်လီငါးဖြာ၊ ဝါသနာနှင့်၊ ပညာမှိုမြတ်၊ မရှိသတ်ခွင်း၊ ထွက်ဝင်ကင်းဘိ၊ လေ့မရှိသား၊ ဇာတိမျိုး၊ သဘာဝကြောင်း၊ သုတမြင်ကြား၊ အသိရှားဆဲ၊ တရားလက်မဲ့၊ ဥက်အို့တဲ့လျက်၊ သွမ်းသွဲ့ပျော်မြူး၊ စာအိမ်ကြူးဆဲ၊ မျက်ခွံမျက်မှူး၊ ငြူစူမနော၊ အတင်းပြောနှင့်၊ အသောအသွမ်း၊ ဖုံးလွှမ်းနေညှ၊ လုံ့မဝတ္တ၊ ရာဝတာပ်မျှ၊ ကြိုက်သူတွေ့သော်၊ ရှက်လေ့မရှိ၊ ထိုကျတ္တိတို့ ..."

သို့သော် သိပ်ကြာကြာတော့ အံဝင်ခွင်ကျမဖြစ်။ ထိုကျတ္တိတို့ ထိုထိုကျတ္တိတို့ . . . စသည်ဖြင့် ထိုနေရာအရောက်တွင် ဆက်ဖတ်လို့ မရတော့အောင် မျက်တောင်စင်းလာသည်။ ထို့ကြောင့် မန်လည်



ဆရာတော်၏ မဃဒေဝလင်္ကာစာအုပ်ကြီး စာမျက်နှာ- ၂၄၁ တွင် ထိုကျတ္တိရင်း ကိုကြီးကျော် အိပ်ပျော်သွား၏။

ထိုနေ့အဖို့ ထူးဆန်းသည်မှာ တစ်ခါမှ မမက်စဖူး၊ အိပ်မက်ထဲတွင် သူ့ခေါင်းအား ဆင်ဖြူမလှလှကြီးတစ်ကောင်က ဖနှောင့်ဖြင့် သုံးချက်ပေါက်သည်ဟု မက်သည်။

ညနေ သုံးနာရီလောက်တွင် အဖေက အတင်းလှုပ်နှိုး၍ နိုးလာ၏။

*

"ဟော့ကောင် မောင်ကျော် ! . . ထ"

ကိုကြီးကျော် လက်ယာနံစောင်းမှ လက်ဝဲနံစောင်း ပြောင်းရွှေ့သည်။ အီး . . . အဲ . . . ဟုသာ တစ်ချက်ညည်းညူခြင်းပြု၏။

"ဟာ . . . ဒီမအေ . . . ထပါဆိုခါမှ ဟိုဘက် လှည့်သွားရသေးတယ်၊ နေ့ခင်းကြီး အိပ်တာ ဒီလောက် အိပ်မောကျရသလားဟ၊ ထပါဆို"

အိမ်မှာက သားအမိသားအဖ သုံးယောက်တည်းရှိရတဲ့ အထဲ မအေလုပ်သူက ရိပ်သာမှာ ရက်ရှည် တရားသွားထိုင်နေသဖြင့် ဖအေလုပ်သူ အလိုလို ဒေါသတွေ ဖြစ်ဖြစ်နေတတ်သည်ကိုမှ ဂရုမစိုက်၊ ကိုကြီးကျော် တော်တော်နှင့်နိုးမရ။

ဆယ်မိနစ်၊ သုံးဒသမသုည၊ သုညငါးစက္ကန့်လောက် နှိုးမှ ကိုကြီးကျော် အူလည်လည်နှင့် ထလာသည်။

"ဟင် . . . ဘာလဲ . . . ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲကွ၊ ထ . . . အိမ်ရှေ့မှာ ဧည့်သည် ရောက်နေတယ်"

"ဧည့်သည် . . . ဟာ ရှုပ်လိုက်တာ၊ ဘယ်က ဧည့်သည်လဲ"

"ဘယ်သိမလဲကွ . . . မင်းဟာမင်း ဘာတွေလုပ်လာ ရှုပ်လာခဲ့မှန်းမှ မသိတာ၊ ထ, ကိုယ့်ဟာကိုယ် သွားမေး၊ မိန်းကလေးတစ်ယောက် မင်းကို လာမေးနေတယ်"

"ဗျာ . . . မိန်းကလေး ဟုတ်လား"

ချမ်းသာခြင်းကြီးစွာဖြင့် အိပ်စက်ထားခဲ့သော စည်းစိမ်များ ရုတ်တရက် လွင့်စဉ်ပျောက်ပျက်သွားသည်။ မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် အိပ်ရာပေါ်မှ လူးလဲထသည်။

ကမန်းကတန်း အိမ်ရှေ့သို့ ထွက်မည်အပြု သူ့အဖေက စွပ်ကျယ်အင်္ကျီကို ဆွဲ၍ထားပြီး . . .

"ဟာ . . . ဒီကောင်၊ မင်းပုံကြီးနဲ့ ထွက်တွေ့ဦးမလို့လား၊ သွား မျက်နှာသစ်၊ မျက်နှာမှာဖြင့် မျက်ချေးက လက်လေးသစ်နဲ့"

"ဟာဗျာ . . . အဖေကလည်း"

ရှက်ကိုးရှက်ကန်းဖြင့် ရေချိုးခန်းဘက် ပြန်လှည့်သည်။ ရင်ထဲမှာတော့ ပဟေဠိများ သောင်းခြောက်ထောင်နှင့် တစ်ရာ ဆယ့်နှစ်ခုလောက် ဖြစ်နေ၏။

"ဘယ်သူလဲ . . . ဘယ်ကမိန်းကလေးလဲ၊ ဘာကိစ္စလဲ၊ ငါ့ဆီကို ဘာကိစ္စနဲ့ လာတာလဲ"

တကယ်လည်း ဤကိစ္စကို သူ ဘာမှမသိ။

'ဟောဗျာ' ဟု မရေရွတ်ရုံတမည် ကိုကြီးကျော် အံ့သြသွား၏။



အဲဖေက မိန်းကလေးဟု သုံး[illegible]လိုက်သဖြင့် သူ့စိတ်ထဲတွင် ဆယ့်ငါး ဆယ့်ခြောက်၊ မသာ[illegible]ဆယ့်ခုနစ် ဆယ့်ရှစ်နှစ် အရွယ် ကောင်မလေး တစ်ယော[illegible]ယောက် တွေ့ရမည် မျှော်လင့်ထားတာ ဖြစ်၏။ ခုတွေ့လိုက်သော 'မိန်းကလေး' က အရွယ်တော် တဆိတ်ဟိုင်း၍ နှစ်ဆယ်ကျော် အစိတ်ပိုင်းလောက် ရောက်နေပြီ ဖြစ်သော လူလတ်ဝတ်ကလေး ဖြစ်၏။ လှလည်း ခပ်လှလှလေး။

သို့သော် . . .

သို့သော် . . . ဒီမိန်းကလေး ကြည့်ရသည်မှာ လာခြင်း ကောင်းပုံ သိပ်မရ။ တင်းနေသော မျက်နှာကို ကြည့်ခြင်းအားဖြင့် မဂ္ဂဇင်းတွေ စာစောင်တွေထဲမှာ ဓာတ်ပုံအမျိုးမျိုး ကြော်ငြာနေသော ဗေဒင်လက္ခဏာ ဆရာများကို မေးစရာမလိုဘဲ သာမန်မိတ်ဖြစ်ဆွေဖြစ် လာလည်တာတော့ မဟုတ်နိုင်ဟု ခန့်မှန်းနိုင်သည်။

စိတ်တော့ အတော် ဝင်စားသွား၏။ သူ့ထံသို့ ဘယ်လိုမိန်းကလေးမှ ဘာကိစ္စနှင့်မှ လာစရာအကြောင်းမရှိ။ ကောင်းသည့်ကိစ္စရော မကောင်းသည့် ကိစ္စရော ဘယ်မိန်းကလေးနှင့် ပတ်သက်၍ သူ ဘာမှ မလုပ်ဖူးခဲ့။

သူ့ကလည်း ခပ်တည်တည်ဖြင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ရှင်နဲ့"

'အဲ . . . ပြဿနာပဲ' ဟု စိတ်ထဲက လွတ်ခနဲ ပြောလိုက်မိ၏။ ဘာပြောပြော ကိုယ့်အိမ်လာသည့် ဧည့်သည်မို့ ကိုယ်က ချိုချိုသာသာ မေးရုံရှိသေး အဖြေက ပြတ်သည်။ မျက်လုံးတည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ပြတ်သည့်လေသံ။

"ကျွန်တော်နဲ့ ဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စများပါလိမ့်"

"ရှင်နဲ့ ရှင်းစရာရှိလို့"

မြတ်စွာဘုရား . . . ဟု တ,မိသည်။ ကိစ္စက ဘာကိစ္စမှန်း မသိသော်လည်း ရှင်းစရာရှိလို့ဆိုသော စကားလုံး၏ ကြောက်မက်ဖွယ်အနက်ကြောင့် မျက်လုံးပြူးသွားသည်။

"ကျွန်တော်နဲ့ ရှင်းစရာရှိလို့ ဟုတ်လား၊ နေပါဦး၊ ကျွန်တော် ခင်ဗျားကိုလည်း မသိပါဘူး၊ ကျွန်တော်နဲ့ ခင်ဗျား ဘာရှင်းစရာရှိလို့လဲ၊ ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဘယ်သူဖြစ်ဖြစ် . . . ဘယ်ကဖြစ်ဖြစ် . . . အဲဒါ ရှင်သိဖို့ မလိုပါဘူး၊ ရှင့်နာမည် ကိုကြီးကျော် မဟုတ်လား"

"မဟုတ်ပါဘူး"

သူ့စကားကြောင့် တင်တင်နွယ် ဇဝေဇဝါ ဖြစ်သွားသည်။ လူများမှားပြီလားဟုလည်း ထိတ်သွား၏။ ထို့ကြောင့် . . .

"ဒါဖြင့် ရှင်က ဘယ်သူလဲ၊ ကျွန်မ တွေ့ချင်တာက ကိုကြီးကျော်ဆိုတဲ့ လူနဲ့၊ သူနဲ့ ရှင်းရမှာ၊ သူ့ခေါ်ပေးပါ"

"နေပါဦး . . . ခင်ဗျားက ကိုကြီးကျော်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ၊ ကျွန်တော့်နာမည်က ကိုကြီးကျော်တော့ မဟုတ်ဘူး၊ ကျော်ကျော်စိုးအောင်၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော့်ထက်ငယ်တဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို ကိုကိုတို့ ကိုကြီးကျော်တို့တော့ ခေါ်ကြတယ်၊ ကိုကြီးကျော်အစစ်က နတ်ပဲ၊ ဦးမင်းကျော်လေ မသိ



ဘူးလား"

"အို . . . ကျွန်မ ဦးမင်းကျော ့ချင်တာ မဟုတ်ဘူး၊ ဒါဖြင့် ဟုတ်ပြီ ရှင်ပဲ၊ ရှင်နဲ့တာတူး သိတယ် မဟုတ်လား"

"ဟာ . . . သိတာပေါ့၊ ညီအစ်ကိုလို ခင်ကြတာ"

"သိရင်ပြီးရော . . . ရှင်တို့ဟာရှင်တို့ ညီအစ်ကိုလိုခင်ခင် သမီးယောက်ဖလို ခင်ခင် . . . ကျွန်မ စိတ်မဝင်စားဘူး"

'ဟ . . . ကောလှချည်လား' ဟု တွေးသည်။ စိတ်ထဲမှာလည်း ချဉ်တင်တင် ဖြစ်လာ၏။ ဘယ့်နှယ် ဒီမှာအိပ်ကောင်း၊ ဇိမ်ကျကောင်းနေသည့် အချိန်ကြီးမှာ အိမ်ပေါ်တက် ပိုင်စိုးပိုင်နင်းလည်း နိုးသေးရဲ့။ ပြီးတော့ စကားအကောင်း တစ်ခုမှ မပြောဘဲ ရေရေလည်လည်ဂျစ်ချည်းတိုက်နေသည်။ ကိုကြီးကျော်ဆိုသော ကိုကျော်ကျော်စိုးအောင် အတော်လေး ဒေါကန်လာသည်။

"ပြီးရောဗျာ . . . စိတ်မဝင်စားလည်း နေပေါ့၊ ကျုပ်က ပြောချင်လွန်းအားကြီးလို့ ပြောနေတာ မဟုတ်ဘူး၊ ခင်ဗျားမေးလို့"

"မေးတာကို မေးသလောက်ပဲ တိတိကျကျဖြေ၊ ဒီ သားဆို သိတယ်ပဲပြော၊ ဘာလိုခင်တယ် . . . ညာလိုခင်တယ်တွေ လုပ်မနေနဲ့"

"အင်း . . . မလုပ်ဘူး၊ သိတယ်၊ ဘာလုပ်မလို့လဲ"

"ဘာလုပ်မလို့လဲဆိုတော့ ရှင် ကျွန်မစကားကို သေသေချာချာ နားထောင်ပါ။ ရှင် ဘာစိတ်ကူးနဲ့ ကလေးတွေ အချစ်ရေးကိစ္စ နှပ်ရှုပ်ယှက်ယှက် ဝင်ပါရတာလဲ"

"ဘယ်က ကလေးတွေ အချစ်ရေးကိစ္စလဲ"

ထိုစကားကို ရုတ်တရက် ကိုကြီးကျော် နားမလည်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



တာတူးတို့ကိစ္စကို ရည်ရွယ်ပြောမှန်းလည်း မသိ။ ဒီကိစ္စက လက်ဖက်ရည်ဆိုင်မှာ ပြီးခဲ့ပြီ။ သူ့ဟာနှင့်သူ မေ့မေ့ပျောက်ပျောက် ဖြစ်နေသည့်ကိစ္စ။

"ဘယ်က ကလေးတွေ ကိစ္စရမှာလဲ . . . တာတူးနဲ့မိစု ကိစ္စပေါ့"

ဒီတော့မှ ဖျတ်ခနဲ သတိရသည်။

"ဩော် . . . ဒါလား၊ ဟာ . . . ဒါ ဘယ်က ကလေးတွေရမှာလဲဗျာ၊ အသက်ပဲ ဆယ့်ခြောက်နှစ်ကျော်လို့ ရည်းစားတွေဘာတွေထားနေကြပြီ၊ တာတူးဆို မဲတောင် ပေးလို့ရပြီ"

"သူ့ဟာသူ ဘာပေးပေး၊ ရှင်နဲ့စာရင် ကလေးပဲ၊ ကလေးတွေ သူ့ဟာသူ ချစ်နေကြတာ အကောင်းသားကို ရှင်က ဝင်ပြီး ဖျက်လိုဖျက်ဆီး လုပ်ရတာလဲ"

"ကျွန်တော်က ဘာဖျက်လိုဖျက်ဆီး လုပ်လို့လဲ"

"ရှင်က တာတူးကို မိစုနဲ့ဖြတ်ဖို့ တိုက်တွန်းတယ်ဆို"

"အင်းလေ"

"အဲဒါ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး၊ ဖြတ်စေချင်လို့ပေါ့"

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော်နဲ့ မဆိုင်ဘူးလား၊ ဟာ ဆိုင်တာပေါ့ဗျာ၊ ကိုယ့်ညီလို သားချင်းလို ဖြစ်နေတာပဲ၊ သူကောင်းဖို့တော့ ပြောစရာရှိရင် ပြောရမှာပေါ့"

"ရှင်လူစိတ်ရှိရင် ဒါမျိုး လုပ်ဖို့ မကောင်းဘူး၊ ရှင် အခုလို လုပ်လိုက်တာ တစ်ဘက်မှာ ဘယ်လောက် စိတ်ဆင်းရဲစရာတွေ



ဖြစ်ကုန်တယ်မှတ်လဲ၊ အခု ကျွန်မတို့ အဆောင်မှာ မိစုက မျက်ရည်နဲ့မျက်ခွက်၊ ရှင် ဒါမျိုးလုပ်ဖို့ မကောင်းဘူး"

"ဟာ . . . ဒါတော့ မတတ်နိုင်ဘူး [illegible]ည်းစားနဲ့ ကွဲတာ ခဏတစ်ဖြုတ်တော့ ငိုမှာပေါ့၊ ကျွန်တော်က ဘာလုပ်တတ်မှာလဲ"

တင်တင်နွယ့်မျက်နှာ ရဲခနဲ ဖြစ်သည်။ စိတ်ထဲမှာလည်း ထောင်းခနဲ ဒေါသအိုး ပေါက်ကွဲသွား၏။

"ဩော် . . . ရှင်က ခဏတစ်ဖြုတ်ပဲ ငိုမယ် အောက်မေ့လား၊ ဟိုမှာ ကောင်မလေးက သေတော့မယ်၊ ရှင် နည်းနည်းမှ ကိုယ်ချင်းစာစိတ် မရှိဘူး"

"ဟင် . . . သေတော့မယ် ဟုတ်လား"

ကိုကြီးကျော် သဘောရိုးနှင့် မေးလိုက်၏။ သူ့စိတ်ထဲမှာ ဒီလိုဖြစ်နေသည်မထင်မိ။ အားလုံး အေးအေးချမ်းချမ်းနှင့် ပြီးကုန်ကြပြီပဲ အောက်မေ့သည်။

ထို့ကြောင့် ပျာပျာသလဲ ဖြစ်သွားပြီး . . .

"ခင်ဗျားတို့ ဆေးရုံမပို့ဘူးလား"

"ရှင် ရူးကြောင်ကြောင် မလုပ်နဲ့နော်"

"ဗျာ"

"ဒီမှာ ကျွန်မမှာ အချိန်သိပ်ရှိတာ မဟုတ်ဘူး၊ အားအားယားယားရှိလို့ အိမ်လည်ပြီး ဒီကိစ္စပြောနေတာ မဟုတ်ဘူး၊ ကောင်မလေးဘက်က ခံစားနေတာကို မကြည့်ရက်လို့ လာပြောတာ၊ ရှင်ကို ကျွန်မ နောက်ဆုံး သတိပေးလိုက်တယ်၊ တာတူးကို မိစုနဲ့ ပြန်ဆက်ပါစေ၊ သူတို့နှစ်ယောက် အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ရင် ရှင်နဲ့ ကျွန်မနဲ့ တွေ့မယ် ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတော့် ကျောင်း၍ ကြည့်နေဆဲမှာပင် တင်တင်နွယ်က ထိုင်ရာမှထ၍ အိမ်အပြင်သို့ ပြန်ထွက်သွားသည်။

တင်တင်နွယ်၏ နောက်ဘက် အရပ်ဒေသကို အာရုံရောက်သွားသဖြင့် တင်တင်နွယ် ဘာပြောသွားသည်ဆိုသည်ကိုပင် မေ့သွား၏။

စောစောက အိမ်မက်ထဲတွင် သူ့ခေါင်းကို ဖနောင့်နှင့် သုံးချက်ပေါက်ပြီး လှုပ်တုပ်လှုပ်တုပ်နှင့် ထွက်သွားသည့် ဆင်ဖြူမကြီးကို သတိရသည်။

ခုလည်း လှုပ်တုပ်လှုပ်တုပ် . . .

၃။

တစိမ့်စိမ့်ပြန်တွေးကြည့်မှ "ဒါ . . . ငါ့ကို သက်သက်လာတီးသွားတာပဲ" ဟု သဘောပေါက်လာသည်။

စောစောက အိပ်ချင်မူးတူးနှင့် ဘာညာဘာညာ ပြန်ပြောနေတုန်းက အံ့ဩလည်း အံ့ဩနေတာပါ၍ အပြန်အလှန်သာ ပြောနေသော်လည်း သူ့စကားများ၏ အနက်ကို ဘယ်လောက်တာသွားကြောင်း မတွေးမိခဲ့။

ခုမှ သဘောပေါက်သည်။ ထိုပုဂ္ဂိုလ်မ . . . ပြောသွားသောစကားတွေက ရင့်သီးလွန်းလှ၏။ သူ့ကို လူစင်စစ်အဖြစ်မှ များစွာ လျှောကျသွားစေသော စကားများပင်။

"ရှင့်မှာ လူစိတ်ရှိရင် ဒါမျိုးလုပ်ဖို့ မကောင်းဘူး" ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ပါသည်။

"ရှင်နည်းနည်းမှ ကိုယ်ချင်းစာစိတ် မရှိဘူး" ဆိုတာလည်း ပါသည်။

"ရှင်နဲ့ ကျွန်မနဲ့တွေ့မယ်" ဟုလည်း ခြိမ်းခြောက်သွားသည်။

အပြစ်က တာတူးနဲ့မိစု ချစ်ခြင်းကို သူခွဲလို့တဲ့ . . .

"ဟင် . . . ဘာဆိုင်လို့လဲ"

ခုမှ သူ့ဟာသူ ပြန်သတိရသည်။

"ဟာ . . . ဘာဆိုင်လို့လဲ၊ တာတူး သူ့ဟာသာသူ နောက်တစ်ယောက် ပြောင်းချင်လို့ ရမယ်ရှာပြီး ဖြတ်သည့်ကိစ္စ ဘာကြောင့် သူ့ လာအမှုပတ်ရတာလဲ၊ မဆီမဆိုင် ဘာလိုင်းကြီး ငါ့ လာခဲ့တာပဲ" ဟု တဖြည်းဖြည်း သဘောပေါက်လာသည်။

"ဒီကိစ္စ ဒီလိုနေလို့ မဖြစ်ဘူး၊ တာတူးနဲ့လည်း ရှင်းရမယ်၊ ပြီးတော့ ဒီအမျိုးသမီးနဲ့လည်း သွားရှင်းရမယ်၊ ဘယ့်နှယ့် . . . ငါက ကြားထဲက အသားလွတ်ကြီး . . ."

"ဟော့ကောင် မင်းတို့ဟာ ဘာဖြစ်တာလဲ"

သူ့ဟာသူ . . . ခုမှ တစ်စထက်တစ်စ သဘောပေါက်နေဆဲတွင် အခန်းထဲမှ သူ့အဖေ ထွက်လာရင်း မေးသည်။ ကိုကြီးကျော် ပျာပျာသလဲဖြင့် . . .

"ဟာ ဘာမှဖြစ်တာ မဟုတ်ဘူး ဖေဖေ၊ သူတို့ဟာ သူတို့ဖြစ်တဲ့ကိစ္စ ကျွန်တော် ကြားထဲက အမှုပတ်နေတာ"

"အမှုပတ်ရအောင် မင်းက ဘာသွားရှုပ်ထားလဲ မသိတာ"

"မဆိုင်ဘဲနဲ့ ဟိုက လာမလားကွ၊ တော်သေးတာပေါ့၊ ငါ အခန်းထဲက နားထောင်နေရင်း လန့်တောင်သွားတယ်၊ ရှင်းစရာ



နှိုလို့ဆိုတော့ မင်းများ အဲဒီကောင်မလေးကို သွား. . . ရိုးသားရား ပစ်ထားခဲ့တာလားလို့"

"ဟာ . . . ဖေဖေကလည်း မဟုတ်ကဟုတ်က

"ဘယ်က မဟုတ်ကဟုတ်ကရမှာလဲကွ၊ ငါက အဲဒီလိုဖြစ်ပါစေတောင် ဆုတောင်းနေတာ၊ အဲဒီလိုဖြစ်လို့ကတော့ ငါက မင်းကို နားရင်းအုပ်ပြီး အဲဒီကောင်မလေးနဲ့ ပေးစားပစ်မယ်၊ ကောင်မလေးက မဆိုးဘူးနော်၊ လှလည်းလှတယ်၊ ထက်လည်း ထက်တယ်၊ အဲဒါမျိုးနဲ့တွေ့မှ မင်း အမြီးကုပ်သွားမှာ"

အဘိုးကြီးက ပြောပြောဆိုဆိုနှင့် သူ့စကားသူ သဘောကျပြီး တဟားဟား ရယ်သည်။

ကိုကြီးကျော်မျက်နှာ ဘယ်မှာ ထားရမှန်းမသိ။

ထားစရာ မရှိတာလည်း မပြောနှင့်၊ ဒီနေရာမှာ သားအဖနှစ်ယောက် မတိုင်ပင်ဘဲ စိတ်သဘောချင်း သွားတူနေသည်။ သူ့စိတ်ထဲမှာလည်း သူ့အဖေ ပြောသလိုပင် လှလှနှင့်ထက်သော ထိုလူသတ်ဝတ်လေးကို သဘောကျသွား၏။

ဒေါ်ပွတာက ဒေါ်ပွတာတခြား။

သဘောကျတာက သဘောကျတာတခြား။

ဘာတဲ့ . . .

အင်း . . . လှုပ်တုပ်-လှုပ်တုပ်။

❦

"အဲဒါ မတင်တင်နွယ်ပဲ ဖြစ်မယ် ကိုကြီးကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ မတင်တင်နွယ် ဟုတ်လား"

"ဟုတ်လိမ့်မယ်၊ မိစုတို့ အဆောင်မှာ ဒီအရွယ်နဲ့ ဒီပုံစံဆို သူတစ်ယောက်ပဲ ရှိတယ်"

ဒီကိစ္စမျိုးကို သူ့စိတ်နှင့် ကြာကြာထား၍မရ။ ထို့ကြောင့် အမေဖေနှင့် စကားပြောပြီးသည်နှင့် ကိုကြီးကျော် တာတူးတို့အိမ် ရောက်သွားသည်။ တာတူးတို့အိမ်က သူတို့အိမ်နှင့် ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် သိပ်ဝေးဝေးမသွားရ။ ရောက်ရောက်ချင်း အကျိုးအကြောင်း ပြောပြသောအခါ တာတူးက တစ်ခါတည်း တန်း၍ မှတ်ချက်ပေးသည်။

"နေပါဦး သူက ဘာလဲ၊ နေတော့ရော မင်းကောင်မလေးနဲ့ ဘူတူပဲလား"

"ဟုတ်တယ် ကိုကြီးကျော်၊ သူကလည်း နယ်ကပဲ၊ ရန်ကုန်မှာ အလုပ်လုပ်လို့ မိစုတို့ အဆောင်မှာနေတာ၊ အလုပ်က ကိုကြီးကျော် တို့လိုပဲ၊ သူက စီးပွားရေးတက္ကသိုလ်က ဆင်းတာ၊ ရုံးမှာ ဘာလဲ မသိဘူး၊ အရာရှိတော့ အရာရှိပဲ၊ အလုပ်ဝင်တာ သိပ်မကြာသေးဘူး"

ကိုကြီးကျော် ခေါင်းတဆတ်ဆတ်ညိတ်၍ စိတ်ဖြင့် လိုက်မှတ်သည်။ ပြည့်စုံသလောက်ရှိမှ လာရင်းကိစ္စကို သတိရပြီး . . .

"ကဲ . . . ကဲ . . . အဲဒါထားပါ၊ အခု မင်းပြဿနာက ဘယ်လိုလုပ်မလဲ၊ အလကားနေရင်း ဘုန်းကြီးအမှု ရွာလာပတ်နေပြီ"

တာတူး ခေါင်းကုတ်သည်။ သက်ပြင်းတစ်ချက်လည်း ချရင်း . . .



"အင်း . . . အမှန်က ဒီလို ကိုကြီးကျော်၊ ကျွန်တော့်အပြစ်တွေချည်းပဲ၊ ကျွန်တော် မိစုကို ဖြတ်ရတာ ခက်နေလို့ ကိုကြီးကျော် ဖြတ်ခိုင်းလို့ ဖြတ်ရတာဆိုပြီး သန်းစိုးကနေတစ်ဆင့် ပြောခိုင်းလိုက်တာ၊ ကိုကြီးကျော်စကားကို လွန်ဆန်လို့မရဘူးဆိုပြီး လုပ်တုန်းက အပိုင်လုပ်လိုက်တာ၊ ဒါမျိုး ဖြစ်လာမယ်လည်း မတွက်မိဘူး"

တာတူးက သိပ်ရှောင်တိမ်းမနေတော့ဘဲ ဖြောင့်ဝန်ခံသည်။ ကိုကြီးကျော် ဒီတော့မှ လိပ်ပတ်လည်သွား၏။ ကောင်လေးကိုလည်း အပြစ်မတင်ရက်တော့။

"အဲဒါကတော့ဟုတ်ပြီ ထာတူး၊ ခု ငါက အဲဒါကို ဘယ်လို လုပ်ရမလဲ"

"ကျွန်တော်လည်း အဲဒါစဉ်းစားနေတာပါပဲ ကိုကြီးကျော် ကျွန်တော့်ကြောင့် အဲသလိုဖြစ်တာကို ကျွန်တော် တကယ် စိတ်မကောင်းပါဘူး၊ ကိုကြီးကျော်ကလည်း တောင်းပန်ပါတယ်၊ ဒါပေမဲ့ ခက်တာက . . ."

"ခက်တာက . . . မင်းကလည်း မိစုကို ပြန်မဆက်ချင်ဘူး ဆိုပါတော့"

"အဲလိုတော့ မဟုတ်ဘူး ကိုကြီးကျော်၊ ကျွန်တော် မစုကို လည်း သနားတယ်၊ ဒီဘက်က ခင်သီတာကိုလည်း အခြေအနေ ကောင်းနေမှ လက်မလွှတ်ချင်ဘူး ဖြစ်နေတယ်"

"ဟာ . . . မင်းဟာက မလွန်ဘူးလား"

"ကျွန်တော် လွန်မှန်းသိတယ် ကိုကြီးကျော်၊ ဒါပေမဲ့ဘယ်လို လုပ်မလဲ၊ ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ကိုကြီးကျော်ကို ပြောပြတာပဲ၊ ကျွန်တော်လည ဘာလုပ်ရမှန်းကို မသိဘူး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံသည့်သူကလည်း တစ်ကွက်မှမချန်ဘဲ ဝန်ခံနေသဖြင့် ကိုကြီးကျော် အတော်အကျပ်ရိုက်သွားသည်။ ဒီအခြေအနေမျိုးမှာ ဘာကို လုပ်၊ ဘာကို မလုပ်နဲ့ဟု ပြောဖို့ရာမှာ အတော်တာဝန်ကြီးလှ၏။ ရမ်းသန်းပြောလို့ မဖြစ်၊ ကိုယ်ပြောတာမှန်သွားရင် အကြောင်း မဟုတ်၊ အမှားအယွင်းဖြစ်လျှင် ကိုယ့်ခေါင်းပေါ် ကျလာဦးမည်။

“နေဦးကွာ၊ ဒီကိစ္စ ငါသေချာ စဉ်းစားဦးမယ်၊ လာ . . . မင်းနဲ့ လမ်းလျှောက်ရင်း စဉ်းစားသွားရအောင်”

“လုပ်ပါဦး ကိုကြီးကျော်ရာ၊ ကိုကြီးကျော်ကို ကျွန်တော် အားကိုးပါတယ်”

“မင်းအားကိုးလေ ငါခက်လေပေါ့ တာတူးရာ၊ မင်းကလည်း ကဲကိုကဲပါတယ်၊ စာကလေးကြော်လည်း လက်မလွှတ်ချင်၊ ဆီထမင်း ကလည်း စားချင်နဲ့၊ စာကလေးကြော်နဲ့ ဆီထမင်းဆိုရင်တော့ တော် သေးတာပေ့ါ၊ ရောစားလို့ ဘာမှမဖြစ်ဘူး၊ ဒါကြီးတွေ သွားရောစား ရင် ငါးပါးမှောက်လိမ့်မယ်”

ကိုကြီးကျော် ခေါင်းထဲမှာ တွေးစရာတွေများနေ၏။

ဒီဘက်မှာကလည်း အလုပ်တွေရှုပ်နေကြသည်။

“အဲဒီလူကလည်း ပေါ်တောတော ကြောင်တောင်တောင်နဲ့ ပါ မိစုရယ်၊ နာမည်မှည့်ထားတာကိုက ကြည့်ပါလား၊ မကြီးမငယ်နဲ့ ကျော်ကျော်စိုးအောင်တဲ့၊ စကားပြောတော့လည်း အူလည်လည် ကြီး”



မိစုကတော့ မျှော်လင့်ချက်က[illegible]းနည်းရှိလာပြီမို့ ချက်ရည်တွေဘာတွေ မကျတော့၊ တစ်ချ[illegible] ချက် ပြုံးပြီးနား ထောင်သည်။ ဒီနေရာမှာ ပွဲကြည့်ပရိတ်သတ်များအနေနှင့် သိပ် စိတ်ဝင်စားနေကြသည်က လှလှအေးနှင့် မြမြမူ။

“မမက နောက်ဆုံးကြိမ်းခဲ့တော့ ဒီလူကြီး ဘာမှပြန်မပြော ဘူးလား၊ ငြိမ်နေတာပဲလား”

“ငြိမ်နေလို့ မမလည်း ပြောရဲတာပေ့ါဟ၊ သွားသာသွားရတာ နည်းနည်းတော့ လန့်သား၊ တော်ကြာ ဟိုက ရှိုင်းရှိုင်းစိုင်းစိုင်းတွေ ပြောလွှတ်ရင် ဒုက္ခရောက်မှာ၊ အသွားတုန်းကတော့ ဒေါသနဲ့ဆို တော့ သိပ်မတွေးမိဘူး၊ အပြန်ကျမှ သေချာပြန်စဉ်းစားပြီး ကြောက်တာ”

“အင်းလေ၊ ကျွန်မတို့လည်း အဲဒါတွေမိတာပေ့ါ၊ တော်ကြာ မပြောသလို မူးမူးရူးရူးသမားဆို ဒုက္ခပဲဆိုပြီး တထိတ်ထိတ်နဲ့ စောင့်နေကြတာ၊ တော်သေးတာပေ့ါ၊ ကိုကြီးကျော်က သဘောတော့ ကောင်းပုံရသလား”

“အင်း . . . သူ့ကြည့်ရတာတော့ ဘာရယ်ဟုတ်မယ့်ပုံ မဟုတ်ပါဘူးဟာ၊ ဒီလိုပဲ တောင်ပြောမြောက်ပြော ပြောရတာ ကျေနပ်နေတာနဲ့ တူပါတယ်၊ သဘောတော့ ကောင်းပုံရပါတယ်၊ သန်းစိုးပြောသလောက်တော့ မဟုတ်ပါဘူး”

“ချောလား . . . မမ”

“ဟယ် . . . ဘာတွေလာမေးနေတာလဲ”

မြမြမူက လှစ်ခနဲမေးပြီး တခိခိရယ်သည်။ [illegible]တင်နွယ် ကတော့ ရဲခနဲဖြစ်၍ [illegible]မ်းရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှလှအေးကလည်း ပြုံးရင်း . . .

"တော်ကြာ . . . ကိုကြီးကျော် သဘောကောင်းတာနဲ့ မီဝိုနဲ့ တာတွေးတင်မကဘဲ ဖူးစာတွေများကုန်ရင် ပြဿနာပဲနော်"

"သွားစမ်းပါ၊ မဟုတ်တရုတ်တွေ လျှောက်မပြောနဲ့၊ ခုတို့က ပြီးသေးတာ မဟုတ်ဘူး၊ ဒီလူ ဘာလုပ်လို့ ဘာတွေဖြစ်ဦးမယ် သိသေးတာ မဟုတ်ဘူး၊ နောက်ထပ် ချဲရင်ချဲရဦးမှာ"

"ဒီတစ်ခါသွားရင် မြမူတို့ပါ လိုက်ခဲ့မယ်"

"ဘာလုပ်မလို့လဲ"

တင်တင်နွယ်က မျက်စောင်းဖြင့် မေးလိုက်သည်။ လှလှအေးကဝင်၍ . . .

"အေးလေ . . . နင်ကလည်း ဘာလိုက်ရှုပ်ဦးမလို့လဲ၊ သူတို့ဟာသူတို့ သွားပါစေ၊ အဲဒီလူကြီးကို မမက ပိုင်ပါတယ်နော် မမ"

"တယ် . . . ဒီခွေးမလေး"

လက်ထဲမှ ခေါင်းအုံးတစ်လုံး လွှင့်ပစ်၍ လှလှအေးဆီ ရောက်သည်။

နောက်ကြ ပြောင်ကြလွန်းသဖြင့် အပျိုကြီးရင်တွင် လှုပ်တုပ်တုပ်ပင် ဖြစ်သွား၏။

သို့သော် မျက်နှာကို ချက်ချင်းတည်ပစ်လိုက်သည်။

စကားနောက် တရားပါ၍ မဖြစ်၊ ဒီကောင်မလေးတွေ ဒီလို မနောက်ရဲအောင် နည်းနည်းတော့ ပြောထားရဦးမည်ဟု တွေးသည်။ ဒါမျိုးနှင့် ပတ်သက်လျှင် နည်းနည်းမှ အထိအပွန်း မခံချင်။

ယောက်ျားဆိုလျှင် ဘယ်သူမှ သစ္စာရှိသည်မဟုတ်၊ ဘယ်လိုယောက်ျားမျိုးနှင့်မှ စကားအားဖြင့် ငြိစွန်းမခံချင်။



အတွေးနှင့်အတူ ရင်ထဲမှာ နာခနဲဖြစ်သည်။

မျက်နှာလည်း အလိုလို ညှိုမှောင်သွား၏။

သူ့မျက်နှာကြောင့် စောစောက တခစ်ခစ်န...င်နေကြသော ကောင်မလေးများပင် ငြိမ်၍ ပုသွားကြသည်

တင်တင်နွယ်မှာကလည်း သူ့အကြောင်းနှင့်သူ . . . ။

www.burmeseclassic.com

www.burmeseclassic.com

၈။

၁

"ဒီကိစ္စဟာ ရိုးရိုးလေးကြည့်ရင် ရှင်းနေတာပဲ တာတူး၊ မင်း မဟုတ်တာဘဲ၊ နောက်မှတွေ့တဲ့ရွှေကြာပင်က ဘာပဲဖြစ်နေနေ၊ ဘယ်လောက်ပဲ သင့်တော်သင့်တော် မင်းအနေနဲ့က လက်ဦးသူ ရှိပြီးသား၊ မင်းမှာ ရွေးချယ်ပိုင်ခွင့်ကို မရှိတော့ဘူး၊ မိစုအပေါ်မှာ သစ္စာရှိကိုရှိရတော့မယ်"

နှစ်ယောက်သား ကားလမ်းမကျယ်ကြီးနံဘေး ပလက်ဖောင်း အတိုင်း လျှောက်လာကြရင်း ကိုကြီးကျော်က သေသေချာချာစဉ်းစားပြီးမှ ပြောသည်။ တာတူးက ဘာမှဝင်မပြောဘဲ ငြိမ်၍ နားထောင်နေ၏။ ညနေစောင်းပြီမို့ ကားလမ်းမကြီးပေါ်တွင် နယ်သို့ထွက်ကြသည့် ကုန်တင်လော်ရီကားကြီးများ တစ်စီးစ နှစ်စီးစ



…နေရသည်။ ကိုကြီးကျော်က ဆက်၍ . . .

"ဒါ . . . ငါ ဘယ်သူ့ဘက်ကိုမှ မလိုက်ဘဲ မှန်မှန်ကန်ကန် …တာပဲ၊ ဒါပေမဲ့ ငါ့အနေနဲ့ကျတော့ အဲဒီလိုမပြောချင်ဘူး၊ …ဖြစ်လို့လဲဆိုတော့ မိန်းမတွေနဲ့ ပတ်သက်လာရင် ငါ့သဘော …က တစ်မျိုးပဲ၊ ငါ မိန်းမတွေကို မယုံဘူး၊ ကိုယ့်ဘက်က ချစ်တာ …၊ မေတ္တာတွေ ဘယ်လောက်ထားပေမယ့် သူတို့ဘက်က တန်ဖိုး … တန်ဖိုးမှန်းသိတာ မဟုတ်ဘူး၊ မေတ္တာကို မေတ္တာမှန်း သိတာ …တ်ဘူး၊ သစ္စာကို သစ္စာမှန်း သိတာမဟုတ်ဘူး"

တာတူး ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။

"မင်းဘက်က သစ္စာရှိလိုက်လို့၊ အနစ်နာခံလိုက်လို့ မင်း …ပေါ်မှာ အဲဒီအတိုင်း သစ္စာပြန်ရှိမယ်၊ အနစ်နာပြန်ခံမယ်လို့ …ယ်လိုမှပြောလို့မရဘူး၊ နောက်ပြီးတော့ မင်း အခုကြုံသလို ဘဝ …တွက် တွက်ချက်ပြီး ရွေးချယ်တာမျိုး သူတို့ဘက်မှာ ကြုံလာရင် …ခု မင်းစဉ်းစားသလိုတောင် စဉ်းစားမှာ မဟုတ်ဘူး၊ တစ်ခါတည်း … အပြတ် မင်းကို ခါပစ်လိုက်မှာပဲ"

ပြောရင်းနှင့် တာတူးဘက် လှည့်ကြည့်သည်။ တာတူး …ခေါင်းညိတ်ပြသည်။

"ဟုတ်တော့ ဟုတ်တယ် အစ်ကို"

"အဲဒီတော့ ခုကိစ္စနဲ့ ပတ်သက်လို့ မင်းကိုငါ ဘာမှ အဆုံး …ဖြတ်မပေးချင်ဘူး၊ မင်း ကောင်းမယ်ထင်သာတာ လုပ်… …စ်ခုတော့ ရှိတာပေါ့လေ၊ ငါ့လိုတွေး၊ ငါ့လိုလုပ်ရင်တော့ …ဝန်း …ိုင်ကို မင်း ဂရုမစိုက်မှဖြစ်မယ်၊ မင်း မိစုကို …ရင်တော့ …အားလုံးက မင်း လွန်တာ၊ မင်း သစ္စာမရှိတာလို့ …ပြောမှာပဲ၊ ဒီဒက်

www.burmeseclassic.com

ကိုတော့ မင်း ခံကိုခံရမှာပဲ၊ ငါကတော့ ငါ့ခံစားချက်နဲ့ ငါပြောတာ ကိုး၊ ပတ်ဝန်းကျင်ကတော့ ဒီလိုမြင်ချင်မှမြင်မှာပေါ့"

"ကျွန်တော်လည်း အဲဒီအချက်ကို တွေးမိတယ် ကိုကြီးကျော် မိစုနဲ့ကျွန်တော်ဖြစ်တာက ခင်ညီတာတို့ အသိုင်းအဝိုင်းက လုံး မသိပေမယ့် မိစုတို့အသိုင်းအဝိုင်းမှာ အားလုံးသိတယ်၊ ကျွန်တော်တို့ နှစ်ယောက်ကလည်း တော်တော်လေး တွဲလာကြတာဆိုတော့ . . ."

"အေးလေ အဲဒါကြောင့် မင်းကို သေချာစဉ်းစားပြီး မင်းဟာ မင်း ဆုံးဖြတ်လို့ ပြောတာပေါ့"

ထိုစဉ် လမ်းမကြီးအတိုင်း မောင်းလာသော ဘတ်စ်ကား တစ်စီး မှတ်တိုင်နှစ်ခုကြားတွင်ပျက်၍ လမ်းဘေး ထိုးရပ်သည်၊ ခရီးသည်များ တောင်မရောက် မြောက်မရောက်နှင့် ဆင်းကုန်ကြ ရ၏။

တာတူး၏စိတ်များလည်း ဘယ်မှတ်တိုင်ဆီ လျှောက်ရမှန်း မသိ ဖြစ်နေသည်။

ညနေစောင်း လေကလေးတဖြူးဖြူးနှင့် စိတ်အေးလက်အေး ရှိသလိုဖြစ်သွားရာမှ ပျောက်သွားသော ဒေါသများ အမှတ်တမဲ့ ပြန်ရောက်လာ၏။

"ဒါပေမဲ့ အဲဒီတင်တင်နွယ်ဆိုတဲ့ အမျိုးသမီးကိုတော့ ပညာ နည်းနည်းပြန်ပေးရမယ်၊ ငါ့ကို ဗလာချီလာဟောက်သွားတာကွ"

"ဒီလိုနဲ့တူပါတယ် ကိုကြီးကျော်ရာ၊ မိစုလည်း ကြုံရာမှရတာ



နဲ့ အဲဒီအစ်မကို အကူအညီတောင်းတာနေမှာပေါ့၊ အဆောင်မှာ ဆောင်တင်နွယ်က အစ်မကြီးလို ဖြစ်နေတာကိုး"

"ဟ . . . ဒါဆိုလည်း ဖြစ်တဲ့ကိစ္စကို နည်းနည်းပါးပါးတော့ လျှော့လာရဦးမှာပေါ့ကွာ၊ ခုဟာက အိမ်လာပြီး ချဲတာ"

"အဲဒီတော့ ကိုကြီးကျော်က ဘယ်လိုလုပ်မယ် စိတ်ကူးလို့ လဲ"

"မနက်ဖြန်ကျရင် သူတို့အဆောင်ကို ငါသွားဦးမယ်၊ ဒီကိစ္စ ကို ငါ သိပ်မကျေနပ်သေးဘူး"

"ဟာ . . . ကိုကြီးကျော်သွားပြီး အကျိုးအကြောင်း ရှင်းပြ လိုက်ရင် ကျွန်တော့် လာဟောက်မှာဗျ၊ အရမ်းတော့ မလုပ်လိုက်ပါ နဲ့ ကိုကြီးရာ၊ ကျွန်တော်လည်း အဲဒီအစ်မကြီးကိုတော့ ကြောက် တယ်"

"သွားစမ်းပါ၊ ဘာဆိုင်လို့ ငါက အကျိုးအကြောင်း ရှင်းပြ ရမှာလဲ၊ သွားချဲမှာ၊ ဘာမှဖြေရှင်းနေစရာလည်း မလိုဘူး၊ မင်းဟာ မင်း အေးအေးဆေးဆေးနေ၊ လုပ်ခရာရှိတာကို မင်းဆုံးဖြတ်ချက်နဲ့ ပဲ မင်းလုပ်၊ ငါ့ကိစ္စ ငါရှင်းမယ်"

ကိုကြီးကျော်စကားကြောင့် တာတူး ဘာမှပြန်မပြောတော့ ဘဲ ငြိမ်နေလိုက်သည်။ သို့သော် စိတ်ထဲမှာတော့ နည်းနည်းပူနေ၏။ ဒီပြဿနာက မငြိမ်းသေးဘဲ ဆက်ပြီးရှည်ဦးမည်ဆိုတာလည်း သိနေသည်။ ဘာတွေဖြစ်လာမည်မှန်းတော့ မသိသေး။

သူလည်း ဘာလုပ်ရမည်မှန်း မသိသေး။

www.burmeseclassic.com

၉။

ထိပ်တွင် အုတ်ခုံလေးရှိသော လမ်းကြားထဲသို့ ချိုးကွေ့သည်။

တာတူးပြောလိုက်သည့်အတိုင်းဆိုလျှင် သိပ်ရှည်ရှည်ဝေးဝေး ရှာစရာလိုလိမ့်မည် မထင်။ မြေနီလမ်းအတိုင်း လျှောက်သွား ဒုတိယတွေ့သော လမ်းကြားထိပ်တွင် အုတ်ခုံလေးတစ်ခု ရှိမည်၊ ထိုလမ်းကြားအတိုင်း ဝင်သွား၊ ညာဘက်ခြမ်း သုံးလေးအိမ်ကျော်သည်နှင့် ခြံတံခါးသံပန်းကို ဆေးအပြာသုတ်ထားသော အိမ်တွေ့မည်။

ထိုအိမ်တွင် မိစုတို့ တင်တင်နွယ်တို့ နေသည်ဟု ဆို၏။

လှမ်းနေသော ခြေလှမ်းများကို အရှိန်လျှော့ပစ်လိုက်သည်။



လုံချည်ကိုလည်း ပြင်ဝတ်လိုက်သည်။ တစ်ညလုံး၊ တစ်နေ့ခင်းလုံး မောင်းတင်ထားသည့်တိုင် အနားရောက်တော့ နည်းနည်း တွန့်ဆုတ်ဆုတ် ဖြစ်ချင်လာသည်။ စဉ်းစားထားသော စကားများ မေ့တော့တော့ ဖြစ်သွား၏။

“အို . . . သူတောင်မှ ငါ့အိမ်လာပြီး ချဲ့ရဲသေးတာ၊ ငါက ယောက်ျားပဲကွ၊ ဘာမချဲ့ရဲစရာရှိလဲ”

အားပေးမည့်သူကလည်း အနားတွင် တစ်ယောက်မှမရှိ။ ကိုယ့်ကိုယ်ကိုယ်သာ မနည်းအားပေးလိုက်ရသည်။

“ဒီမှာ မတင်တင်နွယ် . . . ခင်ဗျားက ဘယ်လိုသဘောထားပြီး ကျုပ်ကို ဘယ်လိုလူစားလို့တွက်ပြီး လာစော်ကားတယ်တော့ မသိဘူး၊ ဒါပေမဲ့ ဒီလိုလုပ်လိုက်တဲ့အတွက် ခင်ဗျားဘဝမှာ နောင်တတွေ အများကြီးရနေရတော့မှာကတော့ သေချာတယ်၊ ဒီမှာ မတင်တင်နွယ် . . . ကျော်ကျော်စိုးအောင်ဆိုတဲ့ကောင်က ရေမြေမဟုတ်ဘူးဗျ၊ မြွေပွေးလိုလူ၊ ဒီစကားကို ရှင်းရဲ့လားတော့ မသိဘူး၊ မြွေပွေးဆိုတာမျိုးဟာ သူ့ကို လာမထိသမျှကာလပတ်လုံး လှုပ်ရှားတဲ့ကောင်မျိုး မဟုတ်ဘူး၊ အိပ်နေတဲ့ကောင်၊ အေး . . . သူ့ကိုလာထိပြီဆိုလို့ကတော့ လူမပြောနဲ့ ယင်ကောင်တောင် အလွတ်ပေးတာ မဟုတ်ဘူး၊ ခင်ဗျား မနေ့က ပြောခဲ့ဆိုခဲ့တဲ့ စကားတွေကို ခုချက်ချင်း ပြန်ရုပ်သိမ်းပါ၊ ပြီးတော့ ကျွန်တော့်ကို တောင်းပန်ပါ”

“ဟဲ . . . ဟဲ . . . ရသေးတယ်၊ မေ့ပြီအောက်မေ့တာ၊ မမေ့သေးဘူး” ဟု စိတ်ထဲတွင် ကျေနပ်သွား၏။ တစ်ညနှင့်တစ်နေ့ မနည်းရှာဖွေစုဆောင်းထားရသော စကားများဖြစ်သည်။

ညကလည်း တစ်ညလုံး အိပ်ရာထဲမှာ စောင်တော်နှင့် အိပ်

www.burmeseclassic.com

www.burmeseclassic.com



မပျော်ဘဲ လေသံရော အမူအရာပါ အသက်ပါအောင် ပြောကြည့် ဆိုကြည့်ထားသည်။ သူ့အိပ်ရာမှ ရွှတ်ရွှတ်ရွှတ်ရွှတ် ရွှတ်နေသည့် လေသံနှင့် အမူအရာရော လုပ်ကြည့်ခြင်းကြောင့် ခုတင်လှုပ်တုပ် လှုပ်တုပ်ဖြစ်သည်ကို တစ်ဘက်ခန်းမှ အဖေကြားသဖြင့် အဟောက် လည်း ခံခဲ့ရပြီးပြီ။

"ဟေ့ကောင် . . . အိပ်ရာထဲ ဘာလုပ်နေတာလဲ၊ သောက်ရူး ထမနေနဲ့၊ အိပ်တော့"

ဟု အပြောခံပြီး လေ့ကျင့်ထားရသည့်ကိစ္စ။

ဒီနေ့လည်း ရုံးမှာစိတ်ကူးနှင့်ပြောကြည့်၊ အိမ်သာ ခဏတက် တုန်း အိမ်သာထဲမှာလည်း အမူအရာပါ တစ်ခါ ပြန်ကျင့်ရသေး သည်။

ဒါမျိုးက လက်လွတ်စပယ်သွားလုပ်၍ မရ၊ မပိုင်ဘဲ သွား လုပ်လျှင် ဆေးအတွက် ပိုလေးသွားမည်။ ကိုယ်က အပိုင်ပြောလိုက် တာနှင့် တစ်ဘက်က ငိုင်ဆင်းသွားရမည်။ ကိုယ့်စကားတစ်လုံးစီ တစ်လုံးစီတိုင်း သူ့ရင်ကို ထိခိုက်သွားရမည်။ ကိုယ့်စကားဆုံးတာ နဲ့ . . .

"ကျွန်မ တောင်းပန်ပါတယ် ကိုကျော်ကျော်စိုးအောင်ရယ်၊ ကျွန်မ မဆင်မခြင်လုပ်ခဲ့တဲ့ကိစ္စကို တောင်းပန်ပါတယ်၊ ကျွန်မ လည်း ဖြန်းခနဲဆိုတော့ မွန်ထူပြီး ဘာလုပ်လိုက်မိမှန်း မသိဘဲ ဖြစ်သွားလို့ပါ၊ ဘယ်လိုမှ သဘောမထားပါနဲ့နော်"

စသဖြင့် မျက်လုံးလေး ကလယ်ကလယ်နှင့် သနားစဖွယ် တောင်းပန်ရမည်။ ဒီတော့မှ ကိုယ်က တင်းမာနေသော မျက်နှာ ကိုလျှော့၊ နည်းနည်း ပျော့နပ်ခွင့်လွှတ်သည့် အမူအရာကိုပြ . . .



"အေးပေါ့ဗျာ၊ ဒီတစ်ခါတော့ ရှိပါစေတော့၊ နောက်ကိုတော့ ဒါမျိုးမဖြစ်အောင် ဆင်ခြင်ပေါ့၊ ဘာပဲဖြစ်ဖြစ် လောကမှာ အမှား အယွင်း မလုပ်မိအောင် ထိန်းသိမ်းနိုင်ရင် အကောင်းဆုံးပဲ၊ ဒါ ကျွန်တော် စေတနာနဲ့ ပြောတာပါ"

"ဟုတ်ပါတယ် . . . ကိုကျော်ကျော်စိုးအောင်၊ ကိုကျော် ကျော်စိုးအောင်ရဲ့စေတနာကို လေးစားပါတယ်၊ ဪ . . . ဒါထက် ကိုကျော်ကျော်စိုးအောင်က လူပျို့လူလွတ်ပဲ ထင်တယ်၊ ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ"

ဟာ . . . စိတ်ကူးကလည်း ဘယ်ရောက်သွားရပြန်တာလဲ။ ဒီစိတ်ကူးက ဖြတ်လို့ကိုမရ၊ ဘယ်လိုတွေးတွေး နောက်ဆုံးကျရင် ဒီနေရာမှာပဲ သွားသွားဆုံးသည်။

ညတုန်းက ပိုတောင်ဆိုး၏။

"ဪ . . . ဒါလား၊ ဒီလိုပေါ့ဗျာ၊ လောကမှာသစ္စာရှိတဲ့ တန်ဖိုးနားလည်တဲ့ မိန်းမဆိုတာကလည်း ခပ်ရှားရှားမဟုတ်လား၊ ဒါကြောင့် ကျွန်တော်လည်း စိတ်နာပြီး ဘယ်မိန်းကလေးမှ အရော မဝင်တော့တာ"

"အို . . . ဒီလိုလည်း ဘယ်ဟုတ်မလဲရှင်၊ မိန်းမဆိုပေမယ့် မိန်းမတိုင်း ဒီလိုမဟုတ်ပါဘူး၊ လူချင်း တူပေမယ့် အသက်ရှူချင်း ကွဲပါသေးတယ်"

ဘာညာ စသည်တို့ ဘယ်ရောက်သွားပြီး နောက်ပိုင်း အိမ် ထောင်တွေ ဘာတွေ ကျကုန်ကြသည်အထိ ဖြစ်ကုန်ကြသည်။

ဒီမနက်ကျမှ ကိုယ်သွားရမည့်ကိစ္စက ရန်သွားဖြစ်မည့် ကိစ္စ ပါလားဆိုတာ မနည်းပြန်သတိထားပြီး စိတ်ကူးကို မနည်းရပ် ရပ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ရသည်။ ဒါတောင် အကျင့်က ခုထက်ထိ ပါလာချင်သေးသည်။

"ဟော . . ."

ဝင်းတံခါးအပြာမြင်မှ တွေးလက်စများ ရပ်သွား၏။

"ဟုတ်ပြီ၊ အိမ်ကတော့ ဒီအိမ်ပဲ"

အသက်ကို တဝကြီး ရှိုက်ရှူလိုက်သည်။ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်လာ၏။

တင်တင်နွယ်၏မျက်နှာတင်းတင်းကိုလည်း ဖျတ်ခနဲ သတိရသည်။

ဗိုက်ထဲမှာ နောက်ဖေးသွားချင်သလိုလို၊ ဘာလိုလိုပင် ဖြစ်လာသည်။

သူတို့အဆောင်ထုံးစံလည်း ကိုယ်သိတာမဟုတ်။ ခြံတံခါးကပဲ လှမ်းခေါ်ရမှာလား။ အထဲပဲဝင်သွားရမှာလား။ ဟိုမှာ သူတစ်ယောက်တည်းပဲလား။ ကောင်မလေးတွေ တစ်ပြုံကြီးနဲ့ပဲ ရှိနေမှာလား။ တစ်အုပ်ကြီးနဲ့ ဝိုင်းဟားလွှတ်ရင် ငါတော့ ကျွတ်စကီးပြီ။

ခြေလှမ်းများကို နောက်ပြန်လှည့်ပြေးချင်စိတ် ပေါက်လာ၏။

"ဟာ . . . ဘယ်လိုဖြစ်နေရတာလဲ၊ သွားစမ်းပါ၊ ရဲရဲဝင်၊ ဘာကြောက်စရာရှိတာမှတ်လို့"

စိတ်ထဲမှ အသံက ခပ်မာမာ ပေါ်လာသည်။

ရင်ကို ဆတ်ခနဲ မတ်လိုက်၏။ စိတ်ကို အပြတ်တင်းလိုက်သည်။ ခြံတံခါးဆီကို လက်လှမ်းလိုက်၏။



"ဘာကိစ္စရှိလို့လဲ"

ဟာ . . . သောက်ပလုတ်တုတ်တဲ့မှပဲ။ လူတစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွား၏။ ဒီမှာ တထိတ်ထိတ်နဲ့ ရှေ့မဲနေရတဲ့အထဲ မမျှော်လင့်သော မိန်းမအသံတစ်သံက နောက်ဘက်မှ ပေါ်လာသဖြင့် ကိုကြီးကျော် အထိတ်တလန့်လှည့်ကြည့်လိုက်သည်။

မိန်းမကြီးတစ်ယောက်။ သိပ်အကြီးကြီးတော့ မဟုတ်။ အသက်လေးဆယ်ကျော်မရှိတရှိ၊ ခပ်ဝဝအမျိုးသမီးကြီးတစ်ဦး။ လက်ထဲမှာလည်း ဈေးခြင်းတောင်းတစ်လုံးနှင့်။

"ဘာကိစ္စရှိလို့လဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

မိန်းမကြီးကတော့ မေးရိုးမေးစဉ်လေး မေးလိုက်တာပဲ ဖြစ်သည်။ သို့သော် ခုထက်ထိ အထိတ်တလန့်မပြေသေးသည့် ကိုကြီးကျော်က အသံတုန်တုန်ဖြင့် . . .

"ဒီအိမ်မှာ မတင်တင်နွယ်တို့ နေတယ်ပြောလို့ပါ၊ ခဏလောက် တွေ့ချင်လို့"

"ဩော် . . . ရှိတယ် . . . ရှိတယ် ဝင်သွား၊ ဧည့်ခန်းကနေ တစ်ယောက်ယောက်ကို အခေါ်ခိုင်းလိုက်၊ လာလိမ့်မယ်"

ပြောပြောဆိုဆိုနှင့် အမျိုးသမီးကြီးက တံခါးကို တွန်းဖွင့်ပေးလိုက်သည်။ ဒီတော့မှ ရှက်ရှက်ဖြင့် ကိုကြီးကျော် ခြံအတွင်း ဝင်သည်။

ခေါင်းထဲက စိတ်ကူးများ ဘယ်ရောက်သွားလေပြီ မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသေးလဲ မိစု"

ဒီနေ့ ရုံးကအပြန်နောက်ကျသဖြင့် ခုမှ ရေချိုးပြီးသော တင်တင်နွယ်က သနပ်ခါးလိမ်းရန် အခန်းထဲ ဝင်လာပြီး လှမ်းမေးသည်။

စောစောကလေးတင် လှလှအေးက သူ့အမျိုးသား သန်းစိုးနှင့် ထွက်သွားသဖြင့် မြမြမူနှင့် နှစ်ယောက်သား စာအုပ်တစ်အုပ်စီ ဖတ်နေသော မိစုက စာအုပ်ကို ချလိုက်ပြီး . . .

"ဘာမှ မထူးပါဘူး မမရယ် . . . ဒီလိုပါပဲ"

"ဒီနေ့ အလုပ်သွားတော့ရော မတွေ့ခဲ့ဘူးလား"

မိစု မျက်နှာလေးငယ်ငယ်ဖြင့် ခေါင်းခါသည်။ တင်တင်နွယ် မျက်နှာ ယောင်ယောင်လေး တင်းသွား၏။

"ဒီလောက် ဖြစ်နေရင်လည်း ကိုယ့်ဘက်က အပြတ်တင်းပစ်လိုက်ပါလား မိစုရယ်၊ နင်ကလည်း ဘယ်လိုဖြစ်ပြီး ဒီလောက်စွဲလမ်းနေရတာလဲ"

"စွဲလမ်းတာ မဟုတ်ပါဘူး မမရယ် . . . မိစု ရှက်လို့ပါ သူနဲ့ တွဲနေတာကို တစ်ရုံးလုံးကလည်း သိနေကြတယ်၊ မိစုအိမ်ကလည်း သိတယ်၊ အခုလို ဖြစ်သွားကြရင် မိစု သူတို့ကို ဘယ်လိုလုပ် မျက်နှာပြမလဲ၊ ရုံးက ကောင်မတွေကဆို ပြောလိုက်ကြမှာ၊ နဂိုထဲက အာအိုင်တီကျောင်းသားနဲ့ ကြိုက်နေတာဆိုပြီး မိစုကို နာလိုတာ မဟုတ်ဘူး"

"မဆိုင်ပါဘူး မိစုရာ၊ ဒီလိုသာဆို ရည်းစားနဲ့ကွဲတဲ့ မိန်းကလေးတွေ လောကကြီးမှာ ဘယ်လိုလုပ်နေတော့မလဲ . . . သူတို့ ပြောတာ မခံချင်ရင် သူ့ထက်သာတဲ့လူနဲ့ တွဲပြလိုက်ပေါ့"



မိစုစကားကို မြမြမူက လက်မခံဟန်ဖြင့် ဝင်ပြောသည်။ တင်တင်နွယ်က ခေါင်းခါပြီး . . .

"တွဲစရာမလိုပါဘူး . . . ကိုယ့်ဟာကိုယ် အေးအေးနေလိုက်လည်း ပြီးတာပဲဥစ္စာ၊ ယောက်ျားပဲဟာ မယူဘဲနေလို့လည်း ဘာမှ မဖြစ်ပါဘူး၊ ရည်းစားမရှိလို့လည်း သေမသွားပါဘူး၊ ကိုယ့်ဟာကိုယ် ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ပြဿနာတောင် ကင်းသေးတယ်"

မြမြမူက ရယ်သည်။ မိစုဘက်ကို မျက်စပစ်ရင်း . . .

"ပြောမနေနဲ့ မမ . . . မိစုလား အဲသလို နေနိုင်မှာ၊ ဒါမျိုးကျတော့ မြမူတို့နဲ့ နေရာချင်း လဲပစ်လိုက်ချင်တယ်၊ မမပြောသလိုတော့ အပျိုကြီးမလုပ်ဘူး၊ နင် မနေချင်ဘူးလား . . . အေး မနေချင်သွား၊ နင်သွားရင် သူလာလိမ့်မယ်၊ နင့်လိုကောင်မျိုးတွေ ငါ့မှာထားစရာ နေရာတောင် မရှိဘူးဆိုပြီး အပြတ်ပြောလွှတ်လိုက်မယ်"

"အေးပါ မြမူရယ် . . . ခုနေခါတော့ ပြောထားပေါ့၊ နင်က ဒါမျိုး မကြုံဖူးတော့ ကိုယ်ချင်းဘယ်စာတတ်မလဲ၊ နင့်အလှည့်ကျမှ နင်သိမယ်"

"အမယ်လေး ကြုံဖူးပါ့ မိစုရယ် . . . ရည်းစားနဲ့ ကွဲတာများ အဆန်းလုပ်လို့၊ မြမူတို့က ရည်းစားနဲ့ကွဲတဲ့နေ့ဆို သူငယ်ချင်းတွေ ရှုပြီး ရုပ်ရှင်သွားကြည့်တယ်၊ အပြတ်ဟားပစ်တယ် . . . နောက်တစ်နေ့ကျရင် ကျော့နေအောင် ဖြီးလိမ်းပြင်ဆင်ပြီး အဲဒီကောင်ရှိတဲ့နေရာမှာ နှစ်ခေါက် သုံးခေါက်လျှောက်ပစ်လိုက်တယ်၊ မကြာပါဘူး ဒီငနဲ ပြန်လာကပ်တာပဲ၊ အဲဒီတော့မှ ကိုယ်က အထာစီးနဲ့ ပက်ပက်စက်စက် ပြောလွှတ်လိုက်တယ်၊ မြမူတို့ မျက်ရည်တစ်စက် ခဲဖူးဘူး၊ အဲဒီကောင်စုတ်ေတွပဲ မျက်ရည်နဲ့ မျက်ခွက်ဖြစ်ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

ဟန်နှင့်ပန်နှင့် ပြောနေသော မြမြမူကို ကြည့်၍ တင်တင်နွယ် ပြုံးသည်။ ဟုတ်တော့လည်းဟုတ်သည်။ မြမြမူတို့ကျတော့ ပြောသလောက်လည်း ပြတ်သည်။ သူပင် မြမြမူလောက်မပြတ်။ သူ့တုန်းက တစ်လနှစ်လလောက်တော့ မျက်ရည်ကျခဲ့ဖူးသည်။ အခုမှ စာဖြည်းဖြည်းမာအောင် လုပ်ယူရသည့် အသည်း။

ဟင်း . . . မိစုကို မြမူလောက် မဖြစ်တောင် သူ့လောက် ဖြစ်အောင်တော့ လုပ်ပေးရမည်ဟု တင်တင်နွယ် စဉ်းစားသည်။ စဉ်းစားရင်းနှင့် နောက်ဆုံး လက်စသတ် သနပ်ခါးများကို ကျော ပေါ်သို့ သပ်တင်လိုက်သည်။

"ဒါတောင် မြမူတို့က မမလောက် မလှလို့၊ မမလောက် များလှရင် အဲဒီကောင်တွေ အကုန်လုံး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သတ်သေအောင် လုပ်ပစ်တယ်"

မြမြမူစကား၏ ကြောက်စရာကောင်းပုံကြောင့် တင်တင်နွယ် သူ့ကိုယ်သူ မှန်ထဲကြည့်ရင်း ပြုံးလိုက်ပြန်သည်။ မှန်ထဲမှ ချစ်စရာမျက်မှန်လေးက ပြုံး၍ ပြန်ကြည့်၏။

ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်ရင်း ဘယ်ကနေ ဘယ်လို ဆက်စပ်သွားသည်မသိ။ မနေ့က သူ သွားရန်တွေ့ခဲ့သော အသား ဖြူဖြူပိန်ပိန်ရှည်ရှည်နှင့် အကြောင်ကြောင် မျက်နှာရှိသော ကျော် ကျော်စိုးအောင်ဆိုသည့် ကောင်ကြီးကို သွားသတိရသည်။ ဒီကောင် ကြီးလည်း သူ့အပေါက်ခံနေရသည့်ကြားမှ သူ့ကို ငမ်းကြည့်ကြည့် နေကြောင်း သတိထားမိသည်။

မသာကြီး . . . သူများချစ်ခြင်းကို ဝင်ပြီး ရှုပ်ရှုပ်ရှုပ်ရှုပ်



လုပ်တဲ့ကောင်ကြီး၊ မိစုကိစ္စထူးခြားလျှင် ထူးခြားပေါ့။ မထူးခြား ရင်တော့ သေဖို့သာပြင်ထား၊ မြမူကြိမ်းမောင်းတာထက် ပိုဆိုးသွား အောင် လုပ်ပစ်မည်ဟု စိတ်ထဲက ပြောရင်း အောက်နှုတ်ခမ်းကို ကိုက်သည်။

ထိုစဉ် သူတို့အခန်းဝမှနေ၍ အဆောင်ပိုင်ရှင် သမီးလေး ပြောလိုက်သော စကားသံကြောင့် သုံးယောက်လုံး မျက်လုံးပြူး သွားသည်။ တစ်ခုခုတော့ ထူးပြီဟု ထင်လိုက်၏။ အဆောင်ပိုင်ရှင် သမီးလေး ပြောလိုက်သည်က . . .

"မမတင်တင်နွယ် . . . ဧည့်သည်"

❀

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် သည်။ ကျန်နှစ်ယောက်ကမူ ဧည့်သည့်လာခဲ့သော တင်တင်နွယ် သို့ အိမ်ကများ လာတာလား၊ ခါတိုင်းလာချိန်တော့ မဟုတ်။ အကြောင်းထူးတစ်ခုခုရှိလို့ ထင်တယ်ဟု အံ့သြခြင်း ဖြစ်သည်။

တင်တင်နွယ်ကတော့ မျက်မှောင်ကြုတ်၍ . . .

"ဘယ်သူလဲ ညီမ . . . ဘယ်ကတဲ့လဲ"

"အဲဒါတော့ မသိဘူး မမ . . . ကျွန်မလည်း တစ်ခါမှ မမြင် ဖူး မမဆီ လာဖူးတဲ့ဧည့်သည် မဟုတ်ဘူး"

"ယောကျ်ားလား . . . မိန်းမလား"

"ယောကျ်ား"

"ဘယ်လိုပုံစံလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အသားဖြူဖြူ အရပ်ရှည်ရှည် ခပ်ချောချောပဲ"

"ဟင် . . ."

ဟိုဧည့်သည်ကြီးပဲဟု တစ်ခါတည်း အတပ်သိလိုက်၏။

"ဘယ်သူလဲ မမ"

ကျန်နှစ်ယောက်က ကမန်းကတန်း မေးသည်။ တင်တင်နွယ် မျက်နှာတင်းသွားပြီး . . .

"ဘယ်သူရမလဲ၊ နင်တို့ ကိုကြီးကျော်ဆိုတဲ့ မသာကြီး . . . နေမှာပေါ့"

"ရှင် . . ."

"ဟင် . . ."

နှစ်ယောက်စလုံး ပျာပျာသလဲ ဖြစ်ကုန်ကြသည်။

တင်တင်နွယ်ကတော့ မျက်နှာတည်တည် ဣန္ဒြေရရပင် ထရပ်ရင်း အခန်းဝမှ ကောင်မလေးကို ကြည့်၍ ပြောလိုက်သည်။

"အေး . . . လာမယ်လို့ ပြောလိုက်၊ ခဏစောင့်ခိုင်းထား"

ပြောရင်းနှင့် အဝတ်အစားလဲရန် တန်းပေါ်မှ အတွင်းခံ ဘော်လီတစ်ထည် လှမ်းယူသည်။ မြမြမူနှင့် မီစုက တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း တင်တင်နွယ်ဘက်လှည့်၍ . . .

"ဘာလာလုပ်သလဲ မသိဘူး မမ"

တင်တင်နွယ် ခေါင်းခါသည်။

"မပြောတတ်ဘူး၊ ဘာကြောင့်လာလာ လာပါစေ၊ ကောင်းကောင်းမွန်မွန်နဲ့ တောင်းတောင်းပန်ပန်စကား ကြားရင် ကြားရ မကြားရရင်တော့ ငါနဲ့တွေ့မယ်၊ ကျားနဲ့ဆင်တော့ လယ်ပြင်မှာ တွေ့ပြီပဲ၊ အသားနေ မီစု၊ တစ်နေ့ရာရာကနေ မသိမသာ နားထောင်



နေကြ၊ ကလန်ကဆန်တွေ လုပ်ရင်တော့ တစ်ချီတည်း ပါးဆွဲရိုက်ပစ်မယ်"

တင်တင်နွယ် ကြိမ်းဝါးသံကြောင့် နှစ်ယောက်စလုံး ရင်တုန်ဝန်းတုန်ဖြစ်သွားသည်။ ကိုကြီးကျော်အတွက်လည်း စိုးရိမ်သွားသည်။

ကိုကြီးကျော်ကတော့ ထိုအချင်းအရာများကို မသိ။ သူ့စိတ်ကူးနှင့်သူ ဟုတ်နေဆဲပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

ခုထက်ထိတော့ အဆင်အားလုံး ချောမောနေဆဲပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

ဝင်းခြံဝတုန်းက ဈေးပြန်အမျိုးသမီးကြီး၏မေးသံကြောင့် သန့်ထိတ်ခဲ့ရသည်ကလွဲ၍ နောက်ထပ် အလန့်ထသက်ဖြစ်စရာ တစ်ခုမှ မကြုံရတော့။ အိမ်ပေါ်တက်လာခဲ့သည်။ ဧည့်ခန်းဝမှာ ကောင်မလေးတစ်ယောက် စောင့်နေတာတွေ့၍ မတင်တင်နွယ်နှင့် တွေ့လိုကြောင်း ပြောသည်။ ကောင်မလေးက ဧည့်ခန်းထဲမှာ ခဏထိုင်စောင့်ပါ၊ သွားခေါ်ပေးမည်ဆိုပြီး ထွက်သွားသည်။

ခဏအကြာတွင် သူထိုင်နေသော ဧည့်ခန်းတွင်း ပြန်ဝင်လာ၍ လာမယ်လို့ ပြောတယ် ခဏစောင့်ပါဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်၍ တုံ့ပြန်လိုက်ပြီး ဧည့်ခန်းထဲမှာ ခြေကလေး ချိတ်ထိုင်၍ စီးကရက်တစ်လိပ် မီးညှိသောက်ရင်း ထိုင်စောင့်သည်။

ဧည့်ခန်းထဲမှာ ရေဒီယိုမထားသော်လည်း ဘယ်ဘက်အခန်း ဘက်မှ ဖွင့်ထားသော ရေဒီယိုသံက တစ်အိမ်လုံး ပျံ့လွင့်နေသည်။ သီချင်းသံ ခပ်တိုးတိုး ကြားနေရသည်။ ကိုကြီးကျော်က သီချင်းသံကို ဒူးလေးနှန့်၍ စည်းလိုက်ရင်း သက်သောင့်သက်သာ ထိုင်စောင့် နေလိုက်သည်။ အခြေအနေအားလုံးကတော့ သူ့ဟာနှင့်သူ အဆင် ပြေနေပါ၏။

ထိုစဉ် ဧည့်ခန်းဝမှ ချွတ်ခနဲ အသံကြားလိုက်ရသည်။

တစ်ယောက်ဝင်လာပြီဟု သိလိုက်သဖြင့် ကပျာကယာလှည့် ကြည့်သည်။

"ဩော်"

ကိုကြီးကျော် ချိတ်ထားသော ခြေကို ကမန်းကတန်း ဖြုတ် သည်။ သို့သော် စိတ်ထဲမှနေ၍ 'ဟော့ကောင် ကွန်ခြေရရနေ' ဟု ကိုယ့်ဘာသာ သတိပေးလိုက်သဖြင့် ချက်ချင်း တည်ငြိမ်အောင် ပြုလုပ်ယူလိုက်သည်။

မတင်တင်နွယ်ကတော့ တင်းသည်လည်းမဟုတ်၊ ချိုသည် လည်း မဟုတ်သော ခပ်တည်တည်မျက်နှာဖြင့် တစ်လှမ်းချင်း ဝင် လာသည်။ ဝတ်ထားသော အင်္ကျီလုံချည်က အနီရဲရဲ။ ကိုကြီးကျော် ကို တစ်ချက်ပဲလှမ်းကြည့်ပြီး၊ ဘာမှမထူးခြားသော အမူအရာဖြင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။

တစ်ဘက်လူ၏ တည်ငြိမ်မှုက သူ့ကို တပ်လှန့်ပေးလိုက် သလို ဖြစ်သွားသဖြင့် ကိုကြီးကျော်ကလည်း တင်းမာနေသော



ကြွက်သားများကို လျှော့ချလိုက်သည်။ ဆက်တီကုလားထိုင်တွင် အေးအေးဆက်သာ ပြန်ကျောမှီ၍ ထိုင်လိုက်ပြီး ခြေပြန်ချိတ်သည်။

တင်တင်နွယ်ကလည်း ခြေပြန်ချိတ်၍ တုံ့ပြန်၏။

ကိုကြီးကျော်က သူစပြောရမည့်စကားကို စဉ်းစားသည်။ သူက စပြောရမည်လား၊ ဒါမှမဟုတ် ဟိုကစပြောမှ ပြောရမည် လား၊ ရုတ်တရက် ဝေခွဲမရသေး။ ထိုစဉ် တင်တင်နွယ်ထံမှ စကား သံ စကြားရသည်။

"ကဲ . . . ဆိုပါဦး . . . ဘာကိစ္စလဲ"

"ဘာကိစ္စမှ မဟုတ်ဘူး . . . မတင်တင်နွယ်၊ မနေ့ကကိစ္စ ပြန်ဆက်စရာရှိလို့"

ဒီအကွက်ကတော့ ကိုကြီးကျော် သိပ်မိသွားသည်။ စကား လုံးကလည်း အပိုအလိုမရှိ ကွက်တိဝင်သွားသလို အမူအရာက လည်း အဆင်ပြေသွားသည်။ ကိုယ်ကို မသိမသာစောင်း၍ လက်ထဲ မှ စီးကရက်ကို စားပွဲပေါ် ဆေးလိပ်ပြာခွက်ထဲ ခြွေထည့်ရင်း ပြန် ပြောလိုက်သည် ဖြစ်၏။

"အင်း . . . ပြောပါဦး"

"ဒီလို မတင်တင်နွယ် . . . မနေ့က ခင်ဗျား ကျွန်တော့်ကို လာပြောတဲ့ကိစ္စမှာ ခင်ဗျား အကြီးအကျယ်မှားနေပြီလို့ ပြောချင်လို့ ပါ"

"ဘာမှားသလဲ . . . ဘာမှ မမှားဘူး"

"မဟုတ်ဘူး မတင်တင်နွယ် . . ခင်ဗျား မှားနေပြီ၊ လောက မှာ လူတစ်ယောက်ဟာ လူတစ်ယောက်ရဲ့စိတ်ကို လွှမ်းမိုးဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ လူတိုင်းမှာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြတယ်၊ အဲဒီဆုံးဖြတ်ချက်ကို ဘေးလူတစ်ယောက်ကဝင်ပြီး စကားလေး တစ်ခွန်းနှစ်ခွန်းပြောရုံနဲ့ ပျက်သွားဖို့ဆိုတာ လုံးဝ အဓိပ္ပာယ် မရှိဘူး၊ မတင်တင်နွယ် မနေ့ကပြောသွားတဲ့ပုံစံက နွေ ရောက်တာပဲ ဥသြငှက်ကြောင့်လိုလို၊ မိုးရောက်တော့လည်း ဖား အော်လို့လိုလို အရှမ်းစွပ်စွဲသွားတာပဲ၊ နွေဦးမှာ ဥသြငှက်သံ ကြားရ တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဥသြငှက်မြည်သံကြောင့် နွေဦး ပေါက်တာ မဟုတ်ပါဘူး . . . အဲသလိုပါပဲ"

"နေပါဦး . . . နေပါဦး၊ ရှင် ဘာတွေ လာပြောနေတာလဲ၊ ပြောစရာရှိရင် ရှင်းရှင်းပြော၊ အဲဒါမျိုးတွေ ကျွန်မ နားမလည်ဘူး"

"အေးဗျာ . . . မတင်တင်နွယ် နားမလည်ဘူးဆိုရင် ကျွန်တော် တစ်မျိုးပြောင်းပြောပါ့မယ်"

မူလက စဉ်းစားထားသောစကားများ မပြောဖြစ်တော့ဘဲ အလျဉ်းသင့်သလိုပြောရာမှ ကိုကြီးကျော် အရှိန်ရလာသည်။ ခုစကားများက ဥပမာရော ဥပစာရော မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ပိုပြီး တင့်တယ်သည်ဟု ယူဆသည်။ နားမလည်တော့လည်း ပိုပြီးစကား ကြွယ်ကြွယ် ပြောရတာပေါ့ဟု တွေး၍ . . .

"ဒီလို မတင်တင်နွယ် . . . လောကကြီးမှာ သဘာဝတရား ဆိုတာ ရှိပါတယ်၊ သတ္တလောက ဩကာသလောက သင်္ခါရလောက ရယ်လို့ လောကကြီးသုံးပါး ရှိတဲ့အနက် ဘယ်လောကမှာမှ သဘာဝ တရားဆိုတာ မဖောက်ပြန်တတ်ပါဘူး"

နားမလည်ပါဘူးဆိုမှ ပို၍ အဆင့်မြင့်လာသော ကိုကြီး ကျော်၏ ဂေါ်ဇီလာလောက်ရှိသည့် စကားလုံးကြီးများကြောင့် တင်တင်နွယ် မျက်လုံးပြူးလာသည်။



"အဲဒီတော့ ဒီလောကကြီးသုံးပါးထဲမှာ ပဓာနအကျဆုံးလို့ ပြောလို့ရတဲ့ လူသတ္တဝါတွေမှာလည်း သဘာဝတ္တမမှုလို့ခေါ်တဲ့ သဘာဝတရားကြီးကို လွန်ဆန်လို့မရပါဘူး၊ မတင်တင်နွယ်လည်း မနုဿဗေဒသဘောတရားတွေ နည်းနည်းပါးပါး လေ့လာဖူးမှာပါ၊ လူဆိုတာ ရေကြည်ရာမြက်နုရာကစပြီး သူ့ကြိုက်ရာ ရွေးချယ်တတ်တဲ့ သဘောရှိပါတယ်၊ ဒီရွေးချယ်တတ်တဲ့သဘောကြောင့် လူရဲ့ အိမ်ထောင် လူရှင်း တစ်လျှောက်လုံးမှာ ဆင့်ကဲတိုးတက်လာတဲ့ ဖြစ်ရပ်တွေ"

တင်တင်နွယ် မျက်မှောင် ဖျတ်ခနဲ ကြုတ်သည်။

"ဒီမှာ ကိုကြီးကျော် . . . ရှင် မူးလာသလား၊ ကျွန်မ အခု ရှင့်ကို ထွက်တွေ့တာ ရှင့်ဆီက အိမ်ထောင်လူရှင်းတွေ ဂွိထောင်လူးရှင်း တွေ နားထောင်ဖို့ မဟုတ်ဘူး၊ ဩကာသလောကတွေ သိပ္ပဒ္ဓေတွေ လည်း ကျွန်မ နားမလည်ဘူး၊ အခုကိစ္စက တာတူးနဲ့မိစုကိစ္စ၊ လိုရင်း ကို ရှင်းရှင်းပြော၊ ခု ဘာဖြစ်လဲ . . . တာတူးကို မိစုနဲ့ ပြန်ဆက်ဖို့ ကိစ္စ ရှင် ပြောလိုက်ပြီလား"

"ဟာ . . . ကျွန်တော်ပြောတာ ဒီကိစ္စပဲ မတင်တင်နွယ်၊ ကျွန်တော် တာတူးကို ပိုင်စိုးပိုင်နင်း ပြောဖို့ဆိုတာက ဒီသဘာဝ လောကကြီးရဲ့ . . ."

"လာပြန်ပြီလား . . . ဒီသဘာဝလောက၊ ကျွန်မကို အဲဒီလို ပြောနဲ့ ကိုကြီးကျော်၊ ရှင်းရှင်းပြော . . . ရှင် ပြောပြီးပြီလား"

"ဘယ်လိုလုပ်ပြောမလဲ မတင်တင်နွယ်"

"အို . . . ပါးစပ်လေး လှုပ်စိလှုပ်စိ လုပ်ပြီး ပြောရင်ပေါ့ရှင်၊ စကားတောင် ဘယ်လိုလုပ်ပြောရမှန်း မသိတော့ဘူးလား"

လိုရင်းမရောက်ဘဲ ချော်တောငေါ်နေသော စကားများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တင်တင်နွယ် စိတ်တိုလာပြီး ဘုထမှုတ်သည်။ ကိုကြီးကျော် ချက်နှာ တွက်ခနဲ ပျက်သွားသည်။

"ဒါတော့ ခင်ဗျားပြောမှလား၊ ကျုပ်သိတာပေါ့ဗျ"

"သိရင်ပြောပေါ့၊ ဘာဖြစ်လို့ အူလည်ချာလည်တွေ လျှောက် ပြောနေလဲ"

"ဘယ်လိုလုပ် ပြောမလဲဗျ၊ ကျုပ်က သူ့ဖအေမှ မဟုတ်ဘ ဟာ၊ သူ့အဖေတောင်မှ ဒီကိစ္စမျိုးကို သွားပြောလို့ရမလား"

"နို့ . . . ရှင် ဘာလို့ မိစုဖြတ်ဖို့ကျတော့ သွားတိုက်တွန်းလဲ ရှင်ပဲ ရှင်သဘောတူတဲ့သူနဲ့ ယူရမယ်၊ မိစုကို ဖြတ်ရမယ်တဲ့၊ တာတူး ကို ခြိမ်းခြောက်ထားတယ်ဆို"

"အဲဒါ ဘယ်သူကပြောတာလဲ"

"တာတူး"

'ဟာ . . . ခွေးကောင် ဘာတွေလျှောက်ပြောပါလိမ့်' . . ဟု စိတ်ထဲတွင် ဒေါသထောင်းခနဲ ဖြစ်သွားသည်။

"ဟာ . . . ဘာဆိုင်လို့လဲဗျ၊ သူ့ဟာသူ ဖြတ်ချင်လို့ ဖြတ် တာ၊ ခင်သီတာဆိုတဲ့ ကောင်မလေးကို သူလိုက်ချစ်လို့ မိစုကို ရမယ်ရှာပြီး ဖြတ်တဲ့ဟာပဲ" ဟု ပြောမလို့လုပ်ပြီးမှ တာတူး ကြို တင်တင် တောင်းပန်လိုက်သော စကားများကို သတိရသည်။

"ကိုကြီးကျော်သွားပြီး အကျိုးအကြောင်းရှင်းပြလိုက်ရင် ကျွန်တော့် လာဟောက်မှာဗျ၊ အရမ်းတော့ မလုပ်ပါနဲ့ ကိုကြီးရာ"

ခုမှ ဘေးကျပ်နံကျပ် ဖြစ်ပြီဟု သတိရသည်။ ဒီအတိုင်းဆို လျှင်တော့ ပြေရာပြေကြောင်း လျှောက်ရှင်းနေ၍ ရတော့မည် မဟုတ်။ ပေါက်သည့်နဖူး မထူးတော့သည့်တူတူ ပြဿနာရှာပြီး



ဘိစ္စဖြတ်တာက ပိုကောင်းမည်ဟုတွေးမိပြီး . . .

"အဲဒါနဲ့ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ တာတူးက မိစုကို ဖြတ်တာပဲ ဗျ၊ ခင်ဗျားကို ဖြတ်တာမှ မဟုတ်ဘဲ၊ ပြောစရာရှိ မိစု ပြောမှာပေါ့၊ ခင်ဗျားက ဘာလို့ဝင်ရှုပ်ရတာလဲ"

"ဘာ . . . ရှင် . . . ဘာစကားပြောတာလဲ"

"ရိုးရိုးပဲလေဗျာ၊ လူပြိန်း နားလည်အောင် ပြောတာပဲ၊ ခင်ဗျား နားမလည်ဘူးလား"

"ရှင် မစော်ကားနဲ့၊ ပါးကျိုးမယ်"

ပြောပြောဆိုဆိုနှင့် တင်တင်နွယ် ဝုန်းခနဲ ထရပ်သည်။ စားပွဲပေါ် လက်ထောက်၍ မမီမကမ်းနှင့် ပါးလှမ်းရိုက်ရန် လက်ကို အလွဲလိုက် . . .

"မမ . . . မမ . . . လွန်မယ် . . . မလုပ်ပါနဲ့"

အခန်းဝမှ တာထိတ်ထိတ်နှင့် စောင့်ကြည့်ရင်း တင်တင်နွယ် လက်ပါပါလာသည်မို့ မနေသာတော့ဘဲ မိစုနှင့် မြမြမူ ပြေးထွက် သည်။ လွှဲထားသော တင်တင်နွယ့်လက်ကို ကမန်းကတန်း ဖမ်းဆွဲ ကြရ၏။

ဒီတော့မှ ကိုကြီးကျော် မျက်လုံးပြူးသည်။

သူ အတွယ်ခံလိုက်ရတော့မည့်ဘေးမှ သီသီလေး လွတ် မြောက်သွားကြောင်းလည်း မျက်လုံးပြူးမျက်ဆန်ပြူး သတိထား လိုက်မိသည်။

ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်၏။

၆

www.burmeseclassic.com

www.burmeseclassic.com



တင်တင်နွယ်က ဆက်မရုန်းတော့ဘဲ ငြိမ်လိုက်မှ မိစု လက်ကို လွှတ်လိုက်သည်။ ပါးပေါ်သို့ မျက်ရည်များ အလိုလိုကျလာ၏။

"ကဲပါ မမရယ် . . . မိစုအတွက်ကြောင့် ဒီလောက်ပြဿနာမများကြပါနဲ့တော့၊ မိစုထိုက်နဲ့မိစုကံပဲ ရှိပါစေ၊ ကဲ . . . ကိုကြီးကျော်လည်း ပြန်တော့နော်၊ စိတ်ချပါ၊ ကိုကြီးကျော်တို့ အစီအစဉ်ကိုလည်း နောက်ထပ် မနှောင့်ယှက်တော့ပါဘူး၊ ကိုကြီးကျော်ရော တာတူးပါ စိတ်ချမ်းသာသလို လုပ်ကြပါ"

မိစုစကားအဆုံးတွင် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုချလိုက်သည်။

ကိုကြီးကျော် စိတ်ထိခိုက်သွား၏။ တင်တင်နွယ်နှင့် မြမြ့တို့၏ မျက်နှာများကို တစ်လှည့်စီ ကြည့်လိုက်သည်။

သူ့အပေါ်များစွာ မုန်းတီးရွံရှာနေကြသော အကြည့်များဟု ကောင်းစွာနားလည်လိုက်၏။

ခုမှတော့ ဘာမှမတတ်နိုင်တော့။ ခုန သူပြောလိုက်သော စကားများ၊ လုပ်လိုက်သော အပြုအမူများကို ကြည့်၍ တာတူးကို သူ ထိန်းချုပ်ထားသည်ဆိုသောအချက်ကို ဝန်ခံလိုက်သလိုဖြစ်သွားပြီ။ မဟုတ်ဘူးဟု ရှင်းပြပြန်လျှင်လည်း တာတူးကို သူ ညာတာရာကျမည်။ ထို့အပြင် အခြေအနေကလည်း ဘာမှပြောင်းလဲမည်မဟုတ်။

သူ့ကြောင့်ပဲ ထင်ထင်၊ တာတူးကိုပဲ ထင်ထင် မိစုကတော့ တာတူးကို လက်လွှတ်ရတော့မည်က သေချာနေသည်။ မိစုစကားအရ မိစုသည် ဒီကိစ္စနှင့်ပတ်သက်၍ စိတ်လျှော့လိုက်ပုံလည်းရပြီး



အာပဲဖြစ်ဖြစ် ဒီကိစ္စကို ဒီနေရာမှ တစ်ခန်းရပ်ပစ်လိုက်လျှင် ပြီးသွားပေမည်။

မိစု၏အသိုင်းအဝိုင်းများကတော့ သူ့အပေါ် ဘယ်တော့မှ အခဲကျေတော့မည်မဟုတ်။ ထာဝရ မုန်းတီးစက်ဆုပ်သွားတော့မည်မှာ သေချာသည်။

သို့သော် ဘာတတ်နိုင်တော့မည်နည်း။ ကိုယ့်ကို မုန်းမှာကြောက်၍ တာတူးပေါ် အပြစ်ပုံလွှဲချဖို့ဆိုတာကလည်း ကိုယ်က လူကြီးမပီသရာရောက်သည်။

"အင်းလေ . . . ကိုယ်က ဘာမှအပြစ်မရှိဘဲ မဆီမဆိုင်ကြားက ဝင်မားစာခံဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ကိစ္စတော့မရှိပါဘူး၊ အမှန်တရားကို ကိုယ့်ဘာသာကိုယ်သိနေရင် ပြီးတာပဲဟာ၊ မိန်းမတွေမုန်းတာတော့ မုန်းပါစေပေါ့၊ မမုန်းလို့ ချစ်နေရင်လည်း ငါက သူတို့ကို စိတ်ဝင်စားတာမှ မဟုတ်တာ၊ ဒီကိစ္စကို ဒီအတိုင်း ပြီးလိုက်တာပဲ ကောင်းတယ်"

ဆုံးဖြတ်ချက်နှင့်အတူ ချာခနဲ လှည့်ထွက်သည်။

"တောက်"

ကျောဘက်မှကြားလိုက်ရသော တင်တင်နွယ်တောက်ခေါက်သံသည် ကျောပြင်ကိုဖောက်၍ ကိုကြီးကျော် ရင်ဝသို့ စူးနစ်စိုက်ဝင်သည်။

နောက်ကို ဘယ်တော့မှ မီးဖိုချောင်ထဲဝင်၍ ဟင်းအိုးထဲမှာ ထမင်းနယ်ပြီး အိုးစွပ်ခွက်စွပ်မစားတော့ဟု ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

၂။

အခု တာတူး ရင်ထဲပူလာသည်။

ကိုကြီးကျော် ခြေလွန်လက်လွန်တွေ ပြောဆိုလာခဲ့လျှင် ဒုက္ခတော့ အကြီးအကျယ် ရောက်ပြီဟု တွေးမိ၏။

နာရီ ကမန်းကတန်း ကောက်ကြည့်လိုက်သည်။ ငါးနာရီဆယ့်ငါး။

မိစုတို့ အဆောင်မှာ ဧည့်သည်တွေ့ချိန် မီသေးသည်။ ကိုကြီးကျော် ရှိနေသေးလျှင် သိပ်ကောင်းမှာပဲ၊ တစ်ခုပဲ စိုးရိမ်သည်။ သူရောက်သည့်အချိန်တွင် ကိုကြီးကျော် ခြေလွန်လက်လွန် ပြောဆိုပြီးသွားလျှင် သူ့စကားကို မိစု နားဝင်ချင်မှ နားဝင်တော့မည်။ မိစုကို တွေ့လို့ရချင်မှ ရတော့မည်။



အို . . . ဘာပဲဖြစ်ဖြစ် ခုနေသွားလိုက်တာ မမှားပါဘူး၊ ကိုကြီးကျော်လည်း သွားမယ်ဆိုပေမယ့် သွားဖြစ်ချင်မှလည်း သွားဖြစ်ဦးမှာ၊ သွားဖြစ်ဖြစ် မသွားဖြစ်ဖြစ် နေ့မကူးခင် ဒီကိစ္စကို ဖြေရှင်းလိုက်နိုင်လျှင် အကောင်းဆုံးဟု ဆုံးဖြတ်သည်။

ထို့ကြောင့် ကားဂိတ်တွင် ဝေါင်နေရာမှ ကမန်းကတန်း အရပ်သည် လမ်းမပေါ်တွင် အလွတ်မောင်းလာသော အငှားကားတစ်စီးကို လက်တားလိုက်သည်။

ခုမှ တာတူး ဆောက်တည်ရာမရ ပိုဖြစ်လာ၏။

❀

တရိပ်ရိပ် ပြေးနေသော လေးဘီးကားလေး၏ အရှိန်ကို၊ သူ့စိတ်ထဲ နှေးကွေးလှသည်ဟု အောက်မေ့နေသည်။

ရင်ထဲမှာလည်း နောင်တအတွေးများ ဆင့်၍ဆင့်၍ ပေါ်နေသည်။

"ဘာမှမဟုတ်ဘူး၊ သက်သက်မဲ့ ငါရှုပ်တာ၊ သူ့ဟာနဲ့သူ အဆင်ပြေနေပြီးသားကိစ္စကို ဆတ်ဆတ်ဆော့ဆော့ သွားဖောက်ပြန်မိတာ၊ ခုတော့ အဆင်မသင့်ရင် ဖွတ်,မရ ဓား,မ,ဆုံးဦးမယ်"

တွေးရင်းနှင့် မျက်နှာတစ်ခုလုံး ထူပူလာသည်။ တစ်ဘက်ကပြန်တွေးကြည့်တော့လည်း ရှက်စရာကောင်းသည်။ သူ့ကိစ္စကို မိစုသာ အပြည့်အစုံ သိသွားလျှင် လုံးဝခွင့်လွှတ်မည်မဟုတ်။ ခင်သီသာကလည်း ခုနေခါတွင် သူ့အကြောင်းများ ပြန်ပြော၍ ဟားတိုက်ကောင်း ဟားတိုက်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာနှင့် ပတ်သက်၍ ဖြစ်ခဲ့သောကိစ္စသည် ရှက်တတ် လျှင် အတော်ရှက်ဖို့ကောင်းသည့်ကိစ္စ၊ တာတူးခေါင်းထဲတွင် မနေ့ ညက ကိုကြီးကျော်နှင့် လမ်းလျှောက်ဆွေးနွေးအပြီး အိမ်ပြန် ရောက်သည်ကစ၍ ဖြစ်ခဲ့သောကိစ္စများ ပြန်တွေးမိလာသည်။ မျက်လုံးထဲမှာပါ မြင်ယောင်လာ၏။

ညက အိမ်ပြန်ရောက်ရောက်ချင်း တာတူး အပြတ်စဉ်းစား သည်။ မိစုနှင့် ခင်သီတာကို ချိန်ခွင်တစ်ဘက်စီမှာ ထည့်ချိန်သ ချိန်ပြီး သူလုပ်ရမည့်ကိစ္စကို စဉ်းစားကြည့်သည်။

မိစု ...။ မိစုဘက်ကို တွေးကြည့်တော့လည်း သနား ကောင်းသည်။ မိစုမှာ ဘာအပြစ် အနာအဆာမှမရှိ၊ မိစုကို သူ မချစ်တာလည်း မဟုတ်။ ချစ်လို့ပင် ဒီလောက်ကြာကြာ ရည်းစား ဘဝတစ်လျှောက်လုံး မိစု စိတ်ချမ်းသာသလို နေခဲ့ခြင်းဖြစ်သည်။ မိစုကလည်း သူ့ကို အတော်ချစ်သည်။ အဲ ... တစ်ခုပဲ ခက်သည်။ မိစုဘက်က မှီခိုစရာ ဘာမှမရှိ။ မိစုကလည်း သာမန်စာရေးမလေး သာ ဖြစ်သည်။ မိစုမိဘများကလည်း ရန်ကုန်နှင့် မလှမ်းမကမ်း နယ်မှ သာမန်လူလတ်တန်းစား အစိုးရအမှုထမ်းများသာ ဖြစ်၏။

ခင်သီတာ ...။ ခင်သီတာကတော့ မိစုထက် အပြတ် အသတ် သာသည်။ ရုပ်ရည်တို့ ကိုယ်လုံးကိုယ်ပေါက်တို့ကတော့ တစ်မျိုးစီ လှသူချင်းမို့ ... ထားပါ။ မိစုနှင့် လယ်ဗယ်။ သို့မဟုတ် လျှော့ချင်လည်း လျှော့ထားလို့ ရသေးသည်။ သို့သော် ကျန်တာများ ကတော့ အပြတ်အသတ်မှ အပြတ်အသတ်။ ကိုယ်တိုင်ကလည်း ဆရာဝန်လောင်း၊ မိဘတွေကလည်း အပြတ်ချမ်းသာသည်။ ပြီးတော့ တစ်ဦးတည်းသောသမီး။ ခင်သီတာကိုရလျှင် သူဌေး



သားမက်၊ ဆရာဝန်မ ယောကျ်ားလုပ်ပြီး ဇိမ်နှင့်နှပ်နေနိုင်သည်။ တစ်ခုတော့ရှိသည် ... မိစုလိုတော့ သူ့အပေါ် အနွံတာခံမည် မဟုတ်။ သူကလိုက်ပြီး အနွံအတာ လိုက်ခံနေရကောင်း နေရမည်။

ထားပါ ... ဒါကတော့ သိပ်အကြောင်းမဟုတ်ပါဘူး။

သူထက် ပိုစဉ်းစားစရာက ခင်သီတာက ချုံဖုတ်ပေါ်က ငှက်နှစ်ကောင် ဖြစ်နေသည်။

မိစုက လက်ထဲက ငှက်တစ်ကောင်။

ချုံပေါ်က ငှက်နှစ်ကောင်က သိပ်သေချာတာ မဟုတ်၊ လက် ထဲက ငှက်ကတော့ သေချာပေါက်ရပြီးသား။

ခင်သီတာနှင့် သူက ဘာမှမဖြစ်သေး။ မိစုကို အပြတ်ဖြတ် ပြီးမှ ခင်သီတာက 'နိုး' ဆိုလျှင် အလကားနေရင်း မျောက်ကြီး ခင်ခေါင်းကျယ်လိမ့်မည်။

ဒီလိုတော့ အဖြစ်မခံနိုင်။ ခင်သီတာကို မက်လောက်စရာ များစွာရှိနေ၍ မက်မိသော်လည်း ခင်သီတာမရဘဲနှင့်တော့ မိစုကို လက်လွှတ်မခံနိုင်။

ဘေးက လူတစ်ယောက်ယောက်ကသာ ဤအတွေးကို သိ နိုင် မြင်နိုင်လျှင် တာတူးဆိုသည့်ကောင်အား လွန်စွာသောက်မြင် ကတ်၍ ကောင်းစွာထုထောင်းရိုက်နှက်ပစ်ချင်စိတ် ပေါ်လာမည် ဖြစ်သော်လည်း တာတူးကတော့ ဒီခေတ်မှာ ယောကျ်ားတိုင်းလိုလို ဒါမျိုး ထည့်မစဉ်းစားသူ မရှိဟု ခေတ်လူငယ်ပီပီ အများနှင့် နှိုင်း ယှဉ်၍တွေးကာ မိမိကိုယ်မိမိ လိပ်ပြာသန့်နေ၏။

"ကဲ ... ဒီတော့ ဘာလုပ်မလဲ၊ အပြတ်စဉ်းစားကွာ" ... ဟု ကိုယ်ကိုယ်ကိုယ် တိုက်တွန်းသမှု ပြုလိုက်သည့်အလား အဖိုးတန်

www.burmeseclassic.com

www.burmeseclassic.com



သော အကြံဉာဏ်တစ်ခု လက်ခံရသည်။

"အဲ . . . အဲဒါ ကောင်းတယ်" ဟု ဝမ်းသာအားရ ရေရွတ်လိုက်၏။ သူရသော အကြံကတော့ ရှင်းပါသည်။ ဒီဘက်က မသေမချာဖြစ်နေသော ခင်သီတာကိစ္စကို နည်းနည်းပါးပါး စကြည့်မည် ဆိုပါတော့၊ စာဖြစ်ဖြစ် စပေးကြည့်မည်။ လောလောဆယ် အပြေတွေဘာတွေ မရနိုင်ဘူး ထားပါဦး၊ တုံ့ပြန်ပုံ တုံ့ပြန်နည်းကိုကြည့်၍ ရေရှည်အတွက် အကျိုးရှိမရှိ မှန်းဆနိုင်သည်။

အကျိုးရှိလျှင် ဆက်လုပ် . . . အကျိုးမရှိလျှင် နောက်ဆုတ် နောက်ဆုတ်ရလျှင် မိစုဆီပြန်သွား၊ ခင်သီတာ့ကိစ္စကို မေ့ပစ်၊ အစကလိုပဲ သစ္စာရှိရှိနှင့် မိစုကို ပြန်ချစ်။

"ကောင်းလိုက်တဲ့အကြံ"

သူ့ဟာသူ သဘောကျစွာ ချီးကျူးရင်း ထိုင်စဉ်းစားနေရာမှ ထ၍ စာတစ်စောင်ရေးသည်။

သိပ်ထူးထူးထွေထွေ လုပ်မနေတော့၊ ဗလာစာအုပ်ထဲမှ အလယ်အူကြောင်း စာမျက်နှာကို ဆွဲဆုတ်၊ ကျောင်းမှာလက်ချာ လိုက်သည့် ဘောလ်ပင်လေးနှင့်ပဲ ရေးလိုက်သည်။ တစ်ခုတော့ ရှိသည်။ သူသုံးသည့် ဘောလ်ပင်က မိစုလမ်းညွှန်သဖြင့် ဝယ်သုံး မိသော ကင်ဒီခရစ်စတယ် အမည်ရှိ ရေမွှေးဘောလ်ပင်လေး။

သုံးကျပ်မတ်တင်းမျှသာ ပေးရသော်လည်း ရေးလို့ မင်လိုက် ကောင်းသည့်အပြင် မင်ထဲမှာ အမွှေးနံ့ပါသဖြင့် ရေးပြီးသော စာလုံးလေးများကို နမ်းကြည့်လျှင် မွှေးနေသည်။ ရေးနေတုန်းသော် လည်းကောင်း၊ ရေးပြီးသားကို ဖတ်လျှင်သော်လည်းကောင်း လေ ကလေးတိုက်လျှင် တသင်းသင်းနှင့် မွှေးနေသည်။



တော်ပြီပေါ့ . . . ဒီလောက်ဆို အများကြီး ရှိမန်းတစ်ဖြစ် အပဲဟု တွေးလိုက်၏။

❀

"အဲဒါဘာလဲ ကိုတာ"

မနက်စောစောစီးစီးကျောင်းရောက်ရောက်ချင်း တာတူးက ကျောင်းအဝင်အဝမှ စောင့်၍ စာတစ်စောင်ပေးသဖြင့် ခင်သီတာ က နားမလည်သလို ကြည့်ရင်း ပြန်မေးသည်။

အဲ . . . "ကိုတာ" ဆိုသည်ကတော့ ဒီရက်များအတွင်း ခင်သီတာ၏ ပြောင်းလဲသွားသော အခေါ်အဝေါ်ဖြစ်သည်။ တာတူးကလည်း နည်းနည်းပြောင်းခေါ်နေပြီဖြစ်၏။

"စာပါ . . . သီတာ၊ သီတာကို ပြောချင်တဲ့စကားတွေ ရေး ထားတဲ့စာပါ"

ခင်သီတာ သက်ပြင်းချသည်။ တာတူးကိုလည်း ခဏကြာ ကြာလေး ကြည့်လိုက်ပြီး . . .

"ရည်းစားစာလား"

"ဟုတ်တယ်"

တစ်ဘက်ကမြောင်းမေးပြီမို့ တာတူးလည်းရှောင်မနေတော့ ဘဲ တစ်ခါတည်း ဝန်ခံလိုက်သည်။ ပိုတောင်ကောင်းပါသေး၏။ တစ်ခါတည်း ဝန်ခံတော့ တုံ့ပြန်မှုကိုကြည့်ပြီး တစ်ခါတည်း အဖြေ ကို မှန်းဆ၍ရသည်။

"ဒါဖြင့်လည်း မဖတ်တော့ပါဘူး၊ စာထဲမှာ ကိုတာ သီတာ့ကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာပဲ ရေးထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ လိုရင်းကတော့ ဒီအဓိပ္ပာယ်ပါပဲ၊ ဒါပေမဲ့ နည်းနည်းတော့ ဖတ်ကောင်းအောင် ရေးထားတာပေါ့၊ နောက်တစ်ခုက သီတာ့ဆီက အဖြေလိုချင်ပါတယ်ဆိုတာလည်း ပါသေးတယ်"

ခင်သီတာက ပြုံး၍ခေါင်းငုံ့သည်။ ပြီးမှ မျက်နှာပိုးကို လှလှလေးသတ်၍ အရှက်ပြေ ဆံပင်များကို ခါတင်လိုက်ပြီး . . .

"အင်းပါ . . . ဒါကတော့ သိတာပေါ့၊ ဒီလိုလုပ်လေ၊ သီတာ ပါးစပ်နဲ့တော့ အဖြေမပေးချင်ဘူး၊ သီတာစာနဲ့ ရေးပြီးပြောမယ် ကိုတာ ညနေကျရင် လာမလား"

"ဘယ်အချိန် လာရမလဲ"

"ညနေလေးနာရီ ကျောင်းဆင်းတော့ လာပေါ့နော်"

တာတူး ကျေနပ်စွာ ခေါင်းညိတ်သည်။ ဒီလိုတော့လည်း အခြေအနေက တယ်ကောင်းပါလားဟု ကြည်နူးသွားသည်။ ထို့ကြောင့် နှုတ်ဆက်၍ ကိုယ့်ကျောင်းကိုယ် ပြန်မည်လုပ်ပြီးမှ . . .

"သြော် . . . ခဏ သီတာ"

"ဘာလဲ ကိုတာ"

"ဒီလိုလေ . . . ပြောစရာရှိတာတော့ ပြောပြီးပြီပေါ့၊ ဒါပေမဲ့ သီတာ့လိုပဲ ကိုယ်လည်းပြောစရာအကုန်လုံးကို ပါးစပ်နဲ့ မပြောရဲလို့ စာထဲမှာ ပြည့်ပြည့်စုံစုံ ရေးထားတာလေးလည်း ဖတ်ကြည့်ဦးနော်"

ခင်သီတာက ပြုံးပြီး ခေါင်းညိတ်ပြန်သည်။

"အင်းလေ . . . ပေးချင်လည်း ပေးခဲ့၊ ဖတ်ကြည့်ရတာပေါ့ ဒီစာရေးဆရာနဲ့ ဘယ်သူက အရေးအသား ပိုကောင်းလဲဆိုတာ"

ခင်သီတာက အငှားဆိုင်မှ ငှားလာဟန်တူသော စာအုပ်



တစ်အုပ် ထောင်ပြပြီးပြောသဖြင့် စာအုပ်ကို အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်လိုက်သည်။ စာရေးဆရာနာမည်က ထော်လော်ကန့်လန့်နာမည်ကြီးမို့ သိပ်စိတ်ဝင်စားစရာ မကောင်းသော်လည်း စာအုပ်နာမည်လေးကတော့ ချစ်စရာကောင်းသည်။

မေတ္တာ ရှိ ရင်း စွဲ ဗို့ လွဲ နိုင် ပါ ဘူး ရှင် . . . တဲ့။

ဂန်ဂျာ . . . အဲလေ . . . နွမ်ဂျာသိုင်း၏စာအုပ်။

၅

မေတ္တာရှိရင်းစွဲလည်း လွဲချင်တော့ ကြုံဖန်လွဲ၏။

မနက်က အခြေအနေကောင်းပြီးကတည်းက တစ်နေ့လုံး တာတူး စိတ်ချမ်းသာခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် ညနေကျလျှင် ခင်သီတာနှင့်သူ ရည်းစားဖြစ်ပြီဟုလည်း အပိုင်တွက်ထားခဲ့သည်။

နှစ်ဆယ်ရာစု မိန်းကလေးပီပီ . . . ရာစုနှစ်၏ သေတ္တာအဟောင်းကြီးထဲက မိန်းကလေးများကဲ့သို့ ရှက်သလိုလို ကြောက်သလိုလို တောင်လိုလို မြောက်လိုလိုလုပ်ပြီး နောက်ဆုံးကျတော့ ရှင်း ဒုံရင်းဆိုက်မည့်ကိစ္စကို ဟိုရှေ့ဒီရှောင် ခင်သီတာမလုပ် . . . မြောင် ရင်ဆိုင်သည်။

သို့သော် မြန်မာပြည်မှာနေသည့် မိန်းကလေးတတော့ မြန်မာပြည်က မိန်းကလေးမို့ ပေးရမည့်အဖြေကို အချိန်ကလေး နည်းနည်းယူပြီး 'မိန်းမတို့ဣန္ဒြေ' ဆိုစွ ထိန်းသိမ်းလိုက်ခြင်းသာ ဖြစ်မည်ဟု ထင်ခဲ့သည်။

သို့သော် ညနေကျတော့ တာတူး ကောင်းမှတ်၏။

www.burmeseclassic.com

www.burmeseclassic.com



လေးနာရီကျော်ကျော် ကျောင်းဆင်းချိန်ရောက်သွားသော အခါ ခါတိုင်း ခင်သီတာနှင့်တွေ့သည့်နေရာ အယ်လ်စီအာရှေ့တွင် ခင်သီတာ မရှိ။ တာတူးနှင့် မျက်မှန်းတန်းမိနေသော ခင်သီတာ၏ သူငယ်ချင်း ကောင်မလေးတစ်ယောက် ရှိနေသည်။

တာတူးကိုမြင်သောအခါ ထိုကောင်မလေးက လက်ကလေး ထောင်ပြ၍ ခေါ်လိုက်ပြီး . . .

"သီတာက စာပေးခိုင်းလိုက်တယ်"

"ဩော် . . . ကျေးဇူးပဲနော်"

ခင်သီတာရယ် . . . အချင်းချင်းတွေပဲ ဒီလောက်ရှက်နေ စရာ မလိုပါဘူး၊ ဘာညာတွေ တွေးရင်း စာယူပြီး ကျောင်းနောက် ဘက် စားသောက်ခန်းအထိ သွားသည်။ ဟိုကျမှ အအေးတစ်ခွက် မှာရင်း ဟန်ကျပန်ကျ စာကို ဖွင့်ဖတ်သည်။

ကိုတာ့ကို ရှာသွားသလိုချိုးဖြစ်ခဲ့တာ ခွင့်လွှတ်ပါကိုတာ...

"သွားပြီ"

ပထမဆုံး စာကြောင်းကို မြင်လိုက်သည်နှင့် ကိစ္စအားလုံး ပြတ်သွားပြီဟု တာတူး တွက်လိုက်မိသည်။ သို့သော် ဘယ်လိုကနေ ဘယ်လို နောက်ကောက်ကျသွားသည် ဆိုသည်ကို သိချင်သေး သဖြင့် ကျန်ရှိနေသေးသော စာသားများကို ဆက်ဖတ်ကြည့်သည်။

အမှန်တော့ သီတာ့အနေနဲ့ ကိုတာ့ကို သီးခြားအပြောတစ်ခု ပေးရရင် ကိုတာ့ကို ခင်လည်းခင်ပါတယ်။ ပြီးတော့ ချစ်လည်း ချစ်နိုင်ပါတယ်။

ဒါပေမဲ့ သီတာ့မှာ ချစ်သူရှိပြီးသား ကိုတာ။

သီတာ့ချစ်သူက သင်္ဘောဝန်ထမ်းပြီး အလုပ်ပိတ်ရက်တွေမှာ ဘာမိတ်ကူး ပေါက်သွားလဲမသိဘူး၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ် ဘာညာနဲ့



စိတ်တွေပေါက်ပြန်လာတာနဲ့ သီတာလည်း စိတ်သိုးပြီး နိုင်ငံခြားသွားချင်ရင် နယ်ကြာနေကြတာ၊ ပိုနေလည်း ဘာမှမပတ်သက်ချင်တော့.. ဒီလိုနဲ့ ထိုင်ပြည်သို့ချစ်တဲ့ လူမျိုးကိုလည်း မုန်းတယ်... ဘာညာပြောပြီး ပြတ်သားတာ။

အဲဒီမှာ ကိုတာနဲ့သံပြီ ကိုတာနဲ့က ကျောင်းတုန်းက သူငယ်ချင်းတွေလည်း ဖြစ်တယ်၊ ကိုတာနဲ့ စကားပြောနေရတဲ့ အချိန်လေးတွေမှာ ဟိုတက်ကိုဖြစ်တဲ့ ဒေါသတွေ ပျေပြီး စိတ်ချမ်းသာနေခဲ့လို့ ကိုတာနဲ့ တွဲနေခဲ့တာပါ၊

မှန်တာဝန်ခံရရင် ဒီအတိုင်း ဘာမှ အပြောင်းအလဲ မဖြစ်ရင် ကိုတာ့အချစ်ကို သီတာ လက်ခံလိုက်မှာပဲ။

ဒါပေမဲ့ မနေ့ကညနေတုန်း တိုက်တိုက်ဆိုင်ဆိုင် သီတာ့ချစ်သူက ပြန်လာပြီး သွားသွားတဲ့အကြောင်း တောင်းပန်တယ်၊ သူ့ကို ခွင့်လွှတ်ဖို့ အကြောင်းလည်းပြောတယ်၊ သူ မသွားတော့ဘူးလို့လည်း ကတိပေးတယ်၊ ကဲ ... တစ်ခုပဲရှိတယ်၊ သီတာ သူ့ကို ပြန်လက်မခံရင်တော့ သူ သီတာနဲ့ဝေးအောင် သွားမယ်ဆိုတော့ ... သီတာလည်း နဂိုကချစ်ခဲ့တဲ့ ချစ်သူတွေလည်း ဖြစ်တယ်၊ ပြီးတော့ တခြားဘာပြဿနာမှလည်း မရှိဘူး၊ ရှိခဲ့တဲ့ ပြဿနာကိုလည်း သူက မလုပ်တော့ဘူး၊ နောက်ပြီး သီတာက သူ့ကို ပြန်လက်မခံရင် ... ဖြည့်ထား ရှေ့ကနေ့တွေကြည့်ပြီး သင်တန်းတဲ့ သဘောဝန်ထမ်းတစ်ယောက် တိုင်းပြည်က သုံးရုံမှာကို တွေးမိတာနဲ့ ...

"တောက်"

တာတူး စိတ်ထဲကနေ၍ တောက်ခေါက်လိုက်သည်။ ပြန်တွေးနေရာမှ သတိဝင်၍ အပြင်သို့ ကြည့်လိုက်သော အခါ မိစုတို့ အဆောင်ဘက်သွားသည့် မြေနီလမ်းထိသို့ပင် ချုံးဝင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်ကြောင်း သတိပြုမိသည်။ လမ်းကြားထိပ်ရောက်လျှင် အဆင်သင့်ရှင်းရန် အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက် ထုတ်လိုက်ပြီး အံကြိတ်လိုက်သည်။

နောက်ဆုံးတော့ ပိုနေမြဲ ကျားနေမြဲဆိုသည့် စကားပုံ ပုံပြင်ထဲကအတိုင်း မောင်ပိုလည်း မောင်ပိုနေရာ ပြန်နေ၊ ကျားလည်း ကျားနေရာ ပြန်နေဖို့ပဲ ရှိတော့သည်။

သို့သော် မောင်ပိုက မောင်ပိုနေရာ ပြန်ရောက်သွားပြီး ကျားက ကျားနေရာ ပြန်မရောက်မှ ဒုက္ခဟုလည်း တွေးမိ၏။ ပိုနေမြဲဖြစ်ချိန်တွင် ကျားနေမြဲ မဖြစ်မှ တာတူးတို့ ရင်ကွဲမည်။

အားလုံးကို အချိန်မီစွာ ပြန်လည်ပြုပြင်နိုင်ပါစေဟု စိတ်ထဲက ကျိတ်ဆုတောင်းလိုက်၏။

၃။

"ကဲ . . . တော်ပါတော့ မိစုရယ်၊ ကိုယ့်လူကမှ အားမကိုးရတဲ့ဥစ္စာ၊ ငိုနေတော့ရော ဘာထူးမှာမို့လို့လဲ"

"ဟုတ်တယ် မိစု၊ ခုကိစ္စမှာ အဓိကလူက တာတူးပဲ၊ တို့က ကိုကြီးကျော်ဆိုတဲ့ လူကြီးကို အမြင်ကတ်လို့သာ ဝိုင်းအပြစ်ပြောနေကြတာ၊ အသုံးမကျတာက တာတူး၊ နင့်လူက ယောက်ျားမဟုတ်သလိုပဲ၊ ဘယ်သူ ဘာပြောပြောပေါ့ဟာ၊ ကိုယ်လုပ်ချင်တာ လုပ်ရမှာပေါ့"

အခန်းထဲ ပြန်ရောက်ကတည်းက ငိုကြွေးမပြတ်နိုင်သော မိစုကိုကြည့်၍ မြမြမူနှင့် တင်တင်နွယ်တို့ နှစ်ယောက်လုံး ဝိုင်းပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြမြမူက ကိုကြီးကျော်ထက် တာတူးကို ပိုအပြစ်တင်သော်လည်း တင်တင်နွယ်ကတော့ နှစ်ယောက်စလုံးကို မုန်းသွား၏။

"အကောင်းဆုံးကတော့ နင် တာတူးကို ယတိပြတ်ဖြတ်ပစ်လိုက်တာပဲ မိစု၊ နင့်ဘက်က မျှော်လင့်နေဖို့ကို မကောင်းတော့ဘူး။ ဒီလိုယောကျ်ားမျိုးနဲ့ နင်ရရင်လည်း တစ်သက်လုံး စိတ်ဆင်းရဲရတာပဲ အဖတ်တင်မှာပဲ"

"အင်းပါ . . . မမရယ်၊ မိစုလည်း ဘယ်သူ့ကိုမှ မမျှော်လင့်တော့ပါဘူး၊ ခုဟာက မိစု ရှက်လည်းရှက်၊ ဝမ်းလည်းနည်းလို့ ငိုတာပါ။ မိစုကြောင့် မမတို့ အလကားနေရင်း ရန်ဖြစ်ရ၊ ဒေါသထွက်ရနဲ့ မမတို့ကို မိစု အားနာတာပါ"

"လုပ်မနေနဲ့ မိစု၊ ဒီဟာမျိုးကြီးနဲ့ကတော့ ရန်ဖြစ်ရတာ နည်းတောင် နည်းသေးတယ်၊ စကားပြောကို အပေါက်အလမ်း တည့်မယ့်ဟာကြီး မဟုတ်ဘူး"

မြမြမူက ရယ်သည်။ တစ်ယောက်က ငိုနေ၊ တစ်ယောက်က ဒေါသဖြစ်နေချိန်မို့ သိပ်ပွင့်ပွင့်လင်းလင်းကြီးတော့ မရယ်ဖြစ်၊ ရယ်သည်ဆိုရုံမျှသာ ရယ်၍ . . .

"မမက ဒေါသဖြစ်တာ၊ မြမူက အဲဒီလူကြီး စကားပြောတာကြည့်ပြီး ရယ်ကိုရယ်ချင်တာ၊ ဘာတွေလဲ မသိဘူး၊ စကြဝဠာတွေရော ဩကာသလောကတွေပါ စုံနေတာပဲ"

"အဲဒါ အမြင်ကတ်လို့ ထ,ရန်ဖြစ်တာပေါ့၊ ပြောရမယ့်စကားကို တဲ့တိုးပြောတာ မဟုတ်ဘူး၊ သူ့ကိုယ်သူ လူတတ်ဖြစ်ကြောင်းလည်း ကြွားရသေးတယ်၊ ဒီလူမျိုးစကားများ တာတူးဆိုတဲ့အကောင်က ဘယ်လိုလုပ် နားထောင်ရသလဲ မသိဘူး"



"နားထောင်တာလည်း ဟုတ်ချင်မှဟုတ်မှာပါ မမရယ်၊ တာတူးကိုက အလိုတူအလိုပါ လုပ်နေတာလည်း ဖြစ်နိုင်ပါတယ်၊ မြမူတော့ သိပ်မထင်ဘူး၊ ကိုကြီးကျော်ဆိုတဲ့ လူကြီးကြည့်ရတာ စကားသာ တောင်ပြောမြောက်ပြော ပြောပေမယ့် သဘောကောင်းပုံရတယ်"

တင်တင်နွယ်မျက်စောင်း မြမြမူထံ စူးစူးရဲရဲ ရောက်သွားသည်။

"တော်တော့ မြမူ၊ နင့်လည်း ငါ သိပ်ကြည့်မရချင်တော့ဘူး၊ အစကတည်းက နင့်ကို ငါ အကဲခတ်ကြည့်နေတာ၊ အဲဒီလူကြီး အကြောင်းပြောရင် နင် အမြဲရှေ့က ကာဆီးကာဆီးနဲ့၊ ဘာလဲ နင်က အဲဒီလူကြီးကို ကျိတ်ကြိုက်နေလို့လား"

'ဘယ်က မြမူကြိုက်ရမှာလဲ မမရဲ့၊ မြမူက မမနဲ့ကြိုက်သွားစေချင်တာ၊ ဘာဖြစ်လို့လဲတော့ မသိဘူး၊ မမ အဲဒီလူကြီးဆီ သွားရန်တွေ့မယ်ဆိုကတည်းက မြမူတော့ မမနဲ့ အဲဒီလူကြီး တစ်နည်းနည်းနဲ့ ဖြစ်သွားလိမ့်မယ်လို့ ထင်တာ၊ ခုလည်း ဒီထင်ကြေး မကုန်သေးဘူး'

မြမြမူ ဤစကားများကို နှုတ်မှ ဖွင့်မပြောဖြစ်၍၊ တင်တင်နွယ် ဒေါ်ပွနေချိန်တွင် ဤစကားသွားပြောမိပါက ဒေါသများဦး ကိုယ့်ဘက်လှည့်လာမှာ စိုးသဖြင့် . . .

"ဟာ . . . မမကလည်း ပေါက်တတ်ကရ" ဟုသာ ပြော၍ ရယ်နေလိုက်သည်။

"ညည့်သည် လာတယ်"

အခန်းပေါက်ဝမှ ကြားလိုက်ရသော အသံကြောင့် သုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ချာခနဲ လှည့်ကြည့်ပြန်သည်။ အားလုံးလည်း အံ့အား သင့်သွားကြ၏။ ညည့်ချိန်ကုန်ခါနီးမှ ဘယ်ကဧည့်သည်က ရောက် လာရပြန်တာလဲဟု တွေး၍ မြမြမူက . . .

"ဘယ်သူ့ဧည့်သည်လဲ ညီမ"

"မမစု ဧည့်သည်"

"ဟင် . . ."

မိစု အံ့အားသင့်စွာဖြင့် ကပျာကယာ ထထိုင်သည်။ ထို့ နောက် ပျာပျာသလဲလှမ်း၍ . . .

"ဘယ်သူလဲ"

"မမစုဆီ ခါတိုင်းလာနေကျ အစ်ကိုကြီးပဲ"

"တာတူးလား"

တင်တင်နွယ်က ဝင်မေးသည်။

"ဟုတ်တယ် မမ"

"ဟေ . . ."

အားလုံးက စောစောကထက် ပို၍ အံ့အားသင့်ကုန်ကြ၏၊ ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီမသိ။

သုံးယောက်စလုံး တစ်ပြိုင်နက်တည်း ထရပ်လိုက်ကြပြန် သည်။

၆

ဧည့်ခန်းထဲ ဝင်လာသောအခါ မိစု၏မျက်နှာသည် စော စောကနှင့် မတူတော့။



ကျသော မျက်ရည်များကိုသုတ်ပြီး မျက်နှာပေါ်တွင် ဘာညာ ဘာညာလေးများ လိမ်းဖို့ထားသဖြင့် ငိုထားမှန်း သိပ် မသိသာတော့။ ဆံပင်တွေ ဘာတွေလည်း သပ်ရပ်နေပြီ။ သို့သော် မျက်နှာလေးကတော့ ယောင်ယောင်လေး တင်းမာနေ၏။ အသံ ကလည်း ထိုနည်းတူ . . .

"ဘာကိစ္စလဲ . . . ဘာလာလုပ်တာလဲ"

"ဟင် . . . မိစုဆီ ကိစ္စရှိမှ လာရမှာလား မိစုရဲ့၊ ခါတိုင်း လိုပေါ့၊ မိစုမေးပုံကြီးက သူစိမ်းတွေကျနေတာပဲ"

တာတူးက တတ်နိုင်သလောက် မျက်နှာချိုလေး သွေး၍ ပြောလိုက်သည်။

မိစုကတော့ လေသံရော မျက်နှာပါ မလျှော့ဘဲ . . .

"ဟင့်အင်း . . . ခုမှလာပြီး သူစိမ်းတွေ နှစ်စိမ်းတွေ ဘာ တွေ လာလုပ်ပြီး ရောမပစ်နဲ့၊ ပြော ဘာကိစ္စလဲ . . . ဘာလာလုပ် တာလဲ"

"ဟင် . . . စောစောက ကိုကြီးကျော် မလာဘူးလား"

"လာသားပဲ . . . အဲဒါ ဘာဖြစ်လဲ"

"ကိုကြီးကျော် ဘာမှပြောမသွားဘူးလား"

ခုမှတော့ မထူးတော့ပြီမို့ စောစောလေးကတင် ရလိုက် သည့် အကြံအတိုင်း အတင်းလိုက်လုပ်ပစ်ရန် ကြိုးစားတော့သည်။ ကိုကြီးကျော်တော့ လာသွားပြီဟု ပြောသည်။ ဘာတွေပြောသွားလို့ ဘာတွေဖြစ်နေကြပြီ မသိ။ သို့သော် အကြောင်းမဟုတ်။ သူရလိုက် သည့် အကြံက ကိုကြီးကျော် ဘာပြောသွားသွား၊ ဘာဖြစ်ခဲ့ဖြစ်ခဲ့၊ သူဖြစ်ချင်တာဖြစ်အောင် လုပ်လို့ရသည့်အကြံ။

www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါ ဖြစ်သွားသူက မိစု။

"ဘာပြောရမှာလဲ၊ သူက ဘာပြောစရာရှိလို့ ဘာပြောရမှာလဲ . . . သူပြောစရာရှိတာပဲ ပြောသွားတာပေါ့"

တာတူး နည်းနည်း အကြံအိုက်သွားသည်။ မိစုစကားမှနေ၍ ကိုကြီးကျော် ဘာပြောသွားသည်ကို မှန်းမရ။

ထို့ကြောင့် အတင်းချိုထားသော မျက်နှာကို ဒီထက်ပိုချိုအောင် ချဲ့လိုက်ရင်း . . .

"အဲဒါဆို ပြီးနေတာပဲ မိစုရယ်၊ မိစုလည်း အကျိုးအကြောင်း သိပြီးနေမှပဲဥစ္စာ၊ ဘာလဲ မောင့်ကို ဒါကျတော့ ခွင့်မလွှတ်ဘူးပေါ့၊ အဲဒါတော့ မိစု မတရားဘူး၊ မိစုတုန်းကတော့ မောင်လည်း မိစုလိုပဲ ခံစားခဲ့ရတာပဲဥစ္စာ"

ပြောပြောဆိုဆိုနှင့် မိစုလက်ကို လှမ်းကိုင်ရန် ကြိုးစားသည်၊ မိစုက, လက်ကို ပြန်ဖယ်ရင်း မျက်မှောင်ကြုတ်၍ ကြည့်ပြီး . . .

"နေပါဦး . . . ဘာတွေ လာပြောနေတာလဲ၊ ဘာအကျိုးအကြောင်း သိရမှာလဲ"

"နို့ ကိုကြီးကျော်ပဲ ပြောပြသွားပြီဆို"

"အို . . . ကိုကြီးကျော် ပြောတာက ရှင် ကျွန်မကို ဖြတ်တယ်ဆိုတာ ဟုတ်တယ်လို့ပဲ ပြောသွားတာပဲ၊ ဘာအူလည်လည် လာလုပ်ပြန်တာလဲ"

'ဩော် . . . တစ်ချက်တော့ရပြီ' ဟု တာတူး ကျေနပ်သွားသည်။ ထို့ကြောင့် အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီး . . .

"ကိုကြီးကျော်ကတော့ လုပ်တော့မယ်၊ ဘယ်သူနဲ့ ပြောတာလဲ၊ မိစုနဲ့ ပြောတာလား"



"မဆိုင်ပါဘူး . . . ကျွန်မနဲ့ ကိုကြီးကျော်နဲ့ သိတာမှမဟုတ်ဘဲ၊ မမနဲ့ဖြစ်တဲ့ကိစ္စ၊ မမနဲ့ပဲ ပြောသွားတာပေါ့"

ဟုတ်ပြန်ပြီ . . . ဒုတိယအချက် ထပ်ရပြန်ပြီဟု တွေးပြန်၍ . . .

"အင်း . . . လူပျိုကြီးကတော့ အပျိုကြီးကနေတစ်ဆင့် ချောက်တွန်းပြန်ပြီနဲ့ တူပါတယ်၊ အင်း . . . ပြောပါဦး၊ "ကိုကြီးကျော်က မမကို ဘာပြောသွားလဲ"

"ဘာပြောရမလဲ . . . တာတူးက မိစုကိုဖြတ်တဲ့ကိစ္စ၊ မိစုက တာတူးကို ပြောပါစေပေါ့၊ ခင်ဗျားက ဘာဝင်ရှုပ်ရတာလဲတဲ့၊ မမက ...းထရိုက်မလို့ မနည်းဆွဲနိုင်လို့ သက်သာသွားတာ"

"ဟောဗျာ . . . ဘယ်လိုတွေ ဖြစ်ကုန်တာလဲ၊ ကိုကြီးကျော်က ဒါပဲ ပြောလား၊ သေသေချာချာ ရှင်းပြမသွားဘူးလား"

"လုပ်မနေနဲ့၊ ဒါပဲပြောတာ"

"အဲ . . . ဖြစ်ရမယ်၊ ကိုကြီးကျော်နဲ့ကတော့ ဒုက္ခပါပဲ၊ ကဲ . . . ကဲ ဒါဖြင့် အေးအေးဆေးဆေး ထိုင်ပါဦး မိစုရယ်၊ မောင် ရှင်းပြပါ့မယ်၊ တော်သေးတာပေါ့၊ မောင်လည်း ကိုကြီးကျော်ကို ...တ်မချတာနဲ့ တမင်ထပ်လိုက်လာခဲ့တာ၊ ခဏလေးထိုင်ပါဦး"

တာတူးက ကိုကြီးကျော်ရှေ့က ဝင်သွားသမျှ သိသင့်သလောက် သိလိုက်ရပြီမို့ စိတ်နည်းနည်း အေးသွားပြီး အမူအရာ ...ပြည့်ဖြင့် မိစုကို တောင်းတောင်းပန်ပန် ပြောသည်။

ခုမှ ဒုက္ခရောက်သွားသူက မိစု။ တာတူး လာခြင်းသည် ...ကြီးကျော်နှင့် မမဖြစ်သည့်ကိစ္စကို ကိုကြီးကျော် မကျေနပ်သဖြင့် ...ကို လွှတ်ပြီး အ[illegible]ငင်းခိုင်းတာဟု မူလက ထင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာတူးက ဒီကိစ္စတွင် မမတို့ ဘာတို့နှင့် ထပ်မပြောပါနှင့်တော့၊ သူနှင့်မိစု ဘယ်လိုမှ မဖြစ်နိုင်တော့ကြောင်းဆိုသည့် စကားမျိုးသာ လာပြောခြင်း ဖြစ်မည်ဟု မိစု ထင်ခဲ့သည်။

ထို့ကြောင့် ချင်းစိမ်းနှင့် မိသလင် . . . သူကြင်မှ ကိုယ်ကြင်သဘောထားလျက် မျက်နှာတင်းတင်း၊ လေသံပြတ်ပြတ်နှင့် ထွက်လာသည့်ကိစ္စ။

ခုကျတော့ တာတူးစကားကြောင့် သူပါ အူကြောင်ကြောင်ဖြစ်သွားသည်။ ဘာတွေဖြစ်လို့ ဘာတွေဖြစ်နေမှန်းပင် မသိတော့။

အခန်းပြင်မှ စောင့်နားထောင်နေကြသော မြမြမူနှင့် တင်တင်နွယ်တို့လည်း ဦးနှောက်ချာလည်လိုက်ကုန်ကြ၏။

တစ်ယောက်မျက်နှာတစ်ယောက် ပြူးတူးပြတဲနှင့် ကြည့်လိုက်ကြ၏။

❀

ထိုင်ရမလို ထရမလိုဖြစ်နေသော မိစု၏ ဇဝေဇဝါမျက်နှာကို အကဲခတ်လိုက်ပြီး တာတူးက . . .

"ကဲ . . . လာပါဦး မိစုရယ်၊ ဒီကိစ္စကို မောင် သေသေချာချာနဲ့ အစအဆုံး ရှင်းပြပါ့မယ်၊ မောင်နဲ့ အောက်ခဏလိုက်ခဲ့"

ပြောပြောဆိုဆိုနှင့်ထရပ်ပြီး မိစုလက်ကို လှမ်းဆွဲသည်။ မိစုကပျာကယာ လက်ကိုရုပ်၍ . . .

"ဘာကိစ္စ အောက်သွားရမှာလဲ၊ ဒီမှာပဲပြောပေါ့"

တာတူးက ဘေးဘီတစ်ချက် ကြည့်သည်။



"ဒီမှာပြောလို့ မကောင်းလို့ပါ မိစုရယ်၊ မိစုတစ်ယောက်တည်း သိသင့်တာတွေလည်း ပါလို့ပါ။ တော်ကြာ မမတို့၊ မြမူတို့ကြားသွားရင် မကောင်းဘူး"

တာတူးဟန်က မှင်အရမ်းသေသည်။ 'တော်ကြာ မမတို့၊ မြမူတို့ ကြားသွားရင် မကောင်းဘူး' ဆိုသော နေရာအရောက်အသံကိုနှိမ့်၍ လေသံသာသာနှင့်ပြောလိုက်သဖြင့် တင်တင်နွယ်တို့ ချောင်းနားထောင်နေရမည့်ကိစ္စကို မိစု အမှတ်ရလိုက်သည်။ ညည့်ခန်းမှစကားများကို တစ်ခါတစ်ရံ ချောင်းနားထောင်တတ်သည့် သူတို့အကျင့်ကို တာတူးက သိနေသည်။

"ဒါဖြင့်ဆင်း . . . ရှေ့က သွား"

မိစုစကားကြားမှ တာတူး သက်မတစ်ချက် လူ့မသိအောင် ခိုးချသည်။

ဒီအခြေအနေအထိ ရောက်လာလျှင် နောက်ပိုင်းကိစ္စများက သိပ်မခက်တော့ဟု ကောင်းစွာ ယူဆလိုက်နိုင်၏။

❀

"အမှန်က ဒီလိုမိစု . . . ရုပ်ရှင်ရုံမှာ မိစုကို ယောကျ်ားတစ်ယောက်နဲ့ စကားပြောနေတာ တွေ့လိုက်တော့ မောင့်စိတ်ထဲမှာ မိစုကို အထင်လွဲသွားတယ်၊ မိစု မောင့်ကို တကယ်ချစ်ရဲ့လားသစ္စာမှ ရှိရဲ့လားလို့ သံသယဝင်သွားတယ်၊ ဒါ မောင့်ရင်ထဲမှာ တကယ်ဖြစ်သွားတာပါ။

မောင့်စိတ်ထဲမှာ ဒေါသလည်းဖြစ်တယ်၊ ဝမ်းလည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ ခံလည်းခံပြင်းတာနဲ့ ကိုကြီးကျော်တို့ကို အဲဒီအကြောင်း ပြော ပြတယ်၊ ညတွင်းချင်းပဲ စာကောက်ရေးပြီး မိစုဆီ ဖြတ်စာရေးလိုက် တယ်။

နောက်နေ့ကျတော့ သန်းစိုးဆီကရော မိစုစာထဲမှာ ေ ထားတာရော တွေ့မှ အဲဒီကိစ္စမဟုတ်မှန်း အဖြစ်မှန်ကို သိတယ် ဒါပေမဲ့ မောင့်စိတ်ထဲမှာ မိစု တကယ်ချစ်မချစ်ဆိုတာလည်း သိချ သေးတယ်၊ နောက်ကိုလည်း မိစု ဒါမျိုးမလုပ်ဖြစ်အောင်၊ ဒါမျိုးလု လာရင် ကျန်တဲ့တစ်ယောက် ဘယ်လောက်စိတ်ဆင်းရဲရတယ်ဆ တာလည်း မိစု ကိုယ်ချင်းစာတတ်အောင် လုပ်ချင်သေးတာနဲ့ ကိုကြ ကျော်နဲ့ တိုင်ပင်ပြီး လုပ်ဇာတ်တစ်ခု ထွင်လိုက်တာ။

အမှန်တော့ ဒီဇာတ်လမ်းက တကယ်မဟုတ်ဘူး၊ ကိုကြ ကျော် သဘောတူတယ်ဆိုတာလည်း မရှိဘူး၊ မောင်လည်း မိစုက လွဲလို့ ဘယ်သူ့ကိုမှလည်း မချစ်ဘူး၊ ယူလည်းမယူပါဘူး၊ ဘာပြသ နာမျိုးတွေ့တွေ့ မိစုကို ရအောင်ယူမှာပဲ။

မောင်တို့အစီအစဉ်က သန်းစိုးကနေတစ်ဆင့် ဒီကိစ္စတွေက ကြားအောင် ပြောလိုက်မယ်၊ မိစုဆီကို တည့်တည့်ပြောပြီး ညာ လည်း မညာချင်၊ နောက်ပြီးတော့ မိစုကို ရှင်းပြတဲ့အခါကျရင်လည် ပေါ် . . . မောင်ဘယ်တုန်းက ဒီစကား မိစုကို ပြောခဲ့လို့လည်းဆ ပြီး မိစုကို နောက်ရအောင်ဆိုပြီး သက်သက်မဲ့ မိစုစိတ်ညစ်အောင် လုပ်လိုက်တာ။

အဲဒီမှာ မမတို့ ဘာတို့ ပါလာပြီး ကိုကြီးကျော်ကို အသ လွှတ် လာပြောက်တော့မှ မိစုလည်း မောင့်ကို တကယ်ချစ်ပါလာ လို့လည်းသိ၊ ပြီးတော့ မဆီမဆိုင် ကိုကြီးကျော်ကိုလည်း စိုင်းအထ

www.burmeseclassic.com



လွဲကုန်တော့ ဒီကိစ္စကို ချက်ချင်းရှင်းပြမှ ဖြစ်တော့မယ်ဆိုပြီး ဒီနေ့ မောင် လာရှင်းတာ၊ ဒါပေမဲ့ ကိုကြီးကျော်က သူ အရင်သွားမယ်၊ ငါ့ပေါက်သွားတဲ့ အမျိုးသမီးနဲ့ ငါ တွေ့ချင်သေးတယ်ဆိုပြီး အရင် ထွက်သွားတော့ မောင်လည်း နောက်ကျမှ လာခဲ့ရတာ"

တာတူးစကားအဆုံးတွင် မိစုက မျက်မှောင်ကြုတ်၍ . . .

"နေပါဦး၊ အဲဒီလိုလုပ်လိုက်ရတော့ မိစု အရမ်းစိတ်ဆင်းရဲ ပြီး ငိုရယိုရဖြစ်တော့ မောင်က သိပ်သဘောကျသွားတယ်ပေါ့"

"မဟုတ်ဘူး မိစုရယ်၊ မိစု အဲဒီလောက် စိတ်ဒုက္ခရောက် အောင် လုပ်တာမဟုတ်ပါဘူး၊ မိစုစိတ်ကို စမ်းရုံသက်သက်ပါ၊ ဒါပေ မဲ့ တစ်ခုတော့ရှိတယ်၊ မိစု အပြစ်တင်ရင်လည်း ခံရမှာပဲ၊ မိစု သိပ်ခံစားသွားရတယ်ဆိုတာ သိတော့ မိစု မောင့်ကို သိပ်ချစ်ပါလား ဆိုပြီး ဝမ်းတော့သာသွားမိတယ် မိစုရယ်၊ စိတ်ထဲမှာလည်း မိစုကို အရင်ကထက် ဆယ့်လေးငါးဆလောက် ပိုချစ်သွားမိတယ်"

"ဩော် . . အရင်ကတော့ ဒီလောက်မချစ်ဘူးပေါ့၊ အပျော် လောက်ပဲ တွဲတာပေါ့"

"ဘယ်ဟုတ်မလဲ မိစုရယ်၊ အရင်တုန်းကလည်း အရမ်းချစ် တာပဲ၊ အရမ်းချစ်လို့ မောင်လည်း အရမ်းခံစားလိုက်ရတာပေါ့၊ ဒါပေမဲ့ ခုချစ်တာက အရင် အရမ်းချစ်တာထက် ပိုပြီး အဆပေါင်း များစွာ ပိုချစ်တာ"

"သွားပါ"

မိစုမျက်နှာ ပြုံးယောင်ယောင်ဖြစ်၍ မျက်စောင်းထိုးသည်။ ဘရော်၊ ပက်ကျိုနှင့် ရုံးပတီသီးများရော၍ ရေဆွတ်လောင်းထား သလောက် ချွဲပြီး ပခုံးကို သိုင်းဖက်လာသော တာတူးလက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ချလိုက်တာ . . .

"သူကတော့ ဝမ်းသာ၊ ဒီမှာတော့ ဘယ်လောက် ငိုရတယ် မှတ်လဲ၊ ခုတောင်ငိုနေရာက ထလာခဲ့တာ"

"မောင် တောင်းပန်ပါတယ် မိစုရယ်၊ မိစုကြိုက်တဲ့ အပြစ် မောင့်ကိုပေးပါ၊ မောင့်တို့လုပ်လိုက်လို့ မိစု အရမ်းငိုခဲ့ရတယ်ဆိုရ မိစုကျေနပ်အောင် မိစုငိုရတဲ့အကြိမ်အတိုင်း မောင် မိစုကို န ပြီးတော့ တောင်းပန်ပါ့မယ်၊ အဲလောက် အပြစ်ဒဏ်ကြီးကြ ပေးပြီးရင်တော့ မောင့်ကို ခွင့်လွှတ်တော့နော်"

"အမယ်လေး ကြီးလေးတဲ့အပြစ်ဒဏ်၊ သိပ်နာသွားဦးမ ကိုယ်တော်၊ စဉ်းစဉ်းစားစားလည်း ပြော"

"စဉ်းစားပြီးမှ ပြောတာ မိစုရဲ့၊ ဒီလိုအပြစ်ဒဏ်ခတ်လိုက် မောင့်ဘဝမှာ ဘယ်လောက် ထိခိုက်နစ်နာသွားသွား၊ အနစ် အထိခိုက်ခံမယ်ဆိုပြီး သေချာ ဆုံးဖြတ်ပြီးမှပြောတာ"

မိစုက ဖြန်းခနဲ ရိုက်သည်။

"တော်ပါ ခုမှ ရှူးသလို ပေါသလိုလုပ်ပြီး ရောမပစ်ပါနဲ့နော် သူ ပြောတာတွေ ဟုတ်မှဟုတ်ရဲ့လားလည်း မသိဘူး၊ ဟိုလိမ်ဒီညာ မိစုတော့ မောင့်ကို မယုံချင်တော့ဘူး . . . သိရဲ့လား"

တာတူး ရယ်သည်။

"ယုံပါ မိစုရယ်၊ မောင် တကယ်ပြောတာပါ၊ ကမ္ဘာကြီး နှစ်ဆယ့်သုံးနှစ်ပိုင်းတစ်ပိုင်း ဒီဂရီထက် ပိုစောင်းချင် စောင်းသွ မှာပါ၊ မောင်ကတော့ မိစုကို ဘယ်တော့မှ သစ္စာမစောင်းဘူး လား၊ တစ်ခုပဲရှိတယ် . . . အဲဒီစကားလုံးတွေကို မိစုပြောဖို့ ဉ ထဲက ဝတ္ထုထဲက မနည်းကျက်ထားရတာ"



"သွားပါ . . . ပေါတောတောနဲ့"

နောက်ဆုံးတော့ ဤနည်းဤပုံဖြင့် ပိုနေမြဲကျားနေမြဲ ပြန် ဖြစ်ရပြန်တော့သည်။ ညာတာပါတေးနှင့် မိစုလည်း သုံးခါလောက် အနမ်းခံလိုက်ရ၏။

ရင်ထဲမှာ အလုံးကြီးလည်း ဖုတ်ခနဲ ပြန်ပြုတ်ကျသွားသည်။

သို့သော် . . . အမိက ဇာတ်လမ်းက ဤကိစ္စမဟုတ်၊ စင်စစ် ဤဇာတ်လမ်းတွင် မိစုတို့ တာတူးတို့က ဇာတ်ရံမျှသာဖြစ်သည်။ တကယ့်ဇာတ်လိုက်များနှင့် တကယ့်ဇာတ်လမ်းစရန်မှာ ထိုနေ့က အဆောင်စည့်ခန်းစေ့၍ တာတူးလည်း ရောကောသောကောလုပ်၍ မိစု သတိရပြီး မေးလိုက်သော အမေးကမှ စသည်။

"ဩော် နေပါဦး . . . ဒီကိစ္စကို မောင့်ဟာမောင် လာရှင်း ပြလိုက်ရင် ပြီးရဲ့သားနဲ့ ကိုကြီးကျော်က ဘာဖြစ်လို့ လာရတာလဲ၊ တော့ သက်သက်မဲ့ ပါးရိုက်ခံရတော့မလို့၊ ကံကောင်းလို့ မိစုတို့ အဆွဲမြန်လို့၊ နို့မို့ မမနွယ် လက်ကရှယ်တောင်းပြီးနေပြီ"

တာတူး ရယ်သည်။

လမ်းကတည်းက စဉ်းစားလာသော အကြံအဖန်တစ်ခုကို သည်း အခွင့်သင့်တုန်း လုပ်လိုက်ဦးမှတွေး၍ . . .

"ဩော် . . . ဒါလား"

"အင်း . . ."

"အဲဒါကိုတော့ မမကို ပြန်မပြောနဲ့နော်၊ ကိုကြီးကျော် လာ ဘာက သူ့ကိစ္စနဲ့ သူလာတာ"

"ဘာကိစ္စလဲ"

"ကိုကြီးကျော်က မမတင်တင်နွယ်ကို ကြိုက်သွားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဟုတ်တယ် မိစုရဲ့၊ မမတင်တင်နွယ် သူ့ကို လာဟောက်မှ မမကို သူတွေ့ပြီး သူ့စိတ်ထဲမှာ အရမ်းသဘောကျသွားတယ်၊ မောင့်ကိုလည်းမေးတယ်၊ အဲဒီအမျိုးသမီးက အပျိုပဲလား၊ ရည်းစား ရော ရှိလားတဲ့၊ မောင်က အပျိုမှ ရေမရောတဲ့အပျိုအစစ်၊ ရည်းစား လည်း မူးလို့ရှူစရာတောင် မရှိဘူး၊ တစ်ခုပဲရှိတယ်၊ မာနတော့ သိပ်ကြီးတယ်၊ ကိုကြီးကျော် လိုက်ဖို့ သိပ်မလွယ်ဘူးဆိုတော့ ရတယ် ကွာ၊ ဘယ်လောက်ကြီးကြီး ကိုကြီးကျော်နဲ့ဆိုရင် မင်းအပျိုကြီး မမာနနိုင်ပါဘူး၊ ငါ ရအောင်လိုက်မယ်ဆိုပြီး သူ့ဟာသူလာတာ"

"ဟောတော့ တကယ်ပြောတာလား"

"တကယ်ပေါ့"

"အဲဒါဆိုလည်း ဘာဖြစ်လို့ ဘုမှုတ်ရတာလဲ၊ ခုငှတော့ မကြည် မယ့်အပြင် အရိုက်တောင်ခံရတော့မလို့"

"ကိစ္စမရှိပါဘူး၊ ဒါ ကိုကြီးကျော် သူ့တက်ကနစ်နဲ့သူ လုပ် တာ ဖြစ်မယ်၊ ကိုကြီးကျော်က ပိုင်ပါတယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေ မမကို ပြန်မပြောနဲ့နော် မိစု၊ ဒါ ထိပ်တန်းလျှို့ဝှက်ချက်ပဲ၊ မိစုနဲ့ မောင်ပဲသိပါစေ"

"အင်းပါ . . . မိစုက ဘာလို့ပြောရမှာလည်း . . . စိတ်ချ"

တာတူး ခေါင်းညိတ်သည်။

စိတ်ချဆိုမှ ပို၍စိတ်ချသွား၏။ ဒီလောက် အာမခံလျှင် တာတူး စိတ်မချနိုင်သေး။

ခုဆိုလျှင်တော့ ဒီစကားများကို မိစု မတင်တင်နွယ်ကို ပြန် ပြောတော့မည်မှာ သေချာသလောက် ဖြစ်သွားပြီ . . .



အပျိုကြီးနှင့် လူပျိုကြီး ပွဲကြီးပွဲကောင်းလေးတော့တွေ့ပြီဟု စိတ်ကသိပ်ကျေနပ်သွား၏။

တတ်လည်း တတ်နိုင်သည့် တာတူး။

www.burmeseclassic.com

www.burmeseclassic.com

၄။

♫ ချစ်ရောကောင်းသူလေးရယ် ...မောင့် စိတ်ထဲမှာ စွဲလမ်းတယ်
အဟုတ်ကိုပြောတာလားကွယ် ... လိမ်ညာတာတွေပုံတယ်
မေတ္တာထားတာ အဟုတ်ပါပဲ၊ သစ္စာထားတယ် တကယ်ကိုပဲ၊
မင်းအလိုရှိရင် မောင့်အသည်း ...ခွဲကာပေးမယ်
တွေ့ရင်တော့ပြင့် လွှမ်းအောင်ချွဲ
နောက်ကွယ်ကျရင် မေ့မှာပဲ....
အသည်းမှာစွဲတယ် . . . ♫

"တောက်"

ဟိုလူကပြန်ဆို . . ဒီလူကပြန်ဆို၊ ပညာရှင်ရော၊ တောက်တို့



ယ်ရတွေရော ကြိုးရာလူက ကောက်ဆိုပြီး အခါ တစ်သန်းလောက် ပြန်ဆိုဖြစ်နေသဖြင့် ခုလာနေသည့် ရှေးရေစက်က ဘယ်သူတွေ ဆိုသည့် ရှေးရေစက်မှန်း မသိတော့။ သို့သော် စာသားများက န်တစ်ရာတေအောင် ရနေသည့်စာသားများမို့ ဖိုကချစ်နေကြ သလေ ကိုကြီးကျော် ဒေါသတွေ ပွားလေလေ ဖြစ်နေ၏။

ထို့ကြောင့် . . . ♫ ပျိုမေရှင်တို့ အာလိုလိုက်ရယ်မိမယ် ♫ တောင် ရောက်လိုက်၊ ကိုကြီးကျော်က ကောက်ခနဲ ထခေါက်သည်။

မျက်လုံးထဲမှာလည်း ဘယ်လိုမှ စကားပြော တည့်နိုင်မည် ထင်သည့် ဂျစ်ကန်ကန် ကောတောတော၊ တင်တင်နွယ့်မျက်နှာ ကိုချည်း မြင်နေမိသည်။ နားထဲမှာလည်း ရုပ်ကလေး လှသလောက် ပြောသည့်ဆိုသည့်နေရာတွင် လေသံရော စကားလုံးပါ ကြမ်းတမ်း တင်းမာသည့် တင်တင်နွယ့်အသံများကို ကြားနေမိသည်။

"ဒီမှာ ကိုကြီးကျော် . . . ရှင် မူးလာသလား၊ ကျွန်မ အခု ရှင့်ကို ထွက်တွေ့တာ ရှင့်ဆီက အီဇော်လူးရှင်းတွေ၊ ဂွီဇော်လူရှင်း တွေ နားထောင်ဖို့ မဟုတ်ဘူး" ဆိုတာက တစ်မျိုး . . .

'ရှင်မစော်ကားနဲ့' ဆိုတာက တစ်ဖုံ . . .

ကိုယ့်ထက်ငယ်သော ချာတိတ်တွေနှင့် ပေါင်းနေသည့်သူမို့ ကိုကြီးကျော်ဟု အမည်တွင်နေသော်လည်း သူ့အသက်က နှစ်ဆယ့် ကိုး။ နှစ်ဆယ့်ကိုးဆိုတော့ သုံးဆယ်ပင် မပြည့်သေး။ သို့သော် ပညာအခံ၊ ရာထူးအရှိန်နှင့်မို့ အိမ်ကသူ့အဖေကလွဲ၍ ဘယ်သူမှ သူ့ကို မလေးမစား မဆက်ဆံရဲ။ ရုံးမှာဆိုလျှင် သူ့ထက်အသက် နှစ်ဆယ်လောက်ကြီးသူကပင် ဆရာခေါ်၍ လေးစားရသူ။

ဒီခေတ်မှာ အခြေခံပညာ မူလတန်းအောင်၍ လူပျို အမှို

www.burmeseclassic.com



ပင် မဖြစ်သေးကလေးလို ရည်းစားထားဖူးနေသည်မှာ သက်ေ မဖြစ်ရုံ တမည်။ လူပျိုအပျိုဖြစ်ပြီးတာနှင့် အဘယ်အရာမှ နောက် ကျမခံဘဲ လင်ယူသားမွေးတွေ လုပ်ကုန်ကြသောခေတ်မို့သာ သူ့ ခမျာ ဒီအရွယ်နှင့် ယောင်တောင်ပေါင်တောင် လူပျိုကြီးဟု ဝိုင်း အလှောင်ခံနေရသည့်တိုင် သူ့အသက်က ပင်စင်ယူရန် အနှစ်သုံး ဆယ်ကျော် လိုသေးသော လတ်လတ်ဆတ်ဆတ်အရွယ်။

ခု ဘာမဟုတ်ညာမဟုတ် အသက်နှစ်ဆယ့်လေး၊ နှစ်ဆယ့် ငါးလောက်ရှိသော အပျိုကြီးအမည်ခံ လက်တောက်လောက်လေး က ပယ်ပယ်နယ်နယ် စော်ကားမော်ကား လုပ်လိုက်သဖြင့် ဇွေး လိုက်တိုင်း ရှက်ဒေါသတွေ ဆူဆူလာသည်။ ရှက်လည်းရှက်သည်။ ဒေါသလည်း ဖြစ်သည်။

ရိုးရိုးလူက စော်ကားသွားလျှင် ဒီလောက် ရှက်ရမည်၊ ဒေါသ ဖြစ်ရမည် မဟုတ်။ သူ့ကျမှ စိတ်ထဲတွင် သဘောကျသလိုလိုလေး ဖြစ်ပြီး ကိုယ့်ဘက်က စိတ်ကူးကို မနည်းဘရိတ်အုပ်၍ အရှည် သဖြင့် ဆက်ဆံရလို့ရှြား ကိုယ်က တောင်းပန်လျှင်ဖြင့် ဘာညာ ဘာညာလေးတွေ ဖြစ်မလား၊ စိတ်ကူးလေးတွေ တထွေထွေဖြင့် သွားခါမှ ကောင်းစွာထိလာသဖြင့် ပို၍ပို၍ အခံရခက်နေခြင်း လည်း ဖြစ်သည်။

တာတူးဆိုသည့်ကောင်ကလည်း ရှုပ်လိုက်သည်ဖြစ်ခြင်း၊ ဘယ်လိုကနေဘယ်လို ရှင်းရမည်မသိအောင်ကိုပင် ဒတ်ရဗိုင်လိုက် နေအောင် ရှုပ်သည့်အကောင်။

ခုလည်း ဘယ်ရောက်နေမှန်းမသိ။

အဆောင်က ပြန်လာပြီး ဒေါကန်တန်နှင့် ဒီငရှုပ်ကို မိ



ောင်းရန် သူ့အိမ်သွားကြည့်သေးသည် . . . မတွေ့။ ကျောင်းက မလာသေးဟု ပြောလိုက်သည်။ ဒီအချိန် ဘယ်တက္ကသိုလ်မှ သင်တော့သည့်အချိန်မဟုတ်၊ စာသင်သည် ထားဦး၊ ဒီကောင်မျိုး ကျောင်းတက်မည့်ကောင်မျိုး မဟုတ်။

အမ်စီက ကောင်မလေးနဲ့ပဲ ကြည်နေပြီလား၊ ဒါမှမဟုတ် ချောင်းညချောင်း ရောဂါအသစ်တစ်ခုတက်ပြီး စီမံကိန်းအသစ်တစ်ခု ၍ ရှုပ်နေပြန်ပြီလား . . . ဘာလုပ်နေမှန်း မသိ။

တွေ့ရင်တော့ ဒီကောင်ရှုပ်နာမည်ကို ကြိမ်းနေမိသည်။

အဲ . . . အဲ . . . တွေး၍မဆုံးသေး ဒတ်ရဗိုင်ကောင် လာပါ သူထိုင်နေသည့် လက်ဖက်ရည်ဆိုင်ဘက်သို့ ကိုယ်တစ်ကိုယ်လုံး မ်ကျစ်လိမ်ကျစ်လုပ်၍ လျှောက်လာသည့် တာတူးကို တွေ့ရ သည်။

ပါးစပ်တွင် လိမ်ရှုပ်နေသည်မဟုတ်၊ လမ်းလျှောက်ပုံကအစ မ်ရှုပ်နေသည်။

သူ့ကိုတွေ့တော့ ပါးစပ်ကြီးဖြဲ၍ တာတူး ရယ်ပြသည်။ က်တစ်ဘက်ကိုလည်း ထောင်ပြသည်။

'သေခြင်းဆိုး'

ကိုကြီးကျော်စိတ်ထဲမှနေ၍ မင်္ဂလာအပေါင်းဖြင့် ခညောင်း ည့်စုံစွာ ချီးကျူးထောမနာ ပြုလိုက်၏။

"ဟာ . . . ဟေ့ငှကောင် . . . မင်း ဘာတွေလျှောက်လုပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

တတယ် အထိတ်တလန့်နှင့် ကိုကြီးကျော် ပြန်မေးလိုက်ခြင်း ဖြစ်သည်။ သူ လုံးဝမျှော်လင့်မထားသည့် တာတူးလုပ်ရပ်ကို ကြား လိုက်ရသဖြင့် ထိတ်လန့်သွားခြင်းဖြစ်သလို၊ တစ်ဘက်ကလည်း သူကျိတ်ပြီး စိတ်ကူးထားသည့် အဖြစ်မျိုးနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတိုးနေသဖြင့် ရင်တုန်ပန်းတုန် အထိတ်တလန့် ပြောလိုက်ခြင်း လည်း ဖြစ်၏။

"နေစမ်းပါ . . . ကိုကြီးကျော်ကလည်း ကျွန်တော် ကိုကြီး ကျော်အတွက် သက်သက် တမင်ထောင်လာခဲ့တာ၊ စိတ်ကူးမလွဲနဲ့ ကိုကြီးကျော်၊ အဲဒီအစ်မကြီးက မဆိုးဘူး၊ ကိုကြီးကျော် ရအောင် ကြံဖို့ ကောင်းတယ်"

"ကျွတ် . . . မင်းကွာ တော်တော်ရှုပ်တဲ့ကောင်ပဲ၊ နဂိုကမှ ပြဿနာ တက်ရတဲ့ကြားထဲ မင်းလုပ်တာနဲ့ ပိုဆိုးကုန်တော့မယ်"

"ဆိုးပါစေပေါ့ဗျ . . . ဘာဖြစ်လဲ၊ ကုန်အောင် ဆိုးပါစေ ဆိုးတာတွေလည်း ကုန်ရော၊ ကောင်းတာတွေ ရောက်လာလိမ့်မယ် ကိုကြီးကျော်ဗျာ . . . စာတွေဒီလောက်ဖတ်ပြီး ဒါတောင် မသိဘူး လား၊ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာတွေ့တယ် မဟုတ်လား၊ ပထမ တစ်ယောက်တစ်ယောက် အထင်လွဲပြီး ဘုဘောက်ကျမယ်၊ နောက် ကျတော့ တဖြည်းဖြည်းနဲ့ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ် တွယ်ပြီး ရေရေလည်လည် ချစ်သွားကြတယ်၊ အဲဒီအတွက် ကိုကြီး ကျော်ရ . . . လုပ်စမ်းပါ၊ မယောင်စမ်းပါနဲ့"

ကိုကြီးကျော် ခေါင်းခါသည်။

"မင်း တော်တော် အရစ်ရှည်တဲ့ကောင်ပဲ တာတူးရာ၊ မင်း



အဲဒီစွ မင်းဟာမင်း ရှင်းလာခဲ့ပြီးရင် ပြီးတာပဲ၊ ခုဥစ္စာ ဘာဖြစ်လို့ ပြဿနာရှာခဲ့ရတာလဲ"

"ဟာ . . . ဘယ်ကပြဿနာရှာရမှာလဲ ကိုကြီးကျော်ရဲ့ ကိုကြီးကျော်ကောင်းဖို့ လုပ်တဲ့ကိစ္စကို၊ နို့မို့ ကျွန်တော်က ကိုကြီး ကျော် လာသွားတဲ့ကိစ္စကို ဘယ်လိုလုပ်ရှင်းမလဲ၊ အဲဒီလိုပြောမှ သဘာဝကျမှာပေါ့"

"အေး . . . ခုဟာက သဘာဝတော့ကျပါရဲ့၊ အလကားနေ ရင်း ပြဿနာတစ်ခု ထပ်တိုးလာတာပေါ့"

"မတိုးပါဘူး ကိုကြီးကျော်ရာ၊ ကျွန်တော်က ကောင်းစေချင် လို့ လုပ်တဲ့ကိစ္စ၊ ကိုကြီးကျော်က မကြိုက်လည်း နောက်ထပ် ကိုကြီး ကျော် အဲဒီကို မသွားနဲ့တော့ပေါ့၊ ကျွန်တော်လည်း မိစုကမေးရင် ပြောလိုက်မယ်၊ ကိုကြီးကျော်က မမတင်တင်နွယ် အပေါက်ဆိုးလို့ ကြိုက်တော့ဘူး . . . လို့"

တာတူးစကားကြောင့် ကိုကြီးကျော် မျက်လုံးပြူးသွားသည်။

"ဟာ . . . ဒီလိုတော့ မပြောနဲ့တော့ကွာ"

"နို့ . . . ကိုကြီးကျော်က ကြိုက်မှမကြိုက်ဘဲ၊ ဘယ်လိုလုပ် လဲ . . . အဲဒီလိုပြောလိုက်တော့ တစ်ခါတည်းပြတ်ရော"

ကိုကြီးကျော် ငိုင်သွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကိုယ် မကြိုက်မှတော့ ဘယ်လိုပြောပြော၊ ဘာမှထူးခြားမည်မဟုတ်။ သို့သော် ကိုယ်ကရော တကယ်မကြိုက်တာလား၊ ကိုကြီးကျော် ခွီးတုံ့ ချတုံ့ဖြစ်နေသည်။ ဘာပြောရမှန်း မသိ၊ ဘာလုပ်ရမှန်း မသိ။

တော်တော်နှင့် စကားမပြောဖြစ်၊ တာတူးကတော့ အကဲ ခတ်သလို ကြည့်ရင်း စိတ်ထဲက ကျိတ်၍ပြုံးသည်။ အကြာတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကျော်က . . .

"ကိစ္စမရှိဘူး ဟော့ကောင်၊ မင်း ဘာမှသွားမပြောနဲ့တော့

တကယ်လို့ သူတို့ထဲက တစ်ယောက်က ဒီကိစ္စ ထပ်မေးရင်လည်း

ဟုတ်တယ်၊ ကိုကြီးကျော်က တင်တင်နွယ်ကို အရမ်းကြိုက်နေတယ်

လို့ပဲ ပြောလိုက်၊ ငါ့ဘာသာငါ ဆက်ရှင်းမယ် နားလည်လား"

တာတူး ခေါင်းညိတ်သည်။

ကျေနပ်အားရစွာလည်း ပြုံးသည်။

ကိုကြီးကျော်အမူအရာ စောစောကလို မဟုတ်တော့။

ဒူးလေးတန့်န့်န့်နှင့် ဘာတွေတွေးပြီး သဘောကျနေသည်

မသိ။

၀

ရုတ်တရက် အပြောင်းအလဲကြောင့် ဘာလုပ်ရမှန်း မသိ

သူက တင်တင်နွယ်။

တာတူးက မိစုကို ခေါ်ထုတ်ပြီး၊ မိစုပြန်လာသောအခါ ခုံ

ပေါက်ပြေးလွှား၍ အခန်းထဲ ဝင်လာကတည်းက အခြေအနေ

တစ်မျိုး ပြန်ပြောင်းသွားပြန်ပြီဟု နားလည်လိုက်သည်။

ရှင်းပြသောအခါ ကိုကြီးကျော်အပေါ် ဖြစ်နေသော ဒေါသ

တာတူးဆီ ပြန်ရောက်သွားသည်။

"နင့်တာတူးကလည်း ရှုပ်လိုက်တာဟာ၊ ဒါဖြင့် ကိုကြီးကျော်

ဆိုတဲ့လူကို အားနာစရာတောင် ဖြစ်သွားပြီ"

"အင်းပေါ့"



တင်တင်နွယ့်စကားကို မြမြမူကလည်း ဝင်ထောက်ခံသည်။

တင်တင်နွယ်က ခုမှ စဉ်းစားမိဟန်ဖြင့် . . .

"ဟယ် . . . ဒါဖြင့် စောစောက ကိုကြီးကျော်လာတာ အဲဒီ

ကိစ္စကို လာရှင်းပြတာနဲ့ တူတယ်၊ သူ အူကြောင်ကြောင်နဲ့ စကား

လုံးတွေ ချာလည်လိုက်နေတာ ငါက မစောင့်ဘဲစွတ်ဟောက်လို့

ဒေါကန်ပြီး ဘုတောတာနဲ့ တူတယ်"

"ဟုတ်မယ် မမ . . . ကိုကြီးကျော်ဆိုတဲ့ လူကြီးလည်း သနား

ပါတယ်၊ ကံကောင်းလို့၊ နို့မို့ မမက လက်သွက်သွက်နဲ့ တီးထည့်

လိုက်ရင် ခံရဦးမှာ"

"အေး . . . တော်"

တင်တင်နွယ်ကလည်း လျှာတစ်လစ်ထုတ်၍ ခုမှပခုံးတွန့်

သည်။ တင်တင်နွယ် ပြောင်းလဲသွားပုံကြည့်၍ မိစု သဘောကျသွား

သည်။ နောက်ထပ် ပြောရန်ကျန်သောစကား ပြောဖို့သင့်ပြီဟု

ဆုံးဖြတ်၍ . . .

"ဒါပေမဲ့ . . . ကိုကြီးကျော် ညနေကလာတာက အကြောင်း

တစ်ခုရှိနေလို့ မမရဲ့၊ သူက သူ့ကိစ္စနဲ့ လာတာတဲ့"

"ဘာကိစ္စလဲ"

တင်တင်နွယ်က သိချင်စိတ်ဖြင့် မေးသည်။ မိစုက ပြုံးတုံ့

တုံ့လုပ်၍ ခေါင်းတစ်ချက်ကုတ်ပြီး . . .

"အဲဒီကိစ္စကို ကိုတာတူးက ဘယ်သူ့မှ ပြန်မပြောနဲ့လို့ အပ်

လိုက်တယ် မမရဲ့"

"အမယ် . . . အဲဒါဆို ပိုပြောရမှာပေါ့"

"မိစု . . . နင်သစ္စာမဖောက်နဲ့နော်၊ ဘာစကားမှ လျှိုမထား

www.burmeseclassic.com

www.burmeseclassic.com



နဲ့ . . . အကုန်ပြော"

တင်တင်နွယ်ရော၊ မြမြမူရော တိုက်တိုက်တွန်းတွန်း ဝင်ပြောသည်။

နဂိုက ပြောချင်ချင် ဖြစ်နေသော မိစု အားရှိလာပြီး . . .

"မိစုလည်း သိပ်အံ့ဩသွားတယ်၊ လုံးဝ ထင်မထားတဲ့ကို[illegible] မမရဲ့"

မိစုက ပြောရင်းနှင့် ခဏရပ်လိုက်သည်။ စိတ်မရှည်သော[illegible] ကျန်နှစ်ယောက်က မျက်စောင်းများ ဝိုင်းထိုး၏။

မိစုက ဆက်၍ . . .

"ညနေက ကိုကြီးကျော်လာတာ၊ မမနဲ့တွေ့ချင်လို့ သက်[illegible] သက်မဲ့ လာတာတဲ့၊ အဲဒီလူကြီးက မမကို တွေ့ကတည်းက သဘော[illegible] ကျသွားတာ . . . တဲ့"

"ဘာ . . . ဘာပြောတယ် မိစု"

"ဟုတ်တယ် မမရဲ့၊ မမ သူ့အိမ်သွား ရန်တွေ့ပြီး ဆုံလိုက်[illegible] ကတည်းက ကိုကြီးကျော် မမကို အရမ်းကြိုက်သွားတာလို့ ပြော[illegible] တယ်"

တင်တင်နွယ် မျက်နှာရဲတွတ်သွားသည်။

မြမြမူက မျက်လုံး ပြူး၍ . . .

"တကယ်"

"တကယ်ပြောတာ"

"ဒါဖြင့် ဒီလိုလုပ်ရအောင် . . . တာတူးကိုလည်း ပြောလို[illegible] ဘာမှမပူနဲ့လို့၊ တို့အားလုံး ဒီကိစ္စကို ဝိုင်းတွန်းပေးကြမယ်လို့ . . . နေဦး မိစု၊ တို့တွေ ဒီအပျိုကြီးကို ဝိုင်းအစွံထုတ်ပေးလိုက်[illegible]



[illegible]ကောင်းမယ်၊ ဘယ့်နှယ်လဲ"

"ကောင်းတယ် မြမူ၊ ငါလည်း နင့် အဲဒါပြောမလို့"

"ဟော့ ဟော့ . . . ပွဲကြီးပွဲကောင်းတော့ တွေ့ရဦးမယ်"

မြမြမူက လက်ခုပ်လက်ဝါးတီး၍ သဘောကျစွာ ရယ်သည်။

တင်တင်နွယ်ကတော့ ဘာမှမသိရှာ၊ သူ ဒီလိုပြောလိုက်လျှင် အားလုံးသည် လက်စသတ် ပြီးသွားလိမ့်မည်ဟုပဲ တွက်၍ ခပ်အေးအေးနေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

၅။

သေချာတွေးမှ လမ်းစက သေချာပျောက်နေမှန်း သိ...
သည်။

ခက်သည်က ကိုယ့်ကိုယ်ကိုယ် သေချာအောင် မေး၍...
ဖြစ်နေသည့်ဒုက္ခ . . . ချစ်သလား ဆိုတော့လည်း ဒီလောက်လ...
အရှုးအမူးချစ်နေမိတာ မဟုတ်။ အရှုးအမူး မဟုတ်ပါဘူးလေ . . .
ရိုးရိုးချစ်သလားပင် အဖြေက ရဲရဲတင်းတင်း ထွက်မလာ။

ဒါဖြင့် မချစ်ဘူးပေါ့ ဆိုပြန်တော့လည်း အဲသလိုလ...
မဟုတ်။ စိတ်ထဲမှာ အဲဒီအမျိုးသမီးနဲ့ ချစ်သွားရင်ကောင်းမှ...
ဆိုသည့်စိတ်က ခဏခဏ လာဖြစ်နေသည်။ စိတ်ကူးယဉ်ကြ...
တော့လည်း ပျော်နေသလိုလို ခံစားရသည်။



ကိုကြီးကျော် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှတွက်၍မရ။

ဘဝမှာ တစ်ခါမှ ပိုင်ပိုင်နိုင်နိုင် ရည်းစားသနာရယ်လို့ မထားဖူးသော်လည်း ချစ်တော့ ချစ်ခဲ့ဖူးရာ၊ ချစ်သည့်ခံစားမှုကို တော့ သိနေ၏။ ခု . . . တင်တင်နွယ်အပေါ် သူထားမိသည့် ခံစား မှုက ဒီလိုမဟုတ်။

ချစ်သည့်ကိစ္စမျိုးက အထက်တန်းကျောင်းလောက်ကပင် ကျိတ်ချစ်ခဲ့ဖူးရာ ဟိုတုန်းက ခံစားရတာလေးက တစ်မျိုးကောင်း သည်။ စိတ်ကူးထဲမှာ သူ့အတွက် အရာအားလုံးသည် လှပနေ၏။ သူ့အကြောင်း တွေးလိုက်တာနှင့် ရင်ထဲမှာ လှပ်လှပ်လှပ်လှပ်နှင့် ခုန်လာသည်။ ပန်းကလေးတွေ မြင်လည်း သူ့ကိုပဲ သတိရသည်။ ငှက်ကလေးတွေမြင်လည်း သူ့ကိုပဲ သတိရသည်။ သတိရတာလေး ကိုကလည်း ကြည်နူးဖို့ကောင်းသည်။

သူနှင့်ပတ်သက်လျှင် ခံစားမှုကိုက တစ်မျိုးထူးနေသည်။

ခု . . . တင်တင်နွယ်ကို သူသတိရနေပုံက တစ်မျိုး။

ရင်တွေ ဘာတွေလည်း ဆိပ်အခုန်လှကြီး မဟုတ်၊ တစ်ခါ တစ်ရံတော့ နည်းနည်းပါးပါး ခုန်တာပေါ့လေ၊ သို့သော် လှပ်လှပ် လှပ်လှပ်ကြီး ခုန်နေတာမျိုးမဟုတ်၊ ငယ်ငယ်ကလို လှလှပပဟု လည်း ခေါ်နိုင်သော ရှုးကြောင်ကြောင်ဟုလည်း ခေါ်နိုင်သော အတွေးမျိုးလေးတွေလည်း မပေါ်လာ။ သို့သော် ခေါင်းထဲမှာတော့ တင်တင်နွယ့်အကြောင်းကို မကြာခဏတွေးနေမိသည်။

အဲဒါကို . . . အချစ် သို့မဟုတ် လူလတ်ချစ်၊ လူကြီးချစ်ဟု တစ်နည်းတစ်လမ်း အမိပ္ပာယ်ဖွင့်ဆိုလျှင်တော့ သူ တင်တင်နွယ့်ကို ချစ်နေမိပြီဟု ပြောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . ဆိုးနေသည်က သူချစ်သည်ဟုပဲ ထားပါဦး။ နောက်ထပ် ဒီဇာတ်လမ်းကို ဘယ်လို ရှေ့ဆက်ရမည်မှန်းမသိ။ ဇာတ်က ဇာတ်နှုဇာတ်ယဉ်မဟုတ်ဘဲ ဇာတ်ကြမ်းပုံစံကြီး ပေါက်နေသဖြင့် ပို၍ခက်သည်။

တစ်ယောက်နှင့်တစ်ယောက် ရိုးရိုးသားသား စတင်တွေ့ဆုံခင်မင်လျှင်လည်း အကောင်းသား။ ဒီလိုပဲ အကြောင်းမရှိ အကြောင်းရှာ၍ ရုံးတို့၊ အဆောင်တို့ကို လည်ပတ်စကားစမြည်ပြော။ နောက်ပိုင်း ရင်းနှီးလာတော့မှ ဣန္ဒြေရရ ဖွင့်ပြော။ လက်ခံလျှင် လက်ခံသလို၊ လက်မခံလျှင်လည်း လက်မခံသလို ဆက်လက်လုပ်ကိုင်ဆောင်ရွက်စရာ အများကြီး ရှိနေသည်။

ခုဟာက ဘယ်လိုကြီးမှန်း မသိ။

စတွေ့ကတည်းက ရန်သူလို သဘောထားပြီး အဆက်ဆံခံလိုက်ရသည်။ နောက်တစ်ခါတွေ့တော့ ပါး ထရိုက်မလို့လုပ်သည်။ ဒီလိုအနေအထားမျိုးမှာ ဘယ်လိုလုပ် ရင်းနှီးအောင်လုပ်၍ ရပါတော့မည်နည်း။

ပိုဆိုးတာက တာတူးကလည်း မိစုကို သွားပြောခဲ့ပြီးပြီ။ ဒီစကားက တင်တင်နွယ့်ကို ပြန်မပြောဟုဆိုသည့်တိုင် . . .

၆။

ပြောပြလိုက်တော့လည်း ပိုရှုပ်သွားပါသည်။

"အင်း . . . ခင်ဗျားတို့ဇာတ်လမ်းလေးက ဆိုးတော့ မဆိုးဘူး ကိုကျော်ကျော်၊ ဒါမျိုးမှလည်း သူ့အလိုလို ပေါက်ဖွားလာတဲ့အချစ်လို့ ပြောလို့ရတယ်၊ လောလောဆယ် ဘာလုပ်ရမှန်းမသိတာကတော့ မသိတာပဲပေါ့၊ ဒါကတော့ စဉ်းစားယူလိုက်ရင် တစ်နည်းနည်းတော့ အဖြေပေါ်လာမှာပါ"

"ကျွန်တော်လည်း အမျိုးမျိုး စဉ်းစားနေတာပဲ ကိုနိုင်ဦး၊ ခက်တာက ဒီအရွယ်ကြီးကျမှ ရည်းစားစကား လိုက်ပြောဖို့ စာပေးဖို့ကျတော့လည်း မသင့်တော်တော့ဘူး၊ ဒီအတိုင်းကလည်း ဘယ်လိုမှ ဖြစ်လာမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . ခင်ဗျားကလည်း ဒီအသက်ဒီအရွယ်ကို လွန်ပြီလို့ ပြောလို့မရပါဘူး၊ တကယ်တမ်းပြောရရင် ဒီအရွယ်ချစ်တဲ့အချစ်မျိုးမှ တည်ငြိမ်လေးနက်တာဗျ၊ ဟိုတုန်းက ချစ်တာက စိတ်ကစားတာ၊ စိတ်လှုပ်ရှားမှုနောက်ကိုလိုက်ပြီး ခံစားမှုနဲ့ ချစ်တဲ့အချစ်ခုအရွယ်ချစ်တာကျတော့ ဘဝအတွက် လစ်လပ်နေတဲ့ကိစ္စတစ်ခုကို အသိနဲ့ယှဉ်ပြီး ရွေးချယ်ချစ်တဲ့အချစ်၊ ဒါပေမဲ့ နီးစပ်အောင်လုပ်တဲ့ လုပ်နည်းလုပ်ဟန်ချင်းကတော့ မထူးပါဘူး၊ အတူတူပါပဲ၊ မသင့်တော်ဘူးဆိုတာ မရှိပါဘူး"

"မဟုတ်ဘူးဗျ၊ ခုဟာက သူက ကျွန်တော့်ကိုကျတော့ အတော်ကြည့်မရဖြစ်ပြီး အသားလွတ်မုန်းတာ"

"မုန်းပါစေလေ၊ ဘာဖြစ်လဲ . . . ခင်ဗျားကလည်း ကျုပ်တို့တက္ကသိုလ်တုန်းက နာမည်ကြီးခဲ့တဲ့ မောင်ပန်းမွှေးရဲ့ ပို့စကတ်ထဲက ကဗျာလေး မမှတ်မိဘူးလား၊ ဘာလဲ . . . သဘာဝဆိုတာလေ။

မိုးမရောက်ခင်တော့ နွေပေါ့လေ...

လ,မထွက်ခင်တော့ နေပေါ့လေ...

မချစ်ခင်တော့ အမုန်းပေါ့လေ...

မမုန်းခင်တော့ အချစ်ပေါ့လေ...ဆိုတာလေ၊ မချစ်ခင် အမုန်းဖြစ်တာ မဆန်းပါဘူးဗျာ၊ အရေးကြီးတာက တဖြည်းဖြည်း ကိုယ့်အကြောင်းကို နားလည်လာပြီး ကိုယ့်ကိုလက်ခံလာအောင် လုပ်ယူနိုင်ရင်ပြီးတာပဲဥစ္စာ"

"အဲဒါပဲ ဘယ်လိုလုပ်ရမှန်း မသိတာပေါ့ဗျာ"

"နေပါဦးဗျာ . . . ဒီလောက်လည်း စိတ်မာတ်မကျပါနဲ့၊ ကျွန်တော်လည်း ဝိုင်းစဉ်းစားပေးပါ့မယ်"



ဒီလိုတော့လည်း သူဟာနှင့်သူ ဟုတ်နေ၏။

❀

"ဟေ့လူ . . . ကျွန်တော် တစ်ခုစဉ်းစားမိတယ်၊ ဒီအကြံ ဘယ့်နှယ့်လဲ"

"ဘယ်အကြံလဲဗျ . . . လုပ်စမ်းပါဦး"

"ဒီလိုဗျ . . ."

အစချီ၍ ကိုနိုင်ဦးက သူ့အစီအစဉ်ကို ပြောပြသည်။ ကိုကြီးကျော် ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေ၏။

❀

"မဟင်တင်နွယ်အခြေအနေက ဘယ်လိုလဲ မိစု"

"ဘာကိုလဲ မောင်"

နှစ်ယောက်သား စံရိပ်ငြိမ်လမ်းအတိုင်း တက္ကသိုလ်ဘက် ထွက်လာ၍ အင်းလျားကန်ပေါင်ရိုးဘက် ရောက်လာကြသည်။ ဘာတူးက ကိုကြီးကျော်မှာလိုက်သော စကားများကို သတိရသဖြင့် မိစုထံမှ တင်တင်နွယ့်အခြေအနေကို မသိမသာ တောက်ကြည့်သည်။

"တို့ ကိုကြီးကျော်ကိစ္စလေ၊ ကိုကြီးကျော်လည်း ပြဿနာ တက်နေတယ်၊ မတင်တင်နွယ်ကို ဘယ်ကနေ ဘယ်လိုစနိုစပြီး ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . သိပ်တော့ မလွယ်ဘူးမောင်၊ မောင် ဟိုတစ်နေ့က ပြောလိုက်ကတည်းက မြမှုနဲ့မိစု မမနွယ်ကို တောက်ကြည့်တယ် မမနွယ်က အပြတ်ခါတာပဲ၊ အဲဒါနဲ့ မိစုတို့လည်း ဘာမှထပ်မပြောရဲဘူး"

"မိစုနဲ့မြမှုတို့ကတော့ သဘောတူတယ်ပေါ့"

BURMESE CLASSIC .com

မိစု ရယ်လိုက်သည်။

"သဘောတူတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုကြီးကျော်ကြီး ကြည့်ရတာ သနားလည်း သနားတာနဲ့၊ ကိုကြီးကျော် တကယ်ချစ်တာဆိုရင်တော့ ဝိုင်းကူညီကြမလို့ စဉ်းစားတာပါ"

"အဲဒီအစ်မကြီးက ဘယ်လိုဖြစ်လို့ ဒီလောက်ခါနေတာလဲ မိစုနဲ့မောင့်ကိစ္စဟာ ကိုကြီးကျော်အပြစ်မဟုတ်ပါဘူးလို့ ပြောပြီးနေတာတောင်"

"မဟုတ်ဘူး မောင်ရဲ့ . . . အဲဒါနဲ့ မဆိုင်ဘူး၊ မမကိုက ယောကျ်ားတွေကို မုန်းနေတာ"

"ဘယ်လိုဖြစ်လို့လဲ"

"ဩော် . . အရင်က သူမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ် အဲဒါ သူနဲ့ လူသိရှင်ကြားတွဲပြီးမှ ဟိုလူက ဘေးစကား နားထောင်ပြီး မိုက်ဆံရှိတဲ့ မိန်းမတစ်ယောက်နဲ့ ယူသွားတယ်၊ အဲဒီကတည်းက ယောကျ်ားတွေကို စိတ်နာပြီး ခုထိ ဒီကိစ္စကို မစဉ်းစားတော့တာ"

"ဟာ . . . အဲဒါကတော့ ကြောင်ပါတယ် မိစုရယ်"

"ကြောင်တော့ ကြောင်တာပေါ့၊ ဒါပေမဲ့ သူ့ခံစားချက်နဲ့သူဆိုတော့လည်း ဘယ်လိုသွားပြောမလဲ"

နှစ်ယောက်သား လျှောက်နေရာမှ ကန်စောင်းတွင် ဝင်ထိုင်



သည်။ တာတူးက ကန်ရေပေါ်သို့ ခဲတစ်လုံး လှမ်းပစ်ရင်း ကိုကြီးကျော်စကားများ နားထဲပြန်ကြားသည်။

"ဒီလိုလုပ်ကွာ တာတူး၊ ဒီအတိုင်းကတော့ ငါဘယ်လိုမှ ဝင်လို့ရမှာ မဟုတ်ဘူး၊ အဲဒီတော့ မင်း ပထမဆုံး မိစုသူငယ်ချင်းတွေကို စည်းရုံး၊ သူတို့အကူအညီရရင် အများကြီးဖြစ်နိုင်သွားပြီ အဲဒီတော့မှ ဘင်တင်နွယ် သွားတတ်လာတတ်တဲ့ကိစ္စတွေမေး၊ ဘယ်ပုံဘယ်နည်း ချဉ်းကပ်လို့ရမလဲဆိုတာ စနည်းနာကြတာပေါ့၊ တစ်ဘက်က ငါလည်း ငါ့ဘာသာ ကြိုးစားကြည့်မယ်"

ခုအခြေအနေက မိစုတို့အုပ်စုကို စည်းရုံးပြီးသားမို့ ဒီကိစ္စ လုပ်စရာမလိုတော့။ နောက်တစ်ဆင့်ဘက်ရန်သာ ရှိတော့သဖြင့် . . .

"အင်းလေ . . . ဒါကတော့ ကိုကြီးကျော် အစွမ်းအစနဲ့ ဒီအစွဲကျွတ်အောင် လုပ်ရမှာပေါ့၊ မိစုတို့ကလည်း ဝိုင်းကူညီပေးကြပါဦး၊ ပြီးတော့ မတင်တင်နွယ် သွားတတ်လာတတ်တဲ့ပုံစံ၊ နေတတ်ထိုင်တတ်တဲ့ပုံစံ ပြောပြစမ်းပါ၊ ကိုကြီးကျော်ကလည်း အဲဒါကို သိချင်နေတယ်"

"သွားတတ် လာတတ်တာ . . . အင်း . . . သွားတတ်လာတတ်တာကတော့ ဘာထူးမှာလဲ၊ ရုံးနဲ့အဆောင်၊ အဆောင်နဲ့ရုံး ပဲပေါ့၊ တစ်ခါတလေ မြို့ထဲဈေးထွက်ဝယ်တတ်တယ်၊ ရုပ်ရှင်လေး ဘာလေး ကြည့်တတ်တယ်၊ အဲ . . . နေဦး၊ နေဦး တစ်ခုရှိတယ်"

မိစု၏ အားတက်သရောဖြစ်သွားသော ဟန်လေးကြောင့် တာတူး ခေါင်းထောင်လာသည်။

"မမတို့အိမ်က ပဲခူးမှာ၊ အဲဒီကို နှစ်ပတ်တစ်ခါလောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တတ်တယ်၊ ပြန်ရင် သောကြာနေ့ညနေ ပြန်တယ်၊ တနင်္ဂနွေနေ့ညနေမှ ပြန်လာတယ်၊ အဲဒါလည်း ဘာလုပ်လို့ရမှာလဲ၊ သူ့အိမ်သူ ပြန်တဲ့ကိစ္စပဲဟာ"

"ဟာ . . . ဘယ်ဟုတ်မလဲ၊ အဲဒါလည်း အကွက်ပဲပေါ့၊ ပြန်ရင်း ဘာနဲ့ပြန်လဲ၊ ရထားနဲ့လား ကားနဲ့လား"

"ကားနဲ့ပဲ ပြန်တာများပါတယ်၊ ဘာလဲ ကိုကြီးကျော်ကားပေါ်မှာ လိုက်စကားပြောခိုင်းဦးမလို့လား၊ မလုပ်ပါနဲ့၊ လူကြားသူကြားထဲ အရှက်ကွဲနေပါဦးမယ်"

တာတူး ခေါင်းခါသည်။

"မဟုတ်ပါဘူး၊ အခြေအနေ အကုန်သိထားတော့ ဘာလုပ်ရမလဲဆိုတာ စဉ်းစားလို့ကောင်းတာပေါ့၊ ကဲပါ . . . ဒါတွေ ထားလိုက်ပါဦး၊ နက်ဖြန် ရုပ်ရှင်ကြည့်ဖို့ မောင်ပြောထားတဲ့ကိစ္စ ဘယ့်နှယ်လဲ"

တာတူးက သူသိချင်သော အချက်အလက်များ ရပြီမို့ မသိမသာ စကားလမ်းလွှဲပစ်လိုက်သည်။ အကြည့်ကိုလည်း ကန်ရေဘက်သို့ ရွှေ့လာသည်။

သူပစ်ချလိုက်သော ခဲလုံးမှ ဂယက်ဝိုင်းလေးများ ရစ်၍ရစ်၍ ဝိုင်းသွားနေသည်မှာ ခုထိ မဆုံးသေးကြောင်း အမှတ်မထင်တွေ့လိုက်ရ၏။

❀

ထိုအချိန်တွင် ကိုကြီးကျော်ကလည်း သူ့လုပ်ငန်းသူ ခပ်



ဘည်တည်နှင့် စလုပ်လျက်ရှိပေပြီ။

အဆောင်တွင်းသို့ ခပ်တည်တည်ပင် ဝင်ထိုင်သည်။ အဆောင်က ချာတိတ်မလေးကို မတင်တင်နွယ်နှင့် တွေ့လိုကြောင်း ခပ်တည်တည်ပင် ပြောသည်။ ချာတိတ်မလေး ဧည့်ခန်းထဲမှ ထွက်သွားသောအခါ ခပ်တည်တည်နှင့်ပင် ထိုင်စောင့်နေသည်။ ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်ထားပြီမို့ ဘာမှတော့ သိပ်မပူ၊ ခပ်ပေပေလုပ်ဖို့ သတ္တိမွေးထားခဲ့ပြီးပြီ။

ခုလည်း ဘယ်ပုံဘယ်နည်း တွေ့ကြုံပြီး ဘာတွေဖြစ်လာဦးည်တော့ မသိ။ လုပ်ထားခဲ့သော ခပ်တည်တည်များက အသည်းသားဖို့တော့ ကောင်းလှသည်။

အဆောင်က ချာတိတ်မလေးက ဘယ်သူ့ကို တွေ့ချင်လို့လဲဟု မေးရာ ကိုကြီးကျော်က တင်တင်နွယ်နဲ့ တွေ့ချင်လို့ဟု ခပ်တည်တည် ဖြေသည်။ ချာတိတ်မလေးက ဆက်၍ . . .

"ဘယ်သူက တွေ့ချင်တယ်လို့ ပြောလိုက်ရမလဲ"

"သူ့အမျိုးသားပါ . . . ကိုကျော် ရောက်နေတယ်လို့ ပြောလိုက် ညီမ"

ချာတိတ်မလေး မျက်လုံးဝိုင်းသွားသည်။ သူ့ကိုလည်း သေချာစိုက်ကြည့်၏။ ပြီးမှ ခစ်ခနဲရယ်၍ ပြေးထွက်သွားသည်။ လုပ်လိုက်တာကတော့ အပြတ်ပင်။

ကိုကြီးကျော်တတော့ ခပ်တည်တည်နှင့် ထိုင်စောင့်နေ၏။

❀

www.burmeseclassic.com

www.burmeseclassic.com



"မမ . . . ညည့်သည် ရောက်နေတယ်"

"ဟင် . . . ဘယ်သူလဲ ညီမ"

"မမအမျိုးသားလို့ ပြောတယ်"

"ဘာ . . ."

"ဟုတ်တယ် . . . မမအမျိုးသား ကိုကျော် ရောက်နေတယ်လို့ ပြောလိုက်ပါတဲ့ . . . ဟိုတစ်ခါလာတဲ့ လူပဲလေ"

"ဟင်"

ညနေဘက် အဆောင်ထဲမှာ လှလှအေးနှင့် မြမြမူလည်း မရှိ။ မိစုလည်း တာတူးနှင့်ထွက်သွား။ တစ်ယောက်တည်း ကျန်နေသဖြင့် အေးအေးဆေးဆေး ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ စိတ်ကြည်ကြည်လင်လင်နှင့် အဆောင်အပြင်ဘက် လမ်းလျှောက်လေး ဘာလေးထွက်ရန် ပြင်နေသော တင်တင်နွယ်သည် အဆောင်က ချာတိတ်မလေး၏စကားကြောင့် ဒေါသများ ဝုန်းခနဲ ပေါက်ကွဲတော့သည်။

ကိုကြီးကျော်မျက်နှာကိုလည်း ကွက်ခနဲ မြင်သည်။

"တောက်"

ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်သဖြင့် အသားများပင် တဆတ်ဆတ် တုန်လာသည်။

"ဒါ . . . သက်သက်မဲ့ ရန်လာစတာပဲ၊ တွေ့ကြသေးတာပေါ့"

ကောင်မလေးက ကြောင်ကြည့်နေဆဲ တင်တင်နွယ် ခပ်ကြမ်းကြမ်း ခြေဆောင့်နင်း၍ အခန်းပြင် ထွက်သည်။ အခန်းတံခါးကိုလည်း ဝုန်းခနဲ ပြန်ပိတ်သည်။ အောက်နှုတ်ခမ်းကို ပြတ်လုလု



ကိုက်ထားလိုက်သည်။

ချာတိတ်မလေးပင် လန့်၍ တုန်သွား၏။

၆

ကိုကြီးကျော်ကတော့ အေးအေးဆေးဆေးပင်။

ဘူးလေးတန္နန်းနန်းလုပ်၍ထိုင်ရင်း ကိုနိုင်ဦးနှင့် သူ တိုင်ပင်ခဲ့စဉ်က ကိုနိုင်ဦးပြောလိုက်သော စကားများကို ပြန်တွေးနေမိသည်။

"စကတည်းက ပြဿနာစုံနဲ့ ဆုံတာဆိုတော့ ပြဿနာစုံနဲ့ပဲ အဆင်ပြေအောင် လုပ်ယူရမယ် ကိုကျော်ကျော်၊ အဲဒီတော့ မထူးဘူး၊ သူ့ဘက်က ဒေါသတွေ၊ ရန်တွေ နောက်ထပ်ဖြစ်စရာမရှိအောင် သူ ဒေါသဖြစ်စရာ၊ ရန်ဖြစ်စရာတွေချည်း ခင်ဗျားရှာကြံလုပ်တော့၊ လုပ်တိုင်းလည်း ကိုယ်က သူ့ကို အတင်းလိုက်ပိုးနေတဲ့ပုံမျိုးရောက်အောင်လုပ်၊ အဲဒါက နှစ်လမ်းပဲရှိတယ်၊ လုံးလုံးလိုက်လို့ မရအောင် သူက မုန်းသွားတဲ့လမ်းနဲ့ မုန်းရင်းက အမုန်းကနေအချစ်ဖြစ်သွားတဲ့လမ်း၊ လုံးလုံးမုန်းသွားတော့လည်း ဘာထူးလဲ၊ အရင်းပဲဟာ၊ ရဲရဲသာ လုပ်တော့"

"အင်း . . . ခုထက်ရဲစရာတော့ သိပ်ရှိမည်မထင်" ဟု စိတ်ထဲက တွေးမိသည်။ ဒီထက်ရဲရလျှင်လည်း ရဲစခန်းနှင့်ဆေးရုံ သွားရဖို့ပဲ ရှိတော့မည်။ ခုတောင် ဘာဖြစ်ဦးမည်မသိ။ အဆင်မသင့်လျှင် အသရေဖျက်မှုတွေဘာတွေနှင့် တရားစွဲခံရစရာရှိသည်။ သက်သေလည်း ချာတိတ်မလေး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လုပ်မိမှတော့ မထူးတော့ပြီမို့ သိပ်မစဉ်းစားတော
ကုသိုလ်ပဲဟုတွေးပြီး ခပ်အေးအေးပင် နေလိုက်သည်။

"ဝုန်း"

ရှတ်တရက် ကြားလိုက်ရသောအသံကြီးကြောင့် "သော
ပလုတ်တုတ်" ဟု ယောင်ပြီး ထခုန်လုမတတ် ဖြစ်သွား၏။

သူ့ဘေးမှ ထိုင်ခုံကို တအားတွန်းဖယ်လိုက်ပြီး တင်တင်နွ
က ဘေးတွင် ဝင်ရပ်သည်။ ကိုကြီးကျော် လန့်ဖျပ်ပြီး လှည့်အကြ
တွင် နီရဲသော ဒေါသမျက်နှာနှင့် ခါးထောက်ရပ်နေသော တ
တင်နွယ်ကို တွေ့ရသည်။

"ရှင် . . . အခုထွက်သွား"

"ဗျာ"

"ထွက်သွားလို့ ပြောတာမကြားဘူးလား၊ ရှင် မြန်မာစကာ
နားမလည်ဘူးလား"

"နေပါဦး"

"ဘာမှနေပါဦးတွေ လုပ်မနေနဲ့၊ ရှင် အခုထွက်သွားမလာ
ဒါမှမဟုတ် ကျွန်မ ရဲကိုခေါ်လိုက်ရမလား"

"အာ . . . အဲလိုတော့ မလုပ်ပါနဲ့၊ ခဏလေးပါဗျာ၊ စကာ
နည်းနည်းပြောပါရစေ"

"အို . . . ဘာမှမပြောနဲ့၊ ရှင်နဲ့ကျွန်မ ဘာမှပြောစရာ မ
ဘူး၊ သွား . . . အခုထွက်သွား၊ နောက်တစ်ခါ ရှင် ဒီအဆောင်
ကို ဝင်လာရင် ကျွန်မ ရဲတိုင်ရုံပဲ ရှိတယ်"

ကိုကြီးကျော်က တင်တင်နွယ့်မျက်နှာရိပ်မျက်နှာကဲကို အ
ခတ်ကြည့်သည်။ သိပ်ထွေထွေထူးထူး စဉ်းစားစရာမလိုတော့။



ပြောသည့်အတိုင်း ခုထွက်သွားလျှင် ထွက်သွား၊ ထွက်မသွားလျှင်
တော့ ရဲနှင့် နှစ်ပါးသွားဖို့ပဲ ရှိတော့သည်။ ထို့ကြောင့် ထွက်သွားရ
ကောင်းမလား စဉ်းစားသည်။

သို့သော် . . . ဒီအတိုင်း ပြန်ထွက်သွားရလျှင်လည်း သိက္ခာ
ကျတော့မည်။ ထို့ကြောင့် ခန္ဓာကိုယ်နှင့် အတော်ဝေးသော အရပ်သို့
ရောက်နေပြီဖြစ်သော သတ္တိများကို ကမန်းကတန်း သံကြိုးရိုက်ခေါ်
ရင်း ထိုင်ရာမှ ထရပ်သည်။

"ကဲ . . . ပြောမရရင်လည်း မင်းကြိုက်သလိုသာ လုပ်တော့
တင်တင်နွယ်၊ ကိုယ်ကတော့ ပြန်ဖို့လာတာ မဟုတ်ဘူး၊ မင်းနဲ့
စကားပြောဖို့ လာတာ၊ ရဲကဖမ်းလည်း အဖမ်းခံရုံပဲ၊ မင်းက ရိုက်
လည်း ခံရုံပဲ"

"ဩော် . . . ရှင်က ဒီလိုလား"

"ဟုတ်တယ်၊ မင်းလည်း နားလည်ပါတယ် တင်တင်နွယ်၊
ဒီကမ္ဘာပေါ်မှာ စိတ်ကိုတားလို့ရတဲ့အရာ ဘာတစ်ခုမှမပေါ်သေး
ဘူး၊ မင်းကို ကိုယ်ချစ်တဲ့အကြောင်း ပြောပြဦးမယ်၊ ပြီးတော့မှ
ပြန်မယ်"

ကိုကြီးကျော် စကားများက ဒေါသကို ပိုလို့ဆော်ပေးသလို
ဖြစ်သွားသည်။ ဟိုကြည့်ဒီကြည့်ကြည့်ရင်း ခေါင်းထဲမှာ တစ်စုံတစ်ခု
ကို ဖျတ်ခနဲသတိရသည်။ မြမြမှု ခုတင်ခေါင်းရင်းတွင် ဓားလွယ်
အိမ်နှင့် ထည့်ထားသည့် ဓားရှည်။

"မြမှုတို့က မိန်းကလေးတွေချည်းနေတာ မမရဲ့ ညရေး
ညတာကအစ အရေးကြုံရင် သုံးဖို့တမင်ဆောင်ထားတာ"

"အေး . . . တွေ့ကြသေးတာပေါ့"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချာခနဲလှည့်၍ ဧည့်ခန်းမှပြန်ထွက်ခဲ့သည်။ ကိုကြီးကြောင် အဲလေ . . . ကိုကြီးကျော် ငေါင်းစင်းစင်းကြီး ကျန်နေခဲ့၏။

အဲဒါမှ ဒုက္ခပဲဟုလည်း တွေးမိသည်။ စောစောက သတ္တိပြန် မွေးပြီး ပြန်တင်းလိုက်တာက သူ့ဟာသူ ဘာတိုင်တိုင်၊ ကိုယ်က ပြောချင်ရာပြောမည်။ ပြောပြီးလို့ ရဲကလာဖမ်းလည်း လိုက်သွား ပြီး ဟိုရောက်တော့ ရဲကစစ်လျှင် ဟုတ်သည်၊ သူ တင်တင်နွယ်ကို ချစ်၍လုပ်သည်ဆိုပြီး အစစ်ခံမည်။ ဒီအပြစ်လောက်နှင့်တော့ ရဲက အပြစ်ကြီးကြီး မပေးနိုင်ဟု အောက်မေ့သည်။ နောက်ဆုံးအပြစ် ဒဏ် ခံရလျှင်လည်း သူ့ကိုချစ်၍ ရောက်ရသည့် ဒုက္ခအတွက် တင်တင်နွယ်က သနားပြီး ပြန်ကြိုက်ကောင်း ကြိုက်လာနိုင်သည်ဟု ဝတ္ထုထဲကလို တွေးပြီး သတ္တိရှိလိုက်ခြင်းပင်။

သို့သော် ခုမှ ဒုက္ခ၊ ဘာမှလည်း မပြောလိုက်ရသေး၊ အခန်း ထဲက ထွက်သွားပြီ၊ မထူးတော့မည့်တူတူ အိပ်ခန်းထဲအထိလိုက်သွား ရ ကောင်းမလား၊ ဒီထက် မထူးထော့မည့်တူတူ အတင်းပဲ ဖက်ဖက် နမ်းပြီး . . .

ကိုကြီးကျော်အတွေးများက ပုဒ်မတဖြည်းဖြည်း ကြီးလာ သည်။ နောက်ဆုံးရောက်နေသည့် ပုဒ်မက အနည်းဆုံး ထောင်ဒဏ် ခုနစ်နှစ်ရှိသွားပြီ။

"ဟာ . . . ဒီလောက်တော့ လုပ်ဖို့မကောင်းဘူး၊ အခု ငါလုပ် တာတောင် အတော်လွန်နေပြီ၊ ဘာပြဿနာ တက်ဦးမလဲ မသိ သေးဘူး၊ ဒါပေမဲ့ ပြန်တော့ မပြန်ဘူးကွာ၊ ဒီမှာပဲ ပေစောင့်နေမယ်၊ ဖြစ်ချင်တာဖြစ်"

တွေးလို့မှမဆုံးသေး၊ ဧည့်ခန်းတံခါး ရိုပ်ခနဲ ပွင့်သွားပြီး



တင်တင်နွယ် ပြန်ဝင်လာသည်။ ကိုကြီးကျော် ဝမ်းသာအားရနှင့် သုမ်းကြည့်သည်။

"ဗုဒ္ဓေါ"

ကိုကြီးကျော် မျက်လုံးပြူးသွား၏။ တင်တင်နွယ့်လက်ထဲမှာ ဓားရှည်ကြီး တစ်ချောင်း။

"ကဲ . . ကဲ . . မသွားနဲ့၊ ရှင် နည်းနည်းမှမလှုပ်နဲ့၊ အဲဒီမှာပဲ နေ"

"ဟာ . . . ဒါတော့ ဘယ်ဖြစ်မလဲ"

တင်တင်နွယ်က ဓားကြီးတဝင့်ဝင့်ဖြင့် အနားကပ်လာ သည်။ မသွားနှင့်ဆိုမှ ကိုကြီးကျော် တွန့်တော့၏။ နောက်ဆုတ် နောက်ဆုတ်နှင့် တံခါးဝဘက်ရွေ့သည်။

"ရှင့်ကိုရှင် သိပ်ပြတ်တယ်မထင်နဲ့ ကိုကြီးကျော်၊ ကျွန်မက ရှင့်ထက်ပြတ်တယ်၊ လူသတ်ပြီး ကြိုးစင်တက်ရဲတယ်၊ ရှင် ကျွန်မကို ဘာမှတ်လဲ လာလေ . . . လာခဲ့"

"ဟာ . . . မလုပ်ပါနဲ့ အဲဒီဓားကြီး ဖယ်လိုက်ပါ တင်တင် နွယ်၊ မှားကုန်လိမ့်မယ်"

"အို . . . ဘာမှမမှားဘူး . . . ရှင်သေရင် ဒီကိစ္စက ပြတ်ရော"

"မဟုတ်သေးပါဘူး မတင်တင်နွယ် . . . အဲဒီလောက် ဒေါသမကြီးပါနဲ့"

"ရှင် ဘာမှမပြောနဲ့ ရှင့်ကိုသတ်မယ် . . . သိလား . . . ရှင့်ကို သတ်မယ်"

တင်တင်နွယ့်မျက်နှာက သရဲစီးနေသော မျက်နှာမျိုးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကြောက်စရာ လန့်စရာ။ မြိမ်းခြောက်ဟစ်၍ အတင်းပြေ
ဝင်သည်။ ကိုကြီးကျော်လန့်ဖျပ်၍ နောက်အဆုတ်လိုက်၊ တံခါး
ဘောင်နှင့်တိုက်မိပြီး နောက်ပြန်လဲကျသည်။

တင်တင်နွယ်မီလာပြီး လဲနေသော ကိုကြီးကျော်ကို စူးစူး
ဝါးဝါး ကြည့်သည်။

"ကဲ . . . သေပေတော့"

ဓားကို လွှဲမြှောက်လိုက်သည်။ ကိုကြီးကျော်က လက်ဖြင့်
မြှောက်ကာ၍ . . .

"အာ . . . မလုပ်ပါနဲ့ မတင်တင်နွယ် . . . မလုပ်ပါနဲ့"

လွှဲမြှောက်ထားသော ဓားက ရိပ်ခနဲ လွှဲကျလာသည်။
ဓားက သူ့မျက်နှာတည့်တည့် ဦးတည်ဝင်လာ၏။

"မလုပ်ပါနဲ့ . . . မလုပ်ပါနဲ့ . . . အား"

စည့်ခန်းထဲတွင် သွေးများ ဖြာထွက်သွား၏။

BURMESE CLASSIC .com

ကိုကြီးကျော် အလန့်တကြား မျက်စိဖွင့်ကြည့်လိုက်သော
အခါ ဧည့်ခန်းထဲတွင် သူတစ်ယောက်တည်း ငေါင်တောင်တောင်
နှင့် ရှိနေသည်ကို တွေ့လိုက်ရ၏။

ပြီးတော့ ဧည့်ခန်းက သူ့အိမ်ဧည့်ခန်း။

ဒီတော့မှ တာတူးကို လွှတ်လိုက်ပြီးနောက် အချိန်အနည်း
ငယ်ခွာ၍ အဆောင်ကိုလိုက်သွားရန် ဧည့်ခန်းထဲမှာ ခဏထိုင်
စောင့်ရင်း ဘယ်လိုအိပ်ပျော်သွားသည်မသိ။ အိပ်မက်မက်ခြင်း
ဖြစ်ကြောင်း သိသည်။ သို့သော် . . . အိပ်မက်က သိပ်ထင်ရှားလွန်း
နေသဖြင့် ခုတိုင် ရင်ထဲတုန်နေသည်။ လက်ခနဲ ဝဲကျလာသော
ဓားကြီးသည် မျက်လုံးထဲက မထွက်။

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်က ကိုနိုင်ဦး ပြောခဲ့သောစကားကို ပြန်စဉ်းစား လျှင် ကောင်းမည်ဟု တွေးမိသည်။ ပထမအစီအစဉ် ဖြစ်သည့် တာတူးကနေတစ်ဆင့် တီးခေါက်ကြည့်ဖို့ ကိစ္စကတော့ မဆိုး။ တာတူးကိုလည်း ပြောပြီးပြီ။ တာတူးလည်း သွားပြီ။ ခုနေ ဒီအကြောင်းပြောတောင် ပြောနေလောက်ပြီ။

နောက်အစီအစဉ်ဖြစ်သည့် 'စကတည်းက ပြဿနာနဲ့ တာဆိုတော့ ပြဿနာနဲ့ပဲ အဆင်ပြေအောင် လုပ်ယူရမယ် ကိုကျော်ကျော်" အစရှိသည့် ကိုနိုင်ဦးစကားများကိုတော့ ပြန်စဉ်း စားမှ ဖြစ်မည်ဟု ကိုကြီးကျော် တွေးသည်။ သူဇွတ်လုပ်ပြီးဝင်လျှင် အိပ်မက်ထဲကလိုဖြစ်မလာဟု မည်သူမျှ မပြောနိုင်။ တင်တင်နွယ် စိတ်ကလည်း ထက်မှထက်ပါဘိသနဲ့။

သို့သော် . . . အဆောင်ကို တစ်ခေါက်တော့ သွားကြည့် လျှင် ကောင်းမည်ဟုတော့ တွေးသည်။ သူနှင့်ပတ်သက်၍ အခြေ အနေသဘောထား သိလောက်ရုံတော့ သွားကြည့်သင့်သည် အောက်မေ့သည်။

ကိုကြီးကျော်က နှုတ်ခမ်းအထက်တွင်စို့နေသော ချွေးများ ကို လက်ဖြင့်သုတ်သည်။ သွားရမှာလည်း ခပ်လန့်လန့်။ အတိတ် နိမိတ် သိပ်ကောင်းသည်မဟုတ်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက် တစ်ခုဖြင့် ကိုကြီးကျော် ထရပ်သည်။

လဲပြီးသားအဝတ်အစားများကို ငုံ့ကြည့်ရင်း . . . မျက်နှာ သစ်မည်၊ ခေါင်းကလေးဘာလေးဖြီး၊ နည်းနည်းပါးပါး ကြည့် ကောင်းအောင် ပြန်လုပ်၍ အဆောင်ကို သွားတော့မည်။ နည်း နည်းပါးပါး သတိထားလုပ်လျှင်တော့ မမှားပါဘူးဟု ထင်သည်။



"ဒုတ် . . ."

"အားလားလား"

သတိနှင့်လုပ်ကိုင်ဖို့ အတွေးများသွားသဖြင့် သတိလွတ်ပြီး အိမ်ရှေ့ခါးပန်းကို ဝင်ခလုတ်တိုက်၏။ မလွယ်ပါလား ကိုကြီးကျော် . . .

ဳ

အဆောင်ရောက်လျှင် လှလှအေးဆိုသော ကောင်မလေးနှင့် တူ အဆောင်ထဲက ထွက်လာသော သန်းစိုးကို တွေ့ရသည်။

သန်းစိုးလည်း လှလှအေးထံမှတစ်ဆင့် တာတူးအကြောင်း သိသွားရာ ကိုကြီးကျော်နှင့် တွေ့သောအခါ အမ်းတမ်းတမ်း ဖြစ်၍ မရွံ့မရဲ နှုတ်ဆက်သည်။

"ကိုကြီးကျော် . . . ဘယ်လဲ"

"အဆောင်ခဏသွားမလို့"

လှလှအေးဆိုသောကောင်မလေး ပြုံးစိစိလုပ်သည်။ တာတူး ကောင်မလေး ပြန်ပြောပြီးပြီဟု ပညာရှိတို့နည်းဖြင့် သိလိုက်၏။ လှလှအေး ပြုံးရင်း . . .

"ဘယ်ကိုလဲ ကိုကြီးကျော်၊ မမတင်တင်နွယ်ဆီလား"

သတိထားနေသည့်ကြားမှ မျက်နှာပေါ် သွေးခုန်နဲ့ ခံစားလိုက် ရသည်။

"ဟုတ်တယ်၊ ရှိလားမသိဘူး"

"မရှိဘူး ကိုကြီးကျော်၊ ရုံးက ပြန်ရောက်ရောက်ချင်း သူ့ အခမ ရန်ကုန်ရောက်နေလို့ သွားတွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . သူ့အမေက နယ်ကလား"

"ဟုတ်တယ်၊ ပဲခူးက ကိုကြီးကျော်၊ ရန်ကုန်မှာ တရားလာထိုင်တာ၊ အဲဒါ မမလည်း အဲဒီရိပ်သာကို လိုက်သွားတယ်"

"ဘယ်ရိပ်သာလဲ"

လှလှအေးက တရားထိုင်သည့် ရိပ်သာအမည်ကို ပြောသည်။ ကိုကြီးကျော် ခေါင်းညိတ်၍ . . .

"ဒါဖြင့်လည်း ပြန်မယ်လေ"

"ဘာပြောလိုက်ရမလဲ ကိုကြီးကျော်"

"ဟို . . . အဲ . . . ဘာမှမပြောပါနဲ့၊ ကျွန်တော်လာတာ ဘာကိစ္စမှ မရှိဘဲဟာ"

ပြောပြောဆိုဆိုလှည့်ပြန်ခဲ့သည်။ သူ ခပ်လှမ်းလှမ်းမရောက်မီ နောက်ဘက်မှ ကျိတ်ရယ်သံကြားရ၏။

ဖ

ညပိုင်းတွင် တာတူးနှင့် ပြန်ဆုံသည်။

တာတူးက မိစုထံမှ သိလာသော အချက်အလက်များကို ကိုကြီးကျော်အား တင်ပြသည်။

"လောလောဆယ်တော့ မတင်တင်နွယ်က ခါနေသေးတယ်လို့ပြောတယ် ကိုကြီးကျော်၊ သိပ်တော့မလွယ်ဘူးလို့ ပြောတယ် ဒါက သိပ်တော့ အကြောင်းမဟုတ်ပါဘူး၊ ကိုကြီးကျော်က ဒါမျိုးမှာ ကျွမ်းပါတယ်၊ ဟုတ်တယ် မဟုတ်လား"

တာတူးက အရွှန်းဖောက်သော်လည်း ကိုကြီးကျော်က လိုက်



ရယ်၊ ခပ်တည်တည်နှင့်ပင် သူသိလိုသောအချက်များ ဆက်မေးသည်။

"ဒါကထားပါ . . . တခြား သူ့အကြောင်း ဘာသိသေးလဲ"

"နှစ်ပတ်တစ်ခါလောက် ပဲခူးကို ပြန်တတ်တယ်လို့ ပြောတယ် ကိုကြီးကျော်၊ သူ့အိမ်က ပဲခူးမှာတဲ့၊ ပြန်ရင် သော်ကြာနေ့ ညနေပြန်ပြီး တနင်္ဂနွေနေ့ ညနေ ပြန်လာတတ်တယ်တဲ့၊ တခြား အချိန်တွေကတော့ သိပ်မထူးပါဘူး၊ မြို့ထဲတို့ ဘာတို့တော့ သွားတတ်တယ် ပြောတယ်"

"အေး . . . ကိစ္စမရှိဘူး၊ နောက်ထပ် ငါ့ကို တစ်ခု စုံစမ်းပေးစမ်းပါ"

"ပြောလေ . . . ကိုကြီးကျော်"

"သူ့အဖေအမေ နာမည်ကို ငါသိချင်တယ်ကွာ"

"ဟာ . . . ဘာလုပ်မလို့လဲ ကိုကြီးကျော်ရ"

"စုံစမ်းမှာသာ စုံစမ်းပါကွာ၊ ငါ့အစီအစဉ်နဲ့ငါ ရှိပါတယ်၊ နောက်ပြီးတော့ ပဲခူးကိုပြန်မယ့်အပတ်မှာ ငါကြိုသိချင်တယ်"

"အင်းလေ . . . ကျွန်တော်ရအောင် စုံစမ်းပေးပါ့မယ်"

"ဪ . . . နောက်ပြီးတော့ ပဲခူးလိပ်စာ"

"အင်း . . . ဒါပဲလား ကိုကြီး"

"အေး . . . ဒါပဲ"

ကိုကြီးကျော် ကျေနပ်သွား၏။

"ဒါနဲ့ ကိုကြီးကျော် . . ."

ကိုကြီးကျော် ကျေနပ်သွားသော်လည်း တာတူးက ကျေနပ်သွားပုံမရသေး။ ထပ်တွန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုကြီးကျော် အရင်ကပြောတော့ လူပျိုကြီး လုပ်မယ်ဆို တအုပ်ထဲမှာ ဖတ်ဖူးတယ်ဆို . . . ဘာဖြစ်ရင်လည်း ဆင်းရဲမယ် ဆိုလား၊ ညာဖြစ်ရင်လည်း ဆင်းရဲမယ်ဆိုလား"

ကိုကြီးကျော် ရှက်အမ်းအမ်း ဖြစ်သွားသည်။ လူကြီးဖြစ် သဖြင့် ရှက်သွားသောအခါ ဟဲ ဟဲ . . . ဟု ရယ်သည်။

"ဟဲ . . . ဟဲ ဒါက မင်းမသိသေးပါဘူးကွာ၊ နောက်စာအုပ် တစ်အုပ်မှာ သေချာရေးထားတယ်၊ အချစ်ဆိုတာ ပေါက်ဖွားလာပြီ ဆိုရင် ဘာနဲ့မှ တားလို့မရတော့ဘူးတဲ့၊ ငါ့ဘဝမှာ အချစ်ဆိုတာ ခုမှ ပေါက်ဖွားတာကွ"

"ဟင်း . . . ကိုကြီးကျော်ကလည်း အမျိုးမျိုးပဲ"

"ဟ . . . လောကမှာ ဘာတစ်ခုမှ မမြဲဘဲ အမြဲတမ်း ပြောင်းလဲတတ်တယ်ဆိုတဲ့ သဘောတရားကို သဘောပေါက်စေချင် လို့ ဘုရားက သင်္ခါရတရားကို ဟောခဲ့တာပေါ့ကွ၊ သင်္ခါရ ဆိုတာ မကြားဖူးဘူးလား"

"ဟင့်အင်း"

"အေး . . အဲဒါကြောင့် မင်းမသိသေးပါဘူးလို့ ပြောတာပေါ့"

တာတူး ဘာပြောရမှန်း မသိတော့။

ကိုကြီးကျော်ကတော့ ခပ်တည်တည်နှင့် ဆေးလိပ်တစ်လိပ် ကောက်ဖွာ၏။

ဒီတစ်ခေါက် ရိပ်သာအပြန် အမေ ဘယ်လိုဖြစ်လာပါလိမ့် ... နားလည်၍မရ။

အမေအပြန်နှင့် သောကြာနေ့နှင့် တိုက်နေသဖြင့် တင်တင် ...ယ် တစ်ပါတည်း ပြန်လိုက်ခဲ့သည်။ တစ်လမ်းလုံး ကားပေါ်မှာ ...ည်း စကားနည်းခဲ့သည်။ ပဲခူးအိမ် ပြန်ရောက်၍ ရေမိုးချိုး ...အဝတ်အစားလဲ စားသောက်ပြီး ညဘက် အေးအေးဆေးဆေးကျမှ ...အမေ စကားစပြောသည်။

ပြောပြီဆိုတော့လည်း အမေ့စကားချည်း ဖြစ်နေတော့၏။

"သမီး . . အမေပြောတာ သေချာနားထောင်၊ သမီးအသက် ... မငယ်တော့ဘူး၊ အလုပ်အကိုင်နဲ့ဘာနဲ့ အခြေတကျလည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ဒါပေမဲ့ အမေ့မှာ သမီးကို စိတ်မချနိုင်တာ တစ်ခုတော့ ရှိ
နေတယ်"

ပြဿနာ့ပဲဟု စိတ်ထဲက အောက်မေ့လိုက်၏။ အမေ့ထံ ဒီစကားမျိုး တစ်ခါမှ မကြားဖူးသော်လည်း ရုပ်ရှင်တွေ ဘာတွေထဲမှာ ထပ်တလဲလဲ ကြားဖူးနေသော စကားမို့ ဒီလိုစလိုက်ကတည်းက အဘွားကြီး ငါ့ကို လင်ပေးစားချင်ပြီနဲ့တူတယ်ဟု တစ်ခါတည်း တန်းသိသည်။

ထို့ကြောင့် . . . 'အမေက ဘာစိတ်မချ ဖြစ်နေတာလဲ၊ သမီး ဘာကိုမှ စိတ်မချဖြစ်စရာ မရှိဘူး၊' ဘာဘူးညာဘူးတွေနှင့် ဝေ့လည်ကြောင်ပတ် ပြန်မလုပ်တော့ လိုရင်းတန်းပြောပြီး စောစောစီးစီး ပတ်တောပြန်ပိတ်ထားရန်အတွက် ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

"ဟာ . . . အမေကလည်း ရှုပ်ရှုပ်ယှက်ယှက် လာပူမနေနဲ့ သမီးကို ယောက်ျားယူဖို့ ပြောမလို့ မဟုတ်လား၊ ဟင့်အင်း . . . သမီး စိတ်မဝင်စားဘူး"

အမေက ခေါင်းခါသည်။

"မဟုတ်ဘူး သမီး၊ သမီး သေချာစဉ်းစားကြည့်၊ အမေတို့မှာ စုစုပေါင်းမှ ဒီသမီးတစ်ယောက်ပဲရှိတာ၊ အဲဒီသမီးကလည်း မိဘတွေနဲ့ အဝေးကြီးမှာ တစ်ယောက်တည်း အလုပ်သွားလုပ်နေရတာ အမေတို့နေရာက စဉ်းစားကြည့်စမ်း၊ သမီး မတော်တရော် ဖြစ်သွားမှာကို ဘယ်လောက်ပူရလဲ"

"ဘယ်လောက်မှ မပူနဲ့အမေ၊ မတော်တရော်လည်း မဖြစ်ဘူး၊ တော်တရော်လည်း မဖြစ်ဘူး၊ သမီး ဒီကိစ္စကို စိတ်ကူးထဲ



လုံးလုံးမထည့်ဘူး"

"ဟဲ့ . . . အဲဒါကြောင့် ပူတာပေါ့၊ ကိုယ့်ဟာကိုယ် စဉ်းစဉ်းစားစား ရွေးချယ်ထားတဲ့သူရှိနေရင် မတော်တရော်ဖြစ်မှာ ပူရမလား၊ ခုဟာက ရုံးတက်လည်း တစ်ယောက်တည်း၊ ရုံးပြန်လည်း တစ်ယောက်တည်း၊ နေတော့လည်း မိန်းကလေးတွေချည်းစုနေတာ၊ လူရမ်းကားတွေနဲ့ မတွေ့ဘူး ပြောနိုင်လား"

"မတွေ့ပါဘူး အမေရာ၊ ရန်ကုန်မြို့ထဲမှာနေတာ အဲဒီလို ရှုတ်ရှုတ်ရှုတ်ရှုတ် လာလုပ်လို့ ရမလား"

"မဟုတ်ဘူး သမီး၊ မိန်းကလေးတစ်ယောက်အတွက် လုံခြုံစိတ်ချရတဲ့အရပ်ဆိုတာ ဘယ်နေရာမှရှိတာ မဟုတ်ဘူး"

"ကဲပါ အမေရာ၊ အမေက ဘာလုပ်ချင်လို့ . . . ပြောပါဦး၊ သမီးကိုပေးစားဖို့ အမေ တွေ့ထားလို့လား၊ ဘယ်ကလဲ၊ ဘယ်သူလဲ"

"ဘယ်သူမှလည်း မဟုတ်ဘူး၊ ဒီကိစ္စမျိုးလည်း အမေ ဝါသနာ မပါဘူး၊ ကိုယ်နဲ့ ပေါင်းရမယ့်လူကို ကိုယ့်စိတ်ကြိုက်ပဲ ရွေးစေချင်တာပဲ၊ ဒါပေမဲ့ သမီးက အဲသလို မရွေးချင်ဘူးဆိုမှ အမေက သင့်တော်မယ့်လူတစ်ယောက် ရှာပေးရမှာပေါ့"

ဒီစကားကြားမှ . . . "ဟူး . . . တော်ပါသေးရဲ့" ဟု စိတ်ထဲ သက်သာရာ ရသွားသည်။

"အင်းလေ . . . ဒါဖြင့်လည်း ဖြီးရော၊ အမေပြောတဲ့အတိုင်း ကိုယ်နဲ့ပေါင်းရမယ့် လူကို ကိုယ့်စိတ်ကြိုက်ပဲ ရွေးစေချင်တယ်ဆိုတော့ ဒီကိစ္စ သမီးဘာသာသမီး စဉ်းစားမယ်၊ အမေ ဘာမှပူမနေနဲ့"

နောက်မှနောက် ရောက်ရား၊ လောလောဆယ်တော့ ဒီကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နဲ့ ပြီးသွားလေတာပဲဟု တွက်ကာ မယုတ်မလွန် ဖြေလိုက်သည်။

သို့သော် ဒီလောက်အဖြေကိုပင် အမေသဘောကျသွားသည် ထင်သည်။ နောက်ထပ် ဒီကိစ္စနှင့် ပတ်သက်၍ ဘာမှထပ်မပြောတော့။

ထို့ကြောင့် စနေတစ်နေ့နှင့်တစ်ည၊ တနင်္ဂနွေတစ်နေ့ စိတ်အေးလက်အေး ပြန်နေလိုက်ရသည်။

ပြန်မည့်ညနေ ကားဂိတ်ရောက်မှ ပြဿနာတစ်ခုတွေ့ရ၏။

၅

"ဟင်"

မိမိအိမ်မှနေ၍ ကားဂိတ်ကို ဆိုက်ကားလေးနှင့်စီးကာ ကားဂိတ်ရှေ့ရောက်၍ ဆိုက်ကားခ ရှင်းပေးပြီး ဆိုက်ကားပေါ်မှ ဆင်းမည်အလုပ် ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် လူတစ်ယောက်ကြောင့် တင်တင်နွယ် မျက်လုံးပြူးသွားသည်။

ကိုကြီးကျော်

မခိုးလွယ် သားရေအိတ်တစ်လုံးကို ဝခိုးတွင်လွယ်၍ သူ့ထံ ခပ်သွက်သွက် လျှောက်လာနေသော ကိုကြီးကျော်။

"ဟာ . . . အတော်ပါပဲလား မတင်တင်နွယ်၊ ကျွန်တော်လည်း ရန်ကုန်ပြန်မလို့၊ ခုထွက်မယ့်ကားက ကျပ်တာနဲ့ နောက်ကားစောင့်နေတာ၊ မတင်တင်နွယ် ရန်ကုန်ပြန်မှာလား"

ဟင်း . . . ဟု မကျေမနပ် သက်ပြင်းချသည်။ သိလျက်နှင့်



သက်သက် လူလည်ကြီးသားသမီး လာလုပ်တာဟုလည်း နားလည်လိုက်သည်။ ဘယ်ကနေ ဘယ်လိုစုံစမ်း၊ ဘယ်လိုတွက်ချက်ပြီး ခုလို တိုက်တိုက်ဆိုင်ဆိုင်ဆုံဖြစ်အောင် လုပ်လိုက်သည်တော့ မသိ။ သို့သော် သူ့ကိုတမင် မဆုံဆုံအောင် လာစောင့်နေသည်ကတော့ သေချာသည်။

"ဟုတ်တယ်"

မကောင်းတတ်သဖြင့် ကိုယ့်ရပ်ကိုယ့်ရွာမှာလည်း ဖြစ်နေသဖြင့် တင်တင်နွယ် အောင့်သက်သက်နှင့် ဖြေလိုက်ရသည်။

"ဒါဖြင့် အတူပြန်တာပေါ့၊ ပေးပေး . . . မတင်တင်နွယ်၊ အဲဒီခြင်းတောင်းလေး ကျွန်တော် ဆွဲခဲ့မယ်"

"အို . . . ရပါတယ်"

"အားမနာပါနဲ့ မနွယ်ရဲ့၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်မှာ ဘာပစ္စည်းမှ ပါတာမှမဟုတ်ဘဲ၊ ကျွန်တော် သယ်ပေးပါ့မယ်"

တောက် . . . အတော်လည်တဲ့ဟာကြီးဟု စိတ်ထဲက အောက်မေ့လိုက်သည်။

သူက ဆိုက်ကားပေါ်ထိုင်လျက် တန်းလန်းရှိဆဲမို့ ခြေနင်းခုံပေါ်တွင် ချထားသောခြင်းတောင်းကို ဆတ်ခနဲ ကောက်ဆွဲသောအခါ လိုက်ဆွဲသော်လည်း မမီတော့။ ဆွဲခြင်းတောင်းကိုယူဆွဲပြီးသောအခါတွင်လည်း စကားရောဖောရောနှင့် မတင်တင်နွယ်ဟု ခေါ်ရာမှ မနွယ်ဟု ပြောင်းခေါ်သည်။

ကားဂိတ်၊ လူစုံသည့်နေရာ၊ မြို့ကလည်း မြို့လယ်မို့ ရန်ဖြစ်ချင်သဖြင့် အသာငြိမ်နေရလိုက်ရသည်။ စိတ်ထဲတွင်တော့ ဘယ်မကျေနပ်။ သို့သော် သူက အကွက်ကျကျ၊ မငြင်းသာ မရှောင်

www.burmeseclassic.com

www.burmeseclassic.com



သာအောင် မြှုလုပ်လိုက်သည်မို့ မထူးတော့သည့်တူတူ ဆွဲခြင်းကိုင်ရ သက်သာလည်း မနည်းပါဘူးဟု တွက်ကာ ကိုကြီးကျော်နောက်မှ ခပ်မှန်မှန်လိုက်ခဲ့၏။

ပထမ ဒုတ်ဆန်းကားလေးထွက်သွားတော့ နောက် ဝင်ရပ်လာသော တိုယိုတာဟိုင်းလတ်ကားပေါ်သို့ နှစ်ယောက်သားတက်ရသည်။ ကိုကြီးကျော်က ရှေ့ခန်းကို ဈေးပိုပေးပြီး ကြိုပြောထားသဖြင့် ရှေ့ခန်းမှာ နှစ်ယောက်ထိုင်ရသည်။

ပိုက်ဆံလာသိမ်းသောအခါ ကိုကြီးကျော်က လက်သွက်သွက်ဖြင့် နှစ်ယောက်ဟုဆိုကာ နှစ်ဆယ်ထုတ်ပေးလိုက်သည်။ မပေးနဲ့ဟု ပြောသော်လည်း မရ။ လုပေးလို့လည်း မဖြစ်။ ရှင်နဲ့မဆိုင်ပါဘူး။ ရှင့်အတွက်ပဲ ရှင်ပေးပါ၊ ကျွန်မအတွက် ပေးစရာမလိုပါဘူး၊ ဘာညာနှင့် ဟောက်ပစ်လိုက်ရကောင်းမလား စဉ်းစားသေးသည်။

သို့သော် . . . သူ့ကို ခြင်းကိုင်ခိုင်း၊ သူကြိုပြောထားသည့် ရှေ့ခန်း တက်စီးပြီးမှ ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ဖို့ကျတော့ အားနာစရာ ဖြစ်နေသဖြင့် ငြိမ်နေလိုက်ရသည်။

ကိုကြီးကျော်ကတော့ သိပ်သဘောကျသွားသည့် အမူအရာဖြင့် ပြုံးတုံးတုံးကြီး လုပ်နေသည်။

အမြင်ကတ်ဖို့ ကောင်းလိုက်တာလေ . . . ဟု တင်တင်နွယ် စိတ်ထဲက ဒေါ်ပွပွနှင့် ပြောလိုက်၏။



"ဟာ . . . အတော်ပဲ၊ မမကို ပြောရဦးမယ်၊ မမ . . . ကတုံးကြီးအကြောင်း ကြားမြီးပြီလား"

"ဟင် . . . ဘာလဲ၊ မကြားမိပါဘူး၊ ဘယ်က ကတုံးကြီးလဲ"

အဆောင်ပြန်ရောက်ခါနီးအထိ အမေ့ပြဿနာရယ်၊ ကိုကြီးကျော် လူလည်ကျလိုက်သည့်ကိစ္စရယ်ကိုတွေးပြီး မကြည်မလင်ဖြစ်နေရသည့်ကြားထဲ အဆောင်ရောက်၍ အခန်းထဲဝင်ဝင်ချင်း ကြားလိုက်ရသော စကားကြောင့် စိတ်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

ရောက်ရောက်ချင်း သတင်းပို့လိုက်သော မြမှုက မျက်စိပျက် တ်နှာပျက်ဖြင့် . . .

"မမ . . . နောက်ကိုလမ်းသွားရင် တစ်ယောက်တည်း သိပ်သွားနဲ့၊ ညနေညနေဆိုရင်လည်း အင်းလျားလမ်းဘက်ကို ကျွန်မချည်း လမ်းလျှောက်လို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အခု . . . ရန်ကုန်မှာ ကတုံးကြီးဆိုတာ ပေါ်နေတယ်တဲ့ ရဲ့၊ မိန်းကလေးတွေ လိုက်ဖမ်းနေတဲ့ လူကြီးလို့ ပြောတယ်"

"ဟာ . . . မဟုတ်ကဟုတ်က"

"ဟုတ်တယ် မမရဲ့၊ အဲဒီလူကြီးက အသားမည်းမည်း ဝဝ တ်တုတ် ကုလားကြီးတဲ့၊ ခေါင်းတုံးလည်း ရိတ်ထားတယ်တဲ့၊ ညနေ နေဆို ကားနက်ကြီးတစ်စင်းနဲ့ တစ်နေရာရာကနေ ရပ်ရပ်စောင့် မိန်းကလေးတွေ့ရင် ကားပေါ် အတင်းဖမ်းတင်သွားတာပဲတဲ့ တော့ အတင်းအဓမ္မ ဖျက်ဆီးပြီးမှ ပြန်လွှတ်တယ်တဲ့၊ ခုထက်ထိ ဖမ်းလို့မမိသေးဘူးတဲ့"

"ဟုတ်ရဲ့လား ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မမကလည်း အဲဒီလိုဖြစ်တဲ့ မိန်းကလေးေ
အယောက်လေးဆယ်ကျော်သွားပြီလို့ ပြောတယ်၊ အားလုံးလည်
ရှုံးသလိုတွေဖြစ်ကုန်ကြတယ်လို့ ပြောတယ်"

တင်တင်နွယ် ကျောထဲစိမ့်ခနဲ ဖြစ်သွားသည်။

ဒုက္ခပါပဲ . . . အမေမျှား ဒီသတင်းကြားပြီး ငါ့ကို ပြောတ
မျှားလား၊ ကိုကြီးကျော်လည်း ဒီသတင်းကြားပြီး ငါ့ကို တမင်
စောင့်ပြီး အဆောင်ရှေ့အထိ လိုက်ပို့တာမျှားလား စသဖြင့်အတွေ
များတန်းစီပေါ်လာသည်။

ထို့ကြောင့် ပစ္စည်းများ ခုတင်ဘေးတွင် ချရင်း ခဏထိုင်
သွားသည်။

မြမြမူနှင့် မိစု၊ လှလှအေးတို့ တစ်ယောက်ကိုတစ်ယော
မျက်စပစ်လိုက်သည်ကို မမြင်လိုက်မိ။

တာတူးက သူလုပ်ခဲ့သည့် အကြံအစည်ကို ပြောပြသည်။

ကိုကြီးကျော် နားထောင်ရင်းနှင့် အံ့ဩသွားသည်။ ဒီ
ကောင့်သား၏ ခေါင်းထဲမှာ ဒီလိုဉာဏ်နီဉာဏ်နက်တွေ ဘယ်လို
ပ်ရောက်နေလဲ မသိဟုလည်း တွေးမိ၏။

သူကတော့ သူ့ဟာနှင့်သူ ကျေနပ်လာခဲ့ရုံ ကျေနပ်လာခဲ့
ည့်ကိစ္စ။ ဟိုတလောက တင်တင်နွယ်ရှိရာ အဆောင်သို့သွားစဉ်
န်းစိုးတို့နှင့် တွေ့ခဲ့ပြီး တင်တင်နွယ့်အမေ ရန်ကုန်တရားရိပ်သာ
ောက်နေသည်ဟု သိခဲ့သည်။ တင်တင်နွယ်နှင့် မတွေ့ခဲ့ရ။

ထို့နောက် အစီအစဉ်တစ်ခုကို ပြုလုပ်ခဲ့ပြီး နောက်တစ်ရက်
ောက်တွင် တစ်ခါ အဆောင်သို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကတော့ တင်တင်နွယ်နှင့် တွေ့သည်။

အခြေအနေက သိပ်အဆိုးကြီးလည်းမဟုတ်၊ သိပ်အကောင်းကြီးလည်းမဟုတ် . . . မှန်တန်းအခြေအနေဟုပင် ဆိုနိုင်သည်။

အဆောင်ရောက်တော့ ဧည့်ခန်းမှာထိုင်ပြီး ချာတိတ်မလေးနှင့် အခေါ်လွှတ်သည်။

တင်တင်နွယ် ထွက်တော့ ထွက်လာသည်။ သို့သော် မျက်နှာခပ်တင်းတင်းနှင့်ပင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး . . .

"ရှင်နဲ့ကျွန်မ ဘာအကြောင်းနဲ့မှ တွေ့စရာမရှိတော့ဘူး ကိုကြီးကျော်၊ ရှင် ဘာကိစ္စ လာလာနေတာလဲ၊ နောက်ကို မလာပါနဲ့ ဘေးကလူတွေ အထင်လွဲစရာဖြစ်ရင် ကျွန်မ သိက္ခာကျတယ်"

ကိုကြီးကျော်က မျက်နှာငယ်လေးဖြင့် တုံ့ပြန်သည်။

"ဘာအကြောင်းကိစ္စရယ်လို့တော့ မဟုတ်ပါဘူး မတင်တင်နွယ်၊ တာတူးကိစ္စနဲ့ ပတ်သက်ပြီး မတင်တင်နွယ် ကျွန်တော့်ကို အထင်လွဲပြီး အရမ်းဒေါသဖြစ်ခဲ့ရတဲ့ကိစ္စကို ကျွန်တော် စိတ်မကောင်းတာနဲ့ ဖြေရှင်းချင်တာလေးတွေ ဖြေရှင်းဖို့ လာခဲ့တာပါ"

"ကိစ္စမရှိပါဘူး၊ ဒီကိစ္စက ပြီးသွားပါပြီ၊ ကျွန်မ အားလုံးလည်း နားလည်ပြီးပါပြီ၊ ရှင့်ကို စော်ကားမိသလို ဖြစ်သွားရင်လည်း တောင်းပန်ပါတယ်၊ ဒါပေမဲ့ ဒီဟာကို အကြောင်းပြုပြီး ရှင် ဒီကို ခဏခဏမလာပါနဲ့"

"ဟုတ်ကဲ့ . . . ကျွန်တော်လာတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မတင်တင်နွယ်စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်သွားရင် ကျွန်တော်ကလည်း ပြန်ပြီး တောင်းပန်ပါတယ်၊ ခဏခဏတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ တစ်ခါတလေ အကြောင်းရှိရင်တော့ လာခွင့်ပြုပါ"



"ဘာအကြောင်းမှ မရှိပါဘူး၊ ရှင်နဲ့ကျွန်မနဲ့လည်း ဘာအကြောင်းမှ ရှိစရာမရှိပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်ပြောလို့ရမလဲ . . . တင်တင်နွယ် . . . ကျွန်တော်က မတင်တင်နွယ်ကို မိတ်ဆွေ . . . ယောက်လို သဘောထားနေမိပြီဆိုတော့ ကိစ္စဆိုတာ ပေါ်ရင် . . . ည်း ပေါ်လာမှာပေါ့"

"ဘာကိစ္စနဲ့မှ မပေါ်ပါနဲ့ ကိုကြီးကျော်၊ ကျွန်မတို့က မိတ်ဆွေ . . . မဟုတ်ပါဘူး"

"ကျွန်တော့်ဘက်က မိတ်ဆွေလို သဘောထားတာကို ပြော . . . ပါ၊ မတင်တင်နွယ်ကတော့ ကြိုက်သလို တုံ့ပြန်နိုင်ပါတယ်၊ . . . င်တင်နွယ် ဘယ်လိုတုံ့ပြန်တုံ့ပြန်၊ ကျွန်တော့်စိတ်ထဲမှာ ဘယ်လို . . . အောက်မေ့ပါဘူး"

"အင်းလေ . . . ဒါကတော့ ရှင့်ဟာရှင် ဘယ်လိုအောက်မေ့ . . . က်မေ့၊ ကိစ္စတော့ မရှိပါဘူး၊ ကဲ . . . ဒါပဲ မဟုတ်လား၊ ကျွန်မ . . . ယ်"

"ဟုတ်ကဲ့ မတင်တင်နွယ်၊ ဒီလောက် ကျွန်တော့်ကို ဧည့်ခံ . . . ပြောတာ၊ ထွက်တွေ့တာကိုပဲ ကျွန်တော် ကျေးဇူးတင်လို့ . . . ပါဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

ထိုနေ့က ဤမျှနှင့် ပြီးခဲ့သည်။

❦

www.burmeseclassic.com

www.burmeseclassic.com



၍ တမင်တိုက်ဆိုင်အောင်ပြုပြီး အတူတူ ပြန်လာခဲ့ခြင်း ဖြစ်သည်။

လမ်းမှာ ဘာစကားမှ ထွေထွေထူးထူး မပြောဖြစ်ခဲ့သော်လည်း ခေါင်းခန်းတွင် တူတူစီး၍ ကားခထုတ်ပေးလိုက်ရသည့်ကိစ္စအတွက် များစွာကြည်နူး၍ မဆုံးသေး၊ တာတူးဆီမှ ဆန်းပြားထွေထူးသော အကြံအစည်ကြောင့် မျက်လုံးပြူးသွားခြင်းဖြစ်၏။

"မဟုတ်ဘူး တာတူး၊ မင်းဘာစိတ်ကူးနဲ့ ဒီကတုံးကြီးဆိုတဲ့ကိစ္စ လုပ်လိုက်ရတာလဲ"

တာတူးက ရယ်သည်။

"ဒီလို ကိုကြီးကျော်ရ . . . ဒီနေ့မနက် မိစုတို့လည်း ရုံးပိတ် ကျွန်တော်လည်း ကျောင်းပိတ်တာနဲ့ မိစုနဲ့ကျွန်တော် ဘုရားသွားကြတယ်၊ အဲဒီမှာ ရွှေတိဂုံဘုရား ဒဂုံခင်ခင်လေးတန်ဆောင်းနားမှာ ထိုင်နေရင်း မျက်နှာချင်းဆိုင်တန်ဆောင်းကနတ်ဗိုက်ပူရုပ်ကြီးတွေ တွေ့တာနဲ့ စိတ်ကူးပေါက်ပြီး ဇာတ်လမ်းထွင်လိုက်တာ"

"ဘယ်လိုကဘယ်လို စိတ်ကူးပေါက်ရတာလဲကွာ"

"စိတ်ကူးကတော့ ဘယ်လိုရသလဲ မသိဘူး ကိုကြီးရာ၊ ဆက်စပ်ကြည့်မိသလောက် မိစုက ကျွန်တော့်ကို စကားတစ်ခွန်း ပြောတယ်၊ အဲဒါက မမတင်တင်နွယ်ကို လိုက်ဖို့သိပ်မလွယ်ဘူးတဲ့၊ မမက မိန်းမမာန သိပ်ကြီးလွန်းတယ်တဲ့၊ ယောကျ်ားကို မိန်းမတွေက အားကိုးရတယ်ဆိုတာမျိုးကို လုံးဝမယုံကြည်ဘူးတဲ့"

"အဲဒါနဲ့ . . . မင်းက ဘယ်လိုဆက်စပ်သွားလဲ"

"ကျွန်တော့်စိတ်ထဲမှာ သူ အဲဒီမာန မကျမချင်း ကိုကြီး သူ့ကို ကပ်ဖို့လွယ်မှာ မဟုတ်ဘူး၊ အဲဒီတော့ သူ တစ်ခုခုကြောက်အောင်လုပ်မှ အဲဒီမာန ကျသင့်သလောက်ကျမှာပဲဆိုပြီး တစ်ခါ



ဘည်း စိတ်ကူးပေါက်၊ မိစုတို့ကိုလည်း အဲဒီဇာတ်လမ်းထွင်ပြီး ပြောလိုက်တာ"

"မင်းဥစ္စာက အဓိပ္ပာယ်မရှိပဲနဲ့ မိစုက ယုံတာပဲလား"

"မိစုကတော့ ကျွန်တော် ဘာပြောပြော ယုံတဲ့ဥစ္စာ ကိုကြီးရာ၊ ကျွန်တော်က မြို့ထဲက ကြားလာသလိုလို ဘာလိုလိုလုပ်ပြီး အတည်ပေါက်ပြောတာပေါ့၊ နောက်ပိုင်းလည်း ဗိုယုံအောင်ကြံတဲ့သူကို အဲဒီကောလာဟလ လိုက်ဖြန့်ပစ်နေတာပဲ"

"ဟ . . . မင်းဆိုတဲ့ကောင်က ကြောက်စရာပါလား တာတူးရာ"

တာတူးကတော့ ရယ်ပြီးရင်း ရယ်သည်။

"မကြောက်နဲ့လေ . . . ဒါ ကိုကြီးကျော်ကောင်းဖို့ လုပ်တာပဲ၊ နောက်တစ်ခု ကိုကြီးကျော် သုတေသနလုပ်လို့တောင် ရသေးတယ်၊ မယုံရင်ကြည့်နေ ကျွန်တော်ဖြန့်တဲ့ ကောလာဟလဟာ ရန်ကုန်မှာ တစ်ပတ်လောက်ဆို လူတိုင်းပါးစပ်ဖျား ရောက်သွားသိမ့်မယ်၊ ကျွန်တော် ခဏခဏ အဲဒါမျိုး လုပ်ကြည့်ဖူးတယ်၊ ဟိုးတလောက ဂျောပေါက်ကြီးဆိုတာလည်း ကျွန်တော်စပြီး လုပ်ကြည့်တာပဲ"

အံ့သြဖွယ်ရာ တာတူးဖြစ်၏။

၁၅

"ဟယ် . . . ဒုက္ခပါပဲ . . . ဘုရား . . . ဘုရား"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ခေါင်းထဲ မိုက်ခနဲ ငြ

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။

မျက်လုံးများလည်း ပြာသွား၏။ လက်ဖျားများ အေးတေ
သွားသည်။

စိတ်အထင်ကြောင့်များလားဟု မသေချာသဖြင့် တစ်ခါထ
ကြည့်လိုက်သည်။

"အို . . ."

မမှားပါ၊ ဘယ်လိုမှ မမှားပါ၊ ကားကလည်း ကားအနား
ကားပေါ်မှာ ထိုင်နေတာကလည်း အသားမည်းမည်း၊ ကတုံးကြီး
ပြီးတော့ ထိုကတုံးကြီး၏ မျက်လုံးများကလည်း မီးဝင်းဝင်း တောက်
နေသည်။ ကြည့်နေလိုက်သည်မှာ စားမတတ် ဝါးမတတ်၊ သူ့ကိုမြင်
မှ ကတုံးကြီး ကားကို စက်နှိုးလိုက်သည်။

တင်တင်နွယ် ဒူးများ ညွတ်ခွေလုမတတ် ဖြစ်သွား၏။

အလန့်တကြားဖြင့် ဘေးဘီ ကမန်းကတန်း ကြည့်သည်
အဆောင်သို့ဝင်သော ဒီလမ်းကြားကလည်း လူပြတ်တတ်သော
လမ်းမို့ လူရိပ်လူခြည် မမြင်ရ။

နောက်ပြန်လှည့်ပြီးပြေးရလျှင် ကောင်းမလား စဉ်းစား
သည်။ ရှေ့မှာအဆောင်ကတော့ သိပ်မဝေးတော့။ သို့သော်
အဆောင်ကိုသွားဖို့ရာ ထိုကားနားက ဖြတ်သွားရမည်။

အနားရောက်မှ ကားတံခါးဖွင့်ပြီး အတင်းကားပေါ်ဖမ်း
တင်သွားရင် . . .

"ဘုရား . . . ဘုရား"

တွေးပင်မတွေးရဲတော့။

တစ်ကိုယ်လုံး ချွေးများ စို့လာသည်။



ထိုအခိုက် စက်နှိုးလိုက်သောကားက ရှေ့သို့ တဖြည်းဖြည်း
ရွေ့လာသည်။ မထူးတော့။ ခုနေခါမှ ရှက်လည်းမနေနိုင်တော့။
တင်တင်နွယ် ကမန်းကတန်း နောက်ပြန်လှည့်သည်။ အုတ်ခုံလေး
ရှိရာလမ်းဆုံဘက်တွင် လူ ဒီလောက်မပြတ်။ အဲဒီနားရောက်အောင်
ပြန်ပြေးတော့မည်ဟု ဆုံးဖြတ်သည်။

"မနွယ်"

ဟာ . . ဟု ရင်ထဲမှာ ရေရွတ်လိုက်ပြီး တင်တင်နွယ် အရမ်း
ဝမ်းသာသွားသည်။ ဘာပြောပြော ခုနေခါမှာ လူတစ်ယောက်
တွေ့လိုက်ရခြင်းသည် တင်တင်နွယ့်အတွက် သိန်းထီဆယ်ဆု
လောက် ပေါက်သည်ထက် ဝမ်းသာသည်။

ထို့ပြင် တွေ့သည့်လူကလည်း ကိုယ့်ကို သံယောဇဉ်ရှိသည့်
ယောကျ်ားတစ်ယောက်။

ကိုကြီးကျော်က အပြေးလေး လိုက်လာပြီး တင်တင်နွယ့်
ဘေးတွင် ဝင်ရပ်သည်။

"လာ . . . မနွယ် . . . ကျွန်တော့်နောက် ဝငဲရပ်"

တင်တင်နွယ် ထိတ်ထိတ်လန့်လန့်ဖြင့် ကိုကြီးကျော် လက်
မောင်းကိုကိုင်ရင်း ကိုကြီးကျော်နှင့် ကွယ်ရပ်လိုက်သည်။

ကားနက်ကြီးက ရုတ်တရက် ဆောင့်ထွက်ပြီး သူတို့
နှစ်ယောက်ရှေ့မှ ခပ်မြန်မြန်ဖြတ်သွားသည်။ ကားထဲမှ ကတုံးကြီး
၏ ထိတ်လန့်ဖွယ် အကြည့်စူးရဲရဲကြီးကို တင်တင်နွယ် ဖျတ်ခနဲ
မြင်လိုက်ရသည်။ မကျေမချမ်းဖြင့် "တောက်" ခနဲ တောက်ခေါက်
သွားသံပင် ကြားလိုက်ရ၏။

တင်တင်နွယ် မျက်လုံးအစုံကို ယောင်၍ ပိတ်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com

သက်မတစ်ခု ခပ်လေးလေး ချ၍ . . .

"အင်း . . . တော်သေးရဲ့" ဟု စိတ်ထဲက ရေရွတ်လိုက်၏။

"ခုတလော လူတွေပြောနေတဲ့ ကတုံးကြီးဆိုတာ အဲဒါများလား မသိဘူး မနွယ်၊ ကျွန်တော်လည်း မနွယ်ကို လမ်းထိပ်က စောင့်နေရင်း ကားနက်ကြီး မြင်တာနဲ့ နောက်က ကမန်းကတန်း ပြေးလိုက်လာတာ"

ကိုကြီးကျော် စကားအဆုံးတွင် တင်တင်နွယ် မျက်လုံးပြူးဖွင့်၍ ပြူးကြောင်ကြောင်လေး ကြည့်ရင်း . . .

"ဟုတ်မလား မသိဘူး ကိုကြီးကျော်၊ မနွယ်လည်း အရမ်းလန့်သွားတာပဲ၊ မနွယ်မြင်မှ ကားကြီးကလည်း မောင်းထွက်လာတာနဲ့ နောက်ပြန်လှည့်ပြီး ထွက်ပြေးတော့မလို့"

"စိုးတော့ မစိုးရိမ်ပါနဲ့ မနွယ်၊ မနွယ်မသိပေမယ့် မနွယ်နားမှာ ကျွန်တော်အမြဲရှိပါတယ်၊ မနွယ်ကသာ အရဲစွန့်ပြီး တစ်ယောက်တည်း သွားသွားနေတာ၊ ကျွန်တော်က မနွယ်ကို စိတ်မချလို့ မနွယ်မသိအောင် အမြဲလိုက်စောင့်ရှောက်နေတာပါ"

"ကျေးဇူးတင်ပါတယ် ကိုကြီးကျော်ရယ်၊ ခုမှပဲ အကြောက်ပေါက်သာသွားတော့တယ်၊ လူကိုရင်တုန်ပြီး ချွေးတွေ ပြန်လာတာပဲ"

ပြောရင်းနှင့်ရှက်ပြုံးပြုံးကာ ကိုကြီးကျော် လက်မောင်းကိုကိုင်ထားသည့် လက်ကို လွှတ်သည်။ ထိုနောက် ကိုကြီးကျော်ကို ငုံ့မရဲ ကြည့်၏။



ကိုကြီးကျော်က ပြုံးပြသည်။

"ကျွန်တော် အဆောင်အထိ လိုက်ခဲ့ချင်တယ် မနွယ်၊ မနွယ်ခွင့်ပြုရင်ပေါ့"

တင်တင်နွယ် ခေါင်းငုံ့သည်။

ပြီးမှ မပွင့်တပွင့်လေသံဖြင့် . . .

"လိုက်ခဲ့လေ"

ကိုကြီးကျော် ဝမ်းသာလုံးဆို့ပြီး အနားက ဗာဒံပင်အား ခေါင်းဖြင့် ဝင်ခွေ့ချင်စိတ်တွေ အများကြီး ပေါ်လာ၏။

နောက်တစ်နေ့ကျမှ ကိုနိုင်ဦးနှင့် နှစ်ယောက်သား ပြန်ပြောရင်း ဟားရသည်။

"ခင်ဗျားဗျာ . . . တော်တော်နောက်တဲ့လူ၊ ကျွန်တော်ဖြင့် မနွယ် ကြောက်မှကြောက်ပါ့မလားလို့တောင် ပူမိသေးတယ်၊ ကားကလည်း အော်စတင်ကားနက်အစုတ်ကြီး၊ လူကလည်း ကုလားကတုံးသာဆိုတယ် . . . ပိန်ညှော်ညှော်နဲ့၊ တကယ့် ရှုနာရှုံ့ကုန်းလေး၊ ကြောက်စရာဆိုလို့ မျက်လုံးပြူးပြူးနှစ်လုံးပဲပါတာ"

"ကျွန်တော်လည်း ရရာရှာလာရတာပဲ ကိုကျော်ကျော်၊ ဘယ်လိုလုပ်မလဲ၊ ကျွန်တော့်မိတ်ဆွေတွေရှိတဲ့ ဘင်္ဂါလီစုတစ်စုလုံးမှာ ကတုံးနဲ့လည်းကတုံးနဲ့၊ ကားအနက်ရှိတာဆိုလို့ အဲဒီတစ်ယောက်ပဲရှိတာ၊ ဒါပေမဲ့ အရေးကြီးတာက အိုကေဖို့ပဲဥစ္စာ၊ ဘယ့်နှယ့်လဲ . . . အိုကေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"အိုကေပေါ့ဗျာ၊ တစ်ခါတည်း အဆောင်အထိ လိုက်ပါခွင့်ကို အကန့်အသတ်မရှိ ပေးလိုက်တာပါပဲ"

"အဲဒါပေါ့၊ အရေးကြီးတာ ဒါပဲမဟုတ်လား၊ ဟား . . . ဟား"

ရုံးက အရာရှိနှစ်ယောက် သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး တဟားဟား ပွဲကျနေသဖြင့် ရုံးထဲမှလူများ တအံ့တဩနှင့် လှမ်းကြည့်ကြ၏။

သူတို့ကတော့ ဘာမှမသိ။

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

၁။

ညကလည်း တော်တော်နှင့် အိပ်မရ။

ခုလည်း မနက်အစောကြီးကတည်းက လန့်နိုးနေပြီး မျက်စိကျောင်ပြီး ပြန်အိပ်မရတော့။ ခေါင်းထဲမှာ ဒီကိစ္စက ပြဿနာကြီးတစ်ခု ဖြစ်နေသည်။ စင်စစ် ဒီကိစ္စသည် ခုချိန်မှာ ပြဿနာကြီးတစ်ခုဟု ပြောလျှင် ရယ်စရာပင် ဖြစ်နေပေသည်။ ဘာမှဖြစ်သေးသည့်ကိစ္စမဟုတ်၊ သို့သော် တချို့ကိစ္စများသည် သင်္ချာတို့၊ ရူပဗေဒတို့မှ ပုံသေနည်းများလို၊ ပုစ္ဆာတွက်နည်းများလို၊ ဘာပြီးလျှင်ဘာ၊ ဘာပြီးလျှင်ဘာ ဆိုသည်ကို မျက်စိမှိတ် စဉ်းစားယူ၍ရသည်။

ခု . . . ကိုကြီးကျော်နှင့် ကိစ္စကလည်း ပုံသေနည်းဘောင်ထဲဝင်လာပြီဟု တင်တင်နွယ် တွက်မိသည်။ ထို့ကြောင့် ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခု၏ တံခါးဝဆီသို့ တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်နေသလို ခံစားနေရသည်။

အထူးသဖြင့် အံ့ဩနေသည်က မိမိစိတ်ကိုဖြစ်၏။ ကိုကြီးကျော်အပေါ် ထားရှိသော သဘောထားသည် သူ ကနဦးက ထားရှိသော သဘောထားမှ တဖြည်းဖြည်း သွေဖယ်၍ မူလထားရှိချက်၏ ဆန့်ကျင်ဘက်သဘောထားသို့ တဖြည်းဖြည်း ပြောင်းနေကြောင်းကိုလည်း ရိပ်မိသည်။

မူလက ကိုကြီးကျော်အပေါ် ထားရှိသောသဘောမှာ ဒေါသနှင့်အမုန်း ဖြစ်သည်။ ညီမအရင်းလို ဖြစ်နေသော မိစု၏ ချစ်ဒုက္ခကို နီးစွမူဝ မြင်တွေ့ကြားသိနေရာမှ မိစုအပေါ် ခင်မင်သောစိတ်ဖြင့် ကိုကြီးကျော်ဆိုသူကို အမုန်းကြီး မုန်းခဲ့သည်။

မနေနိုင် မထိုင်နိုင် သူများချစ်ခြင်းကို လိုက်လံအနှောင့်အယှက်ပြုသူဟူ၍ လူမမြင်ဖူးခင် အသံမကြားဖူးခင်ကပင် ဒီနာမည်ကို မုန်းနေခဲ့၏။ ထို့ကြောင့်လည်း မိန်းမသားတန်မဲ့ ဖြစ်ချင်ရာမြစ်ဟူသော သဘောထားကာ ထိုလူ့အိမ် အရောက်သွား၍ပင် ရန်တွေ့ပြစ်တင်ဖြစ်ခဲ့သည်။

ထိုစဉ်ကတော့ ဒေါသတွေ ခံပြင်းစိတ်တွေ ဖုံးနေသဖြင့် ရှေ့နောက်ပင် မစဉ်းစားနိုင်။ မိစုအပေါ် တာတူ စိတ်ပြန်လည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ ဒီလိုလူမျိုးကို ဒီလောက်တော့ ပြောလိုက်ရမှ ကျေနပ်မည်ဆိုသော အတွေးဖြင့် ပြောလိုက်ဆိုလိုက်ရသည်ကိုပင် များစွာကျေနပ်သည်။

တစ်ခါ သူက အဆောင်ကို လိုက်လာတော့လည်း သူ့စကားများ၊ သူ့အမူအရာများကြောင့် ဒေါသဖြစ်ပြီး ရိုက်မည်ပြုမည်လုပ်



ည့်အထိပင် ကိုယ့်ဘက်က ရမ်းကားခဲ့သည်။ တာတူးတို့ကိစ္စ
ဆင်မှတ်ဘဲ တွေးထင်မထားသည့်နည်းဖြင့် ပြေလည်သွားသည့်
ါ ကိုကြီးကျော်ဆိုသည့် လူသည် ကြားထဲက မားစာခံသက်သက်
သွားကြောင်း သိရသည်။ ထိုအခါမှ အားနာသလိုလို ပြန်ဖြစ်
ားသည်။

သို့သော် ထိုအချိန်တွင် သူက ကိုယ့်ကို သဘောထားတစ်မျိုး
ားနေပြီဆိုသဖြင့် ပြေရာပြေကြောင်း ပြောဖို့ဆိုဖို့သင့်သည်ကိုပင်
ပြောတော့ဘဲ ခပ်မှန်မှန် ခပ်တန်းတန်းလုပ်ပစ်လိုက်သည်။

ပြဿနာ၏ အစက ကတုံးကြီးကိစ္စ၊ သေချာပြန်စဉ်းစား
ည့်တော့ ရန်ကုန်မြို့လို နေရာမျိုးမှာ ဤကိစ္စမျိုးသည် လုံးဝဖြစ်
်သော ကိစ္စမျိုးမဟုတ်။ ဘာမဟုတ်သည့် အသေးအမွှားရာဇဝတ်
ျားပင် တစ်နေ့တခြား ဖြစ်မှုကျဆင်း၍ တစ်နေ့တခြား ပို၍
ာယာအေးချမ်းနေသည့်အရပ်မျိုးမှာ ကားနက်ကြီးနှင့် ကတုံးကြီး
်သောကိစ္စမှာ လူရှုတ်လူနောက်များက နောက်ပြောင်ဖန်တီးလိုက်
ာ ကောလာဟလ ဖြစ်ပေလိမ့်မည်။

ဒါမျိုးဆို ကျိတ်ကျိတ်ကျိတ်ကျိတ်ပြောတတ်သော လူတို့၏
ာဝအတိုင်း တဖြည်းဖြည်း ကားလာသော သတင်းဖြစ်ဟန်တူ
ည်။ ပြီးတော့ ကိုယ့်အနေနှင့် ဘာမှဖြစ်နိုင်သည့်ကိစ္စမဟုတ်။
သော် ထိုအချိန်ကတော့ အများနည်းတူ ကိုယ်လည်း ရောလန့်ပြီး
ဟာသူ ဘာကိစ္စနှင့် လာမှန်းမသိ . . . သူတို့ထုံးစံ အကြည့်ကို
ရဲတတ်သော ခေါ်တောကုလားတစ်ယောက်ကို လန့်ဖျပ်ပြီး အကူ
ညီရှာရာက ကိုကြီးကျော်နှင့် စကားပြေပြေပြစ်ပြစ် ပြန်ပြောဆို
်မင်သွားခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ . . . ဒီလိုဇာတ်လမ်းမျိုးတွင် ပုံသေနည်းလို ဖြစ်တတ်သော သဘောအရ မကြာခင် ကိုကြီးကျော်သည် သူ့ကို မေတ္တာရှိကြောင်း ဖွင့်ပြောတော့မည်မှာ သေချာသည်။

ပြဿနာသည် ဤကိစ္စပင်ဖြစ်၏။

"ဘာမှတော့ ဖြစ်သေးတာတော့ မဟုတ်ဘူးပေါ့ မမရယ်၊ ဒါပေမဲ့ အခုလို မမနဲ့ကိုကြီးကျော်နဲ့ မိတ်ဆွေတွေလို ဆက်ဆံနေကြတာကိုပဲ မြမူတို့တော့ သိပ်ဝမ်းသာတာပဲ၊ တကယ်ကျတော့ ကိုကြီးကျော်က စိတ်သဘော မဆိုးပါဘူး မမရယ်နော် . . . မမနဲ့ဆို အသက်ရော၊ ဂုဏ်ရော၊ ပညာရော ဘာမှပြောစရာမလိုဘူး၊ မမတို့နှစ်ယောက်ဆို သိပ်ရွှေသွားနောက်လိုက် ညီတာပဲ"

မြမြမူ ပြောဖူးသည့်စကားကို ပြန်စဉ်းစားမိသဖြင့် စိတ်ညစ်နေသည့်ကြားက တင်တင်နွယ် ပြုံးလိုက်မိသည်။ မြမြမူမှ မဟုတ်၊ လှလှအေးရော မိစုပါ ခုတော့ ကိုကြီးကျော်ဘက်သားများ ဖြစ်ကုန်ကြပြီ။ ကိုကြီးကျော်မို့ ဧည့်ခန်းရောက်ပြီး သူထွက်အတွေ့ကို စောင့်နေပြီဆိုလျှင် ဒီချာတိတ်တွေ ပါးစပ်ရော လက်ရော အငြိမ်မနေတော့။

"ဒီအကျီလေး ကောင်းတယ် မမရဲ့၊ လုံချည်က ဒါ၀တ် . . . အေးပြောတဲ့အတိုင်းသာ ဝတ်သွားစမ်းပါ၊ ကိုကြီးကျော်ဆိုတဲ့လူကြီး တစ်ခါတည်း ထဖက်နမ်းချင်စိတ်တွေ ထိန်းမရ သိမ်းမရ ပေါက်လာလိမ့်မယ်ဆိုတာက တစ်မျိုး"



နှုတ်ခမ်းနီကလေးကို ဆိုးမည်ပြုပြီးမှ . . . 'ဟယ် မလိုပါဘူး၊ အဆောင်ဧည့်ခန်းထဲမှာ စကားပြောတာပဲ၊ တော်ကြာ ကိုယ်က ဆိုးနေကျမို့ ဆိုးတာကို တော်ကြာ သူကျအောင် ဆိုးတယ်လို့ ထင်သွားဦးမယ်' . . . ဟု ပြန်ချကာရှိသေး၊ ဘယ်အချိန်ကတည်းက စောင့်ကြည့်နေမှန်းမသိသော မိစုက တစ်ခန်းထသည်။

"ဟယ် . . . မမကလည်း ဘာလုပ်မှန်းလဲ မသိဘူး၊ ဆိုးပါမရဲ့၊ မမအရောင်က သိပ်မသိသာပါဘူး၊ ဒါပေမဲ့ နှုတ်ခမ်းလေးနီနေတော့ ပိုလှတာပေါ့၊ ပေး ပေး မိစုဆိုးပေးမယ်"

ပြောရုံ ပြောတာမဟုတ်။ အဟုတ်ပင် နှုတ်ခမ်းဆိုးဆေးကို ယူ၍ အတင်းဆိုးပေးသည်။ "ဟယ် . . . ဒီကောင်မလေးတွေ" ဘာညာ ဟန့်သည်ပင်မရ။ မေးစေ့အတင်းကိုင်ပြီး မရအရဆိုးပေးသည်။ ပြီးတော့လည်း ငြိမ်ငြိမ်မနေ၊ ဘယ်ကနေ ကြည့်လိုက်၊ ညာကနေ ကြည့်လိုက်လုပ်ပြီး . . .

"ပြောလို့ပြောတာ မဟုတ်ဘူး မမရယ် . . . မမက တကယ်လှတာ၊ ဟင်း . . . နော် ကျွန်မသာ ကိုကြီးကျော်နေရာမှာရှိရင် နောက်မှဘာဖြစ်ဖြစ် အတင်းအတင်း ဟောသလို လုပ်ပစ်လိုက်မှာပဲ"

ဆို၍ . . . အတင်းနမ်းကြသည်။ ကြာတော့ ဟိုကလူနှင့်တွေ့ရသေး၊ သူတို့ဝိုင်းလုပ်တာနှင့် ရင်တွေဘာတွေ ခုန်လာသည်။ ဟိုရောက်၍ စကားစမြည်ပြောဆိုနေရင်းပင် သူတို့စကားတွေ သူ့ကို အပြုအမူတွေ ပြန်ပြန်သတိရ၍ အလကားနေရင်း ရှက်ရှက်သွားမိသည်ကလည်း ခဏခဏ။

မြမူက အဆိုးဆုံး။ သူတို့ထဲမှာ အသက်လည်း အငယ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး။ ပျော်တတ်ရွှင်တတ်၍ အစအနောက်ကလည်း အသန်ဆုံး ဘာအပူအပင်မှ မရှိ၊ နောက်ဆုံးစိတ်ညစ်စရာဟူ၍ ရည်းစားပင် မရှိသဖြင့် သူက ပိုကဲသည်။ ညနေဆို သူနှင့်နှစ်ယောက်သား အဖော်ပြုနေကြရရာ ကိုကြီးကျော်လာလျှင် တစ်ယောက်တည်း ကျန်နေခဲ့မည်စိုးသဖြင့် အဖော်ခေါ်သွားရသည်။ ပြီးတော့လည်း သူနှင့်ပင် အနေအများဆုံး။

ကိုကြီးကျော်ပြန်သွားလျှင် ကိုကြီးကျော်ပြောသမျှ စကားတွေ အကုန်ပြန်ပြော၍ ကိုကြီးကျော်အမူအရာတွေပါ လုပ်လုပ်ပြ သည်။ ရယ်လိုက်သည်မှာ အမော။ တစ်ခါတလေ အိပ်ရာပေါ် တစ်ယောက်တည်း လှဲနေတုန်း၊ ဘယ်ကနေဘယ်လို ပုန်းလျှိုး ရောက်လာမှန်းမသိ၊ အိပ်ရာပေါ် အတင်းခုန်တက်ပြီး . . .

"ဟင်း . . ဟင်း . . ခုမှပဲ ဟန်ကျတော့တယ် . . မနွယ်ရယ် ကိုကြီးကျော်ကို စိတ်မဆိုးနဲ့နော်၊ ကိုကြီးကျော်က မနွယ်ကို ချစ်လို့ ပါ . . . ဟီး ဟီး" ဆို၍ ကိုယ်ပေါ် အတင်းတက်ဖိလျှင် ရင်တွေ ပန်းတွေ တုန်တုန်သွားမိသည်။

ခါတိုင်း . . . ဒီလိုနောက်ပြောင်နေကြတာမျိုးဆိုလျှင် မိမိ၏ စိတ်အခံဖြင့် ဒေါသတွေ အရမ်းဖြစ်မိမှာ သေချာသော်လည်း ခု အချိန်တွင် မိမိကိုယ်မိမိ ပြန်ဆန်းစစ်ကြည့်သလောက် ဒီချာတိတ်မ တွေနှင့် ဒီလိုနေရတာကိုပင် ပျော်သလိုဖြစ်နေမိသည်။

ကိုယ့်ကိုယ်ကိုယ်လည်း ရိပ်စားမိသလို ဖြစ်လာသည်။ သူလည်း ကိုကြီးကျော်အပေါ် တိမ်းညွတ်နေမိပြီလား။

ဖြစ်နိုင်ဖို့က သေချာသလောက်ရှိသည်။ နို့မို့ဆိုလျှင် ခုကဲ့သို့ စိတ်ညစ်စိတ်ရှုပ်နေရခြင်းများ ဘာမှဖြစ်စရာမလို၊ ကိုကြီးကျော်က



ဖွင့်ပြောသည်နှင့် . . .

"ရှင်နဲ့ဘယ်လိုမှ မဖြစ်နိုင်ဘူး ကိုကြီးကျော်၊ ကျွန်မကို နောက်ထပ် ဒီစကားမျိုးတွေလည်း လာမပြောနဲ့၊ ကျွန်မဆီက အတွက် အပြန်ကိုလည်း ဘယ်တော့မှ မမျှော်လင့်နဲ့၊ ရှင့်အတွက် မျှော်လင့် ချက်မရှိဘူး" ဆိုပြီး ခါထုတ်လိုက်လျှင် သူ့ထက်လွယ်သောလမ်းပင် သူ့လောက်မလွယ်။ အလွယ်လေးနှင့် အရှင်းလေးဖြစ်၏။

ခုတော့ သူ့မှာ စဉ်းစားနေရပြီ။

ကိုကြီးကျော်ဖွင့်ပြောလျှင် သူဘာပြန်ပြောရမလဲ . . .

"ဟင်း"

အဖြေရှာမရတိုင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချနေမိ၏။

ခက်သည်က သူနှင့်ပတ်သက်၍ သူ့အကြောင်းကို သူမှလွဲ၍ ဘယ်သူမှမသိ။ ကိုကြီးကျော်လည်း မသိ၊ မိစုတို့ မြမူတို့ လှလှအေး တို့လည်း မသိ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသောစကားက ခုမှ တည့်တည့်လာမှန်နေသည်။

ထို့ကြောင့် ပြဿနာကြီးတစ်ခု၏ တံခါးဝဆီသို့ တရွေ့ရွေ့ ချဉ်းကပ် ဝင်ရောက်နေသလို ခံစားရသည်။ ဒီကိစ္စဘယ်လိုဖြေရှင်း ရမည်ဆိုသည်ကို အတော်စဉ်းစားရပေဦးမည်။

ညတိုင်း တော်တော်နှင့် အိပ်မရ။

www.burmeseclassic.com

www.burmeseclassic.com

၂။

ရုံးရှေ့ရောက်သည်နှင့် ကိုကြီးကျော် ကားခရင်းပေးပြ
လေးဘီးအငှားကားပေါ်မှ ကပျာကယာဆင်းသည်။

နာရီကို ငုံ့ကြည့်သည်။ လေးနာရီခွဲရန် ဆယ်မိနစ်။ လော
သာ လောနေရသည်။ အချိန်က များစွာမီသေး၏။ ခုဆိုလျှင်တော
ရုံးရှေ့ကနေ ဆယ်မိနစ်လောက် စောင့်ရဦးမည်။ သို့သော် ကိုယ်က
စောင့်ရတာက ကိစ္စမရှိ။ သူလည်း ရုံးသမား၊ ကိုယ်လည်း ရုံးသမာ
သူ့ရုံးဆင်းမီအောင် ကိုယ်က ရုံးကနေ နည်းနည်းစောဆင်း
သူ့ဆီ အမီပြေးရသည်ဆိုသည့် ကိစ္စက လွယ်သည်မဟုတ်၊ မီတာ
ပဲ ကျေးဇူးတင်ရဦးမည်။

"ဟူး"



ခုမှ စိတ်အေးသွားသလို ဖြစ်သဖြင့် ဘယ်အချိန်ကတည်းက အောင့်ထားမိမှန်းမသိသော ပင့်သက်ကို မှုတ်ထုတ်လိုက်မိသည်။ ဒီတော့မှ ခဏခုန်ဖို့မေ့နေခဲ့သော ရင်သည်လည်း နည်းနည်းပြန်ခုန်လာသည်။

"သူလည်း ဒီလောက်ဆိုရင် ကြိုရိပ်မိရင် ရိပ်မိနေမှာပဲ"

အတွေးနှင့်အတူ တင်တင်နွယ်ကို ရုံးအပေါ်ဘက်ကို မော့ကြည့်လိုက်သည်။ ရုံးကြီးကတော့ ဘာမှထူးခြားမှုမရှိ၊ ခါတိုင်းလိုပင် ခန့်ခန့်ညားညား တည်တည်ငြိမ်ငြိမ်နှင့် မလှုပ်မခတ် ရှိနေသည်။

"ခုနေ သူ့စိတ်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ သိရရင် သိပ်ကောင်းမှာပဲ"

တောင့်တောင့်တတလေး တွေးမိသည်။ အခြေအနေက ကြိုတင်အကဲခတ်ထားသလို ဖြစ်သဖြင့် သိပ်ဆိုးဆိုးရွားရွားဖြစ်စရာမရှိနိုင်၊ နေ့လယ်ကပင် ဖုန်းနှင့် ကြိုပြောထားသည့်ကိစ္စ။

"ဒေါ်တင်တင်နွယ်နဲ့ စကားပြောခွင့်ပြုပါခင်ဗျာ"

"ဩော် . . . တင်တင်နွယ်ပါ၊ ပြောပါ"

"ကျွန်တော် ကျော်ကျော်စိုးအောင်ပါ မနွယ်၊ မနွယ်နဲ့ ပြောစရာရှိလို့"

"ကိုကြီးကျော်လား၊ ဘာပြောမလို့လဲ ကိုကြီးကျော်"

"ဒီလို မနွယ်၊ မနွယ် ရုံးဆင်းရင် တခြားသွားစရာလာစရာကိစ္စများ ရှိသေးလား"

"မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီနေ့ရုံးဆင်းရင် မနွယ်ဆီ လာခဲ့ချင်တယ်၊ မနွယ်ကို စကားတစ်ခွန်း ပြောစရာရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"စကားပြောစရာများ ရှုံးလာစရာ မလိုပါဘူး ကိုကြီးကော့
ခု ပြောလည်း ရတာပဲဟာ၊ ဒါမှမဟုတ် အဆောင်ကိုဖြစ်ဖြစ် လား
ပေါ့"

"မဟုတ်ဘူး မနွယ်၊ ကျွန်တော်ပြောမယ့်စကားက အထူး
ကိစ္စပါ၊ ဖုန်းနဲ့လည်း မပြောချင်ဘူး၊ အဆောင်မှာလည်း မပြောချင်
ဘူး၊ ရုံးအဆင်းမှာ မနွယ်ဆီလာပြီး အေးအေးဆေးဆေး တစ်နေရာ
ကို သွားချင်တယ်၊ အဲဒီကျမှ ပြောချင်တာ"

တစ်ဘက်မှစကားသံ ခဏတိတ်သွားသည်။ သက်ပြင်းချသံ
လိုလိုလည်း ကြားလိုက်ရသည်။ ပြီးမှ လေသံခပ်တိုးတိုးဖြင့် . . .

"အင်းလေ . . . ဒါဖြင့်လည်း သဘောပဲပေါ့၊ မနွယ် ရုံးဆင်း
အမီ လာခဲ့ပေါ့၊ ဒါပဲမဟုတ်လား"

"ဟုတ်ကဲ့"

ဒီအခြေအနေကို ထောက်ရှုခြင်းအားဖြင့် သူဘာပြောမည်
ဆိုသည်ကို ရိပ်မိတန်သလောက် ရိပ်မိနိုင်သည်ဟု တွက်မိသည်။
လူပျိုတစ်ယောက်က အပျိုတစ်ယောက်ဆီကို အထူးကိစ္စ စကား
ပြောရန်ရှိသည်ဆိုခြင်းဖြင့် နားလည်လောက်ပေပြီ။

ဒီလိုသိလျက်နှင့် လက်ခံပြောဆိုခွင့်ပြုသည် ဆိုခြင်းကို ကြည့်
၍ အခြေအနေ သိပ်ဆိုးမည် မဟုတ်ဟုလည်း တွက်နိုင်သည်။

သို့သော် ရင်ခုန်တာကတော့ ရင်ခုန်တာပဲဖြစ်၏။ စိတ်ထဲ
တွင် စာမေးပွဲခန်းဝင်ခါနီး ကျောင်းသားကဲ့သို့ ဖြစ်နေသည်။ ဘယ်
လောက် စာကျက်ထားထား စာတွေ ဘယ်လောက်ရနေရနေ ရှ
ရပါ့မလား၊ ဖြေမှဖြေနိုင်ပါ့မလား၊ ပူတာက ပူတာပဲ ဖြစ်သလို
ခုလည်း ဘယ်လိုအခြေအနေကောင်းကောင်း ပူတာကတော့ ပူတာ



ပဲ ဖြစ်၏။

မေးရမှာကတော့ အမေးစကား တစ်ခွန်းတည်း။

"မနွယ်ကို ကျွန်တော် ချစ်တယ်ဗျာ၊ အဲဒါ မနွယ် ကျွန်တော့်
ကို ဘယ်လိုသဘောထားတယ်ဆိုတာ သိပါရစေ"

ဒါပဲ ဖြစ်သည်။ သို့သော် ရလာမည့်အဖြေက အမျိုးမျိုး
ဖြစ်နိုင်၏။ မချစ်ဘူးဟု တည့်တည့်ကြီး ငြင်းချလိုက်တာမျိုးလည်း
ဖြစ်နိုင်သည်။ စဉ်းစားပါရစေဦးတို့၊ ကျွန်မ ဒါမျိုး မစဉ်းစားသေး
ပါဘူးလို့ စသည်ဖြင့် . . . အများမှ အများကြီး။

အင်းလေ . . ပြောသာပြောရတာ၊ ကျွန်မ ဒါမျိုး မစဉ်းစား
သေးပါဘူး ဆိုတာမျိုးကတော့ လာချင်မှ လာမှာပါ၊ ဒီအရွယ်ရောက်
မှ ဒါမျိုး မစဉ်းစားသေးလည်း သချိုင်းကုန်းရောက်မှ စဉ်းစားဖို့
ရှိတော့သည်။ ဒါမျိုးတော့ လာမည်မဟုတ်။ သို့သော် အဖြေပေးဖို့
ကိစ္စကို ဝေ့လည်ကြောင်ပတ် လုပ်နေလျှင် ကိုယ့်ဘက်က စကား
တတ်ဖို့လိုသည်။

ပေးရန်ခက်သော အဖြေစကားကို ဖြေရလွယ်သည့်ပုံစံမျိုး
ရောက်လာအောင် ကိုယ့်ဘက်က လမ်းခင်းပေးဖို့ လိုသည်။ ဒါမျိုး
တွေ မတတ်ခဲ့လို့ ခုထိ လူပျိုဖြစ်နေရသည့်ကိစ္စ။ ဒီတစ်ခါတော့
အပြောအဆိုကို အထူးဂရုစိုက်မှ ဖြစ်မည်ဟု ကိုယ့်ကိုယ်ကိုယ် သတိ
ပေးမိသည်။

ဆရာကောင်း သမားကောင်းတွေနှင့်လည်း တိုင်ပင်ထား
ပြီးသည့်ကိစ္စ၊ ခု ဖွင့်ပြောဖို့ကိစ္စပင် ဆရာသမားတွေက အပြော
ကို သုံးသပ်၍ တိုက်တွန်းလိုက်သည်ဖြစ်ရာ မှားတော့
မရှိ။ ကိုနိုင်ဦးကလည်း . . .

www.burmeseclassic.com

www.burmeseclassic.com



"သိပ်စဉ်းစားမနေနဲ့တော့ ကိုကျော်ကျော် . . . အချိန်ကို အလဟဿ ဖြုန်းမပစ်နဲ့တော့၊ ပြောစရာရှိတာ ပြောလိုက်တော့" ဟု တိုက်တွန်းသည်။

"မဟုတ်ဘူး ကိုနိုင်ဦး၊ တော်ကြာ အပြောလောပြီး မှားသွားမှာစိုးလို့ ချင့်ချိန်နေတာပါ"

"ဘာမှ ချင့်ချိန်မနေနဲ့၊ ခင်ဗျား အခြေအနေက ကောင်းပြီးသား၊ သေချာတွက်ကြည့်လေဗျာ . . . နဂိုက ခင်ဗျားကို ရေရေလည်လည် မုန်းနေရာကနေ ခင်ဗျားက သူ့ကို ကြိုက်မှန်းလည်း သိသေးတယ်၊ ဒီကြားထဲကနေ ဒီအထိ သူက လက်ခံပြီးနေမှပဲဟာ"

ဒီစကားဝင်ပြောသူက ဦးဝင်းထွတ်။ သူကတော့ ခုနောက်ပိုင်းမှ တိုးလာသော တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်သည်။ ကိုကြီးကျော်တို့ထက် ရာထူးတစ်ဆင့်ကြီးသော အထက်အရာရှိ၊ အသက်လည်း ပိုကြီးသည်။ သို့သော် စိတ်သဘောကောင်း၍ ပေါင်းသင်းဆက်ဆံရေး တော်သူမို့ ဒီလိုပဲ နောက်ရင်းပြောင်ရင်းကနေ ကိုကြီးကျော်အကြောင်းကိုသိပြီး အကြံပေးပုဂ္ဂိုလ်စာရင်းထဲ ဝင်လာသူဖြစ်သည်။

သူတို့ပါ ပါလာသဖြင့် ကိုကြီးကျော် ပိုလည်းအားရှိလာသည်။ ခုနောက်ပိုင်း အခြေအနေရောက်မှ ကိုကြီးကျော် ဒီကိစ္စများကို တာတူးတို့ အောင်ဝင်းတို့ ချာတိတ်တွေနှင့် သိပ်မတိုင်ပင်ဖြစ်တော့။

"ဘယ်လိုလဲ ကိုကြီးကျော်" ဟု သူတို့က စမေးလျှင်ပင် . . .

"ရပါတယ်ကွာ၊ ပိုင်ပါတယ်၊ ဒါတွေက တို့အဖို့ အသေးအဖွဲ ပါ၊ အချိန်တန်ရင် နွားပိန်ကန်လာမှာပေါ့" ဆိုသော စကားမျိုးတို့



ဖြင့် တုံ့ပြန်ခဲ့သည်။

သူတို့ထဲကျတော့ ကိုယ်ကသွားပြီး "ဘာလုပ်ရရင် ကောင်းလဲ မသိဘူး" . . . တွေ ဘာတွေ သွားလုပ်လို့မဖြစ်။

ထို့ကြောင့် ရှုံးမှအဖွဲ့ကိုသာ နေ့စဉ်အစီရင်ခံစာ ရေးသလိုနေ့စဉ် အဖြစ်အပျက်အသေးစိတ် ပြန်ပြောပြသည်။ သူတို့နှင့်သာ တိုင်ပင်ဆွေးနွေးသည်။

နောက်ဆုံးတော့ အားလုံး၏ ဆုံးဖြတ်ချက်၊ သူ့ဆုံးဖြတ်ချက်နှင့်အတူ ဒီနေ့ ဖွင့်ပြောလိုက်တော့မည်ဟု ဆုံးဖြတ်၍ တင်တင်နွယ်တို့ရုံးအောက်သို့ သူရောက်နေခြင်းပင်။

ထိုစဉ် ရုံးလှေကားမှနေ၍ တစ်ယောက်စနှစ်ယောက်စ ဆင်းလာသည်ကို တွေ့ရ၏။

ကိုကြီးကျော်ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာသည်။

နောက်ဖေးသွားချင်သလိုလိုပင် ဖြစ်လာ၏။

***

"ကြာပြီလား . . . ရောက်နေတာ"

ဆွဲခြင်းလေးဆွဲ၍ ဆင်းလာရင်း အပြုံးနှင့်အတူ မေးလိုက်သော အမေးကြောင့် ရင်ထဲအေးသွား၏။

"မကြာသေးဘူး မနွယ်၊ ခုပဲရောက်တယ်၊ မီမှမီပါ့မလားလို့ ပြေးလိုက်ရတာ"

"ရပါတယ်၊ နည်းနည်းနောက်ကျတော့လည်း မနွယ်စောင့်ခာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် နှစ်ယောက်သား ယှဉ်လျှောက်လာသည်။

"တစ်နေရာရာ သွားရအောင်"

"သွားလေ . . . ဘယ်သွားချင်လို့လဲ"

အလဲ့ . . . ခုထိကတော့ စပယ်ရှယ် အိုကေနေပါလား။ အလွန်တရာ ကျေနပ်သွားသည်။

"ကရဝိတ် သွားရအောင် မနွယ်၊ အအေးသောက်ရင်း တစ်ခုခုစားရင်း စကားပြောကြတာပေါ့"

တစ်နေ့လုံး အတော်ရွေးချယ်ထားရသော နေရာကို စွန့်စားပြောချလိုက်ရသည်။ နေရာကိစ္စကလည်း တစ်ပြဿနာ။ ဟိုတုန်းကလို ကလေးတွေဆိုလျှင်တော့ အကြောင်းမဟုတ်၊ ဇန္ဒုလပန်းခြံထဲ ထိုင်ပြောပြော၊ အင်းလျား သွားပြောပြော၊ တိရစ္ဆာန်ရုံထဲ သွားပြောပြော . . . ရသည်။

ခုအရွယ်ကျမှ ဇန္ဒုလပန်းခြံထဲ သွားပြောလို့မဖြစ်၊ ဒီအရွယ်ကြီးတွေနှင့် ပန်းခြံထဲ သွားထိုင်လျှင် သမီးရည်းစား စကားပြောနေသည်ဟု မည်သူမှ တွက်မည်မဟုတ်။ ရုံးက အရာရှိနှစ်ယောက် လင်ကြီးတွေ၊ မယားကြီးတွေ ကွယ်ရာမှာ ကြာကူလီရိုက်နေသည်ဟု ထင်မသွားလျှင် ကံကောင်း။

ကျန်သည့်နေရာတွေကလည်း သိပ်မတင့်တယ်၊ သူ့အဆင့်ကိုယ့်အဆင့် သူ့အရွယ် ကိုယ့်အရွယ် ချင့်ချိန်၍ ရွေးလိုက်ရသည့်နေရာ။ သို့သော် တစ်ခုပဲရှိသည်။ ကရဝိတ်ကို သွားဖို့ဆိုလျှင် လမ်းအလိုက်သင့်လေး ရောက်သွားမည်မဟုတ်။ တကူးတက သွားရမည့်နေရာ၊ သူ လိုက်မလိုက်ဆိုတာ ရှိနေသည်။ ထို့ကြောင့် တင်တင်နွယ့်ထံမှ အပြန်စကားကို ရင်တဖိုဖိုဖြင့် စောင့်သည်။

"ဟင် . . ကရဝိတ်တောင် သွားမလို့လား၊ မဝေးဘူးလား"

"မဝေးပါဘူး၊ ကားလေးငှားသွားလိုက်ရင် ခုရောက်သွားမှာပဲဥစ္စာ၊ အေးအေးဆေးဆေး စကားပြောလို့ ကောင်းတာပေါ့"

တင်တင်နွယ်ထံမှ ဘာမှ ပြန်မလာတော့။ ဒီနေရာတွင် ဆိတ်ဆိတ်နေခြင်းသည် သဘောတူခြင်းဟု လိမ္မာပါးနပ်စွာ နားလည်ရမည်ဖြစ်သဖြင့် ဘာမှ ထပ်မရှည်တော့ဘဲ . . .

"ခဏလေးနော် မနွယ်၊ ကားတစ်စီး ငှားလိုက်ဦးမယ်"

တင်တင်နွယ် ခေါင်းညိတ်သည်။

ကိုကြီးကျော် ဝမ်းသာအားရနှင့် လမ်းမကြီးအတိုင်း မောင်းလာသော လေးဘီးကားတစ်စီးကို လှမ်းတားရန် နှစ်လှမ်းသုံးလှမ်း ရှေ့ထွက်လိုက်သည်။

ဝမ်းသာလွန်းနေသဖြင့် ခုန်ပေါက်ပြေးလွှားပြီး မသွားမိရန် မနည်းထိန်းထားလိုက်ရသည်။

လေးဘီးကားကလေးက ကျွီခနဲ သူ့ရှေ့၌ ရပ်၏။



www.burmeseclassic.com

www.burmeseclassic.com

၃။

ညနေစောင်းကလေးက အေးချမ်းလှပနေသည်။

ယူကလစ်ပင်များ၊ ပင်လယ်ကဗွီးပင်များကို ဖြတ်တိုက်လာသော လေအေးလေးကလည်း ထိုနေရာရှိ လူအားလုံး၏ရင်ကို အေးချမ်းကြည်နူးအောင် ဖန်တီးပေးနေ၏။

ကန်တော်ကြီးရေပြင်နှင့် များစွာ ပန်ရနေသော ကရဝိတ်ခန်းမကြီးကလည်း . . ဘယ်လိုလဲ ကိုကြီးကျော် . . ခင်ဗျားအတွက် မင်္ဂလာခန်းမ အဆင်သင့် ပြင်ထားလိုက်ရတော့မလား . . . ဟု မေးနေသလို မင်္ဂလာအပေါင်းနှင့် ခညောင်းတင့်တယ်နေသည်။

ဤသို့သော် မင်္ဂလာရှုခင်းလေးများနှင့် ရထားသလို၊ အခြေ



အနေကလည်း အတော်ကောင်းနေသဖြင့် ကိုကြီးကျော် သိပ်ကြည်နူးနေသည်။

ကရဝိတ်သို့ ရောက်၊ ကားပေါ်မှ ဆင်း၊ ရေခဲမုန့်ရောင်းသည့် အပြင်ဆိုင်လေးဘေးမှ ပလတ်စတစ်စားပွဲလေးတွေမှာ ဝင်ထိုင်၊ ရေခဲမုန့်နှင့် အခြားမုန့်များ မှာ၊ အားလုံး အေးအေးဆေးဆေး ဖြစ်သည်နှင့် ကိုကြီးကျော်ကစ၍ မပြောခင် တင်တင်နွယ်က လမ်းခင်းပေးသည်။

"ကဲ . . . ဘာပြောမလို့လဲ ကိုကြီးကျော်၊ ဒီလောက် သိုင်းဝိုင်းနေပုံထောက်တော့ သိပ်အရေးကြီးတဲ့ ကိစ္စပဲထင်တယ် . . . ဟုတ်လား"

ကိုကြီးကျော် ခေါင်းညိတ်သည်။

"ဟုတ်တယ် မနွယ်၊ ကျွန်တော့်ဘဝအတွက် သိပ်အရေးကြီးတဲ့ စကားပါ၊ မနွယ်လည်း ခေါင်းအေးအေးနဲ့ စဉ်းစားနိုင်ဖို့ ဒီလောက် သိုင်းဝိုင်းနေရတာပါ"

"အင်း . . . ပြောပါဦး"

"ဒီလို မနွယ် . . . မနွယ်လည်း ရိပ်မိတန်သလောက် ရိပ်မိမှာပါ၊ ကျွန်တော် မနွယ်ကို စတွေ့ကတည်းက ချစ်နေခဲ့ပါတယ်၊ အဲဒါ . . . ခုချိန်မှာတော့ မနွယ်ကိုလည်း ဖွင့်ပြောသင့်ပြီ၊ မနွယ်ဆီကလည်း အဖြေတောင်းသင့်ပြီလို့ ထင်ပါတယ်၊ ကျွန်တော့်အပေါ် မနွယ်ရဲ့ သဘောထားကို သိပါရစေ"

မနွယ်မျက်နှာတွင် ပန်းနုရောင်ကလေးတစ်ခု ရိပ်ခနဲ ထင်သည်။ ကလေးလိုတော့ ခေါင်းတွေဘာတွေ ငုံ့မပစ်၊ အို တွေဘာတွေလည်း မရေရွတ်၊ သက်ပြင်းတစ်ခု မသိမသာ ခိုးချ၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"မနွယ် သိပါတယ် ကိုကြီးကျော်၊ ဒါပေမဲ့ ကိုကြီးကျော် မပြောမချင်း မနွယ်ကလည်း ဘာမှပြောလို့ မရတာနဲ့ ကိုကြီးကျော် ပြောတဲ့အထိ စောင့်နေခဲ့တာပါ"

"ဟုတ်ကဲ့ . . . ခု ကျွန်တော် ပြောပါပြီ မနွယ်"

"အဲဒါဆို မနွယ်လည်း ကိုကြီးကျော်ကို မေးမယ်လေ၊ မနွယ် အကြောင်းကို ကိုကြီးကျော် ဘယ်လောက်သိသလဲ"

"ဟာ . . . သိတာပေါ့ မနွယ်ရာ၊ ကိုကြီးကျော်ဆိုတဲ့ကောင် က ဒီလောက် ဘယ်အ,ပါ့မလဲ၊ မနွယ်ကို စိတ်ဝင်စားပြီဆိုကတည်း က မနွယ်အကြောင်းကို အရင်သိအောင် လုပ်ထားပြီးပြီပေါ့"

ကိုကြီးကျော်က . . . ကိုယ် စာသိပ်ရနေသည့်အချိန်နှင့် ဆရာက ကိုယ့်ကို လူပုံအလယ်မှာ စာမေးချိန်နှင့် ကံကောင်းစွာ လာတိုးနေသော ကျောင်းသား၏ဟန်ဖြင့် ဝင့်ကြွားကြွားလေး ပြန် ဖြေလိုက်သည်။

"တကယ် သိတာလား"

"ဟာ . . . ကျားကိုက်ပါတယ်ဆိုခါမှ သွေးထွက်သေးလား မေးနေရသေးတယ်၊ မနွယ်ရယ် . . . သိပ်သိတာပေါ့"

မနွယ်က ရယ်သည်။

"မဟုတ်သေးဘူးနော် ကိုကြီးကျော်၊ မနွယ် ဒီစကားကို ပေါ့ ပေါ့မေးတာ မဟုတ်ဘူး၊ နောင်ကျမှ ပြဿနာရှုပ်လာမှာစိုးလို့ စောစောစီးစီး မေးထားတာ၊ ဖြစ်နိုင်ရင်တော့ ခုလို လောလောလော လောနဲ့ မနွယ်ဆီက အဖြေတောင်းမယ့်အစား မနွယ်အကြောင်းကို အရင်သိအောင် လုပ်စေချင်သေးတယ်၊ ကိုကြီးကျော်အတွက် ပြော တာပါ"



"အယ် . . ."

စောစောက ကြည်နူးနေသော ကိုကြီးကျော် စိတ်များ ကသိ ကအောင့် ဖြစ်သွား၏။ အခြေအနေက ရှောရှောရှူရှူ ဖြစ်တော့ မည် ထင်ပြီးမှ ရုတ်တရက် ထစ်မျိုးဖြစ်သွားသဖြင့် ကိုကြီးကျော် ခေါင်းထဲ အလုပ်နည်းနည်း များသွားသည်။

သို့သော် ကိုကြီးကျော်ကလည်း တခြားလူမှ မဟုတ်ဘဲ၊ ဒီ လောက်နှင့်တော့ လွယ်လွယ် ဘယ်အလျှော့ပေးနိုင်ပါ့မလဲ၊ သို့ကြောင့် ကသိကအောင့် ဖြစ်သွားသောစိတ်ကို ချက်ချင်း ဖျောက် ပစ်လိုက်ပြီး မျက်နှာကိုပါ ပြင်လိုက်သည်။

"ပေါ့ပေါ့ပဲ ပြောပြော၊ လေးလေးပဲ ပြောပြော အဲဒီ အကြောင်းကို ထပ်မပြောနဲ့တော့ မနွယ်၊ မနွယ်ဆိုလိုတဲ့သဘော ကို ကျွန်တော် သိပါတယ်၊ မနွယ်ရဲ့ အတိတ်မှာ အကြောင်းတစ်စုံ တစ်ခု ရှိနေခဲ့တယ်၊ အဲဒီ . . . အကြောင်းကို ကျွန်တော် သိချင်မှ သိမယ်လို့ မနွယ်ထင်တယ်၊ ဒါကြောင့် ဒီအကြောင်းနဲ့ ပတ်သက် ပြီး တစ်ချိန်ချိန်မှာ ပြဿနာလာဖြစ်နိုင်တယ်လို့ မနွယ် ထင်နေ တယ် မဟုတ်လား"

"ဟုတ်တယ် . . . အဲဒီအကြောင်းကလည်း"

"ကဲပါ မနွယ် . . . အဲဒီကိစ္စကို မပြောပါနဲ့၊ ကျွန်တော် မနွယ်ကို စကားအကုန်ပြောမယ်၊ မနွယ် ဘာဖြစ်ခဲ့ဖြစ်ခဲ့၊ ကျွန်တော် အဲဒါတွေကို လုံးဝစိတ်မဝင်စားဘူး၊ အရေးကြီးတာက ရှေ့ဆက် ရမယ့် ဘဝခရီးမှာ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိ ကြင်ကြင် နာနာ နေသွားနိုင်ဖို့ပဲ အရေးကြီးတယ်"

"ဟင်း . . . ခက်ပါလား ကိုကြီးကျော်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ဘာစကားမှ ပြော၍မရအောင် အပြတ်ကြီး ပြောချနေသည်ကို ကြည့်၍ မနွယ် ခေါင်းကုတ်သည်။

"မခက်ပါဘူး မနွယ်၊ ခုလောလောဆယ်မှာ အရေးကြီးတာက မနွယ်ရဲ့ ကျွန်တော့်အပေါ်ကိုထားတဲ့ သဘောထားပါပဲ၊ အဲဒါပဲ ကျွန်တော့်ကို ပြောပါ"

ကိုကြီးကျော်၏ အတင်းရော၊ အဓမ္မရော စကားကြောင့် မနွယ် သူပြောမည့်စကားကို လက်လျှော့လိုက်သည်။

"အင်းလေ ..၊ သူ့ဘက်က ဒီလောက်ဖြစ်နေရင်လည်း ပြီးတာပဲပေါ့၊ ကိုယ်လည်း ကြိုပြောမထားတာမှ မဟုတ်တာ" ဟု တွေး၍ တင်တင်နွယ် ဆုံးဖြတ်ချက်တစ်ခုချသည်။

မျှော်လင့်တကြီး မျက်နှာနှင့် သူ့စကားကို စောင့်နားထောင်နေသော ကိုကြီးကျော်မျက်နှာကိုလည်း တစ်ချက်ကြည့်လိုက်၏။

❀

"ကဲ ... ဒါဖြင့် ကိုကြီးကျော် မနွယ်ကို ကတိတစ်ခု ပေးမလား"

"ဟာ ... ပေးတာပေါ့၊ ဘာကတိလဲ ပြော"

စကားအသွားအလာအရ အခြေအနေက ပြန်ကောင်းသွားပြီဟု သိလိုက်သဖြင့် ကိုကြီးကျော် နှစ်ခါပင် မစဉ်းစား။ ချက်ချင်းပင် ဝမ်းသာအားရ ပြန်ပြောသည်။

"မနွယ်နဲ့မတော်သက်လို့ ဘာပဲဖြစ်ဖြစ် ကိုကြီးကျော် ခွင့်လွှတ်မယ်၊ ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် မနွယ်ကို မုန်းမသွားဘူး၊



စိတ်ပျက်မသွားဘူး၊ ဘယ်တော့မှ ပစ်မသွားဘူးလို့ ကတိပေးမလား"

"မနွယ်ရယ် ... ဒီကတိများ တောင်းစရာတောင် မလိုပါဘူး"

"မဟုတ်ဘူး ကိုကြီးကျော်၊ စကားကို အဲလို လုံးမပစ်နဲ့၊ ပေးမယ်ဆိုရင်လည်း တိတိကျကျပေး"

ကိုကြီးကျော်က ရယ်သလို မောသလိုဖြင့် ပြန်ပြောသဖြင့် မနွယ်က လုံးဝမရယ်ဘဲ ခပ်တည်တည်နှင့် ပြန်ပြောသည်။ ဒီတော့မှ ကိုကြီးကျော် မျက်နှာပိုးသတ်၍ ...

"မလိုလို့ မလိုဘူးပြောတာပါ မနွယ်ရာ၊ ကဲ ... တိတိကျကျပဲ ကတိပေးပါတယ်၊ မနွယ်ကို ကျွန်တော် အမြဲခွင့်လွှတ်ပါ့မယ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် မနွယ်ကို မုန်းမသွားဘူး၊ စိတ်ပျက်မသွားဘူး၊ ဘယ်တော့မှ ပစ်မသွားပါဘူး"

"ပစ်သွားခဲ့ရင်ရော ..."

"မပစ်ပါဘူးဆိုနေမှ မနွယ်ရယ်၊ ပစ်သွားခဲ့ရင့်ရောဆိုတာ ပြောစရာမလိုတော့ပါဘူး"

"ဟင့်အင်း ... အဲဒါလည်း စကားကိုလုံးပစ်တာပဲ၊ တိတိကျကျပြော ..."

"အင်း အင်း ... ဟုတ်ပြီ၊ ပစ်သွားခဲ့ရင် သွားလေရာ၊ လာလေရာ ဘေးဒုက္ခအမျိုးမျိုးနဲ့ ကြုံရပါစေ၊ ဘယ်တော့မှ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မနေရပါစေနဲ့"

"တကယ်နော်"

"တကယ်ပါ"

"အဲဒါအတိုင်း သစ္စာဆိုပြီး ကိုကြီးကျော် ဘုရားမှာ သစ္စာဓေ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရဲပါ့မလား"

မြတ်စွာဘုရား . . . ဟု ကိုကြီးကျော်စိတ်ထဲက ရေရွတ်လိုက်၏။ သို့သော် ကိုကြီးကျော်ကလည်း ကိုကြီးကျော်ပါပဲလေ ဒီလိုတော့လည်း ဘယ်ရမလဲ။

"သောက်ရဲတာပေါ့"

"ဒါဖြင့်လာ၊ ဒီကပြီးရင် ရွှေတိဂုံဘုရားကိုသွားမယ်၊ အဲဒီမှာ သစ္စာပြုပြီးတာနဲ့ ကိုကြီးကျော်ကို အဖြေပေးမယ်"

"မနွယ် တကယ်ပြောတာနော်"

"တကယ်ပြောတာ"

"ကဲ . . . ဒါဖြင့် သွားကြမယ်၊ လာ"

"နေပါဦး၊ ရေခဲမုန့်တော့ ကုန်အောင် စားပါရစေဦး"

တင်တင်နွယ်က မျက်စောင်းလေး တစ်စောင်းဖြင့် လှပစွာ ပြောသည်။ နောက်ပိုင်း ဘာဖြစ်လာမည် ဆိုသည်ကိုတော့ မတွက်မိ။ ကိုကြီးကျော်ကတော့ ဒီတစ်ပွဲမှာ အောင်ပွဲဆင်နိုင်ပြီဟု တွေးကာ ခုန်ပေါက်ကချင်စိတ်တွေ ပေါ်နေ၏။

ရေခဲမုန့်လေးတွေကလည်း ခါတိုင်းထက် လေးငါးရှစ်ဆ ပိုချိုနေ၏။

ဘုရားပေါ်ရောက်သည်နှင့် မနွယ်က ဦးဆောင်၍ စနေထောင့်ကို သွားမည်ဟု ပြောသည်။

ကိုကြီးကျော်က အတွန့်တက်ချင်သေးသဖြင့် . . .

"ဘာထူးမှာလဲ မနွယ်ရာ၊ ဘုရားပေါ်မှာ အတူတူပဲဟာ၊ ဘယ်ထောင့်ပဲဖြစ်ဖြစ် သစ္စာပြုလို့ ရပါတယ်"

မနွယ် ခေါင်းခါသည်။

"မဟုတ်ဘူး၊ စနေထောင့်မှာပဲလုပ်ရမယ်၊ ဘာဖြစ်လို့ဆိုတော့ မနွယ်က စနေသမီး၊ အဲဒီတော့ အဲဒီထောင့်က မနွယ်ထောင့်၊ အခြားထောင့်တွေကဆိုရင် ကိုကြီးကျော်ကို သနားပြီး ညှာညှာတာတာ ဒဏ်ခတ်မယ်၊ မနွယ်ဂြိုဟ်ကမှ မနွယ်ဘက်လိုက်ပြီး ကိုကြီး

www.burmeseclassic.com



ကျော် သစ္စာဖောက်တာနဲ့ ရက်ရက်စက်စက် ဒဏ်ခတ်မှာ၊ ပြီးတော့ ဖြုတ်တကာ ဖြုတ်ထဲမှာ စနေဖြုတ်က အဆိုးဆုံး"

အမယ်လေး . . . ဟု ကိုကြီးကျော်ကျောထဲစိမ့်သွားသည်။ ဖြစ်မှဖြစ်ပါ့မလားဆိုသော စိုးရိမ်စိတ်လေးပင် ဝင်လာ၏။

သို့သော် ကိုကြီးကျော်က အပြတ်တွေးသည်။ သူ့တစ်သက် မှာ ဒီလိုအရွယ်နှင့် ဒီလိုရုပ်ရည်မျိုး၊ ဒီလို မိန်းကလေးမျိုး ဒီတင်း ကလွဲ၍ နောက်ထပ်ရစရာ မမြင်တာကလည်း တစ်ကြောင်း၊ မနွယ် နှင့် ပတ်သက်၍ သူ ခွင့်မလွှတ်နိုင်စရာအပြစ်မျိုး ဘာတစ်ခုမှလည်း ကြားမထား၊ သိမထား၊ ရှိလိမ့်မည်ဟုလည်း မထင်သည်က . . . တစ်ကြောင်း၊ ဒီလိုမိန်းမမျိုး ရထားပြီးမှ သူ့ဘက်က သစ္စာဖောက် စရာလည်း အကြောင်းမရှိဟု သူ့သိက္ခာ သူယုံသည်ကတစ်ကြောင်း၊ အကြောင်းကြောင်းကို အကြောင်းပြုပြီး သကာလ . . . မထူးပါဘူး သူ့စိတ်ကြိုက်လုပ်လိုက်တာ ကောင်းပါတယ်ဟု ဆုံးဖြတ်သည်။

တင်တင်နွယ်ကတော့ ပိုက်စိပ်တိုက်မှ တကယ့်ပိုက်စိပ်တိုက်။

စနေထောင့်ရောက်၍ ကိုကြီးကျော်က ဆောင့်ကြောင့်ထိုင် လိုက်ပြီး . . .

"ကဲ မနွယ် . . . စနေထောင့်လည်း ရောက်ပြီ၊ သစ္စာဆို လည်း အဆင်သင့်ပဲ၊ ပြော . . . ဘာဆိုရမလဲ"

တင်တင်နွယ်က ခေါင်းခါသည်။

"ခဏလေးနေဦး . . . မဆိုနဲ့ဦး၊ မနွယ် သစ္စာရေ သွားယူ လိုက်ဦးမယ်"

"ဟောဗျာ"

ကိုကြီးကျော်က တအံ့တဩနှင့် တင်တင်နွယ်ကို လှမ်းကြည့်



သည်။ တင်တင်နွယ်ကတော့ ကိုကြီးကျော် အံ့ဩရုံမကလို့ ဘာဖြစ် ဖြစ် နည်းနည်းမှ ဂရုမစိုက်ပုံ မပေါ်ဘဲ၊ ကိုကြီးကျော်ကို ဆောင့် ကြောင့်ထိုင်လျက်ကြီး ဒီအတိုင်း တန်းလန်းထား၍ ဖြုတ်တိုင်အနီး သို့ လျှောက်သွားသည်။

"ဘာလဲအစ်မ . . . ရေလှူမလို့လား"

ဖြုတ်တိုင်နားတွင်ရပ်၍ ရေသပ္ပာယ်သူများ၊ သောက်တော် ရေလှူသူများအား ရေရောင်းနေသော ကောင်လေးက လှမ်းမေး သည်။ မနွယ်က သူ့ပိုက်ဆံအိတ်ထဲမှ ကျပ်တန် တစ်ရွက်ထုတ်ပေး . . .

"အေး . . . ရေလည်းလှူမယ်၊ နောက်ပြီးတော့ မမကို တစ်ခု ကူညီစမ်းပါ"

"ခင်ဗျာ . . . ဟုတ်ကဲ့အစ်မ၊ ကျွန်တော် ဘာလုပ်ပေးရ မလဲ"

"အဲဒီသောင်ရေအိုးထဲကရေ မမကို နည်းနည်းငှဲ့ပေးစမ်း ပါ"

"ဗျာ . . . ဘာလုပ်မလို့လဲ"

"မမသုံးစရာရှိလို့ပါကွယ်၊ နည်းနည်းငှဲ့ပေးစမ်းပါ"

တင်တင်နွယ်က ဖြုတ်ထောင့်ဘုရား ဆင်းတုတော်၏ နောက်ဘက်စင်ပေါ်တွင် တင်ထားသော ဒန်သောင်ရေအိုးကြီးကို လက်ညှိုးထိုး၍ ပြောသည်။ ကောင်လေးက အံ့ဩနေသော်လည်း အကြောင်းရှိလို့ တောင်းတာဖြစ်မှာပါလေဟု တွက်ကာ . . .

"ရပါတယ် မမ၊ အဲဒီက ခွက်တစ်ခွက်ယူလိုက်၊ ကျွန်တော် ငှဲ့ပေးမယ်" ဟု ပြောသည်။ သူ့အဖို့တော့ အဆန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဘုရားပေါ်မှာ ဒီလို ကတ်သီးကတ်သတ် လာလုပ်တ
သည့် ပုဂ္ဂိုလ်မျိုးက နိစ္စဓူဝရှိသည်။ ယတြာချေတာတွေရော၊ ဓာ
ဆင်ဓာတ်ရိုက်တာတွေရော၊ ဗေဒင်ဆရာတွေ ပြောလွှတ်သ
အကုန်လာလုပ်ကြသည်ပဲ ဖြစ်၏။

ထို့ကြောင့် ဘာညာဘာညာ ထပ်မပြောတော့ဘဲ ညော
ရေအိုးကြီးကို နောက်ဘက်မှ သိမ်းမ,လိုက်ပြီး ဖြည်းဖြည်းချ
စောင်းသည်။ ရေများကျလာမှ တင်တင်နွယ်က ခွက်ဖြင့် ထိ
သည်။ ဖန်ခွက်လေး တစ်ဝက်ကျော်ကျော်ပြည့်သည်နှင့် တင်တ
နွယ်က ရပ်ခိုင်းပြီး . . .

"ရပြီ မောင်လေး၊ ကျေးဇူးပဲ ရော့ ဒါ ငါ့မောင်ဖို့ မုန့်
ကိုကြီးကျော် ကြည့်ရင်း ကြည့်ရင်း မျက်လုံးပြူးနေ၏၊

❀ ∙

ကိုကြီးကျော်ဆောင့်ကြောင့် ထိုင်နေသည့်ရှေ့တွင် ရေခွ
ကလေးကိုချသည်။ ပြီးမှ ကိုကြီးကျော်ဘက်လှည့်၍ . . .

"ကဲ . . . ဘုရားအရင်ရှိခိုးရအောင် ကိုကြီးကျော်"

"အင်း . . ."

ဒါပဲ ပြောစရာရှိတော့သည်မို့၊ ဒါပဲပြောပြီး ဩကာ
ဩကာသ အစချီပြီး ဘုရားရှိခိုးသည်။

ဘုရားရှိခိုးပြီးသည်နှင့် တင်တင်နွယ်က ဒူးလေးတုပ်
ပြီး . . .

"ကဲ . . . မနွယ်ဆိုတာ လိုက်ဆိုနော်၊ ကိုကြီးကျော်"



"အင်း"

"ဘုရားတပည့်တော်သည်"

"ဘုရားတပည့်တော်သည်"

"မတင်တင်နွယ်အား"

"မတင်တင်နွယ်အား"

"တစ်သက်လုံး သစ္စာရှိရှိ"

"တစ်သက်လုံး သစ္စာရှိရှိ"

"ချစ်ခင်ပေါင်းသင်းသွားပါမည်"

"ချစ်ခင်ပေါင်းသင်းသွားပါမည်"

"မတင်တင်နွယ်၌ ရှိနေခဲ့သော"

"မတင်တင်နွယ်၌ ရှိနေခဲ့သော"

"မည်သည့် ချွတ်ယွင်းချက် အပြစ်အနာအဆာမဆို"

"မည်သည့် ချွတ်ယွင်းချက် အပြစ် . . ."

ဆိုနေရင်းနှင့် တစ်စုံတစ်ခု သတိရ၍ ရပ်လိုက်ပြီး တင်တင်နွယ်ဘက် လှည့်ကြည့်သည်။ တင်တင်နွယ်က ကိုကြီးကျော် အကြည့်ကို နားလည်ဟန်ဖြင့် ပြုံးပြီး . . .

"ဆိုပါ ကိုကြီးကျော်၊ ကိုကြီးကျော်အပေါ် သစ္စာမဲ့တဲ့ အလုပ်မျိုး မနွယ် တစ်သက်လုံး မလုပ်ပါဘူး၊ ဒါကိုတော့ ယုံပါ"

ကိုကြီးကျော် သက်ပြင်းချသည်။ စောစောက သစ္စာတိုင်တိုလည်း ပြန်ဆိုသည်။

"မည်သည့်ချွတ်ယွင်းချက် အပြစ်အနာအဆာမဆို"

"ခွင့်လွှတ်ပါမည်"

"ခွင့်လွှတ်ပါမည်"

www.burmeseclassic.com

www.burmeseclassic.com



"ဤသစ္စာစကားကို ဖောက်ဖျက်ကျူးလွန်ခဲ့သည်ရှိပါက"

"ဤသစ္စာစကားကို ဖောက်ဖျက်ကျူးလွန်ခဲ့သည်ရှိပါက"

"ကုန်းသွားကုန်းဘေး၊ ရေသွားရေဘေး၊ ဘေးအန္တရာယ် အမျိုးမျိုး သင့်ပါစေ"

"ဟူး ကုန်းသွားကုန်းဘေး . . . ရေသွား . . ."

"ကိုကြီးကျော် ဟူး မပါဘူးနော်"

"အင်းပါ မနွယ်ကလည်း ကုန်းသွားကုန်းဘေး၊ ရေသွား ရေဘေး၊ ဘေးအန္တရာယ်အမျိုးမျိုး သင့်ပါစေ"

"စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ထာဝရနေပါစေ . . . ဘုရား"

"စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ထာဝရနေပါစေ . . . ဘုရား"

"ရော့ ကိုကြီးကျော် . . . ဒါလေးသောက်လိုက်"

"ရော့ . . . ကိုကြီးကျော်၊ ဟာ . . မဟုတ်သေးပါဘူး"

ဆိုရင်းဆိုရင်းနှင့် စိတ်က တခြားရောက်သွားသဖြင့် ရော့ ကိုကြီးကျော်အထိ ဆက်ဆိုမိပြီးသား ဖြစ်သွားသည်။ တင်တင်နွယ်က ရယ်၍ . . .

"ကိုကြီးကျော်ကလည်း . . . ဘာတွေ ဆက်ဆိုနေရတာလဲ၊ ရော့ပါ . . . ဒါလေးသောက်လိုက်"

"ဟာ . . . မနွယ်ကလည်း"

"ဘယ့်နှယ် . . . မနွယ်ကလည်းလဲ၊ ဒါ . . သစ္စာရေ ကိုကြီးကျော်ရဲ့၊ ဒါမသောက်ရင် ကိုကြီးကျော် သစ္စာဘယ်တည်ပါ့မလဲ၊ သောက်ပါ"

"ရေက သန့်မှ သန့်ရဲ့လား မနွယ်ရယ်"

"သန့်ပါတယ်၊ ဘုရားပန်းအိုးထဲက ရေပဲဟာ၊ အန္တရာယ်



တောင် ကင်းသေးတယ်"

ဟင်း . . . မိန်းမတစ်ယောက်ရဲ့ မလွယ်ပါလားနော်ဟု စိတ်ထဲက ညည်းလိုက်သည်။ တော်ကြာ ရေထဲမှာ ဗိုင်းရပ်စ်ပိုးတွေ ဘာတွေပါလာရင် အလကားနေရင်း အသည်းရောင်၊ အသားဝါ မာလက ဈာန်ကြွဦးမယ်ဟုလည်း စိုးရိမ်သွားသည်။ သို့သော် ခုမှ တော့ ပေါက်သည့်နဖူး ဘာထူးတော့မည်နည်း။

ရေခွက်ကို ဆတ်ခနဲကောက်၍ နှာခေါင်းပိတ်ပြီး မော့ချလိုက်သည်။ ဘယ်လိုအရသာဟု ပြောရန်ခက်သော အီလည်လည် ရေများ လျှောခနဲဝင်သွားသည်။

တင်တင်နွယ်မျက်နှာလေး ဝင်းခနဲ လက်သည်။

"ဝမ်းသာလိုက်တာ ကိုကြီးကျော်ရာ၊ ကဲကဲ . . ကိုကြီးကျော် လိုချင်တဲ့အဖြေ ပေးပါပြီ . . . ဟုတ်လား၊ မနွယ်လည်း ကိုကြီးကျော်ကို ချစ်ပါတယ်တဲ့"

ကိုကြီးကျော်စိတ်ထဲက အရမ်းဝမ်းသာသွား၏။ သို့သော် ဝမ်းသာတာက ဝမ်းသာတာ တခြား၊ စောစောက အီလည်လည် အရသာနှင့် အောက်သိုးသိုး အနံ့ကြီးကြောင့် ရင်ထဲမှာ ပျို့တက်လာသဖြင့် ဝမ်းသာစိတ် ခဏထားပြီး မနည်းပြန်မျိုချလိုက်ရသည်။

ကိုကြီးကျော်တို့က မစွံမယ့်မစွံတုန်းကတော့လည်း မစွံ၊ စွံမယ့်စွံပြန်တော့လည်း ပျို့တို့တို့ကြီးပါတကား။

www.burmeseclassic.com

www.burmeseclassic.com

၅။

"ဟဲ . . . ဟဲ"

တစ်ယောက်တည်း လမ်းလျှောက်လာရင်း ကိုယ့်ကိုယ်ကိုယ် အတော်သဘောကျ၍ ရယ်လိုက်မိသည်။

စိတ်ထဲတွင်လည်း ခါတိုင်းနှင့် ဘယ်လိုမှမတူသည့် ခံစားမှုမျိုးဖြင့် မြူးတူးပေါ့ပါးနေသည်။ ခြေထောက်နင်းရသည်ပင် ခါတိုင်းကဲ့သို့ မြေကြီးပေါ် နင်းလာရသည် မအောက်မေ့၊ တိမ်တွေထဲပဲ လမ်းလျှောက်ရသလိုလို၊ ဝါဂွမ်းစိုင်ကြီးပေါ်ပဲ လမ်းလျှောက်လာရသလို ပေါ့ပါးမြောက်ကြွနေသည်။

ဘယ်လိုတွေးလိုက်တွေးလိုက် ငါ့မှာ ရည်းစားရှိပြီဆိုသော အသိက ဘဝင်ကို ဆွဲဆွဲမြှောက်လိုက်သလို ဖြစ်ဖြစ်သွားသည်။



စိတ်ကူးထဲမှာ တင်တင်နွယ့်ကိုယ်လေးကို ဖက်ဖက်ကြည့်ရသည်ဝင် ရင်တုန်သလိုလို ဖြစ်သွားသည်။

"အင်း . . . ငါ အရင်လို ပေါ့ပေါ့ဆဆနေလို့ မဖြစ်တော့ဘူး။ ဟိုတုန်းက ငါက လူပျိုလူလွတ်၊ ဘယ်လိုနေနေ၊ ဘယ်လိုထိုင်ထိုင် ကိစ္စမရှိဘူး၊ ခုဆို ငါ့မှာ ချစ်သူလည်းရှိပြီ၊ မကြာခင် အိမ်ထောင်တွေ ဘာတွေနဲ့ ဖြစ်တော့မှာ၊ နောက်ဆို သားတွေ သမီးတွေနဲ့၊ တာဝန်တွေလည်း ပိုလာမယ်၊ ထိန်းရသိမ်းရမှာတွေလည်း များလာမယ်"

ခုမှ မုန့်ကြိတ်စရှိသေးသည်။ မုန့်ဆီကြော်အတွက် ပူရပင်ရတာတွေလည်း အမော။

ဤသို့ဖြင့် မျောက်အုန်းသီးရလာသလို ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိသော်လည်း ဧရာမအသီးကြီး ကြည့်နေရတာကိုက စိတ်ချမ်းသာလွန်းလှ၍ မြောက်ကြွမြောက်ကြွ လျှောက်လာရင်း သူတို့လမ်းထိပ်နားသို့ ရောက်သည်။

မျက်လုံးများက ထိုင်နေကျ လက်ဖက်ရည်ဆိုင် ရောက်သွား၏။ တာတူးတို့အုပ်စုကို လှမ်းမြင်လိုက်ရသည်။

"ဟာ . . . အတော်ပဲ"

စိတ်ထဲတွင် ဝမ်းသာသွားပြန်သည်။ သူ့အောင်မြင်မှုကို ဒီအုပ်စုအား သွားပြောပြချင်စိတ်များ တဖွားဖွား ပေါ်လာ၏။ ဒီကောင်တွေ ဒီအကြောင်းကို မသိသေး၊ ပြောပြလိုက်လျှင် [illegible] အံ့ဩသွားကြနိုင်သည်။

"တို့ကိုကြီးကျော် . . . တယ်ဟုတ်ပါလား" ဟု[illegible] အောက်မေ့ကုန်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေငတ်တုန်း ရေတွင်းထဲကျသလို ကိုကြီးကျော် တာတူးတို့အုပ်စုထဲ ဝမ်းသာအားရ လျှောက်သွားမိ၏။

❀

"ဟာ . . . ကိုကြီးကျော် . . . လာ"

အကြောင်းအရာတစ်ခုကို အကြိတ်အနယ် ဆွေးနွေးနေရာမှ ကိုကြီးကျော်ကို လှမ်းမြင်လိုက်သဖြင့် တာတူးက ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

ကိုကြီးကျော်က ကုလားထိုင်တွင် ဝင်ထိုင်ရင်း . . .

"အတော်ပဲကွ၊ မင်းတို့နဲ့တွေ့တာ၊ မင်းတို့ကို ဝမ်းသာစရာသတင်းကောင်းတစ်ခု ပြောမလို့"

"ဘာလဲ ကိုကြီးကျော် . . . ဖောက်ကလင်ကျွန်းကို အင်္ဂလန်က ပြန်သိမ်းလိုက်တဲ့ သတင်းလား၊ ကျွန်တော်တို့လည်း ခုပဲ ဒီအကြောင်း ပြောနေကြတာ"

ကိုကြီးကျော် ရှုံ့ခနဲဖြစ်သွား၏။

မဆီမဆိုင် ဘယ်က ဖောက်ကလင်က ရောက်လာသည်မသိ။

"ဘာဆိုင်လို့လဲကွ . . . သူ့ဘာသာသူ ဖောက်ကလင် ဘယ်သူသိမ်းသိမ်း၊ တို့အလုပ်လား၊ ငါပြောမှာက မင်းတို့ငါတို့နဲ့ တိုက်ရိုက်ဆိုင်တဲ့သတင်း၊ သတင်းကောင်း၊ အဲဒီအတွက် မင်းတို့ကို ငါ ဒီနေ့လက်ဖက်ရည်တိုက်မယ်၊ မင်းတို့ ကြိုက်တာမှာ၊ စားချင်တာစား၊ သောက်ချင်တာသောက်"



တစ်ဝိုင်းလုံး မျက်နှာများ ဝင်းလက်သွားသည်။

အောင်ဝင်းက ဝမ်းသာအားရဖြင့် . . .

"ဟာ . . . ဒါဖြင့် ပွတာပဲ၊ အဲ . . . ကိုကြီးသတင်း ပြောသာပြော၊ ဒီသတင်းမျိုးဆို ကျွန်တော်တို့က နေ့တိုင်း ကြားပါစေလို့တောင် ဆုတောင်းတာ"

"အေး . . . အခု မင်းဆုတောင်းပြည့်ပြီ၊ ဒီမှာအားလုံး နားထောင်ကြ၊ မင်းတို့ကိုကြီးကျော် ဒီနေ့ကစပြီး လူပျိုကြီးဘဝကို စွန့်လွှတ်လိုက်ပြီ၊ ငါနဲ့တင်တင်နွယ်နဲ့ ချစ်သူဖြစ်သွားပြီ၊ မကြာခင် ယူတော့မယ်"

"ဟာ . . . တယ်ဟုတ်ပါလား ကိုကြီးကျော်၊ သွက်မယ့်သွက်တော့လည်း ကိုကြီးကျော်က သွက်လှချည်လား၊ လုပ်စမ်းပါဦး၊ ဇာတ်လမ်းက အစအဆုံးလေး၊ ဘာလဲ . . . ဒီနေ့ ကိုကြီးကျော် မမတင်တင်နွယ်ကို ဖွင့်ပြောလိုက်တာလား၊ တစ်ခါတည်းပြော တစ်ခါတည်း ကြည်တာပဲလား"

"ဒါပေါ့ကွာ . . . တာတူးကလည်း အစောကြီးကတည်းက မင်းကို ပြောထားသားပဲ၊ ပိုင်ပါတယ်လို့၊ ရက်ချိန်းတွေ ဘာတွေ မလိုချင်ဘူး၊ တစ်ထိုင်တည်းနဲ့ အဖြေရလာခဲ့တာ"

"လုပ်စမ်းပါဦး ကိုကြီးကျော်ရာ၊ ကျွန်တော်တို့ကိုလည်း ပညာလေးတွေ မျှစမ်းပါဦး၊ ဒီပညာမျိုးက အဖိုးတန်ပါတယ်၊ နောင်လာနောက်သားတွေအတွက် အင်မတန် တန်ဖိုးကြီးပါဘိသနဲ့"

အောင်ဝင်းက စပ်ဖြဲဖြဲနှင့် ထောင်ပေးလိုက်သည်။

ကိုကြီးကျော်ပါးစပ်ကြီး နားရွက်ချိတ်လုမတတ် ဖြစ်သွား၍ များစွာသဘောကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလူငယ်တွေကို လက်ဖက်ရည်တိုက်ရကျိုး နပ်ပြီဟုလည်း ကျေနပ်သွား၏။

၆

"... ဘယ်ရမလဲကွာ၊ ဒါမျိုးက ရိုးနေပြီပဲဥစ္စာ၊ သူက သစ္စာတွေ၊ ဘာတွေ ဆိုခိုင်းတော့ ငါလည်း အပြတ်ဆိုပြီး သစ္စာရေတွေ၊ ဘာတွေ သောက်ပြလိုက်တာ တစ်ခါတည်း ကိုကြီးကျော်ကို ချစ်ပါတယ်တွေ၊ ဘာတွေဖြစ်သွားတာပဲ"

ကိုကြီးကျော် စကားအဆုံးတွင် တစ်အုပ်လုံး ဝုန်းခနဲထ၍

"ဟေး ... ဒါမှ တို့ ကိုကြီးကျော်ကွ၊ လုပ်လာတာလေးက ရေရေလည်လည် ပိုင်တယ်နော်" ... ဘာညာစသည်ဖြင့် ဝိုင်းဝန်းချီးကျူး အားပေးကြလိမ့်မည်ဟု ထင်စရာဖြစ်သော်လည်း ထိုသို့ မဖြစ်။ တစ်ဝိုင်းလုံး ဘာသံမှမကြားရဘဲ ရုတ်တရက် ငြိမ်ကျသွားသည်။

တာတူးဆိုလျှင် အလကားစားရတုန်း တီးလိုက်မယ်ဟု အားခဲ၍ အကြီးဆုံး၊ အလေးဆုံးထင်ရသည့် ပေါက်စီဖြူဖြူကြီးရွေးပြီး ကုန်းကိုက်နေရာမှ တန့်ခနဲရပ်သွားသည်။ မျက်လုံးများလည်း ပြူးသွား၏။

"ဟာ ... ကိုကြီးကျော်၊ ဘယ်လိုလုပ်လိုက်လာခဲ့တာတုန်း"

တာတူး၏ ပြူးပြူးပျာပျာအမေးကြောင့် ကိုကြီးကျော် ထိတ်သွားသည်။

"ဘာဖြစ်လို့လဲကွ၊ ငါလုပ်တာ ဘာမှားလို့လဲ"



"မှားတာမှန်တာနဲ့တော့ မဆိုင်ပါဘူး၊ ဒါပေမဲ့ ကိုကြီးကျော် လုပ်လာတာကြီးက တစ်မျိုးပဲဗျာ၊ မတင်တင်နွယ်ကရော ဒီကိစ္စကို ဘာဖြစ်လို့ အရေးတကြီးနဲ့ စနစ်တကျကြီး လုပ်လိုက်ရတာလဲ"

"ဘာလဲကွ၊ အရေးတကြီးနဲ့ စနစ်တကျဆိုတာ"

"ရှင်းရှင်းလေးပဲ ကိုကြီးကျော်ရ၊ ကိုကြီးကျော်က ဒီကိစ္စကို ဘာမှမဟုတ်သလို ခပ်ပေ့ါပေ့ါတွေးပြီး ခပ်ပေ့ါပေ့ါလုပ်လာခဲ့တာ၊ မတင်တင်နွယ်က ဒါကို အရမ်းကာရော လုပ်လာတာမှမဟုတ်ဘဲ၊ နိုးရိုးပါးစပ်ကတိတောင်းရုံတင် မဟုတ်ဘူး၊ ဘုရားပေါ် သွားရသေးတယ်၊ သစ္စာပြုရသေးတယ်၊ သစ္စာရေတောင် သောက်ခိုင်းထားတာ"

"ဒါကတော့ တာတူးရာ ... သူလည်း သူ့ဘက်ကနေ ငါ့ကို စိတ်ချလက်ချရှိစေချင်လို့ လုပ်တာဖြစ်မှာပေ့ါ"

"အင်းလေ ... အဲဒီ စိတ်ချလက်ချကိုပဲ ပြောတာပေ့ါ၊ သူ ပြောတဲ့ ခွင့်လွှတ်စရာအပြစ်ဆိုတာက ကြီးသလား၊ သေးသလား ကိုကြီးကျော် သိလား"

ကိုကြီးကျော် နည်းနည်းတွေဝေစ ပြုလာသည်။ ပြောသာ ပြောနေရသည်။ စောစောပိုင်းက သူလည်း ဒီအတွေးပေါ် လာပြီး နည်းနည်းတော့ စိုးရိမ်လာသည့်ကိစ္စ။

သို့သော် တင်တင်နွယ်ဆိုတာကလည်း တခြားလူမဟုတ်။ မိစုတို့ ဘာတို့နှင့် တစ်ဆောင်တည်းနေပြီး အတွင်းသိဖြစ်နေသူများ တော်ရုံပြဿနာရှိလျှင်ပင် မိစုတို့ပင်မသိဘဲ နေမည်မဟုတ်။ မိစုတို့ဆီ စုံစမ်းရသလောက် သူ့နောက်ကြောင်းမှာ ဘာပြဿနာမှ ထူးထူးထွေထွေ ရှိသည်ဟု မကြားခဲ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပူလာသောစိတ်ကို ဖျောက်ပြီး ဝမ်းမြောက်ဝမ်းသာရအောင် ဖြစ်လာခြင်း ဖြစ်သည်။

"ထွေထွေထူးထူး ပြဿနာမတော့ ရှိပုံမပေါ်ပါဘူး တာတူးရာ၊ မိစုတို့ဆီက မင်းလည်း မေးမြန်းထားခဲ့တာပဲ၊ သူ့မှာ ကြီးကြီးမားမား ချွတ်ယွင်းချက်ရယ်လို့ ရှိတာမျိုး မဟုတ်ဘဲ"

တာတူး ခေါင်းခါသည်။

"မဟုတ်ဘူး ကိုကြီးကျော်၊ ပြဿနာက ဘာမှန်းမသိဘဲ . . . ကိုကြီးကျော် ဒီအထိလုပ်လာဖို့ မကောင်းဘူး၊ မိစုတို့ သိတယ်ဆိုတာက ဘယ်လောက်စုံမလဲ၊ သူတို့ချင်းတွေ့တာမှ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ အဲဒီအရင်က မတင်တင်နွယ် ဘာဖြစ်ခဲ့သလဲ . . . ဘယ်သူသိတာ မှတ်လို့"

ကိုကြီးကျော် တင်ပါးအောက်သို့ ခဲသေးသေးလေးတစ်လုံး ရောက်လာသလို ဖြစ်လာသည်။ ခုံပေါ်တွင် နေရာရွှေ့ထိုင်လိုက်ပြီး ခါးတွေဘာတွေ ဆန့်၍ . . .

"နောက်ကြောင်းက ဖြစ်ခဲ့တာကတော့ တော်ရုံတန်ရုံ ပြဿနာလည်း ခွင့်လွှတ်ရမှာပဲပေါ့ တာတူးရာ၊ ကိုယ့်လက်ထဲမှာ ဘာမှမဖြစ်ရင် ပြီးတာပဲ မဟုတ်လား"

"အင်း . . . အဲဒါ ခက်တာပေါ့ ကိုကြီးကျော်၊ တော်ရုံတန်ရုံ ပြဿနာဆိုရင်တော့ ဘာမှအရေးမကြီးပါဘူး၊ ဒါပေမဲ့ တော်ရုံတန်ရုံ ပြဿနာဆို ကိုကြီးကျော်အနေနဲ့ ဘာမှခွင့်မလွှတ်စရာ မရှိဘူးလို့ သူလည်းသိမှာပေါ့၊ နောက်ပြီး တော်ရုံတန်ရုံ ပြဿနာနဲ့ ကိုကြီးကျော်ကို ဒီလောက်လုပ်ခိုင်းပါ့မလား"

တဖြည်းဖြည်းနှင့် ကိုကြီးကျော် မျက်စိမျက်နှာ ပျက်စပြုလာသည်။ စောစောက ဝမ်းသာစိတ်လေး ပျောက်၍ ဟိုကုတ်ဒီကုတ် ကုတ်စုပြုလာပြီ။

"နင့်မေကလွှားတဲ့မှုပဲ၊ မင်းပြောမှ စိတ်တောင် ညစ်သွားပြီ တာတူးရာ၊ မင်းကလည်း တွေးလိုက်ရင် ကတ်သီးကတ်သတ်နဲ့ ဆိုးဆိုးရွားရွားချည်းပဲ"

"မဟုတ်ဘူး ကိုကြီးကျော်၊ တာတူး ပြောတာဟုတ်တယ် . . ကျွန်တော်တို့လည်း အဲဒါပဲ စဉ်းစားနေတာပဲ၊ အလကားနေရင်း ဒုးမရှုံ့ပိတ် အရောင်းခံလိုက်ရမှာစိုးလို့"

"အမယ်လေးကွာ . . . တင်စားပုံကလည်း ရက်စက်လိုက်တာ"

ခေါင်းထဲ တောင်အတွေး မြောက်အတွေးတွေ ဝင်လာ၏။

"ဒီခေတ်မှာ ဘာမှစိတ်မချရဘူးနော် ကိုကြီးကျော် . . . အလကားနေရင်း မေတ္တာလက်ဆောင် ပိုက်ဘောလေးတစ်လုံး အဆစ်ရနေဦးမယ်၊ ဒီခေတ်မှာ ကောင်လေးတွေကလည်း လက်ကသွက်ပါဘိသနဲ့"

"ဘာလဲကွ . . . မင်းစကား"

"ကိုကြီးကျော် . . . ကိုကြီးကျော်လည်း ကြားဖူးမှာပေါ့၊ ဟို . . . တုန်းက မင်းသားကြီး ဇေယျ၊ ရှိုးရိုးကြီးဇေယျဆိုတာ . . . ကိုကြီးကျော်လိုပဲ ခန့်ချောကြီး၊ ရှိုးရိုးကြီး လှည်းကျိုးထမ်းရတဲ့ ခနဲ့ဆို သိပ်သဘာထကျတာပဲတဲ့"

"ဟာ . . . ဒီကောင်ကလည်း နိမိတ်မရှိ နမာမရှိ"

သို့သော် ကိုကြီးကျော် ရင်ထဲ ပူလောင်လာသည်ကတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် တင်တင်နွယ့်ဗိုက်ကလေး နည်းနည်းများ စူနေသလားဟု ထင်လာ၏။

ဩော် . . . စိတ် . . . စိတ်။

၆။

"ဟေ့ကောင် လာစမ်းပါဦး၊ မင်းက ခုမှဘယ်ကနေ ပြန်လာတာလဲ"

"ဘာဖြစ်လို့လဲ အဖေ"

သူအိမ်ပေါ်တက်၍မှ နှစ်လှမ်းမပြည့်သေး . . . အဖေက လှမ်းမေးသဖြင့် အဖေ့ဆီ လျှောက်သွားသည်။ ခုတလော ရိပ်သာမှ အမေပြန်ရောက်နေသဖြင့် အဖေ သိပ်စိတ်တိုခြင်းမရှိတော့။ သူ အဆူအပူမခံရသည်မှာလည်း ကြာပြီ။ ဒီနေ့မှ အပြန်ညဥ့်နက်လှသည်မဟုတ်ဘဲ ခုလို မေးသဖြင့် အကြောင်းတစ်ခုခု ရှိမည်ဟု စိတ်ထဲက သိလိုက်သည်။

"မင်းကို မောင်စိန်တို့လူသိုက်က မေးနေတယ်၊ မင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း ကောင်စီရုံးခန်းကို လွှတ်လိုက်ဖို့လည်း ပြောနေတယ်"

"ဟောဗျာ . . . ဘာကိစ္စပါလိမ့်" ဟု အံ့ဩသွား၏။

ဦးမောင်စိန်ဆိုသည်က . . .

အဖေ့သူငယ်ချင်း၊ ရပ်ကွက်ကောင်စီလူကြီး . . .။

"ဘာကိစ္စလို့ ပြောသွားသေးလဲ အဖေ"

"မင်းသူငယ်ချင်း စန်းတင့်အောင်ကိစ္စလို့ ပြောတယ်ကွာ၊ သူတို့လင်မယား ကွာမလိုရှင်းမလို ဖြစ်နေလို့ မင်းရှိရင် နည်းနည်းပါးပါး ဖျောင်းဖျလို့ရမလားဆိုပြီး လာခေါ်တာတဲ့"

"ဟာ . . . ဘယ်လိုဖြစ်တာလဲ၊ ဒီကောင် မင်္ဂလာဆောင်တာ တစ်လတောင် မပြည့်သေးဘဲနဲ့"

"ဘယ်လိုဖြစ်တာလဲတော့ ငါလည်း မသိဘူး၊ ဒါပေမယ့် မင်္ဂလာဆောင်တာ တစ်လမပြည့်ဘဲ ကွဲတာတော့ အဆန်းမဟုတ်ဘူး ဟေ့ကောင်၊ တစ်ညတည်းနဲ့လည်း ကွဲတာပဲ . . . မင်းလည်း သတိထား၊ မင်းတို့လို မလည်မဝယ်ကောင်တွေ ပိုအထိနာတတ်တယ်၊ သွားလိုက်ဦး"

"ဟုတ်ကဲ့"

နိမိတ်တွေကတော့ သိပ်မကောင်းပါလားဟု တွေးလိုက်သည်။ အိမ်ခန်းထဲ ဝင်မည့်ကိစ္စပင် မဝင်တော့ဘဲ အိမ်ပေါ်မှပြန်ဆင်း၍ ကောင်စီရုံးဘက် လျှောက်ခဲ့သည်။

စန်းတင့်အောင် ဘာဖြစ်သည်ဆိုသည်ကိုလည်း အရမ်းသိချင်နေသည်။ စန်းတင့်အောင်ပြဿနာသည် သူ့အတွက် နမူနာဖြစ်ကောင်းဖြစ်နိုင်သည်။



အဘယ်ကြောင့်ဆိုသော် စန်းတင့်အောင်လည်း သူ့လိုပင် လူပျိုကြီးလုပ်တော့မယောင်၊ ဘာယောင်ယောင် လုပ်နေရာက ကမန်းကတန်း အိမ်ထောင်ကျခဲ့သူတစ်ဦးဖြစ်၏။

ဘဝချင်းတူလျှင် အဖြစ်ချင်း မတူဟု မပြောနိုင်။

❀

ရုံးခန်းထဲရောက်သွားသောအခါ ဥက္ကဋ္ဌစားပွဲရှေ့တွင် မှုန်ကုပ်၍ ထိုင်နေသော စန်းတင့်အောင်နှင့် အတွင်းရေးမှူးစားပွဲရှေ့တွင် တရှုပ်ရှုပ်ငိုနေသော သူ့မိန်းမလက်သစ်လေးကို တွေ့လိုက်ရသည်။

ကိုကြီးကျော်ကို မြင်သည်နှင့် ဦးမောင်စိန်က ဝမ်းသာအားရ ထတဲ့ပြီး . . .

"ဟာ . . . မောင်ကျော် . . . အတော်ပဲကွာ၊ လာစမ်းပါဦး၊ မင်းသူငယ်ချင်းကိစ္စလည်း နည်းနည်းပါးပါး မေးမက်ပြီး ပြေလည်အောင် လုပ်ပါဦးကွာ၊ ငါတို့ ဘယ်လို ဖျောင်းဖျလို့မှ မရဘူး ဖြစ်နေတယ်၊ ဘာပြဿနာဆိုတာလည်း မေးလို့မရဘူး"

"ဦးလေးကလည်းဗျာ . . . ဦးလေးတို့က ဖျောင်းဖျ[illegible] ဖျောင်းဖျတာပဲ လွယ်တာပေါ့ဗျာ၊ ကျွန်တော်က တစ်သက်[illegible] ပေါင်းရမယ့်လူ၊ ဘယ်လိုလုပ်ပြီး ဒီအတိုင်း ရှေ့ဆက်လို့ [illegible] ဘာပြဿနာလဲ မေးမရတာက မပြောချင်လို့ပေါ့၊ အ[illegible] ဘဲနဲ့ ဘယ်သူက ကိုယ့်မိန်းမကိုယ် ကွာချင်မလဲ"

ဦးမောင်စိန့်စကားမှ မဆုံးလိုက်ရ စန်းတင့်အောင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှဲရှဲနှင့် ဒေါသတကြီး ထပြောသည်။

"ဟုတ်ပါတယ် ဦးလေးရယ် . . . သူမှ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စကို ဝိုင်းတိုက်တွန်းမနေပါနဲ့တော့၊ သူ့သဘောအတိုင်းပဲ လုပ်ပေးလိုက်ကြပါ"

သူ့မိန်းမကလည်း ပြောငိုငို၍ ငိုပြောပြောသည်။

ကိုကြီးကျော် စန်းတင့်အောင်အကြောင်းကို သိသည်။ ဒီကောင်က စိတ်အလွန်ရှည်၍ ဒေါသထွက်ခဲသည်။ ဒီလောက်ဒေါသဖြစ်နေပုံထောက်၍ တော်ရုံတန်ရုံအကြောင်းမဟုတ်ဟု သိလိုက်သည်။

ထို့ကြောင့် စန်းတင့်အောင်ဆီ လျှောက်သွားပြီး ပခုံးကိုဖက်၍ . . .

"လာကွာ . . . စန်းတင့်အောင်၊ အပြင်ခဏ ထွက်ရအောင်၊ အခုဘယ်လိုပြဿနာ ဖြစ်တယ်ဆိုတာကို အသေးစိတ် ပြောပြပါလား"

"ဟာ . . . မပြောချင်ဘူး ဟေ့ကောင်၊ ဒီကိစ္စ မင်းလည်းကြားမဝင်နဲ့၊ ဘယ်သူမှ ဝင်ရှင်းလို့ရမှာ မဟုတ်ဘူး၊ သွား . . . သွား . . . ပြန်တော့"

စန်းတင့်အောင်က မျက်နှာကြီးရဲပြီး ခါးခါးသီးသီးငြင်းသည်။ ကိုကြီးကျော်က ခပ်အေးအေး အမူအရာနှင့်ပင် စန်းတင့်အောင်ပခုံး ဖက်လျက်က ထူလိုက်၍ . . .

"လာစမ်းပါဦး စန်းတင့်အောင်ရာ၊ မင်း အဲဒီလို တစ်ဇွတ်ထိုးမလုပ်ပါနဲ့၊ လာပါ . . . ငါနဲ့ အပြင်ခဏလိုက်ခဲ့ပါ၊ မင်းဟာမင်းပြောချင်လည်းပြော၊ မပြောချင်လည်းနေ၊ ငါ နည်းနည်းစကား



ပြောစရာရှိလို့"

အတင်းထူ အတင်းခေါ်မှ စန်းတင့်အောင် အင်တင်တင်နှင့်ထလိုက်လာသည်။ နှစ်ယောက်သား ရုံးခန်းအပြင် ထွက်လာကြပြီး ခပ်လှမ်းလှမ်း မီးတိုင်အောက်ရောက်မှ . . .

"ကဲ . . . ပြောစမ်းပါဦး၊ အခု ပြဿနာက ဘာလဲ"

"မပြောချင်ပါဘူးဆိုမှ မောင်ကျော်ရာ၊ လောကမှာ သိပ်ရှက်ဖို့ကောင်းတဲ့ကိစ္စကွ"

"မဟုတ်ပါဘူး စန်းတင့်အောင်ရာ၊ ငါ့မှ ဖွင့်မတိုင်ပင်ရင်မင်း ဘယ်သွားတိုင်ပင်မလဲ၊ ပြောစမ်းပါ၊ ဘာလဲ . . . မင်းငါ့ကိုမယုံလို့လား"

"မယုံလို့ မဟုတ်ပါဘူး"

"ယုံရင်လည်းပြော ဟေ့ကောင် . . . မင်းတို့လင်မယားဘာဖြစ်သလဲ၊ ငါသိချင်တယ်"

စန်းတင့်အောင် ငိုင်သွားသည်။ ပြောပြရင် ကောင်းမလားစဉ်းစားပုံရ၏။ ခဏနေမှ စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် . . .

"အေး . . . ဒါဖြင့် မင်းကို ငါပြောပြမယ်၊ မင်း ဘယ်သူ့မှလျှောက်မပြောဘူးလို့ ကတိပေးမလား"

"ပေးပါတယ်"

"ဒီလိုကွာ"

ဟုဆိုကာ စန်းတင့်အောင်က ဘေးလူမကြားအောင် အသံတိုးတိုးဖြင့် ကိုကြီးကျော်ကို ရှင်းပြသည်။ ကိုကြီးကျော် နားထောင်ရင်း မျက်လုံးပြူးလာ၏။

". . . သူနဲ့ငါတာ ယူပြီးတာမှ တစ်လရှိသေးတာ မျှောင်

www.burmeseclassic.com

www.burmeseclassic.com

ကလည်း သူနဲ့က ရင်းရင်းနှီးနှီး ရှိတာမဟုတ်ဘူး၊ ကြားက အောင်သွယ်နဲ့ စေ့စပ်ပြောဆိုပြီး ယူရတာကွာ၊ ဘယ်လိုလုပ် ငါ့ဥစ္စာဖြစ်မလဲ"

"ဒီလောက်တောင် ရှိနေပြီ . . . ဟုတ်လား"

ကိုကြီးကျော်က လက်လေးချောင်း ထောင်ပြ၍ မေးသည်။

"အေးပေါ့ကွ၊ အဲဒါ ရှက်တာပေါ့၊ နောက်ထပ် ဘယ်လောက်မှ ကြာမှာမဟုတ်တော့ဘူး၊ နောက်ပြီးတော့ သူနဲ့ငါ ဘယ်လိုယူတယ်ဆိုတာ အရပ်ထဲက အားလုံးသိနေကြတာ၊ လက်ချိုးတွက်ကြည့်လိုက်တာနဲ့ ငါ နွားဖြစ်သွားပြီဆိုတာ လူတိုင်းတွက်လို့ရနေတာပေါ့၊ ငါက ဘယ်လိုလုပ်ပြီး သွားပေါင်းမြဲ ပေါင်းလို့ဖြစ်မလဲ"

ကိုကြီးကျော် မျက်လုံးပြူးစွာ သက်ပြင်းချသည်။

"အစက မင်းလုံးဝမသိဘူးလား"

စန်းတင့်အောင်၏ ယောကျ်ားမျက်စောင်းကြီး အချိုးမပြေစွာ ကိုကြီးကျော်ဆီ ရောက်သည်။

"သိမှတော့ ယူမလားကွ၊ မသိလို့ပေါ့"

"ခုတော့ရော ဘယ်လိုလုပ်သိလဲ"

"မူးတယ် အန်တယ် ဖြစ်လာတော့ အစားမှားလို့လား၊ အစာမကြေလို့လားဆိုပြီး ဆရာဝန်ဆီ ခေါ်သွားပြပေးတာကနေ သိတာပေါ့၊ ဆရာဝန်ရှေ့ ဘယ်လိုမျက်နှာထားရမယ်မှန်းတောင် မသိဘူး၊ ဒီကိစ္စက ခုသာ လူမသိသေးတာ မကြာခင် တစ်မြို့လုံး ကျော်တော့မှာ"

ကိုကြီးကျော် ကျောတစ်ပြင်လုံး ချွေးများ စို့လာသည်။ နှာခေါင်းနှင့် နှုတ်ခမ်းကြားမှ ချွေးများကိုလည်း လက်ဖြင့်သုတ်ရင်း . . .

"မထူးပါဘူးကွာ၊ ခုမှတော့ ဘာမှပြင်လို့ ရတာမှမဟုတ်အဲ အနစ်နာခံပြီးတော့ ယူထားလိုက်ပေါ့၊ တချို့ယောကျ်ားတွေလည်း ဒီလိုပဲ အနစ်နာခံကြတာပဲ"

စန်းတင့်အောင် မျက်လုံးကြီး ရဲခနဲ ပြူးလာသည်။

"ဘာအနစ်နာခံတာလဲ၊ မင်း အနစ်နာခံမလား၊ ငါ့မိန်းမနဲ့ ခုတစ်ခါတည်း ပေးစားလိုက်မယ် . . . မင်း ယူမလား"

"ဟာ . . . မင်းကလည်း"

စန်းတင့်အောင်စကားကြောင့် ကိုကြီးကျော် မျက်နှာကြီး ရဲပြီး တွန့်သွားသည်။

"အေး . . . မင်း မလုပ်နိုင်ရင် ငါ့လည်း အလုပ်မခိုင်းနဲ့၊ စောစောစီးစီးက ရှင်းရှင်းပြောပြထားရင် တစ်မျိုးစဉ်းစားချင် စဉ်းစားဦးမယ်၊ ခုဟာက မလိမ့်တပတ် ခံရတာကွ၊ နွားမရွံ့ပိတ် အရောင်းခံရတာ သိပ်ရှက်စရာ ကောင်းတယ်"

လာပြန်ပဟ၊ ဒီနွားမရွံ့ပိတ်ဟု ကိုကြီးကျော် ရင်ထဲအပူလုံးများ တစ်လုံးပြီးတစ်လုံး တက်လာသည်။

"ဒုက္ခပါပဲ . . . ငါလည်း ဘယ်လိုလုပ်ရပါ့မလဲ"

ကိုကြီးကျော် ကြံရာမရ ဖြစ်သွား၏။

❀

မျက်လုံး မှိတ်လိုက်သည်နှင့် ရိပ်ခနဲ တင်တင်နွယ်ပုံ ပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



တင်တင်နွယ်လက်တစ်ဘက်က ခါးထောက်ထားသည်၊ ကျန်လက်တစ်ဘက်က ကိုကြီးကျော်ကို လက်ညှိုးလေးတစ်ထောင် ထောင်ဖြင့် ရွယ်ထားသည်။ မျက်နှာပေါ်တွင် နှုတ်ခမ်းက မစူတစူ လေး။

"ရှင် တော်တော်ပလီပါလား ကိုကြီးကျော်၊ တစ်ညနေလေးနဲ့ စိတ်က အမျိုးမျိုးပါလား၊ နို့ ရှင်ပဲ မနွယ် ဘာဖြစ်ခဲ့ဖြစ်ခဲ့ ခွင့်လွှတ် နိုင်တယ်ဆို၊ ဘယ်တော့မှ ပစ်မသွားပါဘူး၊ ပစ်သွားရင် သွားလေ ရာ ဘေးသင့်ပါစေ၊ ရန်သင့်ပါစေဆို"

တင်တင်နွယ်က နိုင်ထူး၏ 'ဆို' သီချင်းဆိုသလို တဆိုဆိုနှင့် ရန်တွေ့သည်။

"ဒါဖြင့် ရှင် ကျွန်မကို မချစ်နိုင်တော့ဘူးပေါ့၊ ပေးပြီးသား ကတိသစ္စာတွေလည်း ပြန်ရုပ်သိမ်းလိုက်တော့မယ်ပေါ့၊ ကျွန်မနဲ့ လည်း ဘယ်တော့မှ မပတ်သက်တော့ဘူးပေါ့"

ကိုကြီးကျော် မျက်လုံးပြန်ဖွင့်ပြီး ခေါင်းကို ခြင်းခနဲ ခြင်းခနဲ နေအောင် ကုတ်သည်။ နောက်ထပ် 'ပေါ့' သီချင်းလည်း နားမ ထောင်ချင်တော့။

လက်ဖက်ရည်ဆိုင်က ပြန်ခါနီး တာတူး ပြောလိုက်သော စကားများလည်း နားထဲပြန်ကြားသည်။

"အရမ်းအရမ်း မလုပ်ပါနဲ့ ကိုကြီးကျော်ရာ၊ ဘာပဲဖြစ်ဖြစ် သေချာစဉ်းစားပြီးမှ လုပ်ပါ၊ တော်ကြာ ကိုကြီးကျော် ဖဲဝိုင်းမှာ လုပ်သလို မမတင်တင်နွယ်က 'ခုနစ်စုံခြောက်တိုး ကိုး' ဆိုပြီးတော့ ဘူကို ကိုးလုပ်ပြီး စားသွားမှာစိုးလို့ပါ၊ ဒီကိစ္စမျိုးကျတော့ ကိုကြီးကျော် နားမလည်ဘူးနော်"



ပြဿနာက ဒါပဲဖြစ်သည်။

လောကကြီးမှာ နှစ်ယောက်တည်း . . . သူနှင့်တင်တင်နွယ် ပဲ ကျန်ခဲ့လို့ကတော့ နွားမရွှဲ့ပိတ်မကလို့ ဂေါ်ဇီလာမကြီး အင်တော ကိုင်ထားထား ပြဿနာမဟုတ်၊ ကိုယ်မှ သူ့ကို လက်မလွှတ်နိုင် သည့်ကိစ္စ၊ မျက်နှာလွှဲပြီး မသိချင်ယောင်ဆောင်နေလိုက်လျှင် ပြီး သွားနိုင်သည်။

ခုဟာက ဒီလိုမဟုတ်၊ ကိုယ်ကလည်း ကိုကြီးကျော် ကိုကြီး ကျော်နဲ့ နာမည်တစ်လုံးနှင့် နေလာသည့်လူ။ အကယ်၍ ကိုယ်လုပ် လိုက်သည့်ကိစ္စတွင် အမှားသေးသွားလျှင် တော်သေးသည်။ အမှား ကြီးသွားလျှင် ပတ်ဝန်းကျင်မှာ ဘယ်လိုလုပ်နေရမှန်းပင် မသိ။ အရပ်ထဲမှာ ကလေးတွေ ဆုံးမစရာရှိတိုင်း 'မင်းတို့ကောင်တွေ ကိုကြီးကျော်လို ဖြစ်သွားမယ်နော်' ဆိုသော အပြောမျိုး အတွင် မခံနိုင်။

ခုကိစ္စမှာလည်း သူသာ ဘာမှမသိတာ ဖြစ်သည်။ ဘယ်သူ တွေက ဘယ်လောက်သိထားပြီးကြပြီ မသိ။ တာတူးတို့ကိုပင် ပြော မရ၊ တစ်ဘက်က တင်တင်နွယ်ကို ထိခိုက်မှာစိုး၍ မပြောတာလည်း ဖြစ်နိုင်သည်။ မိစုတို့ဘာတို့လည်း ထို့အတူ။

"အို . . . ဒီလူကြီးမှ သိတာမဟုတ်ဘဲ၊ သူတို့ဟာနဲ့ သူတို့ အဆင်ပြေသွား အေးတာပဲ" ဟု စေတနာမေတ္တာ ရှေ့ထားပြီး ကိုယ့်ကို ဝိုင်းထောင်ပေးလိုက်ကြတာ မဟုတ်ဟု မပြောနိုင်။

ဒီလိုဆိုလျှင်တော့ ကိုကြီးကျော် ခုချက်ချင်း လဲသေလိုက် တာက ပိုကောင်းပေလိမ့်မည်။

နွေညကြီးမဟုတ်ဘဲ ကိုကြီးကျော် ချွေးပြန်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနေလို့တော့ မဖြစ်၊ တစ်ခုခုလုပ်မှ ဖြစ်မည်ဟု ကိုကြီးကျော် ဆုံးဖြတ်သည်။

ခုအချိန်ကစပြီး ကျော်ကျော်စိုးအောင်သည် ရိုးရိုး ကျော်ကျော်စိုးအောင် မဟုတ်တော့။ မိမိဘာသာ မိမိခန့်သည့် အင်မတန်တော်သော ထောက်လှမ်းရေးသမား ကျော်ကျော်စိုးအောင် ဖြစ်သွားပေပြီ။

သူ့စကားဆုံးသောအခါ ကိုနိုင်ဦးရော၊ ဦးဝင်းထွတ်ပါ တဟားဟားရယ်သည်။

"ခင်ဗျားမလဲ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်း ပါလားဗျာ၊ ဟိုချာတိတ်တွေ ပြောလည်း ပြောစရာပဲ၊ ခင်ဗျားက ဘာမှ စစ်စစ်ဆေးဆေး မေးမေးမြန်းမြန်းတောင်မလုပ်ဘဲ တစ်ခါ တည်း ကိုယ့်ကိုယ်ကိုယ် လက်ထိတ်ခြေထိတ်တွေနဲ့ ကြိုးတုပ်ပြီး ခပ်လိုက်တာကိုး"

"ကဲပါ . . . အဲဒါထားပါတော့၊ ခု ဘာဆက်လုပ်မယ် စဉ်း စားလဲ"

ဦးဝင်းထွတ်အမေးကြောင့် ကိုကြီးကျော် ဆတ်ခနဲ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်၍ . . .

"ကျွန်တော် အဲဒီကောင်မလေးအကြောင်းကို ရအောင် စုံစမ်းကြည့်မယ်လို့ စဉ်းစားတယ် ဆရာ၊ ဒီအတိုင်း ဘုမသိ ဘမသိ နဲ့တော့ ကျွန်တော် ငြိမ်နေလိုက်လို့ မဖြစ်ဘူး"

ဦးဝင်းထွတ်က ရယ်၍ . . .

"ခင်ဗျားက သစ္စာရှေတွေ ဘာတွေ သောက်ထားတာနော်"

"ရတယ် ဆရာ၊ စုံတော့စုံစမ်းရမှာပဲ၊ လက်မခံနိုင်လောက် တာမျိုး တွေ့ရင်တော့ နောက်မှဘာဖြစ်ဖြစ် အလကားနေရင်းတော့ နွားကျမခံနိုင်ဘူး"

သူ့အမူအရာနှင့် သူ့အပြောအဆိုကို ကိုနိုင်ဦးက သဘော ကျစွာကြည့်ရင်း ပြုံးသည်။ ပြီးမှ လေသံအေးအေးဖြင့် . . .

"အေးပေါ့ဗျာ၊ စုံစမ်းတာကတော့ မမှားဘူးပေါ့၊ ဒါပေမဲ့ ဟုတ်ချင်မှဟုတ်မှာပါ၊ ခင်ဗျားစိတ်ကို စမ်းချင်လို့ တမင်လုပ်ကြည့် လိုက်တာလည်း ဖြစ်နိုင်ပါတယ်၊ ခင်ဗျား သူ့အပေါ် တကယ်ချစ် တာလား၊ အရှည်သဖြင့်ရော ခွင့်လွှတ်မှာလားဆိုတာ သိချင်လို့ တမင်လုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော်ကတော့ နည်းနည်းပါးပါးဖြစ် ဖြစ် သူ့အကြောင်းထပ်သိရအောင် လုပ်ဦးမယ် ကိုနိုင်ဦး၊ ကျွန်တော့်ကို တစ်ခုတော့ အကူအညီပေးပါလား"

"ပြောလေ"

"လာမယ့်စနေနေ့ကျရင် ကျွန်တော်နဲ့ ပဲခူးကို ခဏလိုက်ခဲ့ ဗျာ၊ အဖော်ပေါ့၊ ပဲခူးမှာ ကျွန်တော့်အသိတစ်ယောက်ရှိတယ်၊ သူတို့ ကနေတစ်ဆင့် မနွယ်အကြောင်း ထောက်လှမ်းကြည့်မလို့ . ."



ကိုနိုင်ဦး ရယ်သည်။

"ရပါတယ်ဗျာ၊ စောစောက ကိုယ်ပါ ဝိုင်းမြှောက်ပေးထား တာပဲ၊ ခုမှ ခေါင်းရှောင်ရင် ဘယ်တရားမလဲ၊ ဟုတ်တယ် မဟုတ် လား၊ သွားတာပေါ့၊ ကျွန်တော့်မိတ်ဆွေတွေလည်း ရှိပါတယ်"

"နောက်တစ်ခုက သူတို့ရုံးမှာရော အသိလေးဘာလေးမရှိ ကြဘူးလား၊ ရုံးက အခြေအနေကိုလည်း မေးမြန်းကြည့်ချင်လို့"

ဦးဝင်းထွတ် ပြုံး၍ ခေါင်းညိတ်သည်။

"ရှိပါတယ်ဗျာ၊ အဲဒီကိစ္စတော့ ကျွန်တော့် တာဝန်ထားပါ၊ ကျွန်တော် လှမ်းမေးပေးပါ့မယ်"

ကိုကြီးကျော် ကျေနပ်သွားသည်။ ခုဆို သူ လှုပ်ရှားစရာနှစ်ခု ကတော့ အဆင်ပြေသွားပေပြီ။

ကျန်တာလေးကိုတော့ ကိုယ့်ဘာသာပဲ လုပ်တော့မည်ဟု တွေးလိုက်၏။

ဒီညနေ အဆောင်ကို သွားဖြစ်အောင် သွားရပေမည်။

❀

"ရောက်နေတာ ကြာပြီလား ကိုကြီးကျော်"

ခုတော့ ခါတိုင်းလို ဧည့်ခန်းထဲ ဝင်မစောင့်တော့၊ အများ သူငှါ ရည်းစားများ ထုံးစံအတိုင်း အဆောင်ဝရန်တာမှာ ရပ်စောင့် သည်။ ရောက်လာလျှင် အဆောင်အပြင်ထွက် လမ်းလျှောက်၊ အင်းလျားကန်စသည့်ဘာတို့ သွားနိုင်ရန် အဆင်သင့်။

ကိုကြီးကျော် ဝရန်တာလက်တန်းလေးကို မှီရပ်နေ . . .

www.burmeseclassic.com

www.burmeseclassic.com



တင်တင်နွယ်၏ ချိုသောအသံလေးကြောင့် ပျာပျာသလဲ လှည့်ကြည့်လိုက်သည်။

'အားပါး . . .'

နှုတ်က ရေရွတ်လိုက်ခြင်းမဟုတ်။ စိတ်ဖြင့် လွှတ်ခနဲ ပြောလိုက်ခြင်း ဖြစ်သည်။ တင်တင်နွယ်က ခါတိုင်းရိုးရိုး ကိုကြီးကျော်ကို တွက်တွေ့ခြင်းမျိုး မဟုတ်ဘဲ၊ သူ့ဂုဏ်ဂုဏ်ပြည်သော သတ္တဝါကြီး ဖြစ်သည့် ကိုကြီးကျော်ကို တွက်တွေ့ခြင်းမို့ မြင်လိုက်တာနှင့် အရည်ပျော်ကျ အငွေ့ပျံထွက်သွားလောက်အောင် လှနေသည်။

ပြောလို့ပြောတာမဟုတ်၊ လက်ပြတ်အကျႌ ကြည်ပြာရောင်လေး ဝတ်ထားသဖြင့် လက်မောင်းသားလေးများမှာ ဝင်းဝါပြီး နှစ်မချို့သေးသော ဆင်စွယ်ရောင်လေး ဖြစ်နေသည်။ သူ့အရပ်နှင့် သူ့ကိုယ်လုံးလေးကလည်း လိုက်လျောပြေပြစ်ပြီး တင့်တင့်တယ်တယ်ရှိလှသည်။

မျက်နှာလေးကလည်း ဘာပစ္စည်းများသုံး၍ မည်သို့ပြုပြင်လာသည်မသိ၊ မှုန်ညက်နူးညံ့ပြီး ပန်းနုနှင့် အဝါကြား လုပြေးနေသည်။

ထောက်လှမ်းရေးသမား ကိုကြီးကျော်၊ ချက်ချင်း ရိုးရိုး ကိုကြီးကျော် ပြန်ဖြစ်သွား၏။

"မကြာသေးဘူး နွယ်၊ ခုပဲ ရောက်တယ်"

မနေ့ကနှင့်မတူဘဲ ပြောင်းခေါ်လိုက်သော အခေါ်အဝေါ်ကြောင့် နွယ်က လှပစွာပြုံးသည်။

"ကဲ . . . ဒါဖြင့် ဘယ်သွားမလဲ၊ ဒီမှာပဲ ထိုင်စကားပြောမလား၊ လမ်းလျှောက်မလား"



"လမ်းလျှောက်ကြတာပေါ့ နွယ်၊ ကန်ပေါင်ဘက်က လမ်းလျှောက်လို့ မကောင်းဘူးလား"

"ကောင်းသားပဲ . . . သွားလေ"

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သားယှဉ်၍ လျှောက်လာခဲ့ည်။ ဝရန်တာက အနံ့ သိပ်မကျယ်သဖြင့် လက်မောင်းချင်းထိ၍ လျှောက်ရသည်။ ကိုကြီးကျော် ရင်ထဲ လှပ်လှပ် . . . လှပ်လှပ်န်လာ၏။

သင်းပျံ့ပျံ့ ရနံ့လေးများကလည်း ရင်ဖိုလောက်အောင် ကူးက်ရောက်ရှိလာသည်။

နွားမရွှံ့ပိတ်ကိစ္စ ဘယ်ရောက်သွားမှန်းပင် မသိ။

၆

"ဟယ် . . . ဟိုမှာတော့"

စီးပွားရေးတက္ကသိုလ်နောက်ဘက် သစ်ပင်ရင်းတွင် ထိုင်နေရာမှ မိစု လှစ်ခနဲ ထရပ်ပြီး လှမ်းကြည့်သည်။

"ဘယ်သူလဲ မိစု"

"ကိုကြီးကျော်နဲ့ မမ"

"ဟာ . . . ဟုတ်လား"

တာတူးလည်း ကမန်းကတန်း ထရပ်သည်။ ကိုကြီးကျော်နှင့်ယ်တို့က ကန်ပေါင်ရိုးအတိုင်း အင်းလျားလမ်းဘက်လျှောက်လာနေသည်။

"သူတို့နှစ်ယောက် အိုကေသွားပြီ . . . သိ

www.burmeseclassic.com

www.burmeseclassic.com



"သိတယ် . . . ညက မမ ပြောပြထားတယ်"

"မမက အကုန်ပြောပြလား"

"ဟင့်အင်း . . . သူ့အဖြေပေးလိုက်ပြီပဲ ပြောတယ်၊ ဘာဖြစ်လို့လဲ"

"တကယ်မသိဘူးလား"

"ဟင့်အင်း . . . မသိဘူး"

တာတူးက ရယ်၍ အကြောင်းစုံ ပြောပြသည်။ သို့သော် နောက်ပိုင်း သူနှင့် ကိုကြီးကျော် ဆွေးနွေးသည့်ကိစ္စများကိုတော့ ချန်လှပ်ထားခဲ့၏။ တာတူးပြောပြသည်ကို နားထောင်ရင်း မိစု မျက်လုံးပြူးလာ၍ . . .

"တကယ် . . . ဟုတ်လား၊ အဲဒီအတိုင်း လုပ်ကြသလား ဟုတ်ရဲ့လား မောင်ရာ"

"ဟုတ်တယ် မိစုရဲ့၊ အဲဒါ မောင်တောင် မိစုကိုမေးမလို့ မမက အဲသလိုလုပ်နိုင်းရအောင် မမမှာ ဘာပြဿနာများ ရှိခဲ့လို့လဲလို့"

မိစု လှပစွာ မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

"ဟင် . . . မရှိပါဘူး၊ မိစုတို့သိသလောက်တော့ မမမှာ ဘာပြဿနာမှ မရှိဘူး၊ အရင်ရည်းစားတစ်ယောက်နဲ့ ဖြစ်ဖူးတယ် ဆိုတာလည်း ဟိုးတုန်းကပါ၊ ဟိုက မိန်းမတွေ ဘာတွေတောင် ရရောပေါ့၊ သူနဲ့လည်း ရိုးရိုးပါပဲ"

"ဩော် . . . ဘယ်လိုပြောရမလဲ၊ မိစုတို့ကို မမက အကုန် ပြောပြချင်မှ ပြောပြမှာပေါ့၊ နောက်ပြီးတော့ မိစုတို့နဲ့ မမသိတာ ဘယ်လောက်ကြာသေးလို့လဲ"



"နှစ်နှစ်လောက်တော့ရှိပြီ၊ ဒီကြားထဲမှာတော့ ဘာပြဿနာမှ မရှိဘူး၊ အဲဆောင်ကို ယောကျ်ားလေးတောင် လာမလည်ဘူး၊ အင်းလေ . . . တစ်ခုတော့ရှိတာပေါ့၊ မမက သိပ်လျှို့ဝှက်ထားတဲ့ ကိစ္စဆိုရင်တော့ မပြောတတ်ဘူး"

တာတူး စဉ်းစားသည်။ ဒီကိစ္စ၏အဖြေမှန်ကို မိစုတို့ မသိသည်ကတော့ သေချာပြီ၊ ထို့ကြောင့် တခြားသဲလွန်စများ ရလိုရငြားဖြင့် . . .

"ဒါဖြင့် မိစုတို့မသိအောင် လျှို့ဝှက်ထားတဲ့ကိစ္စတွေ ဘာတွေ ရှိနိုင်တဲ့လက္ခဏာမျိုးရော သူ့မှာရှိလား၊ ဆိုပါတော့၊ တစ်ခါတလေ တစ်ယောက်တည်း ငိုင်ငိုင်နေတာမျိုး၊ တစ်ခုခုကို စဉ်းစားရင်း သက်ပြင်းခဏခဏချတာမျိုး၊ အိပ်ရာထဲ ရောက်နေပြီး တော်တော်နဲ့ မအိပ်ဘဲ စဉ်းစားနေတာမျိုးတို့၊ တစ်ခါတလေ အိပ်မရလို့ ထထိုင်တွေးနေတာမျိုးရောရှိလား"

"ဟင့်အင်း . . . ဒါမျိုးလည်း မရှိပါဘူး၊ ညဘက် အိပ်ရာထဲတော့ မသိဘူးပေါ့၊ မမက တစ်ခန်းသတ်သတ်နေတာပဲဟာ၊ ဒါပေမဲ့ မိစုတော့ မထင်ပါဘူး၊ မမမှာ တခြားအကြောင်းရှိလို့ အဲလိုလုပ်တာ ဖြစ်ပါလိမ့်မယ်"

"တခြားအကြောင်းဆိုတာ ဘာဖြစ်နိုင်လဲ မိစု"

"မသိဘူးလေ၊ ကိုကြီးကျော်စိတ်ကို စမ်းကြည့်တာမျိုးတို့ ဘာတို့ပေါ့"

"ဟင့်အင်း . . . အဲဒါတော့မဖြစ်နိုင်ဘူး၊ စိတ်စမ်းတာ လောက်ဆိုရင် ဘယ်သူမှ ဒီလောက် ဒုက္ခခံမှာ မဟုတ်ဘူး၊ ခုဟာက တစ်ခုခုကို ရှိရမယ်၊ မိစုတို့မသိဘဲ တစ်ခါတလေ တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်တာမျိုးရော ရှိလား"

"အင် . . . တစ်ခါတလေတော့ ရှိတာပေါ့၊ မနေ့ကတုန်းက ကိုကြီးကျော်နဲ့ သွားတယ်ဆိုတာ မိစုတို့ သိမှမသိဘဲ၊ ပြန်လာပြီး မမပြောပြမှသိတာ၊ ဒါပေမဲ့ အမြဲတမ်းလိုလိုတော့ မမအပြင်ထွက်ရင် မိစုတို့ထဲက တစ်ယောက်မဟုတ် တယောက်ကတော့ အမြဲပါပါတယ်၊ ဘာဖြစ်လို့လဲ၊ ဒီကိစ္စကို ကိုကြီးကျော် သိပ်မကြည်လို့လား"

တာတူး ခေါင်းခါသည်။

"မဟုတ်ပါဘူး၊ မောင့်ဟာမောင် သတ်သတ်စဉ်းစားကြည့်တာပါ၊ ဘာပြဿနာမှ မရှိဘဲတော့ မမလည်း ဒီလိုလုပ်မှာ မဟုတ်ဘူး၊ အဲဒါ ဘာပြဿနာများရှိလို့ မမဒီလောက် အပိုင်ချည်ပြီး တုပ်ပြီး လုပ်ရတာလဲဆိုတာ သိချင်တာနဲ့ မေးကြည့်တာပါ"

"အင်း . . . ဒီလိုလုပ်လေ၊ မိစုတို့ မသိမသာလှည့်ပတ်ပြီး အဲဒီကိစ္စကို မမ ဘာလုပ်တာလဲဆိုတာ စုံစမ်းပေးပါ့မယ်"

"ဩော် . . . နေဦး မိစု၊ ကိုယ်တို့ အဲဒီလို စုံစမ်းတယ်ဆိုတာကိုတော့ မမ လုံးဝမသိစေနဲ့နော်၊ တော်ကြာ ကိုကြီးကျော်က လျှောက်ပြောတာပဲဆိုပြီး ကိုကြီးကျော်ကို သွားကောမှာစိုးလို့"

"အင်းပါ . . . စိတ်ချပါ၊ မိစုတို့ပါ ဝိုင်းစုံစမ်းပေးတယ်ဆိုတာ သိရင်လည်း မမက မိစုတို့ကိုပါ ကောမှာပေါ့၊ ဘယ်ပြောလို့ဖြစ်မလဲ"

မိစုစကားကြောင့် တာတူး ကျေနပ်သွားသည်။

ခုအခါတွင် အင်းလျားလမ်းပေါ်ရောက်၍ အင်းလျားလမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လျှောက်သွားနေသည့် ကိုကြီးကျော်တို့ စုံတွဲကို လှမ်းကြည့်လိုက်၏။

ဘာပြောပြော ကိုကြီးကျော်နှင့် မမတင်တင်နွယ်တို့တတော့



အတော်လိုက်သည့် စုံတွဲပင်။

သူတို့နှစ်ယောက်ကိုလည်း ရစေချင်၏။

ဘာမသိညာမသိနှင့် ရသွားမှာလည်း ပူ၏။

၅

ကိုကြီးကျော်က မနေ့က စိတ်ထဲမှာထင်လိုက်သော အထင်ကို သတိရသဖြင့် မသိမသာနှင့် နွယ့်ဘက်လှည့်သည်။

ကိုယ်လုံးလေး ရှင်းကြော့နေသည်မှအပ သံသယဖြစ်စရာ ဘာအရိပ်အရောင်မှမရှိ။ မနေ့က ကြားရသော ဟိုစကား ဒီစကားများကြောင့် သူ့စိတ်ထင်ခြင်းသာ ဖြစ်သည်။

"ဘာကြည့်တာလဲ"

ကိုကြီးကျော်အကြည့်က တစ်ကိုယ်လုံး အထက်အောက်စုန်လိုက်ဆန်လိုက် ဖြစ်သွားသဖြင့် နွယ်က မျက်စောင်းဖြင့် မေးသည်။

ကိုကြီးကျော် ရှက်အမ်းအမ်းရယ်ရင်း . . .

"မဟုတ်ဘူး၊ နွယ်က လှလို့ကြည့်တာပါ၊ ကိုယ်နဲ့ လက်ထပ်မယ့် သတို့သမီးက ဒီလောက်လှရသလားဆိုပြီး အံ့ဩနေလို့"

နွယ့်မျက်နှာတွင် ရှက်သွေးကလေးများ ဖြတ်သန်းပြေးသွားသည်။

"သွားပါ၊ ဘာမှန်းလဲ မသိဘူး"

ကိုကြီးကျော်လက်မောင်းကို ရိုက်ကိုင်လေး ကိုင်သည်။ တစ်ခါဆိုတစ်ခါမျှ ဒီလိုအကိုင်မခံရဖူး၍ ကိုကြီးကျော် အဝင်သည် တာဝတိံသာအထိ ဒိုင်းခနဲ တာတ်သွားသည်။ တစ်ကိုယ်လုံး ဘော်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခံရသလို ကြည်နူးတုန်ခါသွားသည်။

နွယ်ကတော့ ဘာမှမဖြစ်သလို ခပ်မှန်မှန်ပင် လျှောက်ရင်း . . .

"ကို့ကို တစ်ခုပြောရဦးမယ်"

"အင်း . . . ပြော . . ."

"နောက်တိုလမ်းလျှောက်တဲ့အခါ မြမူလေးကို တစ်ခါတလေ ခေါ်လာမယ်နော်"

"ဘာဖြစ်လို့လဲ"

"သူတစ်ယောက်တည်းကျန်ခဲ့တာ ကိုရဲ့၊ ခါတိုင်းဆို နွယ်နဲ့ အဖော်ရှိသေးတယ်၊ ခုဆို တစ်ယောက်တည်း၊ သနားပါတယ်"

"အင်းလေ . . . ခေါ်ပေါ့၊ ဘာဖြစ်လဲ"

"ကို မကြိုက်မှာစိုးလို့"

"ဒါတော့ မမေးနဲ့၊ ကိုယ်က ခုလို ဘေးနားမှာ လူတွေရှိတာတောင် ကြိုက်တာမဟုတ်ဘူး၊ တစ်လောကလုံးမှာ နှစ်ယောက်တည်း နေချင်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ နွယ်ရဲ့၊ ဘယ်သူမှမရှိတော့ ဘာလုပ်လုပ်ရတာပေါ့"

"ဟယ် . . . ကြည့်စမ်း၊ သူ သိပ်ယုတ်ပတ်တာပဲ၊ တော်ပြီ၊ နောက် ဘယ်တော့မှ နှစ်ယောက်တည်း မနေတော့ဘူး"

"ဘယ်ရမလဲ၊ ကိုယ်က သိမ်အချိန်ဆိုင်းတာ မဟုတ်ဘူး၊ ပဲခူးက ဦးအောင်မြိုင်နဲ့ ဒေါ်ခင်ခင်စိန်တို့ကို ပြောပြီးမကြာခင် လက်ထပ်တော့မှာ"



"အံမယ်၊ ဖေဖေ မေမေတို့နာမည် သူ ဘယ်လိုလုပ်သိလဲ"

"ဒီလိုပေါ့ နွယ်ရဲ၊ ကိုယ့်ယောက္ခမတွေပဲဟာ၊ ကိုယ် မသိလို့ ဘယ်ဖြစ်ပါ့မလဲ"

"သွားပါ . . . လူလည်ကြီး"

အင်းလျားလမ်းတစ်လျှောက်လုံးတွင် ရယ်မောသံလေးများ ဝေဝေစည်၏။

ကံ့ကော်ပင်လေးများပင် အခြားအကြောင်းအရာများကို သတိမရ။

www.burmeseclassic.com

www.burmeseclassic.com

ရ။

"ထိုင် . . . ကိုကျော်ကျော် . . . ဆို"

အခန်းထဲကို ကိုကြီးကျော် ဝင်သွားသည်နှင့် ဦးဝင်းထွတ်က လုပ်လက်စအလုပ်ကို ဖြတ်လိုက်ပြီး ကုလားထိုင်ကို လက်ညွှန်ထိုင်ခိုင်းသည်။

"ဆရာ . . . ဟိုရုံးကို မေးထားပေးမယ်ဆိုတဲ့ကိစ္စ"

"ဪ . . . ဟုတ်ပြီ၊ ကျွန်တော် ပြောထားတယ်၊ နေဦး . . . ကျွန်တော် ဖုန်းဆက်ပြီး မေးကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဦးဝင်းထွတ်က ဖုန်းခွက်ကိုမပြီး ဒိုင်ခွက်ကို လှည့်သည်။

"ကိုကြည်သာနဲ့ စကားပြောချင်လို့ပါ"



ဦးဝင်းထွတ် ပြောဆိုနေသည်ကို ကိုကြီးကျော် ဘာမှဝင် မပြောတော့ဘဲ ထိုင်စောင့်နေသည်။

"ကိုကြည်သာလား၊ ကျွန်တော်ပါ . . . ဝင်းထွတ်ပါ၊ မနေ့က မေးထားတဲ့ကိစ္စလေးလေ"

"ဪ . . . အင်း . . . အင်း၊ ဟုတ်လား"

ခဏငြိမ်နားထောင်ပြန်သည်။

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကျေးဇူးပဲ ကိုကြည်သာ၊ ဒါပဲနော်"

တစ်ဘက်ကစကားများလည်း မကြားရ၊ ဦးဝင်းထွတ်စကားများပေါ် မူတည်၍ ဘယ်လိုနားလည်ရမှန်း မသိသဖြင့် ကိုကြီးကျော် အသည်းယားနေသည်။ ဦးဝင်းထွတ်က ကိုကြီးကျော်ကို ပြုံးကြည့်ပြီး ဘာမှန်းမသိ ခေါင်းတစ်ချက် ညိတ်ပြသည်။ ထို့နောက် ဖုန်းခွက်ကို ပြန်ချပြီးမှ . . .

"သူတို့ရုံးမှာတော့ ဘာပြဿနာမှ ထွေထွေထူးထူး မရှိဘူးတဲ့ ကိုကြီးကျော်၊ သူတို့ရုံးမှာ အပျိုလည်းအပျို၊ လှလည်းလှဆိုတော့ စိတ်ဝင်စားတဲ့သူတွေကတော့ အများသားတဲ့၊ ဒါပေမဲ့ တင်တင်နွယ်က အနေတည်တော့ သိပ်မစရဲကြဘူး၊ သူ့မိတ်ဆွေတစ်ယောက်ကတော့ ချစ်ရေးဆိုဖူးတယ်၊ တင်တင်နွယ်က ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့သာ အပြတ်ငြင်းတာနဲ့ နောက်ဆုတ်လိုက်တယ်တဲ့၊ နောက်ထပ်ကြိုးစားကြည့်တဲ့လူတွေလည်း ဒီလိုပဲ နောက်ကောက်ကျကုန်တယ် ပြောတယ်"

ကိုကြီးကျော် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်သည်။ ဘယ်လိုတော့ ဘယ်လိုကြီးမှန်း မသိ။ စိတ်သက်သာရာရသလို ဖြစ်သွားသော်လည်း ပြဿနာက အစပျောက်နေသဖြင့် မောင်း . . .

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်။

"နေဦး ကိုကျော်ကျော် . . . ခင်ဗျားဟာခင်ဗျား ကြိုးစုံစမ်းထားတာရော မရှိဘူးလား၊ အဲဒီထဲမှာ သဲလွန်စလေးတွေ ဘာတွေရော မရနိုင်ဘူးလား"

ကိုကြီးကျော် စဉ်းစားသည်။ သူလည်း ဒီလောက်တော့ မတုံးခဲ့။ စောစောပိုင်းကပင် လေ့လာတန်သလောက် လေ့လာထားခဲ့သည်။

"ကျွန်တော် စုံစမ်းတာ နှစ်နေရာရှိတယ် ဆရာ၊ တစ်နေရာက သူတို့အဆောင်က ကောင်မလေးတွေဆီက၊ အဲဒီက ဘာသိသလဲဆိုတော့ သူ့မှာ အရင်က ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ အဲဒီချစ်သူက သူ့ကို သစ္စာဖောက်သွားလို့ ယောကျ်ားတွေကို စိတ်နာပြီး နောက်ထပ် ဘယ်ယောကျ်ားကိုမှ သူမစဉ်းစားတော့ဘူးဆိုတဲ့အချက်ပဲ၊ နောက်တစ်ခုက ရိပ်သာမှာ တရားလာထိုင်တဲ့ သူ့အမေကို ကျွန်တော့်အမေကနေတစ်ဆင့် သားရေးသမီးရေး တိုင်ပင်သလိုနဲ့ အခြေအနေ စောင့်ကြည့်တယ်၊ သူ့အမေက ပြောတယ်၊ ဒီသမီးက တစ်မျိုးပဲ၊ သူ့စိတ်ကူးနဲ့သူ ထင်ရာလုပ်တာပဲတဲ့၊ လူကြီးတွေစီစဉ်မယ်ဆိုတော့လည်း ငြင်းတယ်၊ ဘာစိတ်ကူးနဲ့ ခုထိ ဒီလိုနေမှန်းလည်း မသိဘူးလို့လည်း ပြောတယ်"

ဦးဝင်းထွတ် ခေါင်းတညိတ်ညိတ်လုပ်၍ နားထောင်သည်။ ပြီးမှ . . .

"အင်း . . . ဒီလိုဆိုရင်တော့ ခင်ဗျားတို့ တွက်သလို ဆိုးဆိုးရွားရွား ပြဿနာကြီးတွေတော့ ရှိမယ့်ပုံ မပေါ်ပါဘူး . . . တစ်ခုပဲရှိတယ်၊ သူနဲ့အရင်က ချစ်ကြိုက်ခဲ့ဖူးတယ်ဆိုတဲ့ကိစ္စကိုတော့



ခင်ဗျား နည်းနည်းစုံစမ်းကြည့်ဖို့ကောင်းတယ်၊ သူ ဒါကို ရည်ရွယ်ပြီးပြောတာ ဖြစ်နိုင်တယ်"

"ကျွန်တော်လည်း ဒီလိုပဲထင်တယ် ဆရာ၊ အရင်လူနဲ့ သူ ဘာဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော်လည်း စုံစမ်းမလို့ပဲ"

"ဘယ်မှာကြိုက်ခဲ့ကြတာတဲ့လဲ . . . ကျောင်းတုန်းကလား၊ ကျောင်းတုန်းကဆိုတာ တက္ကသိုလ်ကို ပြောတာလေ၊ တက္ကသိုလ်ကျမှလား၊ ပဲခူးမှာ အထက်တန်းတုန်းကလား"

"အဲဒါတော့ ကျွန်တော် မသိသေးဘူး"

"အဲဒါ ခက်တာပဲ၊ ပဲခူးမှာဖြစ်တဲ့ကိစ္စဆိုရင်တော့ စုံစမ်းရတာလွယ်ဦးမယ်၊ ကျောင်းတုန်းကကိစ္စကို ဘယ်လိုလုပ် ပြန်လိုက်မလဲ"

"မလွယ်ဘူးဆရာ၊ ကျောင်းတုန်းက သူ ဘယ်သူနဲ့တွဲခဲ့တယ်ဆိုတာကို သိအောင် အရင်လုပ်ရမယ်၊ သူ့ငယ်ချင်းထဲကဖြစ်ဖြစ်၊ သိရရင် မဆိုးပါဘူး၊ အဲဒီသူ့ငယ်ချင်းကို ရအောင်ရှာပြီး သွားမေးရမှာပဲ၊ ဒါကလည်း သူ့အကူအညီပါရမှဖြစ်မှာ"

"နေဦးဗျာ . . . သူ ဘယ်ကဆင်းတာလဲ"

"အိုကိုက . . ."

"ဘယ်နှစ်လောက်က ဆင်းလဲ"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဖြစ်မယ်"

"အင်း . . . ဒါဆိုရင် သိပ်မဝေးသေးဘူး၊ မေးမြန်းကြည့်ရင်တော့ ရနိုင်လောက်တယ်"

ကိုကြီးကျော် တစ်ချက်ရယ်လိုက်သည်။

"ရပါတယ် ဆရာရယ်၊ သိပ်တော့ ဒုက္ခမခံ[illegible]

ကျွန်တော်က ဘာမှန်းမသိ ညာမှန်းမသိ ခံလိုက်ရ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတာပါ။ တော်ရုံတန်ရုံ ပြဿနာလောက်ကတော့ ကျွန်တော်လည်း ခွင့်လွှတ်နိုင်ပါတယ်၊ သူလည်း ဒီအရွယ်ရောက်ပြီပဲ၊ နောက်ကြောင်းလေး ဘာလေးကတော့ အနည်းအပါးရှိမှာပေါ့"

"ခု . . . ခင်ဗျားတို့ အခြေအနေက ဘယ်လိုလဲ၊ ယူတော့မလို့လား"

ကိုကြီးကျော် အဟက် . . . ဟက် . . . ဟက်ဟု ရက်ရယ်ရယ်သည်။

"စဉ်းစားတာပဲ ဆရာ"

"အေးဗျာ . . . ဒီလိုဆိုလည်း ဘာလုပ်ဖို့ စဉ်းစားနေတော့မလဲ၊ ယူစရာရှိလည်း ယူပစ်လိုက် ပြီးတာပဲဟာ"

"ပြဿနာက သိပ်ကြီးကြီးမားမား မဟုတ်ရင်တော့ ကျွန်တော် ဂရုမစိုက်ပါဘူး ဆရာ၊ ပြဿနာက ဘာလဲဆိုတာပဲ သိချင်တာပါ"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါဖြင့် အခု ဘာဆက်လုပ်မယ် စဉ်းစားလဲ"

"ဒီလိုပဲပေါ့ ဆရာရယ် . . . ရသလောက် သတင်းပလင်းလေးတွေတော့ နည်းနည်းပါးပါး စုကြည့်ရဦးမှာပေါ့"

ပြောမည့်သာ ပြောရသည်။ စင်စစ် သူ့ဟာသူ ဘာဆက်လုပ်ရမှန်းပင် မသိ။

❀

သောကြာနေ့တွင် ကိုကြီးကျော် ပဲခူးသွားဖြစ်သည်။



သို့သော် မူလစီစဉ်ထားသည့် အစီအစဉ်အတိုင်းတော့ မဖြစ်။

အခြေအနေလေးက ကြားမှာ တစ်မျိုး ပြောင်းသွားသည်။ ကြာသပတေးနေ့ . . . အင်း . . . ဟုတ်သည်။ ကြာသပတေးနေ့တွင် ပြောင်းသွားသည့် အခြေအနေကြောင့် ဖြစ်၏။

✎ ❀ ✎

www.burmeseclassic.com

www.burmeseclassic.com

၉။

ကြာသပတေးနေ့ညနေဘက်တွင် ကိုကြီးကျော် အဆောင်သို့ ရောက်၏။

ထုံးစံအတိုင်း နှစ်ယောက်သား လမ်းလျှောက်ထွက်လာရင်း တင်တင်နွယ်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့် . . .

"ဪ . . . ကို . . . ကို့ကို ပြောမလို့၊ မေ့နေတာနဲ့ ခုမှ သတိရတယ်"

"ဘာလဲနွယ် . . . ပြောလေ"

"မနက်ဖြန်ညနေကျရင် နွယ် အိမ်ခဏပြန်မယ်၊ မေမေတို့ဆီ အရင်တစ်ပတ်က မသွားဖြစ်လို့ အဲဒါ ကို လိုက်ခဲ့မလား"

အဲ . . . ပြဿနာပဲဟု စိတ်ထဲက အောက်မေ့လိုက်၏။



ကိုကြီးကျော်ကလည်း စနေနေ့တွင် ပဲခူးသွား၍ တင်တင်နွယ့်အကြောင်း စုံစမ်းရန် ကိုနိုင်ဦးနှင့် တိုင်ပင်ပြီးသား။ သို့သော် ချက်ချင်းပင် ကိုကြီးကျော် စိတ်ပြောင်းလိုက်သည်။ တင်တင်နွယ်နှင့် သွားတာ ပိုကောင်းမည်။ တင်တင်နွယ်နှင့် သွားလျှင် တင်တင်နွယ့် ပတ်ဝန်းကျင်နှင့် အနီးကပ်ဆုံး ထိတွေ့ရမည်။ ဒီဟာက ပိုအရာ ရောက်သည်ဟု တွက်၍ . . .

"လိုက်ခဲ့မယ်လေ၊ အဲ . . . ဒါပေမဲ့ ကိုယ်က ဘယ်မှာတည်း ရမှာလဲ၊ ကိုယ်က နွယ့်ကို လိုက်ပို့ရုံပဲလား"

"ဘယ်ဟုတ်မလဲ၊ နွယ်နဲ့အတူတူပဲ ပြန်ပေါ့၊ နွယ်တို့အိမ်မှာ တည်းလေ၊ ဖေဖေနဲ့မေမေတို့နဲ့လည်း တွေ့ရတာပေါ့"

"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ အဘိုးကြီး အဘွားကြီးတွေက ကြည်မှန်းမသိ မကြည်မှန်းမသိ"

"အံမယ် . . . ဒါက ဒီက ပူရမှာပါနော်၊ ခေါ်တဲ့လူက ခေါ်တာတောင် အီးအကျီးဂျလုပ်ရသေးတယ်၊ ဘာလဲ . . . မလိုက်ချင် ဘူးလား"

ကိုကြီးကျော် ရယ်သည်။

"မဟုတ်ပါဘူး နွယ်ရဲ့၊ ကိုယ်က မလိုက်ချင်ဘဲ နေပါ့မလား။ ကိုယ့်ရည်းစားနဲ့ကိုယ် တစ်အိမ်တည်းနေရမှာပဲဟာ၊ အခြေအနေ ကောင်းရင် . . . ဟဲ . . . ဟဲ"

"ဟင်းနော် . . . ဒါက ဘာစကားလဲ၊ ခုတည်းက ပြောထားမယ်၊ ဖေဖေတို့မေမေတို့ရှေ့မှာ ဣန္ဒြေရရနေ၊ သူ့ဟယ်ခွင်းလို့ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါ်သွားရမှာ၊ ဘာကိစ္စမှ စည်းမဲ့ကမ်းမဲ့ နွယ်မကြိုက်ဘူး"

"နောက်တာပါ နွယ်ရာ၊ ကိုယ်လည်း ဒီလောက်မဆိုးပါဘူး"

"ဒါဖြင့် ပြီးရော၊ မနက်ဖြန်ညနေ ရုံးဆင်းရင် ဗိုလ်ချုပ်လမ်းနဲ့ ရွှေဘုံသာလမ်းထောင့်မှာ ဥသာ-ဒဂုံ လက်မှတ်သွားဝယ်ကြည့်၊ အဲဒီကရရင် အဲဒါနဲ့သွားမယ်၊ မရရင် သမိုင်းလမ်းဆုံက သွားစီးရမှာ၊ အဆောင်ကို စောစောလာခဲ့ . . . သိလား"

"ဟုတ်ကဲ့ ခင်ဗျ"

"နှစ်ညအိပ် သွားမှာနော်၊ အဝတ်အစားလည်း အပိုထည့်ခဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ အဆင်ပြေရင် ခန်းဝင်ပစ္စည်းတွေပါ တစ်ခါတည်း ဝယ်ခဲ့မယ်လေ"

"ကြည့် . . . ပြောရင်းဆိုရင်း ကဲလာပြန်ပြီ၊ သူနဲ့သွားတောင် မသွားရဲတော့ဘူး"

"မကြောက်ပါနဲ့ နွယ်ရာ၊ သစ္စာရေသောက်ပြီးသားပဲဟာ၊ ဘာစိုးရိမ်လို့လဲ"

နွယ့်မျက်နှာလေး ရဲသွားသည်။

"တော်ပါ . . . ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့"

ဤသို့ဖြင့် ပဲခူးသို့ ခရီးသည် အစီအစဉ်တစ်မျိုး ပြောင်းသွားခြင်းဖြစ်သည်။ ထိုညက ကိုကြီးကျော်တို့ ရင်တဖိုဖို စိတ်ကူးတယဉ်ယဉ်ဖြင့် အိပ်၍ပင် ကောင်းကောင်းမပျော်ချင်။

အဖေနှင့်အမေ့ကိုလည်း အကျိုးအကြောင်း ပြောပြထားလိုက်၏။

ဤနေရာတွင် ခေတ္တအားလပ်ချိန်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤဇာတ်လမ်းကို အစအဆုံး တောက်လျှောက်ပြော၍ မဖြစ်ပါ။ ဤအဖြစ်အပျက် ထူးခြားသော အပိုင်းသည် ယခုမှ စမည့်သောကြောင့် ဖြစ်၏။

အဖြစ်အပျက်၏ ထူးခြားသောအပိုင်း ရောက်လာသလို ဤခရီးမှအစပြု၍ ဤဇာတ်လမ်းတွင်းသို့ နောက်ထပ် အရေးကြီးသော ဇာတ်ကောင်တစ်ကောင် တိုး၍ ရောက်ရှိလာဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤအပိုင်းကို တစ်ပိုင်းတစ်ကဏ္ဍထား၍ အပိုင်းသုံးဟု အမည်တပ်ခဲ့သည်ဖြစ်လျှင် နောက်ကျန်သည့် ဖြစ်ရပ်များကို အပိုင်းတစ်ပိုင်းထား၍ ဖော်ပြမှသာ သင့်တင့်လျှောက်ပတ်မည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့ . . . နောက်တစ်ပိုင်းသည် အပိုင်းလေး . . .။

‘ အပိုင်းလေး ’

မစခင် အားလပ်ချိန်တို့၏ ထုံးစံအတိုင်း ဆယ့်ငါးမိနစ်လောက်တော့ နားခွင့်ပြုပါသည်။ ပရိသတ်များ အညောင်းအညာပြေစေခြင်းငှာ ခေတ္တအားလပ်ချိန် ဆယ့်ငါးမိနစ် ပေးပါသည်။

ပရိသတ်များ ခေတ္တအနားယူပါ။

ပရိတ်သတ်များ ဆက်လက်ဖတ်ရှုနိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်တော့်မှာ အလုပ်ကြီး အကိုင်ကြီးတစ်ခု ရှိပါသည်။

ဝတ္ထုခေါင်းစဉ် ရွေးချယ်ရသောအလုပ်ဖြစ်၏။

ကျွန်တော်၏ထုံးစံမှာ ကျွန်တော်ရေးချင်သည့် အဖြစ်အပျက်တစ်ခုကိုရပြီဆိုလျှင် တချို့ဝတ္ထုရေးသူတို့၏ ထုံးစံအတိုင်း ခေါင်းစဉ်ရွေး၊ အခန်းပြင်ဆင်၊ အကွက်ချတန်ချ၊ စုတန်စု၊ လုပ်လေ့လုပ်ထမရှိဘဲ ကျွန်တော်ရေးတတ်သလို ရေးချင်သည့် နေရာကစ၍ ထိုအဖြစ်အပျက်ရုပ်လုံးပေါ်သည်အထိ ရေးသွားတတ်သွားပါသည်။

ရေးပြီးပြီဆိုလျှင် ကျွန်တော့်မှာ ပြဿနာတက်တော့၏။

ထိုအဖြစ်အပျက်နှင့် သက်ဆိုင်သော လှလှပပခေါင်းစဉ်ကို ကျွန်တော် မပေးတတ်တော့ပေ။ အပြင်မှာ ရှည်းစားစာရေးသည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာ၊ ဝတ္ထုထဲမှာ အလျဉ်းသင့်၍ ရေးရသည့်အခါနှင့် အချစ်ကဗျာလေးတွေရေးသည့်အခါ စကားလုံးလှလှလေးတွေ ရွေး၍ရကောင်းရမည်ဖြစ်သော်လည်း ကျွန်တော့်အချစ်ဝတ္ထုများကို ခေါင်းစဉ်ပေးသည့်အခါ လှပသောစကားလုံးများ ကိုယ့်ဘာသာ ဘယ်လိုမှ မစဉ်းစားတတ်တော့သည်က များသည်။

ထို့ကြောင့် ပညာရှိများသည် ပြဿနာတစ်ခု ပေါ်လာသည့်အခါ စာအုပ်စာတမ်း ကျမ်းကြီးကျမ်းခိုင်များကို အားကိုးသမှုပြုတတ်သည်ဆိုသောစကားကို သတိရ၍ ပညာရှိမဟုတ်သော်လည်း ပညာရှိဖြစ်လိုဖြစ်ငြား သဘောထားကာ ကျွန်တော်လည်း ကျမ်းအဆူဆူကို မွှေနှောက်ရှာဖွေရပါတော့သည်။

သို့သော် . . .

နောက်ဆုံးတွင် ကျွန်တော့်ဉာဏ်နှင့် သင့်တင့်လျောက်ပတ်သော ကျမ်းတစ်ဆူသာ ကျွန်တော် အားကိုးသမှုပြုရပါတော့သည်။

ထိုကျမ်းမှာ အခြားမဟုတ်။ စာသင်စ ကလေးသူငယ်များအတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည့် 'သူငယ်တန်းမြန်မာသင်ပုန်းကြီးဖတ်စာ' ဖြစ်သည်။ ထိုစာအုပ်ထဲမှာ စာသားလေးများမှာ တခြားသူများအတွက် မည်သို့ရှိမည် မသိသော်လည်း ကျွန်တော်အတွက်မူ အရမ်းခံစားရသော စာသားလေးများ ဖြစ်နေပါသည်။

ထို့အတွက် . . .

**အလယ်ကလွှ ဓေတာ်ဝဲဆွဲ။**

**ဟိုဘက်ကမ်းမှာ မီးထိန်ထိန်**

**နေရာရွေး၍ နားပါမည်** . . . စသော ကျွန်တော့်စာအုပ်ခေါင်းစဉ်များကိုကြည့်ပြီး သူငယ်ချင်းများက . . .



"ဘယ်လိုလဲကွ . . . သင်ပုန်းကြီးတစ်အုပ်ကုန်အောင်များ ဝတ္ထုတွေ ရေးတော့မလို့လား" ဟု မေးသောအခါ ကျွန်တော် ရယ်ကျဲကျဲလေးလုပ်၍ ငြိမ်နေခဲ့ခြင်းဖြစ်၏။

ထိုနေ့ကတော့ ဆရာဇော်ဂျီပေဒါလမ်းကဗျာများကို ခံစားပြီး ညဉ့်ဦးယံ ဒီပြန်တက်ပါလိမ့်အမည်ရှိ ဝတ္ထုအဆုံးသတ်ရေးပြီး၍ စိတ်ကူးက ဘယ်လိုအလျဉ်းသင့်သွားသည် မသိ။ သူငယ်ချင်းတစ်ယောက်ဆီမှငှားလာသော အဆိုတော်တင်တင်မြ၏ ကက်ဆက်ခွေတစ်ခွေဖြစ်သည့် 'မြန်မာ့ရိုးရာနတ်ချင်းများ' ကို နားထောင်ဖြစ်သွားပါသည်။

ဆို့ဒ်အေကတော့ ကျွန်တော်လည်း သိပ်နားမထောင်တတ်သဖြင့် ခပ်မြန်မြန်ပင် ကျော်ပစ်လိုက်ပြီး၊ ဆိုဒ်ဘီကို ကူးပါသည်။ ထိုကျမှ ကျွန်တော်ကြားဖူးသော စာသားများနှင့် ဆုံနေ၍ အတော်လေး အာရုံစိုက် နားထောင်မိပါသည်။

♫ ညနေ ... ညနေ ... စည်ကယ်လေ ... ကူနိုင်ကြော စံကွန်း ... ကိုကြီးကျော် ပလီလှန်းတယ် ... ဆောချိုက်တဲ့ကွန်း၊ ညနေ ... ညနေ စည်တယ်လေ ... ♫

'ဂီ . . .'

သီချင်းတွင် အာရုံခံစားနေဆဲ ဖြုန်းဆို ကြားလိုက်ရသော လူခေါ်ဘဲလ်အသံ ဂီ . . . ဆိုတာကြီးကြောင့် ကျွန်တော်က ကမန်းကတန်းထပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

ကျွန်တော် မမြင်ဖူးသည့် လူစိမ်းတစ်ယောက်။

အသားဖြူဖြူ သွယ်သွယ်၊ သဘောကောင်းဟန်ရှိသော မျက်နှာချိုချိုချောချောနှင့် အစ်ကိုကြီးတစ်ယောက်။

ထိုအစ်ကိုကြီးက ပြုံး၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . . ဒါ . . . စာရေးဆရာမ နွမ်ဂျာသိုင်းတို့ အိမ်လား"

"ဗျာ"

"ဩော် . . . ဒါ ဒေါ်နွမ်ဂျာသိုင်းတို့အိမ်လား မေးတာပါ"

"ဟုတ် . . . ဟုတ်ပါတယ်"

"ဒါဖြင့်ရင် ကိုယ့်ကို ခဏဝင်ခွင့်ပြုပါလား၊ ညီလေးက ဆရာမကြီးနဲ့ ဘာတော်လဲ"

အင်း . . . ဒုက္ခတော့ ဒုက္ခပါပဲဟု စိတ်ထဲက ညစ်နေကျအတိုင်း ညစ်သွားသည်။ သို့သော် ဒါမျိုးက ခုမှအထူးအဆန်း ကြုံရတာ မဟုတ်သဖြင့် ဘာမှထွေထွေထူးထူး မပြောတော့၊ လမ်းဖယ်ပေးလိုက်သည်။

ဧည့်ခန်းတွင်းဝင်၍ ကုလားထိုင်တွင် ထိုင်မိကြမှ . . .

"နွမ်ဂျာသိုင်းဆိုတာ ကျွန်တော်ပါ၊ အစ်ကိုကြီး၊ အမျိုးသမီး မဟုတ်ပါဘူး၊ ကျွန်တော် ဘာအကူအညီပေးရပါမလဲ"

"ဟာ . . . ဟုတ်လား"

ထိုအစ်ကိုကြီး ပြုံးပြုံးပျာပျာ ဖြစ်သွားသည်။ ပြီးမှ အားနာဟန်တစ်ချက်ပြုံး၍ သူလာရခြင်း အကြောင်းရင်းကို ရှင်းပြသည်။

ကျွန်တော် အစအဆုံး နားထောင်နေလိုက်၏။

၆

"လာ . . . ကို၊ နွယ်တို့အိမ်က သိပ်မဝေးပါဘူး၊ လမ်းလျှောက်သွားကြတာပေါ့"



ကားပေါ်ကဆင်းပြီး တင်တင်နွယ်က ဗဲခူးမြို့လယ်တံတားထိပ်မှနေ ညာဘက်ဆင်းသွားသော လမ်းကလေးတစ်လမ်းကို လက်ညှိုးထိုးပြီး ပြောသဖြင့် ကိုကြီးကျော် ခေါင်းညိတ်သည်။

လိပ်စာသိပြီးသား၊ ဘယ်ကနေ ဘယ်လိုသွားရသည်ဆိုသည်ကို မေးမြန်းထားပြီးသားမို့ ခန့်မှန်းခြေလောက် သိပြီးသားဖြစ်သော်လည်း မသိချင်ယောင်ဆောင်၍ ခပ်အေးအေးပင် လျှောက်လိုက်လာခဲ့သည်။

တံတားထိပ် ညာဘက်လမ်းချိုး ကတ္တရာလမ်းအတိုင်း ဝင်လာကြပြီး နောက်ထပ် ညာဘက်လမ်းသွယ်တစ်ခုသို့ ချိုးဝင်သည်။ လမ်းထိပ်မှ သုံးလေးအိမ်ကျော်သည်တွင် တင်တင်နွယ်က . . .

"ရောက်ပြီ . . . ဒါ နွယ်တို့အိမ်ပဲ"

အိမ်က ပျဉ်ထောင်နှစ်ထပ်အိမ်၊ သပ်သပ်ရပ်ရပ်လေး ဖြစ်သည်။

အိမ်ပေါ်ရောက်သည်နှင့် တင်တင်နွယ်က သူ့မိခင် ဖခင်များနှင့် ကိုကြီးကျော်ကို မိတ်ဆက်ပေးသည်။

ကိုကြီးကျော် လိုက်လာမည်ဆိုသည်ကို အိမ်မှလူများ ကြို၍ သိနေကြသည် ထင်သည်။ အခန်းတစ်ခန်း အဆင်သင့် ပြင်ထား၏။

"တဲ . . . ကို၊ ခဏတစ်ဖြုတ် နားလိုက်ဦး၊ ရေမိုးချိုး ထမင်းစားသောက်ပြီးမှ မြို့ထဲကို လမ်းလေးဘာလေး လျှောက်တာပေါ့"

ကိုကြီးကျော် ခေါင်းညိတ်သည်။ တင်တင်နွယ် မြန်[illegible] သွားသည်ကို စောင့်ကြည့်ပြီး အပေါ်အင်္ကျီချိတ်တွင် [illegible]သည်။ သပ်ရပ်သန့်ရှင်းစွာ ပြင်ဆင်ထားသည့် အခန်းလေးကို ကြည့်ပြီး စိတ်ထဲမှာ နွေးနွေးထွေးထွေးလေး ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်၊ ဤအိပ်ခန်း၊ ဤအိမ်သားများသည် သိပ်မကြာလှသောအချိန်တွင် သူနှင့် ဆွေမျိုးရင်းချာများအဖြစ် များစွာ အကျွမ်းတဝင် ဖြစ်လာတော့မည်ပါလားဟု စဉ်းစား၍ ရင်ထဲဖိုလာသည်။

သူလေ့လာမိသလောက် အိမ်သားများကလည်း သဘောကောင်းပုံရသည်။ သူနှင့် တင်တင်နွယ်တို့ အခြေအနေကိုလည်း အစအဆုံး သိရှိထားကြပြီး လက်ခံသဘောတူပုံလည်း ရ၏။

ဒီအတိုင်းဆိုလျှင် သူနှင့်တင်တင်နွယ်ကြားမှာ တခြားဘာပြဿနာ အခက်အခဲမျှ ရှိလိမ့်မည်မဟုတ်။

ကြုံခဲ့တွေ့ခဲ့ဖူးသော တခြားသမီးရည်းစားများလို ခိုးကြောင်ခိုးဝှက် ကြောက်ကြောက်လန့်လန့် သွားလာတွေ့ဆုံရခြင်းမျိုး၊ ဟိုလူသဘောမတူမှာ ပူရ၊ ဒီလူသဘောမတူမှာ ပူရသည့် အခက်အခဲမျိုး၊ တစ်ယောက်နှင့်တစ်ယောက် စာလေးဘာလေးလောက်နှင့်ပဲ ဆက်သွယ်၍ လူချင်း တစ်ခါလောက်ဆုံဖို့ကို အပင်ပန်းခံ နားပူနားဆာ တိုက်ပြီးမှ အခွင့်အရေးရတာမျိုး၊ ဒုက္ခတွေလည်း ရှိမည်မဟုတ်။

အင်း . . . ကြိုးမှရည်းစားထားတာလည်း တစ်မျိုးတော့ စိတ်ချမ်းသာတာပဲဟု တစ်ဘက်ကလည်း ကျေနပ်သည်။

တစ်ဘက်ကလည်း သူ့မှာ သိစရာတာဝန်တစ်ခု ရှိနေခြင်းအတွက်၊ သူနှင့်တင်တင်နွယ်တို့ အစောကြီးထဲက ဆုံခဲ့ရင် သိပ်ကောင်းမှာပဲဟုလည်း တောင့်တသည်။

ခုထိကတော့ ထိုကိစ္စသည် ဘာမျှမထူးခြားသေး။



ထူးခြားတာကတော့ မထူးခြားသော်လည်း ပျော်တော့ပျော်ဖို့ကောင်းသည်။

ချစ်သူအိမ်တွင် အထူးဧည့်သည်တော်တစ်ယောက်အဖြစ် ရက်ရှည်စွာ နေထိုင်ရခြင်းအတွက် များစွာကျေနပ်အားရဖို့ကောင်းသလို၊ ခါတိုင်း တကူးတကသွားပါမှ မြင်နေရသော မျက်နှာလေးကို အိပ်ခါနီးလေးအထိလည်း မြင်နေသည်။

ခရီးသွားလာရင်း ပင်ပင်ပန်းပန်းဖြစ်နေသည့် မျက်နှာလေးကတစ်မျိုး၊ ရေမိုးချိုးအဝတ်အစားလဲပြီး သနပ်ခါးရေကျဲလေး အိမ်နေဘလောက်စ်လေးနှင့် တစ်မျိုးလှအောင် ပြင်ဆင်လာတာကတစ်ဖုံ . . . ဘယ်ပုံကြည့်ကြည့်လည်း လှ။

ရေမိုးချိုးတော့လည်း မျက်နှာသုတ်ပဝါကအစ ဆပ်ပြာအဆုံး တယုတယလာပေးမည့်သူနှင့် ဘာနှင့်။

ထမင်းစားတော့လည်း လက်ဆေးရေယူပေး၊ ပန်းကန်လေးပြင်ပေး၊ ထမင်းလေး ခူးထည့်ပေး၊ ဟင်းခပ်ထည့်ပေး။

ထမင်းစားပြီးတော့လည်း ကိုယ့်ချစ်သူ တယုတယပေးသောလက်သုတ်ပဝါနှင့် ချစ်သူက တယုတယခပ်ပေးသော ရေအေးအေးနှင့်။

စားသောက်ပြီးသည့်အခါ နှစ်ယောက်သား ဟိုလိုလို ဒီလိုလိုနှင့် ညာတာပါတေးနှင့် ခိုးထွက်စရာပင် မလိုဘဲ လူကြီးမိဘများ၏ သဘောတူညီခွင့်ပြုချက်ဖြင့် ညခင်းအေးအေးတွင် မြို့ပတ်လမ်းလျှောက်ခွင့် ထင်ထင်ပေါ်ပေါ် ရသည်။

ကိုကြီးကျော်မှာ ဝတ်တုန်းကတော့လည်း ပုရှင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ပင် စားစရာမရှိခဲ့။

ရှိမယ့်ရှိတော့ ဆင့်ကောင်လုံးကြော်ကြီးအပြင် ဟင်းခွက်သုံးရာပါ အရံသင့် ဖြစ်ထားသလို ဖြစ်နေ၏။

"ကိုယ်တော့ ပြန်တောင်မပြန်ချင်တော့ဘူး နွယ်"

"အင်း . . . ဖြစ်ရပြန်ပြီ ဘယ်လိုကြောင့်".

"စိတ်ချမ်းသာလို့ . . . နွယ်ရေ၊ ခုလိုသာ နွယ်နဲ့အမြဲနေသွားရရင် ဘယ်လောက်စိတ်ချမ်းသာလိုက်မလဲ၊ ခုတစ်ညနေလေးနဲ့တောင် မောင်ကြီးမပြန်နိုင်တယ် ဖြစ်သွားတာ"

"သွားပါ . . . ဒါက ခဏတစ်ဖြုတ်ဆိုတော့ ပြောသေးတာပေါ့၊ နောင် အမြဲနေရမှ အိမ်တောင်မကပ်ဘူး ဖြစ်နေမှာစိုးရတယ်၊ ကိုတို့ယောကျ်ားတွေက စိတ်ချရတာ မဟုတ်ဘူး . . . မရရခင် တစ်မျိုး၊ ရပြီး တစ်မျိုး"

"မဖြစ်ပါဘူး နွယ်ရာ ကိုယ်က တကယ်ပြောတာပါ၊ ခုနေ ကိုယ့်စည်းစိမ်နဲ့ သကြားမင်းစည်းစိမ်လဲမယ်ဆိုရင်တောင် ကိုယ်ဘက်က နာလို့ လဲမှာမဟုတ်ဘူး"

"အင်း ပိုပါ . . . ပိုပါ" . . . နားရှိတော့လည်း ကြားရတာပေါ့"

ထိုနေ့က စကားဝိုင်းလေးက ညအထိဆက်သည်။ လိပ်ပြာကန်လောက်အထိ လမ်းလျှောက်၍ ပြန်လာကြပြီး အပြန်ဈေးဘက်မှ လက်ဖက်သုပ်၊ ချင်းသုပ်ဝယ်လာ၍ အိမ်ရှေ့ကွပ်ပျစ်လေးမှာ စကားထိုင်ပြောဖြစ်သည်။

စောစောပိုင်းကတော့ စကားဝိုင်းထဲမှာ လူကြီးတွေပါ၊ ပါလာပြီး အာလာပသလ္လာပ ပြောကြသည်။ ကိုကြီးကျော်၏ မိဘ



များအကြောင်း၊ ဘာအကြောင်း ပြောဆို၍ တော်တော်လေး ကြာသောအခါ ဘုရားရှိခိုး မလိုလို့နှင့် သူတို့နှစ်ယောက်တည်း ထားခဲ့သည်။

ရေနွေးကြမ်းနှင့် လက်ဖက်သုပ်၊ ချင်းသုပ်တို့နှင့် ပါဆိုတော့ ကိုကြီးကျော်တို့ စမတ်ကျနေ၏။

လပြည့်နှင့်နီးသော ရက်မို့ အိမ်ရှေ့ပိတောက်ကိုင်းများကြားမှ လရောင်ကလည်း ပိုပြီးခွဲလို့ကောင်းအောင် ဖန်တီးပေးထားသလို ဖြစ်နေသည်။

"ကိုယ်တော့ အခုမှ ခက်တယ် နွယ်"

"ဘာဖြစ်လို့လဲ"

"ဩော် . . . အရင်တုန်းကတော့ ဒီလိုပဲ အဆောင်မှာ ခဏတစ်ဖြုတ် လာတွေ့လိုက် ပြန်သွားလိုက်နဲ့ဆိုတော့ နေနေကျပြီး သိပ်ပြဿနာမရှိဘူး၊ ခုတော့ အိပ်ခါနီး အချိန်လေး ခွဲရမှာတောင် အရမ်းကြောက်နေပြီ"

တင်တင်နွယ် ရှက်ပြုံးဖြင့် မျက်နှာလွှဲသည်။

ပြီးမှ မျက်စောင်းဖြင့် တစ်ခါပြန်လှည့်၍ . . .

"သိပ်ပိုတာပဲနော် ကိုကြီး၊ အဲဒီလို စကားများတော့ ဘယ်တော့မှ မယုံဘူး"

"တကယ်ပြောတာ နွယ်ရ၊ ဖြစ်နိုင်ရင် ဒီလိုညမျိုး အိပ်တောင် အိပ်မပစ်ချင်တော့ဘူး၊ တစ်ညလုံး ဒီလိုပဲ ထိုင်နေချင်တော့တာ"

"အင်း . . . အဲဒီတော့ နောက်တစ်နေ့မနက်လည်း ခေါင်းတွေမူးပြီး မျက်တွင်းဟောက်ပက်နဲ့ ဟုတ်ပြီဖြစ်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါစေပေါ့ နွယ်ရာ . . . ဘာဖြစ်လဲ၊ မနက်ကျမှ အိပ်တာပေါ့"

"ဩော် . . . သူကတော့ ဟုတ်တာပေါ့၊ နွယ်က ဒီလိုပဲ နေလို့ရမလား၊ မနက်ကျ ဈေးဝယ်ရဦးမယ်၊ ချက်ရပြုတ်ရဦးမယ်၊ ဟင်းမကောင်းတော့ သူပဲ အတင်းပြောဦးမှာ"

ကိုကြီးကျော် ဝမ်းသာအားရနှင့် မျက်လုံးပြူးဟန် ပြုသည်။

"ဘယ်လို နွယ်က ဈေးဝယ်ပြီး ချက်ရပြုတ်ရမှာလား၊ ကိုယ်စားဖို့ နွယ်ကိုယ်တိုင်ချက်မယ်ဆိုပါတော့"

"အင်းပေါ့"

"ဟား . . . ဟန်ကျတာပဲ၊ အိမ်ပြန်ရောက်မှ အဖေနဲ့အမေကို ပြန်ကြွားရမယ်၊ ကျွန်တော်ယူမယ့်မိန်းမက ထမင်းဟင်း အချက်အပြုတ် အရမ်းတော်တာလို့ သိပ်စားကောင်းတာပဲလို့"

"သွားပါ . . . စားဖြင့် စားမကြည့်ရသေးဘဲနဲ့"

"အိုး . . စားကြည့်စရာ မလိုဘူး၊ ကိုယ့်ဘာသာကိုယ် ဝယ်ချမ်းချက်ပြုတ်မယ်ဆိုကတည်းက သိပ်သဘောကျသွားပြီး ဒီခေတ်မှာ ဒီလောက်ပဲ လုပ်တတ်တာနဲ့ တော်လေးဝစာရင်းထဲ ထည့်နိုင်တယ်"

"တော်ပါ . . . ပေါက်တတ်ကရတွေ"

ဤသို့ဖြင့် ညဆယ့်တစ်နာရီလောက်ကျမှ ဝိုင်းသိမ်းသည်။

နွယ်က အခန်းဝထိလိုက်ပို့ခဲ့၏။ ခွဲခါနီးကျမှ အကြံရ၍ "ဩော် . . . ခဏလေးနွယ်" ဟုဆိုကာ စကားအရေးတကြီးပြောမလိုလို ဘာလိုလိုနှင့် ညာတာပါတေးလုပ်ကာ ရုတ်တရက် အငိုက်မိသွားသော တင်တင်နွယ်တို့ လှစ်ခနဲ နမ်းသည်။



"ဟာကွာ . . . သူ အရမ်းဆိုးတာပဲ"

ဟု ဆိုကာ တင်တင်နွယ် ရှက်ကိုးရှက်ကန်းနှင့် ထွက်ပြေးသွား၏။

ကိုကြီးကျော် အိပ်ရာထဲအထိ ပြုံး၍မဝ။

www.burmeseclassic.com

www.burmeseclassic.com

၂။

နောက်တစ်နေ့နံနက်တွင် တင်တင်နွယ်က အပြောမဟုတ်။ တကယ်ပင် ချက်နေပြုတ်နေသဖြင့် အချိန်ရှိခိုက် လဲ့လလေး ဘာလေးစိုက်နိုင်ရန် ကိုကြီးကျော် ပဲခူးမှ သူ့မိတ်ဆွေထံ ထွက်လာခဲ့သည်။

အဆင်သင့်ချင်တော့ ထိုမိတ်ဆွေက တင်တင်နွယ်ကို မသိသော်လည်း သူ့ညီက တင်တင်နွယ်နှင့် အထက်တန်းကျောင်းတုန်းက တစ်တန်းတည်း ဖြစ်နေသည်။

"ဘယ် . . . တင်တင်နွယ်လဲ . . . အစ်ကို"

ကိုကြီးကျော်နှင့် သူ့မိတ်ဆွေ စကားထိုင်ပြောနေစဉ် အနားမှာ အလုပ်လုပ်နေသော ညီဖြစ်သူက လှမ်းမေးလိုက်သည်။ ကိုကြီး



ကျော်က တင်တင်နွယ်တို့နေသောအရပ်ကို ပြောပြသည်။

ထိုချာတိတ်က မှတ်မိသွားဟန်ဖြင့် . . .

"ဟာ . . . ကျွန်တော်သိတယ်၊ ဆယ်တန်းအထိ ကျွန်တော်တို့နဲ့ တစ်တန်းတည်းပဲ . . . ဘာဖြစ်လို့လဲ"

ကိုကြီးကျော် ပျာပျာသလဲဖြင့် . . .

"ဩော် . . . ဘာမှတော့ ထွေထွေထူးထူး မဖြစ်ပါဘူး၊ ကိုယ်က အဲဒီအမျိုးသမီးကို သဘောကျနေလို့၊ အဲဒါ သူ့အခြေအနေကို ကောင်းကောင်းမသိတာနဲ့ မေးကြည့်တာပါ"

ချာတိတ်က မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

"ကျွန်တော်က ဆယ်တန်းနဲ့ထွက်ပြီး အလုပ်လုပ်နေတာဆိုတော့ ဟိုဘက်တက္ကသိုလ်ပိုင်းမှာ ဘာဖြစ်လဲဆိုတာတော့ မသိဘူး အစ်ကို၊ အထက်တန်းကျောင်းအထိကတော့ တင်တင်နွယ်မှာ ဘာပြဿနာမှ မရှိပါဘူး"

"ရည်းစားတွေ ဘာတွေရော မရှိဘူးလား"

"ဟင့်အင်း . . . ကျွန်တော်သိသလောက်ကတော့ မရှိပါဘူး၊ လိုက်တဲ့လူတွေကတော့ ရှိတာပေါ့၊ ဒါပေမဲ့ တစ်ယောက်မှ မစွံပါဘူး"

"ဟုတ်ရဲ့လားကွာ . . . မင်းမသိအောင် ကျိတ်ထားနေတော့ရော ဘယ်လိုလုပ်မလဲ"

ကိုကြီးကျော်မိတ်ဆွေက သူ့ညီစကားကို သေချာစေရန် ထပ်မေးပေးသည်။ ညီဖြစ်သူက စိတ်ချလက်ချ ခေါင်းခါရင်း . . .

"သေချာပါတယ် အစ်ကိုကလည်း ကျွန်တော့်သူ[illegible] တောင် လိုက်ဖူးသေးတာပဲ၊ စာပေးတာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ ကျောင်းထုတ်မခံရတယ်"

အစ်ကိုဖြစ်သူက ရယ်၍ . . .

"မင်းသူငယ်ချင်းပဲ လိုက်တာလား၊ မင်းရော မလိုက်ဖူးဘူးလား"

"ဟာ . . . ကျွန်တော်က အဲဒီအချိန်တုန်းက ရည်းစားနဲ့ အစ်ကိုရ၊ ဒါကြောင့် တက္ကသိုလ်မရောက်ဘဲ စာမေးပွဲကျပြီး ကလေး ထိန်းနေရတာပေါ့"

ညီအစ်ကိုနှစ်ယောက် အပြန်အလှန်ပြောနေသည်ကို ကြည့်ပြီး ကိုကြီးကျော်ပါ ရောရယ်လိုက်သည်။ စိတ်ထဲမှလည်း . . .

"ဒါဆို . . . ပဲခူးကိစ္စ ဆက်စုံစမ်းစရာ မလိုတော့ပြန်ဘူး၊ တက္ကသိုလ်တုန်းက တစ်ခုပဲ စုံစမ်းဖို့ကျန်တော့တယ်၊ တက္ကသိုလ်မှာလည်း ဒီလိုပဲ ဖြစ်နေဦးမလားတောင် မသိဘူး၊ ဟုတ်ချင်မှလည်း ဟုတ်မှာပဲ၊ နွယ် ငါ့စိတ်ကိုစမ်းချင်လို့ ဒီလိုလုပ်တာလား မသိဘူး"

ကိုကြီးကျော် ခေါင်းထဲတွင် ထိုကိစ္စနှင့်ပတ်သက်၍ ပေါ့ပါး စပြုသည်။

ထိုနေ့က တင်တင်နွယ်တို့ အိမ်အပြန်တွင် ဘာမှထူးထူး ခြားခြားလေးသာ မကြုံကြိုက်ပါက ကိုကြီးကျော်၏ စုံစမ်းထောက် လှမ်းခန်းများ ပြီးဆုံးသွားပြီဟု ပြောနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ထိုကိစ္စနှင့်ပတ်သက်၍ ကြီးကြီး မားမားပြဿနာနှင့် ကြုံကြိုက်ရလိမ့်မည်ဟု မထင်တော့သလို၊ ပြဿနာရှိသည့်တိုင်လည်း ရပ်ကျော်ရွာကျော် ပြဿနာမျိုး မဖြစ် နိုင်တော့။

ထို့ကြောင့် စိတ်လည်း အေးသွားသည်။



တက္ကသိုလ်တွင် ဖြစ်ခဲ့သည့်အဖြစ်ကို စုံစမ်းဖို့ကျတော့လည်း သိပ်မလွယ်။

သို့သော် ပြီးပြီဆိုခါမှ ဇာတ်လမ်းနည်းနည်း ထပ်ရှုပ်စရာ ကိစ္စလေးတစ်ခု အပြန်တွင်ဖြစ်သည်။

သိပ်တွေတွေထူးထူးတော့ မဟုတ်။

သို့သော် ကိုကြီးကျော်အတွက် အကျိုးတော့ရှိပါ၏။

"တွေ့ခဲ့ရဲ့လား ကို၊ ပြန်လာတာ မြန်လှချည်လား"

"တွေ့ခဲ့တယ် နွယ်၊ ဒီလိုပါပဲ၊ ခဏတစ်ဖြုတ် နှုတ်ဆက်ပြီး ပြန်လာခဲ့တာပါ"

"ခဏထိုင်ပြီး နားဦးနော် ကို၊ မီးဖိုချောင်ကိစ္စလေးတွေ ပြတ်သေးလို့၊ နေဦး . . . စာအုပ်လေးတွေ ပေးထားမယ်၊ ကို ဖတ်ချင်းနေရင်ဖတ်"

တင်တင်နွယ်က ပြောပြောဆိုဆိုနှင့် သူ့အခန်းထဲသို့ ပြန် ဝင်သွားသည်။ ပြန်ထွက်လာသောအခါ လက်ထဲတွင် ဝတ္ထုစာအုပ် ပါးလေးအုပ် ပါလာသည်။ စာအုပ်များ လှမ်းပေးရင်း . . .

"ရော . . . ကို၊ ဒါ နွယ့်သူငယ်ချင်းရေးတဲ့ စာအုပ်တွေ၊ နွယ်တို့ တက္ကသိုလ်တုန်းက သိပ်ခင်ကြတာ၊ နွယ့်သူငယ်ချင်းရေးတဲ့ စာအုပ်တွေ မြည်းကြည့်ပါဦး"

ကိုကြီးကျော်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်၊

တက္ကသိုလ်တုန်းကအကြောင်းတွေ မေးခွင့်ရမြင့် ထင်ကာ

www.burmeseclassic.com

www.burmeseclassic.com



နှွယ့် သူငယ်ချင်းတစ်ယောက်ယောက်ကို သူ သိချင်နေခဲ့သည်။ ဒီစာရေးဆရာက တက္ကသိုလ်တုန်းက နှွယ့်သူငယ်ချင်း ဆိုပါလား။ နှွယ့်သူငယ်ချင်းဆိုသူဖြင့် အမျိုးသမီး စာရေးဆရာပဲဖြစ်မည်။

ဝတ္ထုစာအုပ်ကို ကြည့်လိုက်သည်။ ကလောင်အမည်ကို အလောတကြီး ဖတ်လိုက်၏။

"နှမ်ဂျာသိုင်း"

တိုင်းရင်းသူတစ်ယောက်ပဲဟု တွက်လိုက်သည်။ စာအုပ် ခေါင်းစဉ်လေးများ ဖတ်ကြည့်သည်။

တစ်ခါတုန်းက တက္ကသိုလ်မှာ
တစ်ပင်တည်း ရင်ထဲကနွယ်
အလယ်ကလူ ဧကားဝဲ၏။

များသောအားဖြင့် စာအုပ်အဆုံးတွင် လိပ်စာလေးတွေ ပါတတ်သည်။

တင်တင်နွယ် ထွက်သွားသည်နှင့် စာအုပ်အဆုံးဘက် လှန်ကြည့်လိုက်၏။ လိပ်စာတွေ့သည်။ ကိုကြီးကျော် ကပျာကယာ ကူးသည်။

ဤနည်းဖြင့် ကိုကြီးကျော် ကျွန်တော့်ထံ ရောက်ခဲ့၏။

၃။

"အဲဒါပဲ ငါ့ညီ . . . နဂိုကတော့ ညီလေးကို အစ်ကိုက မိန်းကလေးမှတ်လို့ တစ်ဘက်လှည့်နဲ့ နွယ့်အကြောင်း စုံစမ်းဖို့ပဲ၊ ဒါပေမဲ့ ခုတော့ ကိုယ်တို့က ယောက်ျားအချင်းချင်းပဲ၊ ဒါကြောင့် ကိုယ့်အဖြစ်အပျက်ကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ၊ ညီလေး၊ နွယ့်အကြောင်းကို သိသလောက် ပြောပြပါလား"

ကိုကြီးကျော်က သူ့ဇာတ်လမ်းအတ္ထုပ္ပတ္တိကို အစအဆုံး ရှင်းပြသည်။ ထို့နောက် ကျွန်တော့်ကို မေးခွန်းမေး၍ အဆုံးသတ်၏။

ကျွန်တော်သက်ပြင်းချလိုက်၏။ တင်တင်နွယ်နှင့် ကျွန်တော် က ကျောင်းတုန်းက အတော်ခင်ခဲ့သော သူငယ်ချင်းများ ဖြစ်သည်။ တင်တင်နွယ်၏ တက္ကသိုလ်က ဇာတ်လမ်းတစ်ခုရှိသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အဆုံး သိခွင့်ကြုံလိုက်သည်။

ကိုကြီးကျော်ကို ပြောပြရန်အတွက်ကတော့ ဘာမှ ဦးလေးစရာမရှိပါ။

သို့သော် ကျွန်တော့်စိတ်ထဲတွင် ကိုကြီးကျော် ပြောပြသည့် အဖြစ်အပျက်ကို နားယောင်ရင်းနှင့် လွန်ခဲ့သည့် လေးငါးနှစ်က ကိုကြီးကျော်လိုပင် ကျွန်တော့်ရှေ့၌ ရင်လာဖွင့်ပြဖူးသည့် လူတစ်ယောက်ကို အမှတ်ရလိုက်၏။

တင်သိန်းအောင် . . .

ကျွန်တော်နှင့် တင်သိန်းအောင်က စက်မှုတက္ကသိုလ်မှ ကျောင်းသားများ ဖြစ်သည်။

သူနှင့်ကျွန်တော်က တစ်တန်းတည်းနေ လျှပ်စစ်အဓိက ကျောင်းသားချင်း ဖြစ်သော်လည်း သဘာဝချင်း သိပ်မတူသဖြင့် သာမန်ခင်မင်ခြင်းလောက်နှင့်သာ ခင်သည်။ သိပ်ရင်းရင်းနှီးနှီး မတွဲဖြစ်။

တွဲလို့ရစရာလည်း မရှိ၊ တင်သိန်းအောင်က ကျောင်းစာသမား။ စာကြည့်တိုက်ရယ်၊ စာအုပ်တွေရယ်၊ ကျောင်းသင်ခန်းစာတွေရယ်နှင့် ထာဝရ နပန်းလုံးနေသူ၊ ကျွန်တော်က လက်ဖက်ရည်ဆိုင်၊ ကဗျာအုပ်စု စာအုပ်စုနှင့် ကိုယ့်ကျောင်းမှအပ တက္ကသိုလ်တကာတွင် အနေများသူ။

ထို့ကြောင့် စက်မှုတက္ကသိုလ်က ကျွန်တော်သည် စက်မှု



တက္ကသိုလ်က တင်သိန်းအောင်နှင့် သိပ်မခင်ဖြစ်ဘဲ၊ စီးပွားရေးတက္ကသိုလ်က တင်တင်နွယ်နှင့်တော့ သိပ်ခင်ကြသည်။

တင်တင်နွယ်နှင့် ခင်ဖြစ်ပုံကတော့ ဒီလို။

တင်တင်နွယ်တို့တွင် သူငယ်ချင်းသုံးယောက် အတွဲလိုက်ရှိသည်။ မီးမီးဟုခေါ်သည့် ခန့်စန်းနုတစ်ယောက်၊ မလေးဟု ကျွန်တော်က ခေါ်ချင်သည့် အဲဒါလေးက တစ်ယောက်။

မီးမီးနှင့် ကျွန်တော်က အထက်တန်းကျောင်းကတည်းက တစ်ကျောင်းတည်းထွက် သူငယ်ချင်းဖြစ်ရာ ပထမနှစ်ကျောင်းဖွင့်စကတည်းက ဘယ်နေရာမှာ ချည်တိုင်တစ်ခုခုနှင့် ဝင်ငြိမလဲဟု ကျောင်းသားသစ်တို့ ထုံးစံအတိုင်း ဟိုခြံဝင်ကြည့် ဒီခြံဝင်တိုးနှင့် မီးမီးတို့အိကိုရောက်ရင်း မီးမီးတို့သုံးယောက်ထဲမှ အမည်မဖော်လိုသူ၊ ကျန်တစ်ယောက်ကို ကျွန်တော် သဘောကျ၏။ ထို့ကြောင့် မီးမီးတို့အုပ်စုထဲ ဝင်ရောရာမှ တင်တင်နွယ်နှင့်ပါ ခင်မင်နေခြင်း ဖြစ်သည်။

ဤသို့ သူ့ဟာနှင့်သူရှိနေရာမှ တစ်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင် အဖြစ်အပျက်တစ်ခုဖြစ်သည်။

ကျွန်တော်နှင့်တင်တင်နွယ်တို့သုံးယောက် အီကိုစားသောက်ဆိုင်တန်းတွင် ဆီချက်ခေါက်ဆွဲ စားနေကြစဉ် ဘာအကြောင်းနှင့် ဒီဘက်ရောက်လာမှန်းမသိ ဆိုင်ရှေ့မှနေ၍ ဖြတ်သွားသော . . . တင်သိန်းအောင်ကို တွေ့သည်။

သူက ကျွန်တော့်ကိုမမြင်။

မျက်မှောင်ကြီးကြုတ်ပြီး ဗျာယီးဗျာယာ ဟိုကြည့်ဒီကြည့်နှင့် လျှောက်လာသော သူ့ကို ကျွန်တော်က လှမ်းမြင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် နာမည်သိရုံ လူသိရုံမျှ သူ့ကိုစွကို ဝင်မစပ်စုဘဲ သူ့လမ်းသူ လျှောက်သွားစေခဲ့လျှင် ဘာမှဖြစ်တော့မည် မဟုတ်သော်လည်း ဘယ်တော့မှ ငြိမ်ငြိမ်ဆိတ်ဆိတ် မနေတတ်သော ကျွန်တော့်အကျင့်အတိုင်း . . .

"ဟေ့ . . . ကိုတင်သိန်းအောင် ဘယ်လဲ"

လွှတ်ခနဲ လှမ်းနှုတ်ဆက်လိုက်သည်။

ဤသည်ပင် ကျွန်တော် သူ့ကို ဒုက္ခရောက်အောင် လုပ်ပေးလိုက်သလို ဖြစ်သွား၏။

သူက ကျွန်တော့်ကို မြင်သောအခါ ဝမ်းသာအားရဖြင့် ပြေးလာပြီး . . .

"ဟာဗျာ အတော်ပဲ ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော့်ကို တစ်ခုကူညီစမ်းပါ၊ အီကိုကျောင်းသားရေးရာဌာမှာ လူတစ်ယောက် သွားရှာမလို့၊ ကျွန်တော်နဲ့ အဖော်ခဏလိုက်ခဲ့စမ်းပါဗျာ၊ အဲဒီကို ကျွန်တော် တစ်ခါမှမရောက်ဖူးလို့ အသိလည်းမရှိဘူး၊ တစ်ယောက်တည်းလည်း မသွားရဲလို့"

သူ့စကားကြောင့် ကျွန်တော် ရယ်လိုက်သည်။ မီးမီးတို့ တင်တင်နွယ်တို့ဘက် လှည့်၍လည်း . . .

"တွေ့လား မီးမီး . . . နင်တို့ကျောင်းက ဘယ်လောက်ကြောက်စရာကောင်းလဲ၊ အားနွဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက် တစ်ယောက်တည်းသွားဖို့ဆိုတာ ဘယ်လောက်အန္တရာယ်များသလဲ၊ မသွားရဲဘူးတဲ့"

မီးမီးက မျက်စောင်းထိုးသည်။ တင်သိန်းအောင်က ပျာပျာသလဲဖြင့် . . .



"ဟာ . . . မဟုတ်ပါဘူး၊ ကျွန်တော် ဒီလိုပြောတာ မဟုတ်ပါဘူး၊ တစ်ခါမှ မရောက်ဖူးတဲ့နေရာမို့ တစ်ယောက်တည်းသွားရင် ကြောင်တောင်တောင် မျက်စိလည်နေမှာစိုးလို့ မသွားရဲဘူး ပြောတာပါ"

သူ့စကားကြောင့် ဒီဘက်က တစ်အုပ်စုလုံး ပြုံးစိစိဖြစ်ကုန်သည်။ ကျွန်တော်က တင်သိန်းအောင် အရမ်းရှက်သွားမည်စိုးသဖြင့် လက်ဆွဲ၍ ထိုင်ခိုင်းပြီး . . .

"အလကား နောက်တာပါဗျာ စိတ်ချပါ၊ ခင်ဗျားကို လိုက်ပို့ပေးပါ့မယ်၊ ခဏထိုင်ပါဦး တစ်ခုခုစားရအောင်"

ကျွန်တော့်စကားအဆုံးတွင် တင်သိန်းအောင်က ကျွန်တော် လိုက်ပို့ပေးမည်ဆိုသော စကားကြောင့်လော၊ ကျွန်တော်နှင့် စကားပြောနေရင်း ကျွန်တော် သူငယ်ချင်း မိန်းကလေးအုပ်စုကို မြင်သွား၍လော၊ သို့မဟုတ် ဆီချက်ခေါက်ဆွဲပင် သိပ်စားချင်လွန်း၍လော မသိ ငြင်းပင်မငြင်းတော့ဘဲ ဝင်ထိုင်သည်။

ကျွန်တော်က ဆီချက်ခေါက်ဆွဲတစ်ပွဲ ထပ်မှာပြီး နောက်ထပ် ဆတ်ဆတ်ဆော့ဆော့ တစ်ခုထပ်လုပ်လိုက်သည်။

"ဩော် . . . ကိုတင်သိန်းအောင် အတော်ပဲ၊ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ခင်ဗျား တစ်ယောက်တည်း မသွားရဲတဲ့ အီကိုကျောင်းက အချောဆုံးတွေချည်းပဲ . . . ဟိုဘက်က တင်တင်နွယ်တဲ့"

တင်တင်နွယ် . . အောက်နှုတ်ခမ်းကို ရုတ်တရက် [illegible] "သေနာ" ဟု ကျွန်တော့်ကို ပဋိသန္ဓာရ တုံ့ပြန်သည်။ ဟိုဘက် သုံးယောက်ကို တစ်လှည့်စီ မိတ်ဆက်ပေးပြီးသော[illegible] ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးသည်။

"ဒါက ကိုတင်သိန်းအောင်တဲ့၊ တို့မေဂျာကပဲ၊ ငါနဲ့တစ်တန်းတည်း"

ဒါကျတော့ ယဉ်ကျေးမှုဖြစ်လာပြီမို့ မနောက်တော့ဘဲ သူတို့ချင်း ကျွေ့နွေးရရ ပြုံးပြကြသည်။

နောက်တစ်နေ့ကစ၍ တင်သိန်းအောင် ကျွန်တော့်ကို ခင်မင်အောင် ကြိုးစားတော့၏။

❀

"လုပ်ပါဗျာ . . . အဲဒီသုံးယောက်ထဲက တင်တင်နွယ်ဆိုတဲ့ အမျိုးသမီးနဲ့ ခင်ဗျားနဲ့ မပတ်သက်ရင် ကျွန်တော်နဲ့ ပတ်သက်အောင် ကူညီပေးစမ်းပါ၊ ကျွန်တော် သူ့ကို အရမ်းသဘောကျလို့ပါ"

ဤသို့ တင်သိန်းအောင်က အကူအညီတောင်းလာသောအခါ ကျွန်တော်ကလည်း နဂိုထဲက သူများကိစ္စ ရှုပ်ရှုပ်ယှက်ယှက် ဝင်မပါတတ်ခြင်း၊ စပ်စပ်စုစု ဆတ်ဆတ်ဆော့ဆော့ မရှိခြင်း၊ အချစ်ကိစ္စတို့ ဘာတို့ စိတ်မဝင်စားခြင်း အစရှိသည့် ဂုဏ်ပုဒ်များနှင့် ပြည့်စုံသူမို့ ဝမ်းသာအားရပင် . . .

"ဟာ . . . ရတယ်၊ ဒါအတွက်တော့ မပူပါနဲ့၊ ကျွန်တော်နဲ့သာ အမြဲတမ်းလိုက်ခဲ့၊ မနက်ဖြန်နေ့လယ်တောင် သွားဦးမလို့၊ လိုက်မယ် မဟုတ်လား"

တင်သိန်းအောင်ကလည်း သိပ်စိတ်မပါရှာသူမို့ အငမ်းမရ ဝင် ကျုံပြန်ပါသည်။



"ဟာဗျာ . . . ဒီနေ့သွား ပြီးရော"

ဟူ၏။

❀

နောက်သုံးလလောက် ကြာသောအခါ တင်သိန်းအောင် ဓာတ်ယောက် မျက်နှာသေလေးနှင့် ကျွန်တော့်ကို ချဉ်းကပ်လာပြန်ပါသည်။

"လုပ်ပါဦးဗျာ . . . ကျွန်တော့်ကို တစ်ခုကူညီပါဦး"

"အင်း . . . ပြော . . . ဘာလုပ်ပေးရဦးမလဲ"

"ကျွန်တော် တင်တင်နွယ်ကို ဖွင့်ပြောချင်လို့"

"ဟ . . . ပြောလေ . . . ရတာပဲ ပြော၊ အမှန်က လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ဖွင့်ပြောဖို့ကောင်းတယ်၊ ဘာလို့ ခုမှ ပြောလဲ"

"မပြောတတ်လို့"

"ဟောဗျ . . ဘာမပြော တတ်စရာရှိလဲ . . မနွယ် ခင်ဗျားကို ကျွန်တော် ချစ်တယ်၊ ကျွန်တော့်ကို ခင်ဗျားချစ်နိုင်မလား ဒါပဲ ပြောရမှာပဲဟာ"

"အဲသလိုကို ကျွန်တော် မပြောတတ်လို့"

"အဲ . . . အဲဒါမှ ပြဿနာပဲ၊ ဒါဖြင့် ဒီလိုလုပ် . . ကျွန်တော် ခင်ဗျားကို အဲဒီစကားလုံးတွေ အလွတ်ရအောင် သင်ပေး လိုက်မယ် ခင်ဗျားရအောင် ကျက်ပြီးသွားပြော၊ ကဲ . . . လိုက်ဆို . . မနွယ်"

ကျွန်တော် စကားအဆုံးတွင် တင်သိန်းအောင် ခေါင်းကုတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာ . . . အဲလိုပြောတာ မဟုတ်ဘူးဗျ၊ အဲဒီစကားကို ဘယ်ကနေစပြီး ဘယ်လိုဖွင့်ပြောရမှန်း မသိလို့"

"ဩော် . . . ဒီလိုလား ရတယ် ဒါလည်း . . . လာ အခု ကျွန်တော်နဲ့လိုက်ခဲ့၊ ခင်ဗျားနဲ့ကျွန်တော် အိမ်ကိုသွားမယ်၊ ဟိုရောက်ရင် တင်တင်နွယ်ကို ကျွန်တော် ခေါ်ထုတ်ပေးမယ်၊ ပြီးတော့ ကျွန်တော်ကပဲ လမ်းကြောင်းပေးမယ်၊ တင်တင်နွယ် နင့်ကို သူက ရည်းစားစကားပြောမလို့၊ အဲဒါ သေချာနားထောင် . . . ကဲ . . . ကိုတင်သိန်းအောင် ပြောတော့ဆိုပြီး စပေးရင် ခင်ဗျား ပြောတတ်မလား"

"ဟာ . . . ပိုဆိုးတာပေါ့ဗျာ . . . ဘယ်ပြောရဲမလဲ"

"ခက်ပါလား ကိုတင်သိန်းအောင် . . . အစကတည်းက ဒီလောက်ကြောက်နေလို့ သိပ်အလုပ်ဖြစ်မှာ မဟုတ်ဘူးနော်၊ ရည်းစားထားတယ်ဆိုတာ နောက်ပိုင်းကျလေ သတ္တိကောင်းကောင်းနဲ့ ဆက်လုပ်စရာတွေ များလေပဲ"

အမှန်တော့ တင်သိန်းအောင်အကြောင်းကို သိသဖြင့် ကျွန်တော် တမင်စနေခြင်းဖြစ်သည်။

နောက်ဆုံးတွင် လိုရင်းကိစ္စဖြစ်သော ရည်းစားစာ တစ်စောင် သူ့အား ရေးပေးရန် ကိစ္စအထမြောက်သွားပါတော့သည်။

ထုံးစံမပျက်ချင်သဖြင့် လက်ဖက်ရည်တစ်ခွက်တော့ တိုက်ခိုင်းရပါ။



"ကောင်စုတ် . . . ဒါ နင်ရေးပေးတာ မဟုတ်လား"

မီးမီးနှင့် ကျွန်တော်က နင်နဲ့ငါ ပြောသူများဖြစ်ရာ သူတို့ တစ်အုပ်လုံးနှင့် ကျွန်တော် နင်နဲ့ငါပဲ ပြော၏။ တစ်ယောက်အကြောင်း တစ်ယောက်သိနေသူများဖြစ်ရာ တင်သိန်းအောင်ပေးသောစာကို ဖတ်ပြီးသည်နှင့် တင်တင်နွယ်က လက်သည်တရားခံကို ဒက်ခနဲ လှမ်းမြင်တော့သည်။

ရှောင်နေ၍လည်း အပိုပဲဖြစ်မည်ဟု ကျွန်တော်သိသည်။ ထို့ကြောင့် ထုံးစံအတိုင်း ဟဲ . . . ဟဲဟု လေချိုသွေးလိုက်ပြီး . . .

"တင်ပြပုံနဲ့ စကားလုံးတွေ ဝါကျတွေသာ ငါ့ဟာပါဟာ၊ ခံစားမှုက သူ့ခံစားမှုပါ"

"တော်စမ်းပါဟာ . . နင့်ကောင်က ရည်းစားစာတစ်စောင်တောင် ဖြောင့်အောင်မရေးတတ်ဘဲနဲ့ သူ ဘယ်လိုလုပ် ယုံလို့ရမလဲ"

"ဘာဆိုင်လို့လဲဟ ရည်းစားစာရေးတာက စာရေးတာနဲ့ ဆိုင်တဲ့ အတတ်ပညာပဲ၊ ချစ်တာက သူ့စိတ်ထဲဖြစ်တဲ့ကိစ္စပဲ၊ စိတ်ထဲမှာရှိတာကို စာနဲ့ချရေးတတ်မှတော့ လူတိုင်းစာရေးဆရာဖြစ်တော့မှာပေါ့၊ ငါသိသလောက်ကတော့ နင့်ကို သူက တကယ်ချစ်ပုံရပါတယ်၊ ငါကောင်က လူက ခပ်အအပေမယ့် စိတ်သဘောသိပ်ကောင်းပါတယ်"

ထိုအခါ အမည်မဖော်လိုသော ကျွန်တော့် အဲ . . (အဲဒီ) လေးက ပြုံးရှင်းနှင့် လှမ်းမျက်စောင်းချီသည်။ သိပ်(အောင်ဘွယ်) အလုပ်ကောင်းနေတယ်မေ့ါလေဆိုသော အဓိပ္ပာယ်[illegible] (ကျွန်တော်)နည်း ကျွန်တော့်ဟန်ဖြင့် ဘာသာပြန်လိုက်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဘာသာပြန်ဆရာများလို မှုရင်းနှင့်တူမတူ မသိသော်လည်း ကိုယ့်ဟာနှင့်ကိုယ်တော့ ကျေနပ်သွား၏။

တင်တင်နွယ်ကတော့ သူ့အတွေးနှင့်သူ ဘာကိုသတိရသွားသည်မသိ။ ခေါင်းကို ဖြည်းညင်းစွာယမ်းခါရင်း . . .

"ဖြစ်မယ် မထင်ပါဘူးဟာ၊ ငါ့မှာက ငါ့အကြောင်းနဲ့ငါဟ"

ကျွန်တော်က ရယ်လိုက်သည်။

"အေးလေ . . . ဒါကနတော့ ငါလည်းသိပါတယ်၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့"

"ကောင်စုတ် . . . နင် ဘာစကားပြောတာလဲ"

"ဩော် . . . ငါပြောတာ ရှင်းပါတယ်၊ လူဆိုတာ . . ."

"တော်တော့ . . . သေချင်းဆိုး"

ဟုပြောပြီး သူလည်းရယ်ပါသည်။ ထိုနေ့က မီးမီးမပါသဖြင့် သုံးယောက်တည်း ရယ်ကြရပါသည်။

သို့သော် ရယ်နေ၍ ကိစ္စက ပြီးမှာမဟုတ်သဖြင့် . . .

"ကဲ . . . အဲဒါက အရေးမကြီးဘူး မရွှေနွယ်၊ အဲဒီကိစ္စကို နင် ဘယ်လိုသဘောရလဲ၊ ငါ ဟိုလူကို ဘယ်လိုပြောလိုက်ရမလဲ"

"အလိုတော် . . . သူ့ကိစ္စနဲ့ရှင်နဲ့ ဘယ်လိုပတ်သက်လို့လဲ၊ သိချင်ရင် ကာယကံရှင်က သူ့ဟာသူ လာမေးလိမ့်မပေါ့"

"အေးပါ . . . ပေးစရာအဖြေကတော့ နင့်ဟာနင် တိုက်ရိုက်ပဲ သူ့ကိုပေးပါ၊ ကိုတင်သိန်းအောင်ရယ် . . . ကျွန်မကလည်း ရှင့်အပြောပဲ စောင့်နေတာပါလို့ မိန်းကလေးတို့ ဣန္ဒြေနဲ့ ထိန်းထိန်းသိမ်းသိမ်း အဖြေပေးလိုက်ပေါ့၊ အား . . ."

နောက်ဆုံး 'အား' က ကျွန်တော့်လက်မောင်းကို ဆိတ်ဆွဲ



သဖြင့် ထအော်ရခြင်းပင်၊ ကျွန်တော့် အဲ . . . အဲဒါလေးကတော့ သဘောကျစွာ တခစ်ခစ်ရယ်သည်။

ပြီးမှ တင်တင်နွယ်က မျက်နှာပိုးသတ်၍ . . .

"ကဲ . . . ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့တော့၊ နင့်လူကို သူတစ်ယောက်တည်း သတ်သတ်လွှတ်လိုက်၊ ငါ သူ့ကို ပြောစရာရှိတယ်"

ကျွန်တော့်စိတ်ထဲမှာ အတော်သဘောကျသွားသည်။ ကျွန်တော် ဒါရိုက်တာလုပ်လိုက်သော ကိစ္စတစ်ခု အောင်မြင်သွားပြီဟု ယူဆလိုက်သောကြောင့် ဖြစ်၏။

တကယ်အိုကေမည်ဆိုလျှင် အိုကေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၄။

"အဲဒီတော့ ဘာဖြစ်သွားလဲ"

ကျွန်တော် စကားကို ခဏရပ်လိုက်စဉ် ကိုကြီးကျော်က အငမ်းမရ လှမ်းမေးသည်။ ကျွန်တော်က ခပ်အေးအေးပင်။

"ဘာမှမဖြစ်ဘူး ကိုကြီးကျော်၊ နောက်တစ်နေ့ တင်သိန်းအောင်ကို ကျွန်တော် လွှတ်လိုက်တော့ တင်တင်နွယ်က တင်သိန်းအောင်ကို ကိုကြီးကျော်တုန်းက ပြောသလိုပဲ ပြောလိုက်တယ်"

"ဟင် . . . ဘယ်လိုပြောလို့လဲ"

"သူနဲ့ပတ်သက်လို့ ဘာပြဿနာပဲရှိရှိ ခွင့်လွှတ်နိုင်မလား၊ သူ့မှာ တင်သိန်းအောင်မသိတဲ့ကိစ္စတွေ၊ ဘယ်သူမှမသိတဲ့ကိစ္စတွေ ရှိတယ်ပေါ့၊ အဲဒါကို ခွင့်လွှတ်နိုင်မယ်ဆိုရင် သူ စဉ်းစားမယ်လို့



အဖြေပေးတယ်"

"အဲဒီတော့ . . ."

"အဲဒီတော့ ကျွန်တော့်ကောင်က ကျွန်တော်နဲ့ ပြန်လာတိုင်ပင်တာပေါ့၊ ပြီးတော့ သူ့စိတ်ထဲမှာ နည်းနည်းလည်း ကြောက်သွားပုံ ပေါ်တယ်၊ နည်းနည်းတွန့်ဆုတ်ဆုတ် ဖြစ်သွားတယ်"

"တင်တင်နွယ့်ပြဿနာက ဘာလဲဆိုတာ ငါ့ညီရော မသိဘူးလား"

"နေဦး ကိုကြီးကျော် . . . ကျွန်တော် ပြောပြမယ်၊ သိတာတော့ ကျွန်တော်လည်း မသိဘူး၊ ဒါပေမဲ့ ကျွန်တော် သိသလောက်မှာ တင်တင်နွယ့်နောက်ကြောင်းပြဿနာရယ်လို့ ဘာမှမရှိဘူး၊ ဒါကြောင့် ဒီကိစ္စဟာ ခင်ဗျားစိတ်ကို စမ်းတာဖြစ်မယ်ထင်တယ်လို့ တင်သိန်းအောင်ကို ပြောပြတယ်"

"ပြောပြတော့ သူက ဘာပြောလဲ"

"ကျွန်တော်က အဲဒီလိုပြောပေမယ့် သူက သိပ်လက်မခံချင်ဘူးဗျ၊ သူ့စိတ်ထဲမှာ တင်တင်နွယ်ဟာ တက္ကသိုလ်မရောက်ခင်ဖြစ်ဖြစ် တက္ကသိုလ်ရောက်ပြီး ကျွန်တော်တို့မျက်ကွယ်မှာဖြစ်ဖြစ် တစ်ခုခုဖြစ်ခဲ့တယ်လို့ပဲ တွက်တယ်"

ထိုနေ့က ကျွန်တော်နှင့် တင်သိန်းအောင် အတော်လေး စကားပြောဖြစ်သည်။ ကျွန်တော်ကတော့ ကျွန်တော် ဒါရိုက်တာ လုပ်သည့်ဇာတ်မှာ မအောင်မြင်ဆိုတာ မရှိစေချင်သဖြင့် အောင်း ကို တိုက်တွန်းသည်။

"မဟုတ်ဘူး ကိုတင်သိန်းအောင်၊ ကျွန်တော်သိသလောက် တင်တင်နွယ်မှာ ဘာပြဿနာမှမရှိဘူး၊ ဒါပေမဲ့ တစ်ခုတော့ ရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ခင်ဗျား ခုနကပြောသလို ဘယ်သူမှ လူမသိသူမသိ ကျိတ်ဖြစ်သွားတာမျိုးဆိုရင်တော့ ကျွန်တော်လည်း မပြောတတ်ဘူးပေါ့၊ ဒါလည်း တကယ်ချစ်တဲ့လူအတွက်မှာ ပြဿနာမဟုတ်ဘူး၊ အတိုင်းအတာတစ်ခုအထိတော့ ခွင့်လွှတ်ရမှာပေါ့"

တင်သိန်းအောင်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း အတိုင်းအတာတစ်ခုအထိတော့ ခွင့်လွှတ်ချင်ပါတယ်၊ ဒါပေမဲ့ ပြဿနာက ဘာမှန်းမှမသိဘဲ၊ ဘယ်လိုလုပ် ရမ်းခွင့်လွှတ်မလဲ"

"ခင်ဗျား မေးမကြည့်ဘူးလား"

"မေးကြည့်တာပေါ့၊ သူက အဲဒါတော့ မပြောနိုင်ဘူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိအောင်လုပ်ရင်လည်း လုပ်ပဲပြောတယ်"

"ဒါဆိုလည်း နည်းနည်းပါးပါး စုံစမ်းပေါ့ဗျာ"

"ဟာဗျာ . . . ခင်ဗျားတို့တောင် ဒီလောက် ပေါင်းလာပြီးမှ မသိတာ၊ ကျွန်တော် ဘယ်လိုသွားစုံစမ်းမလဲ"

"ဟာ . . . ဒါဖြင့်လည်း လုပ်မနေနဲ့တော့ပေါ့ကွာ၊ လွှတ်လွှတ်ကင်းကင်း တခြားတစ်ယောက်သာ သွားကြိုက်တော့"

ကြာတော့ ကျွန်တော်လည်း ဒေါပွလာသဖြင့် ဘုထတောတော့သည်။ ဟုတ်တယ်လေ၊ ရည်းစားထားတာ၊ ချစ်သူရွေးတာက နွားဝယ်တာ၊ ကားဝယ်တာမှ မဟုတ်ဘဲ၊ ဒီလောက်ချေးများနေစရာလိုတာမှ မဟုတ်တာ။

ကိုယ် သူ့ကိုချစ်သလား၊ ချစ်မှတော့ အပြစ်ကြီးကြီးသေးသေး ခွင့်လွှတ်ရတော့မည်ပင်။ ခွင့်မလွှတ်နိုင်လည်း ချစ်ကိုမချစ်နှင့်တော့။



ကျွန်တော် ဒေါကန်သွားမှန်း တင်သိန်းအောင် သိသဖြင့် လေပြေတော့ ပြန်ထိုးသေးသည်။

"ဒီလိုတော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်သဘောကတော့ ဘာပြဿနာရှိတယ်ဆိုတာ သူ ဖွင့်ပြောလိုက်စေချင်တယ်၊ အဲဒီအပေါ်မူတည်ပြီး ကျွန်တော် စဉ်းစားမှာပေါ့"

"အေးလေ . . ဒါဖြင့် တင်တင်နွယ်ကို ကျွန်တော် ဒီအတိုင်း ပြန်ပြောပြမယ်၊ ကျွန်တော်လည်း တတ်နိုင်သလောက် မေးကြည့်ပေးမယ် . . . ဒါဆိုဖြစ်မလား"

"ဖြစ်ပါတယ်" ဆိုကာ သူထပြန်သွားသည်။

"အဲဒီတော့ ငါ့ညီက တင်တင်နွယ့်ကို မေးရောလား"

"ဟုတ်ကဲ့"

"အဲ . . . လုပ်ပါဦး၊ တင်တင်နွယ်က ဘာပြောလဲ"

ကျွန်တော် ရယ်လိုက်၏။

ထို့ကြောင့် ထိုနေ့ညနေက ကျွန်တော် တင်တင်နွယ်တို့အဆောင်ကို သွားသည်။

တင်တင်နွယ်က စံရိပ်ငြိမ်ထဲရှိ အမျိုးသမီးဆောင်ဒါဆောင် တစ်ခု၌ နေသည်။ ပဲခူးက နယ်ကျောင်းသူမို့ ကျောင်းက အဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း ကျောင်းအဆောင်တွေမှာက နှစ်ယောက်တစ်ခန်း နေရတာ စိတ်ရှုပ်တယ်၊ ပြဿနာများတယ်ဟုဆိုကာ အပြင်ဆောင်မှာ တစ်ခန်းသတ်သတ်နေသည်။ လာနေရင်းနှင့် လမ်းကျမှ ထိုအချက်ကို သတိရသဖြင့် 'အင်း . . တင်သိန်းအောင်' တွေးတာလည်း ဖြစ်တော့မဖြစ်နိုင်ဘူး ပြောလို့မရဘူး၊ မီးမီးက နေ့ကျောင်းသူ၊ ကျွန်တော့်ကောင်မလေးက မာလာဆောင်သူ၊ အပြင်ဆောင်မှာ တင်တင်နွယ် ဘာဖြစ်နေသည်ဆိုသည်ကို ဘယ်လိုမှ သိနိုင်မည် မဟုတ်။

သို့သော် တစ်ဘက်က တွေးကြည့်တော့လည်း အပြင်ဆောင်ဆိုတာတွေကလည်း သူ့ဟာနှင့်သူ စည်းနှင့်ကမ်းနှင့် နေရသည်မို့ လက်လွှတ်စပယ်ဖြစ်နိုင်ဖို့ အခွင့်အရေးဆိုတာ ရခဲဘိခြင်း။

ဒီတော့မှ ကျွန်တော် မျက်လုံးပြူးသည်။ လူတစ်ယောက်နှင့် တစ်ယောက် အကြောင်းသိသည်ဆိုသည့်ကိစ္စမှာ တကယ်တမ်းကျတော့ အပေါ်ယံမျှသာ ဖြစ်နေကြောင်း သွားသတိထားလိုက်သောကြောင့် ဖြစ်၏။

တင်သိန်းအောင် ကျွန်တော့်ထံမှ ပြန်ခါနီး ပြောသွားသောစကားကို ပြန်သတိရသည်။

"တစ်ယောက်အကြောင်းတစ်ယောက် ဘာမှရေရေရာရာ သိတာ မဟုတ်ဘဲ ရမ်းသမ်းခွင့်လွှတ်ဖို့ဆိုတဲ့ကိစ္စကတော့ မလွယ်ဘူးဗျ၊ အပြစ်ကိုသိပြီးလို့ ခွင့်လွှတ်ဖို့ စဉ်းစားရတာတစ်မျိုး၊ ခုဟာက သွားရင်းလာရင်းနဲ့ အပြစ်တစ်မျိုး အဖြစ်တစ်မျိုး ကြားတိုင်းကြုံတိုင်း အင်း . . . သူ့အပြစ်ဆိုတာ ဒါမျိုးလည်း ဖြစ်နိုင်တာပဲ ဆိုပြီး အခါခပ်သိမ်း စိတ်မချမ်းမသာ ဖြစ်နေရမယ့်ဟာမျိုး"



"ကောင်စုတ် . . . ဘာလာရှုပ်ပြန်တာလဲ"

"ဘာမှမရှုပ်ဘူး၊ နင်ရှုပ်လိုက်တဲ့ဥစ္စာကို လာရှင်းရတာ၊ နင် ဘာတွေ ပြောလွှတ်လိုက်တာလဲ တင်တင်နွယ်"

"ဟို . . . ဘာတွေပြောရမှာလဲ၊ ငါ့မှာလည်း ငါ့အကြောင်းနဲ့ ငါပါလို့ ပြောသားပဲ"

"မဟုတ်ဘူး တင်တင်နွယ်၊ ဒီကိစ္စက ငါနားလည်သလောက် နင် သူ့စိတ်ကို စမ်းနေတာပဲလို့ ထင်တယ်၊ နင် ငါ့ကိုအပိုတွေ ဘာမှပြောမနေနဲ့၊ နင် တခြားလူကိုသာ ပတ်လို့ရမယ် ငါ့ကို မရဘူး"

တင်တင်နွယ်က ခွက်ထိုးခွက်လန် ရယ်သည်။

"အေးလေ . . . ဒါဖြင့်လည်း ပြီးရောပေါ့ဟ၊ ငါက ဘယ်သူ့ကို ရိုက်ပြီး ဒီကိစ္စယုံခိုင်းနေလို့လဲ၊ ကိုယ့်သဘောနဲ့ကိုယ် ကြိုက်သလို ဆုံးဖြတ်ပေါ့"

သူ့စကားကြောင့် ကျွန်တော် အီလည်လည် ဖြစ်သွားသည်။ ကျွန်တော် ကြားချင်သော အဖြေက ဒါမျိုးမဟုတ်။

"ဒီလိုလက်လွှတ်စပယ် မပြောနဲ့ဦး တင်တင်နွယ်၊ ဟိုကောင်ဘက်ကလည်း ထည့်စဉ်းစားပါဦး"

"ဘာစဉ်းစားရမှာလဲ"

"ဟိုကောင် ငါ့ကို ပြောသွားတာက ရှင်းတယ်၊ အပြစ်ဆိုတာကို သူသိချင်တယ်ပေါ့၊ ဘာအပြစ်ဘာကိစ္စကို ခွင့်လွှတ်ရမယ်ဆိုတာ မသိဘဲ ရမ်းသမ်းခွင့်လွှတ်ဖို့ဆိုတာက မလွယ်ဘူးတဲ့"

"အေး . . . အဲဒါဆိုလည်း မတတ်နိုင်ဘူးဟ၊ ငါ [illegible] ဘယ်နည်းနဲ့မှ ဖွင့်မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ ငါဖွင့်ပြောပြလို့ ခွင့်လွှတ်နိုင်ရင်ကောင်းတာပေါ့၊ ခွင့်မလွှတ်နိုင်ရင် သက်သက်မဲ့ ကိုယ့်အားနည်းချက်ကို ဘေးလူတစ်ယောက်က သိသွားတာပဲ အဖတ်တင်မယ်၊ ပြီးတော့ လူ့ပါးစပ်ဆိုတာတွေက အငြိမ်နေမှာ မဟုတ်ဘူး၊ ဒီတော့ ငါအရှက်ကွဲတာပဲ အဖတ်တင်မယ်"

သူ့စကားကြောင့် ကျွန်တော် သူ့ကို မယုံသလို ကြည့်မိသည်။

"ဒါဖြင့် နင့်ကိစ္စက တကယ်ရှိတာပေါ့၊ ဟိုကောင့်စိတ်ကို စမ်းရုံသက်သက် မဟုတ်ဘူးပေါ့"

တင်တင်နွယ် ရယ်သည်။

"မဟုတ်တဲ့ကိစ္စကို ငါက ဘယ်လိုလုပ်ပြီး လီဆယ်ပြောတတ်ပါမလဲ ကောင်နာရယ်"

ကျွန်တော် ဘာဆို ဘာမျှ မပြောတတ်တော့။

၅။

ကိုကြီးကျော် ကျွန်တော့်ဆီက ပြန်သွားပြီး နောက်သုံးလလေးလလောက်အကြာတွင် နောက်တစ်ခေါက် ပြန်လာသည်

နောက်တစ်ခေါက်လာသည့်အခါ ပထမတစ်ခေါက်ကကဲ့သို့ ခြေလျှင် လက်လွတ်မဟုတ်၊ ဖယ်မလီယာတံခါးနှစ်ပေါက်ကားတစ်စီး ငှား၍လာပြီး လက်ထဲတွင်လည်း ဖိတ်စာတစ်ထပ်ကိုင်လာသည်။

ကျွန်တော့်ကို ဖိတ်စာတစ်စောင် ကမ်းပေးရင်း . . .

"ငါ့ညီ လာဖြစ်အောင် လာခဲ့ကွာ၊ နွယ်ကလည်း [illegible] ချာချာ မှာလိုက်တယ်၊ ဖိတ်စာထဲမှာ စာလည်း [illegible] တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြသည်။

"လာမှာပါ ကိုကြီးကျော်ရ၊ ဒါနဲ့ ဟိုကိစ္စ ဘယ်လိုဖြစ်သွားလဲ၊ အိုကေသွားပြီလား"

ကိုကြီးကျော် ရှက်ရယ်ရယ်သည်။

"အိုကေသွားပါပြီ၊ ကိုယ်ကတော့ မောင်ရင်ပြောတဲ့အတိုင်းပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဇွတ်မှိတ်ပစ်လိုက်တာပဲ၊ နောက်ပိုင်း ကိုယ်စုံစမ်းသလောက်လည်း ဘာပြဿနာမှ ရှာမတွေ့ပါဘူး"

"ဟုတ်ပါတယ် . . . ကျွန်တော် ပြောသလိုပဲ ဖြစ်မှာပါ ကိုကြီးကျော်"

ကိုကြီးကျော် ပြန်သွားသောအခါ ကိုကြီးကျော်နှင့် တင်တင်နွယ်တို့ လက်ထပ်မင်္ဂလာဖိတ်စာကို ကြည့်၍ စဉ်းစားနေမိသည်။

အရင်တစ်ခေါက် ကိုကြီးကျော်လာစဉ်က နောက်ဆုံးသုံးသပ်ချက်ချပုံကို ပြန်သတိရ၏။

ကျွန်တော်က တင်တင်နွယ်နှင့် တွေ့ခဲ့ပုံကို ပြန်ပြောပြသောအခါ ကိုကြီးကျော်က နားထောင်ပြီး . . .

"ဒါဖြင့် ငါ့ညီလည်း ဒီကိစ္စကို တိတိကျကျ မသိဘူးပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ကျွန်တော်တင် မဟုတ်ဘူး ကိုကြီးကျော်၊ သူ့မိန်းကလေးသူငယ်ချင်းတွေလည်း တစ်ယောက်မှ မသိကြဘူး၊ ကျွန်တော် မီးမီးတို့ကို ဒီကိစ္စပြောပြတော့ သူတို့လည်း အံ့ဩကြတယ် . . . သူတို့လည်း မေးကြအောက်ကြအစ်ကြလုပ်တာပဲ၊ တင်တင်နွယ်က ကျွန်တော့်ကို ပြောသလိုပဲ ပြောတယ်၊ ဒါနဲ့ ကျွန်တော့်ကောင်လည်း ရှေ့ကို ဆက်မတိုးဝံ့တော့ဘဲ တပ်လန်သွားတာ"



ကိုကြီးကျော်က ကျွန်တော့်စကားများကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားသည်။

ပြီးမှ . . .

"အင်း . . . ကိုယ့်ညီက အချစ်အကြောင်းတွေဘာတွေ ရေးတဲ့စာရေးဆရာမို့ မေးရမယ်၊ ဒီကိစ္စကို ကိုယ့်ညီ ဘယ်လိုဆုံးဖြတ်မလဲ"

"ဟာ . . . ဘာစဉ်းစားစရာလိုလဲ ကိုကြီးကျော်ရာ၊ သူ့ပြဿနာရှိတာ မရှိတာအပထား၊ ကိုယ် သူ့ကို တကယ်ချစ်သလား ဆိုတာပဲ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပေါ့၊ တကယ်ချစ်ရင် အဆိုးဆုံးပြဿနာကိုတောင် ခွင့်လွှတ်နိုင်သေးတာ၊ ဘာထူးမလဲ၊ ကျွန်တော်ကတော့ ယူမှာပဲ"

"အေး . . . အဲဒါကိုယ်နဲ့စိတ်ချင်းတူတယ်၊ ကိုယ်လည်း ယူမယ်"

"ကောင်းတယ် ကိုကြီးကျော်၊ ဆက်သာလုပ်"

ဤနည်းဖြင့် အခုဖိတ်စာရိုက်သည့်ဝေသည့်အထိ ရောက်လာခြင်းဖြစ်သည်။

အခုပဲ ကျွန်တော့်စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်နေသည်။

ကျွန်တော်တို့သိသလောက်၊ ကိုကြီးကျော် စုံစမ်းသလောက် တင်တင်နွယ်မှာ ဘာပြဿနာမှ လူသိရှင်ကြားမရှိပါဘဲ ဘာဖြစ်၍ ဤကိစ္စကို တင်တင်နွယ် အရေးတကြီးလုပ်ပြီးမှ ချစ်သူအား ... ခဲ့သည်ဆိုခြင်းကို ကျွန်တော် သိချင်သည်။

ကျွန်တော်လည်း အချစ်ကိစ္စနှင့် ပတ်သက်၍ ... စဉ်းစားဖန်တီးခြင်းဖြင့်သော်လည်းကောင်း၊ ... တွေ့ဆုံ ...

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းကြည့်ပြီးသော်လည်းကောင်း ဇာတ်လမ်းတွေ ရေးနေ၊ သိ နေသူဖြစ်သည်။

သို့သော် . . . ဤအဖြစ်အပျက်မျိုးကို တစ်ခါမှ မကြုံဖူးခဲ့။

ထို့ကြောင့် ဒီပြဿနာ၏အဖြစ်မှန်၊ သို့မဟုတ် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတစ်ခုခု သိရလျှင် ဝတ္ထုတစ်ပုဒ်တော့ ရနိုင်သည်ဟု တွေးမိသည်။ သို့သော် ခုတော့ သူတို့သာ လက်ထပ်တော့မည်။ ဤကိစ္စကို ကျွန်တော် မသိရ။

စိတ်ထဲ၌ ထိုတစ်ခုကို ကျွန်တော် မကျေမနပ် ဖြစ်မိ၏။

၆။

ကိုကြီးကျော်တို့ မင်္ဂလာဆောင်ကို ကရဝိတ်မှာလုပ်သည်။

လုပ်သည်မှာ အတော်ခမ်းခမ်းနားနားလေးကို လုပ်သည်။ မနက်ပိုင်းတွင် လက်ထပ်ပွဲကို တကယ့်လူရင်းများသာ ဖိတ်၍ လုပ်သည်။ ညနေပိုင်းတွင် ဧည့်ခံပွဲ လုပ်သည်။

လူငယ်ချင်းကလည်း ချစ်ကြိုက်၊ လူကြီးမိဘများကလည်း သဘောတူ၊ ရာထူးဂုဏ်သိန်နှင့် ပညာကအစ နှစ်ယောက်စလုံး တင့်တောင့်တင့်တယ်ရှိသူများမို့ မင်္ဂလာပွဲလေးကြည့်ရသည်မှာ လွန်စွာစိတ်ချမ်းသာဖို့ ကောင်းသည်။

ဧည့်ခံပွဲတွင် အေဝမ်းစိုးမြင့်တူရိယာအဖွဲ့နှင့် ဧည့်ခံ၍ထုတ်စဉ် အဆိုတော်တင်တင်မြ၏ မင်္ဂလာတေးသီချင်းလေးခွာ အချို့

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲမှာ ကြားရသည်ထက် ပို၍ မင်္ဂလာရှိနေသည်။

♫ အခါတော်ပေးတာက နတ်ရေးငယ် × × ရွှေစာ × × × သာသနာရောင်လင်း × × × ကောင်းခြင်း × × × ခု × × × ဒီချိန်ခါ ♫

ဒေါ်တင်တင်မြ၏ သီချင်းနားထောင်ရင်း ကိုကြီးကျော် ပထမဆုံးအခါက ကျွန်တော်ထံလာစဉ် ဒေါ်တင်တင်မြသီချင်းနှင့် ပင် တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေရသည်ကို အမှတ်ရသည်။

ထိုစဉ်ကတော့ ♫ ကိုကြီးကျော် × × ပလီလွန်းတယ် × × ဆေးရိုက်တဲ့ကွန်း ♫

. . . ဆိုတာနှင့် တိုးသည်။

ကျွန်တော် သတို့သားဝတ်စုံနှင့်၊ ခေါင်းပေါင်းနှင့် ဘာနှင့် ခန့်ညားနေသော ကိုကြီးကျော်ကိုကြည့်ရင်း ပြုံးမိသည်။

'ခင်ဗျား တော်တော်ပလီတဲ့လူပဲ ကိုကြီးကျော်၊ ကိုယ့်ဟာ ကိုယ်ကြိုက်လို့ ကမူးရှူးထိုး သစ္စာတွေဘာတွေဆို၊ သစ္စာရေတွေ ဘာတွေသောက်ပြီးမှ ဘာပလီပလာလုပ်ပြီး ဟိုလိုက်စုံစမ်း၊ ဒီလိုက် စုံစမ်း လုပ်နေရတာလဲ၊ နောက်ဆုံး ဘာမှမသိတော့လည်း ခင်ဗျား ယူသေးတာပဲဟာ' ဟု တစ်ယောက်တည်း စိတ်ထဲက ကျိတ်ပြော နေမိသည်။

တစ်ဆက်တည်းတွင်ပင် ကိုကြီးကျော်လိုပင် တင်တင်နွယ်ကို ချစ်၍ တင်တင်နွယ်ထံမှ ကိုကြီးကျော်လိုပဲ အခွင့်အရေး ရလိုက် သော်လည်း ကိုကြီးကျော်လို သတ္တိရှိရှိ ကမူးရှူးထိုး မလုပ်သဖြင့် နောက်ကောက်ကျခဲ့ရ၊ ငတ်ခဲ့ရသူ တင်သိန်းအောင်ကိုလည်း အမှတ်ရသည်။

တင်သိန်းအောင်ကိုလည်း စိတ်ထဲက လှမ်းပြောနေမိ၏။

"မင်းကတော့ ငတ်တာပဲအေးတယ် ,တင်သိန်းအောင်၊



အချစ်ကိစ္စမှာ မင်းက ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြီး ဝင်ဝင် စီစီလုပ်လိုက်တာကိုး၊ ချစ်ရေးကိစ္စမှာ ချစ်တာတစ်ခုနဲ့ ဆုံးဖြတ်ရ မယ့်အစား မင်းကိုက ဂဏ္ဍဂကျောင်တွေ သိပ်များလိုက်တာကိုး"

ထိုစဉ် ဘိသိတ်ဆရာလုပ်သူ၏အသံကို ကြားလိုက်ရ၏။

"ခုချိန်ကစပြီး မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးညာတိမိတ်ဆွေသင်္ဂဟများအားလုံး စားသောက်ဖွယ်ရာများ ကို မြိန်ရှက်စွာ စားသုံးကြပါခင်ဗျား"

ကျွန်တော် ဝမ်းသာအားရနှင့် စားသောက်ဖွယ်ရာများကို မြိန်ရှက်စွာ စားသုံးတော့၏။

ကိုကြီးကျော်နှင့် တင်တင်နွယ်တို့လည်း ပျော်ရွှင်စွာပေါင်း သင်းကြတော့၏။

ဝတ္ထုဆုံးလျှင် ညားမှုကြိုက်သောညီမများ၊ မမများအတွက် ကျွန်တော်သာ ဤဇာတ်လမ်းကို ရေးဖြစ်ပါက ဤကဲ့သို့ အဆုံးသတ် မည် ဖြစ်ပါသည်။

နောက်ဆုံးတော့ ကိုကြီးကျော်နှင့် တင်တင်နွယ်သည် အချစ် ကို အခြေပြု၍ အပြစ်မှန်သမျှကို သိစရာပင်မလို၊ ပြည်ဖုံးကားချ ကာ ပျော်ရွှင်စွာ ညားကြလေသတည်း။

ကြိုးစားပါဦးမည်။

နွမ်ဂျာသိုင်း

. . . ဟု ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးကျော် တတိယတစ်ခေါက်ရောက်လာသော နေ့လယ်မှာ မင်္ဂလာပွဲအပြီး နှစ်လလောက်အကြာမှာ ဖြစ်၏။

ကိုကြီးကျော် ပလီလွှန်းပုံက ထိုနေ့က မျက်နှာသည် မင်္ဂလာပွဲနေ့က မျက်နှာနှင့် ဘာမှမဆိုင်တော့။

မင်္ဂလာပွဲနေ့က မျက်နှာက ယခုဖွင့်နေသော ထီဖွင့်ပွဲတွင် သိန်းဆုနှစ်ဆယ်ကျော်ကို တစ်ယောက်တည်း လက်ဝါးကြီးအုပ်ပေါက်လိုက်ရသောလူ၏ မျက်နှာမျိုးဖြစ်၍ တစ်စက်မှ မျက်နှာပိုးမသေ ဖြစ်နေသလောက်၊ ကျွန်တော့်ထံ တတိယတစ်ခေါက်လာချိန် ဖြစ်နေသော မျက်နှာက ထိုပေါက်သမျှ ထီလက်မှတ်အားလုံး ဓမ္မပြီးနောက်ဖေးသုံးလိုက်မိသဖြင့် ဘယ်နေရာကစပြန်ရှာရမှန်းမသိသော မျက်နှာမျိုးဖြစ်နေသည်။

"ဗွီ"

ထုံးစံအတိုင်း ကျွန်တော်တို့အိမ်က လူခေါ်ဘဲလ်သံက ...

www.burmeseclassic.com

www.burmeseclassic.com



မလည်သံကြီး ထွက်လာသည်။

ကျွန်တော် ကမ္ဘာကယာထ၍ တံခါးဖွင့်လိုက်သောအခါ တံခါးဝတွင် ဂီ . . . ဟု အသံကြီး မြည်မနေသော်လည်း မြည်နေဘိသကဲ့သို့ မအီမလည်မျက်နှာကြီးဖြင့် မချိပြုံးပြုံးနေသူက ကိုကြီးကျော် . . .

"ဟာ ကိုကြီးကျော် . . . လာ"

ကိုကြီးကျော် ဘာတစ်ခွန်းမှ မပြော၊ ကျွန်တော်ကိုယ်ကို ရို၍ ဖယ်ပေးလိုက်သောနေရာမှ လေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း ဝင်လာပြီး ဧည့်ခန်းကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချသည်။

ကျွန်တော်က သူ့ နေပူကျဲကျဲကြီးတွင် လျှောက်လာရသဖြင့် ပင်ပန်းလာသည်ဟုထင်ကာ ရေခဲသေတ္တာထဲမှ ရေခဲရေတစ်ပုလင်းနှင့် ဖန်ခွက်ထုတ်ယူ၍ ကမန်းကတန်း ချပေးလိုက်သည်။

ကိုကြီးကျော်က ရေပုလင်းကို ကောက်ယူပြီး ဖန်ခွက်ပင် မသုံးတော့။ ပုလင်းလိုက်ပင် တစ်ရှိန်ထိုး မော့ချသည်။

"ဆေးလိပ်လေးဘာလေး မရှိဘူးလား ကိုယ့်ညီ"

ကိုကြီးကျော်လေသံက သိပ်အားရစရာ မရှိ၊ ကျွန်တော်ကတော့ ပျာပျာသလဲပင် . . .

"ဟာ . . . ရှိတယ် ကိုကြီးကျော်၊ စီးကရက်တော့ မရှိဘူး၊ နွားဆေးလိပ်ပဲ ရှိတယ်"

ဆိုပြီး ဆေးလိပ်ပြာခွက်၊ နွားဆေးလိပ် သုံးလေးလိပ်နှင့် မီးခြစ်ချပေးလိုက်သည်။

ဆေးလိပ်ကို ခေါင်းဘက်မှ နည်းနည်းကိုက်လိုက်သည်။



ထို့နောက် မီးညှိ၍ တစ်ခါ မီးဘက်ကို ပါးစပ်ထဲသွင်း၍ အခိုး မီးခိုးများကို မှုတ်ထုတ်ပြီး ဆေးလိပ်ကို ပြန်လှည့်သည်။ နောက်ဆုံးမှ သောက်ရိုးသောက်စဉ်အတိုင်း အစီခံဘက်မှ ဖွာရှိုက်ယူ၍ ကိုကြီးကျော်က . . .

"မောင်ရင် တွက်တာရော၊ ကိုယ်တွက်တာရော အကြီးအကျယ် မှားသွားကြပြီ ကိုယ့်ညီ"

ကျွန်တော် သူ့စကားကို ရုတ်တရက် သဘောမပေါက်လိုက်၊ ထို့ကြောင့် . . .

"ဘာကိုပြောတာလဲ ကိုကြီးကျော်"

"ဩော် . . . တင်တင်နွယ့်ကိစ္စနဲ့ ပတ်သက်ပြီး မောင်ရင်တွက်ကြည့်တဲ့ကိစ္စရော၊ ကိုယ်တွက်တဲ့ကိစ္စရော နှစ်ယောက်စလုံး မှားသွားကြပြီလို့ ပြောတာ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ မြတ်စွာဘုရား တင်တင်နွယ်မှာ ဘယ်လိုပြဿနာမျိုးကြီးတွေ ရှိနေလို့ပါလိမ့်ဟု ရင်ထဲပွသွားသည်။

"ဘာဖြစ်လို့လဲ ကိုကြီးကျော် . . . တင်တင်နွယ် ပြဿနာက အတော်ကြီးကြီးမားမား ရှိနေလို့လား"

ကိုကြီးကျော် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်သည်။

"အင်း . . . ကြီးတယ်ပြောရမလား၊ သေးတယ် ပြော မလားတော့ ကိုယ်လည်းမသိဘူးကွာ၊ ဒါပေမဲ့ မောင်ရင်တို့ကိုယ်တိုင် တွက်သလို ဒီကိစ္စဟာ အဓိပ္ပာယ်မရှိဘဲနဲ့ ကိုယ့်စိတ်ကို ... သက် လုပ်လိုက်တာ မဟုတ်တာကတော့ သေချာတယ်၊ သူ့ ... က သိပ်မှန်တယ်၊ သူ့မှာ လုပ်သင့်လုပ်ထိုက်တဲ့အကြောင်းက ရှိတ

www.burmeseclassic.com



ရှိတယ်"

"ခု . . . ဘယ်လိုဖြစ်နေလို့လဲ ကိုကြီးကျော်"

"ဟာ . . . ဘယ်လိုဖြစ်ရမှာလဲကွာ၊ မောင်ရင့် သူငယ်ချင်းက ညအိပ်ရာဝင်တိုင်းကို စိတ်ညစ်နေရတဲ့ ပြဿနာရှိတာပေါ့"

ဘုရား . . ဘုရား . . ဟု စိတ်ထဲက ရေရွတ်မိသည်။ ညအိပ်ရာဝင်တိုင်းဆိုတော့ မဟုတ်မှလွဲရော၊ တချို့လူကြီးတွေထံမှ ပြောဖူး ကြားဖူးသဖြင့် သိနေသော ဘာမှဘာစရာ မပါလာသည့် ပြဿနာမျိုးနှင့်များ တိုးနေလို့လား၊ မျက်လုံးမျက်ဆန် ပြူးသွားသည်။

"ညအိပ်ရာဝင်တိုင်း . . . ဟုတ်လား ကိုကြီးကျော်"

"ဟုတ်တယ် . . . ကိုယ်ပြောပြမယ်"

ကိုကြီးကျော်စကားများကို အလန့်တကြား ကျွန်တော် နားထောင်နေမိ၏။

❀

ကိုကြီးကျော် ပြောတာကတော့ ရှင်းပါသည်။

သူတို့ လက်ထပ်သည်။

မင်္ဂလာဦးနေ့ . . . ဘာပြဿနာမှ မရှိခဲ့။ အားလုံး အဆင်ပြေချောမောပါသည်။ ဒုတိယနေ့၊ ပထမနေ့ အလားတူပင် စိတ်ချမ်းသာလက်ချမ်း သာ အိပ်စက်အနားယူရ၏။

တတိယနေ့ . . . အဲ . . . တတိယနေ့မှ ပြဿနာစသည်။

ကိုကြီးကျော်တို့ကလည်း ထုံးစံအတိုင်း အိပ်မက်လေး ဘာလေးကလည်း ခဏခဏမက်တတ်ရာ အိပ်မက်ထဲမှ အတော်ကြီး



ပျော်စရာကောင်းနေသည်ဟု သိရ၏။

သာယာသော ပန်းဥယျာဉ်ကြီးတစ်ခုထဲမှာ ရောက်နေသည်။ ရေပန်းများ ပန်းနေသော ရေကန်ကြီးကလည်း ရေတွေ တဖွားဖွားနှင့် လှပနေ၏။

သူနှင့် တင်တင်နွယ်တို့ နှစ်ယောက်တည်း ဥယျာဉ်ကြီး၏ သာယာလှပသော ပန်းရောင်စုံများအကြားတွင် ငှက်ကလေးများလို လိပ်ပြာလေးများလို ပျံဝဲပြေးဆော့ကာ မွှေးလိုက်ကြူလိုက်၊ လက်ချင်းတွဲလိုက် သိပ်ပျော်ဖို့ ကောင်းနေသည်ဆို၏။

ထို့နောက် ဘယ်လိုကနေဘယ်လို ဖြစ်သွားသည်မသိ၊ ရေပန်း၊ကန်ကြီးမှ ရေများ မိုးပေါ်ပန်းတက်နေရာမှ ရုတ်တရက် သူ့ဘက်လှည့်ကာ ရေတွေကျလာသဖြင့် သူ အိပ်ရာမှ လန့်နိုးသည်။

နိုးနိုးချင်း ကြည့်လိုက်သောအခါ တင်တင်နွယ့်ခြေထောက် တစ်ဘက်က သူ့ခါးပေါ် ရောက်နေပြီး သူ့ကိုယ်တစ်ဝက်လုံးလုံး စိုရွှဲနေသည်။

ဘာတွေများလဲဟု အနံ့ခံကြည့်လိုက်သောအခါ . . .

"ဟာ . . . သောက်ကျိုးနည်း ဘယ်လိုလုပ်တာလဲဟ"

ကိုကြီးကျော် ဝုန်းဒိုင်းနှင့် အိပ်ရာမှထသည်။ မီးခလုတ်တွေ ဘာတွေ ဖွင့်ပြီးကြည့်သည်။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများနည်းတူ အိပ်ရာခင်းတွေလည်း အကွက်လိုက်စိုရွှဲနေသည်။

တင်တင်နွယ်သည် ညဘက်အိပ်ရာထဲတွင် ဆီးသွားတတ်သော အကျင့်ပါနေသည့် မိန်းကလေးတည်း။

❀

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော့ သေချင်တာပဲကွာ . . . ကိုယ့်မိတ်ဆွေ ဆရာဝန်တွေနဲ့လည်း တိုင်ပင်ကြည့်ပြီးပြီ၊ ဒါမျိုးက အကျင့်တဲ့၊ ဘယ်လိုမှ ကုယူလို့ မရဘူးတဲ့၊ ကာယကံရှင်က သတိထားပြီး လုပ်မှရတာတဲ့၊ ဒီလိုမျိုးတွေ အများကြီးရှိတယ်တဲ့၊ အဲလိုပဲ . . လင်မယား တကျက်ကျက်ဖြစ်နေကြရတာပဲတဲ့၊ တချို့ဆို ကွဲတောင်ကွဲကုန်ကြတယ်လို့ ပြောတယ်၊ ဟုတ်လည်းဟုတ်တယ် ငါ့ညီရာ၊ ကြာတော့ ဒီဒဏ် ဘယ်ခံနိုင်မလဲ၊ ဒါမျိုးက နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလောက် ကြုံနေရတဲ့ဥစ္စာ"

ကိုကြီးကျော်စကားကြောင့် ကျွန်တော်မှာ ရယ်ရအခက်၊ ငိုရအခက် ဖြစ်နေ၏။

"မဟုတ်ဘူး ကိုကြီးကျော်၊ သူ့ကို မပြောပြဘူးလား၊ နည်းနည်း သတိထားပြင်သွားရင် ရမှာပေါ့ဗျာ၊ အိပ်ရာဝင်ခါနီး ရေမသောက်ဘဲနေတာတို့၊ ဆီးသွားပြီးမှ အိပ်တာတို့"

"အာ . . . ဘယ်နှယ်မပြောဘဲနေပါ့မလဲ ငါ့ညီရာ . . . ပြောတာပေါ့၊ ပြောတော့ ဘာပြောတယ်မှတ်လဲ၊ လုပ်မနေနဲ့တော့ ကိုကြီးကျော်၊ နှယ်က ဒီထက်ပိုရှုပ်တာပေါ့၊ အပျိုဖြစ်ကတည်းက ဒီအကျင့်ကို ရှက်လို့ပြင်လာခဲ့တာ၊ ရမှမရဘဲ၊ ဒါကြောင့် အဆောင်တွေဘာတွေနေရင်တောင် တစ်ယောက်တစ်ခန်းပဲနေတာ၊ ဘယ်မှာနှစ်ယောက်ခန်းနေခဲ့ဖူးလို့လဲတဲ့၊ ပြီးတော့ ပြောသေးတယ် . . . ဒါကြောင့်မို့ စောစောက ပြောတာပေါ့၊ နှယ်မှာ ဘာအပြစ်ရှိရှိ ခွင့်လွှတ်နိုင်ပါ့မလားလို့၊ နို့ ကိုကြီးကျော်ပဲ ခွင့်လွှတ်နိုင်တယ်ဆို . . . တဲ့"



"ဟူး"

ဒီတစ်ခါ လေပူမှုတ်ရသည်က ကျွန်တော် . . .

"အဲဒါပဲ ကိုယ့်ညီ . . . ကိုယ် ဒီအကြောင်းတွေ ဘယ်သူ့မှ မပြောဘူး . . . ရှက်လို့၊ ဒါပေမဲ့ မောင်ရင့်ကိုတော့ တမင်လာပြောတာ၊ မောင်ရင်တို့ အချစ်ဝတ္ထုရေးဆရာတွေ ပြောသလို အိမ်ထောင်ရေးတစ်ခုမှာ အချစ်ဟာ အဓိကဆိုတာ မှန်သင့်သလောက်ပဲ မှန်တယ်ဆိုတာ ပြောပြချင်လို့၊ အိမ်ထောင်တစ်ခုပြုတော့မယ်ဆိုရင် ထည့်စဉ်းစားရမှာတွေ အများကြီးပဲ၊ နောက်ဆုံးကွာ တခြားဟာတွေ အားလုံးအဆင်ပြေနေရင်တောင် သူ့အကျင့် ကိုယ့်အကျင့် ကိစ္စလေးတွေ ထည့်စဉ်းစားရမယ်"

"ဒါမျိုး ပြဿနာတွေက အများကြီး ဖြစ်နိုင်တာပဲ၊ အိပ်ရာထဲမှာ ယောင်တတ်လို့ လင်မယားကွဲတာ၊ ဟောက်တတ်လို့ လင်မယားကွဲတာ၊ ဒါတွေက သမီးရည်းစားဘဝမှာ ချစ်သူရှာတဲ့အခါမှာ နည်းနည်းမှ ထည့်မစဉ်းစားမိတဲ့ ပြဿနာတွေပဲ၊ ကိုယ်တို့ကြည့်ပါလား . . . တခြား ကြီးကြီးကျယ်ကျယ်တွေ လိုက်စဉ်းစားမိပါတယ်၊ ဒီကိစ္စကို ယောင်လို့တောင် တွေးမိရဲ့လား၊ ခု . . . အဲဒီကိစ္စက ပြဿနာအကြီးဆုံး လာဖြစ်နေပြီ"

ကျွန်တော် သက်ပြင်းနှင့်အတူ ခေါင်းညိတ်သည်။

"ဖြစ်နိုင်ရင်တော့ ဒီအကြောင်းကို ကိုယ်တို့မှန်းမသိအောင်နေရာတို့ နာမည်တို့ ပြောင်းပြီး ဝတ္ထုတစ်ပုဒ်လောက် ရေးရင်ကောင်းမယ်၊ ဒါမှ အိမ်ထောင်ရေးတစ်ခုမှာ မေ့မေ့လျော့လျော့ရှိတတ်တဲ့ ကိစ္စလေးတစ်ခုကို သတိပေးထားသလိုဖြစ်မယ်၊ ချစ်တာတော့ ချစ်တာပေါ့ကွာ၊ ဒါပေမဲ့ ည ည ဒီလောက် အိပ်ရေးပျက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ရတော့လည်း ကြာတော့ ဘယ်ခံနိုင်တော့မလဲ"

"အင်းလေ . . . ကျွန်တော် စဉ်းစားကြည့်ပါဦးမယ် . . . ဒါပေမဲ့ ဒီအကြောင်းက ဝတ္ထုတစ်ပုဒ်ရေးလောက်တဲ့အကြောင်း တော့ မဟုတ်ဘူး ကိုကြီးကျော်၊ စိတ်တော့ ဝင်စားပါတယ်၊ တတ်အားသရွေ့ ဝတ္ထုတိုလေးတစ်ပုဒ်ရရပေါ့၊ ကျွန်တော် ကြိုးစား ကြည့်ပါဦးမယ်"

"အေးကွာ . . . ဖြစ်အောင်တော့ လုပ်စမ်းပါ"

"ဟုတ်ကဲ့ ကိုကြီးကျော်"

၆

ကိုကြီးကျော်၏ နောက်ကျောပြင်ကို ကြည့်ရင်း ကျွန်တော် ငိုင်ကျန်နေခဲ့သည်။

ဤအကြောင်းကို ကျွန်တော် ဘယ်လိုမှ ဝတ္ထုတစ်ပုဒ်ဖြစ် အောင် ရေးတတ်မည်မဟုတ်။

ကြိုးစားပါဦးမည်။

နွမ်ရာသိုင်း

ဝန်ခံချက်

ဤဝတ္ထုသည် စာရေးသူ၏ စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com